# ခေတ်သစ် သမိုင်းဂျာနယ်

NEO HISTORICAL JOURNAL



လူမျိုးများသမိုင်းလေ့လာရေးစာစောင်

အမှတ်စဉ်-၁

# မာတိကာ


| စဉ် | အကြောင်းအရာ | စာရေးသူ | စာမျက်နှာ |
|---|---|---|---|
| ၁ | ဒဏ္ဍာရီနှင့် ပါးစပ်ရာဇဝင် | | ၁ |
| ၂ | ပအိုဝ်းတို့၏ နောက်ခံသမိုင်း | | ၂ |
| ၃ | ဒဏ္ဍာရီမတူကြသော်လည်းမျိုးနွယ်စု တခုတည်းသာ | ခမ်းရင်းသား(ဖြားဇွာခမ်း) | ၃ |
| ၄ | ခက်ထန်ကြမ်းတမ်းသည့်သမိုင်းလမ်းကြောင်း | (ခွန်တွူးရောဝ်–နောင်တချား) | ၄ |
| ၅ | မဲခေါင်မြစ်အတိုင်းဆင်းသည့်အုပ်စု | | ၆ |
| ၆ | သုဝဏ္ဏဘူမိ ဘုမ္မိ ရှိ၊ပါဠိအသို့နည်း | ခွန်လာဖွေ(သုဝဏ္ဏခမ်း) | ၁၆ |
| ၇ | ပအိုဝ်းခေတ်ဟောင်းပြန်ပြောင်းကြည့်မြင် | ခွန်တန်ပအိုဝ်း | ၁၇ |
| ၈ | မနုဟာမင်းပါတော်မူပြီးနောက် | (ခွန်သုတ) | ၂၄ |
| ၉ | ရခိုင်သမိုင်း | ရခိုင်အားမာန်အဖွဲ့ | ၂၇ |
| ၁၀ | ရခိုင်ဘုရင့်နိုင်ငံတော်၏မြေမျက်နှာပြင် | | ၂၉ |
| ၁၁ | ရခိုင်လူမျိုးဆင်းသက်ဝင်ရောက်လာခြင်း | | ၂၉ |
| ၁၂ | ရခိုင်ဘုရင့်နိုင်ငံတော်၌ပထမဆုံးမြို့ပြနိုင်ငံ | | ၃၁ |
| ၁၃ | **THE RAKHAING BY THA HLA** | | **41** |
| ၁၄ | ခေတ်သစ်ကရင်သမိုင်း | ကရင်သမိုင်းသုတေသနဌာန | ၄၇ |
| ၁၅ | ကရင်ဝေါဟာရနှင့်အဓိပ္ပါယ် | | ၄၉ |
| ၁၆ | ကရင်မူလအစစကားနှင့်မျိုးနွယ်အုပ်စု | | ၅၁ |
| ၁၇ | ဆင်းသက်ရာလမ်းကြောင်း | | ၅၂ |
| ၁၈ | မျိုးနွယ်စုနှင့်အခြေချရာဒေသ | | ၅၅ |
| ၁၉ | မြေရှင်ပဒေသရာဇ်ခေတ်ကရင်အမျိုးသား မြို့ပြတည်ဆောက်ခြင်း | | ၆၁ |
| ၁၇ | ခရစ်ယာန်သာသနာပြုအာဇာနည်ကြီးများ နှင့်မြန်မာပြည်နှစ်ခြင်းခရစ်ယာန်သာသနာ ပြုသမိုင်း | | ၆၃ |

# အယ်ဒီတာအာဘော်

ပအိုဝ်း၊ ရခိုင်၊ ကရင်သမိုင်းသုတေသနအဖွဲ့အသီးသီးပါဝင်သော သုတေသနလုပ်ငန်းဆိုင်ရာ အစည်းအဝေးတရပ်ကို ၁၉၉၇ခုအောက်တိုဘာလ (၁၇)ရက်နေ့ စံခလဘူရီမြို့တွင်ကျင်းပပြုလုပ်ခဲ့ရာ သုတေသနအဖွဲ့ (၃)ဖွဲ့မှ ကိုယ်စားလှယ်များ စုံစုံညီညီတက်ရောက်ပြီး၊ မိမိတို့၏ သုတေသနလုပ်ငန်းဆိုင်ရာဆောင်ရွက်ချက်များကို ပြန်လည်ဆန်းစစ်သုံးသပ်ခဲ့သည်။ အဆိုပါအစည်းအဝေးမှ သုတေသနလုပ်ငန်းစဉ်အတွင်း အောက်ပါ ချို့ယွင်းချက်များကို ဖော်ထုတ်ခဲ့သည်။

(က)မြန်မာပြည်ပြည်တွင်းစစ်ကြီးဖြစ်ပေါ်လာရာ အခြေခံအကြောင်းအချက်များကို ဖော်ထုတ်ရန် အချက်အလက်များ အားနဲနေသေးခြင်း

(ခ)ယေဘုယျအချက်အလက်ကိုသာ တင်ပြနိုင်ခြင်း

(ဂ)မြန်မာပြည်လူ့အဖွဲ့အစည်းတရပ်လုံး၏ အမှန်လိုအပ်ချက်များအပေါ် တုန့်ပြန်ဆောင်ရွက်မှု အားနဲနေသေးခြင်း စသည်တို့ဖြစ်သည်။ ထို့နောက်အောက်ပါသဘောထားများကို ချမှတ်အကောင်အထည်ဖော်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

●လူမျိုးစုံသုတေသနလုပ်ငန်းမှတဆင့် ပြည်တွင်းစစ်၏ ဖြစ်ပေါ်ရာအခြေခံ အချက်အလက်များကို လေးလေးနက်နက်တင်ပြနိုင်ရေး

●မြန်မာပြည် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရရှိရေး လှုပ်ရှားမှုအတွက် တွန်းအားပြုနိုင်ရေး

●မိမိတို့အမျိုးသားဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုအတွက် ခိုင်မာသော တင်ပြနိုင်ရေးစသည်တို့အတွက် ကြိုးပမ်းရန်တို့ဖြစ်သည်။ ဤသို့ဖြင့် ၁၉၉၈စမှစတင်ပြီး သုတေသနလုပ်ငန်းဆောင်ရွက်ချက်များကို ပြုပြင်ပြောင်းလဲရန်အစီအစဉ်များ ရေးဆွဲခဲ့သည်။

ထိုအစီအစဉ်များတွင်

(က)လူမျိုးစုံသမိုင်းသုတေသနအဖွဲ့အတွင်း သတင်းဖလှယ်ရေးလုပ်ငန်းကို တိတိကျကျလုပ်ဆောင်သွားရန်

(ခ)စုပေါင်းရုံးထားရှိရန်

(ဂ)စုပေါင်းပြီးသုတေသနစာစောင်ထုတ်ဝေရန်

(ဃ)စုပေါင်းရုံးတွင် စာကြည့်တိုက်ထားရှိရန်

(င)သမိုင်း သုတေသနတင်ပြချက်များတွင် ခေတ်ကာလအလိုက် ရေးသားတင်ပြရန်

(စ)ဘဏ္ဍာငွေ ကုန်ကျမှုကို ချိုးခြံရန် စသည်တို့ဖြစ်သည်။ အထက်ပါဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ခြင်းများကိုအတည်ပြုပြီးအောက်ပါမျော်လင့်ထားသောအကျိုးကျေးဇူးများကို မျော်လင့်ထားပါသည်။

●ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခြင်း

●ကုန်ကျမည်ဘဏ္ဍာငွေကြေးကို အကျဉ်းချုံးနိုင်ခြင်း

●ပအိုဝ်း၊ ရခိုင်၊ ကရင် အမျိုးသားအသီးသီး၏ သမိုင်းဖြစ်စဉ်ကို တပြိုင်တည်းလေ့လာဖတ်ရှုနိုင်ခြင်း

●လူမျိုးစုံသမိုင်းဖြစ်စဉ်ကို တဆက်တစပ်တည်းဖတ်ရှုနိုင်ခြင်း

●ပညာရေးအစီအစဉ်များတွင် လိုအပ်သလိုအသုံးပြုနိုင်ခြင်းစသည်တို့ဖြစ်ပါသည်။

ထို့ကြောင့် ယခင်ထုတ်ဝေခဲ့သော ပအိုဝ်းသမိုင်းလေ့လာရေးစာစောင်ဖြစ်သော "မျိုးဆက်သစ်"၊ ရခိုင်သုတေသနစာစောင်ဖြစ်သော "ရခိုင့်အားမာန်" နှင့် ကရင်သုတေသနစာစောင်ဖြစ်သော "နိုင်ငံသစ်" စာစောင်အသီးသီးကို ရပ်ဆိုင်း ထားမည်ဖြစ်ပြီး ပအိုဝ်း၊ ရခိုင်၊ ကရင် ပူးတွဲသုတေသနလေ့လာရေးစာစောင်ကိုပထမဦးဆုံးအကြိမ် ထုတ်ဝေလိုက်ပြီးဖြစ်ပါသည်။ စာစောင်၏ အမည်မှာ "သမိုင်းသစ်ဂျာနယ်" ဖြစ်သည်။ တနှစ်လျှင်သုံးကြိမ်မျှ ထုတ်ဝေမည်ဖြစ်သည်။ အမှတ်စဉ်(၁)ကို ၁၉၉၈နှစ်ဆန်းစတွင် ထုတ်ဝေရန်ဖြစ်သော်လည်း စုပေါင်းရုံးဖွင့်လှစ်ရာတွင် နှောင့်နှေးကြန့်ကြာခြင်း စာစောင်ဖြန့်ဝေရေး နောက်ကျရခြင်းလည်းဖြစ်သည်။ ပုံမှန်ဆက်လက် ထုတ်ဝေဖြန့်ချိနိုင်ရေးအတွက် ကြိုးပမ်းမည်ဖြစ်ပြီး လိုအပ်သောအကြံဉာဏ်များပေးပို့ကြပါရန် မေတ္တာရပ်ခံပါသည်။

အယ်ဒီတာအဖွဲ့
သမိုင်းသစ်ဂျာနယ်

# ဒဏ္ဍာရီနှင့် ပါးစပ် ရာဇဝင်

ကျနော်တို့ပအိုဝ်း လူမျိုး၏သမိုင်းကို၊ တဆင့်စကား တဆင့်နား၊ သက်ကြီးစကား သက်ငယ်ကြားဆိုသည့်အတိုင်း၊ ပါးစပ်ရာဇဝင်များအရ၊ နောင်လာနောက်သား၊ သား၊ မြေး၊ မြစ်များသိရှိရန်အတွက် ပအိုဝ်းသက်ကြီးရွယ်အိုများက၊ ပြောပြတတ်ကြသည်။ ညအိပ်ရာဝင်သည့်အခါ သားသမီးငယ်များ အိပ်ပျော်စေရန်အတွက်လည်း၊ ဒဏ္ဍာရီပုံပြင်ပမာ ကျနော်တို့ ပအိုဝ်းသမိုင်းကို ပြောပြလေ့ရှိကြသည်။

ကျနော်တို့ပအိုဝ်းဒေသတွင်ရှိသော၊ စာဟောဆရာများသည်လည်း၊ တခါတရံ ကျနော်တို့ပအိုဝ်းသမိုင်းကို၊ အလှူပွဲတွင်ငင်း ရှင်ပြု ရဟန်းခံပွဲများတွင်ငင်း၊ အသုဘပွဲများတွင်ငင်း၊ ဟောပြော ပြောပြပေးတတ်ကြသည်။

သက်ကြီးရွယ်အိုများ၏ ပြောပြချက်အရ ရှေးနှစ်ပေါင်းများစွာ မြတ်စွာဘုရား မပွင့်မီအချိန် လူသားများ ကမ္ဘာပေါ်သို့ မရောက်ရှိခင် အချိန်ကာလ၊ တရုပ်ပြည်အနောက်မြောက်နှင့် ဆိုဗီယက်နိုင်ငံစပ်ကြားဒေသရှိ မွန်ဂိုလီးယားဟုခေါ်သည့်ဒေသတွင်၊ သာယာအေးမြ၍ ပန်းပေါင်းစုံဖြင့် တင့်တယ်လှပသည့်၊ ရေကန်၌ ကြာနီ၊ ကြာဖြူ၊ ကြာညိုတို့ကို၊ အမြဲတမ်းလာရောက်ကစားလေ့ရှိသည့် နဂါးမတို့သည် လူအသွင်ဖန်ဆင်းကာ၊ ပျော်မြူး ကြည်နူးစွာဖြင့်၊ ၎င်းရေအိုင်တွင် ရေကစားနေကြလေသည်။

ရှေးနှစ်ပေါင်းများစွာ လူသားများ ဤကမ္ဘာမြေပေါ်သို့ ရောက်ရှိမလာခင်အချိန်တွင်၊ ဝိဇ္ဇာဇော်ဂျီဟုခေါ်သည့် နတ်သားသည်၊ လူအသွင်ဖန်ဆင်းပြီး ဆေးမြစ် ဆေးဥတို့ကို ရှာထွက်ရာမှ၊ ၎င်းရေအိုင်သို့ ရောက်ရှိလာသောအခါ၊ လူအသွင်ဖန်ဆင်းထားသည့် နဂါးမနှင့် တွေ့ဆုံချစ်ကြိုက်ပြီး၊ ကာလကြာလာသောအခါတွင်၊ နဂါးမ၌ပဋိသန္ဓေတည်လာခဲ့သည်ဟုဆိုသည်။

နဂါးမ၌ ပဋိသန္ဓေတည်၍ ကာလချိန်တန်လာသောအခါ နဂါးမသည် ယနေ့ မနုသဟုခေါ်သောလူသားဖြစ်လာရန် ဥသုံးလုံးဥပေးခဲ့သည်။

နဂါးမမှ ပဌမဦးဆုံးဥသောဥကို အဖြူရောင်ရှိသော သစ်ရွက် သစ်ခက်များဖြင့်၊ အသိုက်ပြုလုပ်ပေးပါသည်။ ဒုတိယဥသော ဥလတ်တလုံးကို ရိုးရိုးကျောက်ဆောင်ပေါ်တွင် တင်ထားပြီး၊ တတိယအငယ်ဆုံးဥကို အနီရောင်ရှိသာ သစ်ရွက် သစ်ခက်များများဖြင့်၊ အသိုက်ပြုလုပ်ကာ ဥအသီးသီးကို၊ သူ့နေ ရာနှင့်သူ ထားရှိခဲ့ပါသည်။

နဂါးမဥခဲ့သော ဥအသီးသီးမှာ သူ့နေရာနှင့်သူ ထားလာရာမှ အချိန်တန်ကြာသောအခါ နဂါးဥသုံးလုံးအနက်၊ အဖြူရောင် သစ်ရွက် သစ်ခက်နှင့် အုပ်ထားသည့် ဥနှင့်၊ အနီရောင် သစ်ရွက် သစ်ခက်များဖြင့်အုပ်ထားသော ဥနှစ်လုံးသည်၊ သင့် တင့်လျောက်ပတ်သော၊ ရာသီဥတုနှင့် သစ်ရွက် သစ်ခက်တို့၏ အနွေးဓါက်တို့ကြောင့် ပေါက်ကွဲလာပြီး၊ လူသားနှစ်ဦးကို မွေးဖွါးပေးခဲ့လည်း၊ အလယ်ဥမှာမူ ပေါက်ကွဲ ထွက်လာခြင်း မရှိသည့်အတွက် ၎င်းဥလတ်ကို ခွါယူပြီးမွေး ဖွါးပေးခဲ့ရသည်ဟု ပါးစပ်ရာဇဝင် ပုံပြင်ဒဏ္ဍာရီအဖြစ် ပအိုဝ်း လူမျိုးများအကြားတွင်၊ ပြောစမှတ်တွင်ကျန်ရစ်ခဲ့သည်။ အကြီးဆုံးဥသည် ပေါက်ဖွားလာသည့်အခါ အဖြူရောင် သစ်ရွက် သစ်ခက်များဖြင့် အသိုက်ပြုလုပ်ပြီး၊ မွေးဖွားလာသည့်အတွက် အကြီးဆုံးကို စောက်ဗွာဟု ခေါ်ကြသည်။ ကရင် ပအိုဝ်း ဘာသာစကားအရ စောက်ဗွာဆိုသည်မှာ အဖြူရောင် အထုပ်၊ အသိုက်၊ အစည်းဖြစ်သည်။ ထိုကြောင့် အဖြူရောင်ထဲမှ မွေးဖွားလာသည့် လူဟု အဓိပ္ပါယ်ရပါသည်။

*အလတ်ဥသည် ဘာသစ်ရွက်၊ သစ်ခက်နှင့်မှ သိုက်မြုံ လုပ်ပြီးမထားသည့်အတွက် အချိန်တန်သော်လည်း မပေါက်ဘဲ ခွါထုတ်ယူရသည်။ ထို့ကြောင့် ၎င်းကို ပအိုဝ်းဟုခေါ်သည်။ ပအိုဝ်းဟူသည့်အဓိပ္ပါယ်မှာ ခွါထုတ်ယူသည်ဟု အနက်အဓိပ္ပါယ် ရရှိပါသည်။*

အငယ်ဆုံးဖြစ်သည့် ဥသည် အနီရောင် သစ်ရွက် သစ်ခက်များဖြင့် သိုက်မြုံလုပ်ပြီး ၎င်းအထဲမှ မွေးဖွားသန့်စင်လာသည့်အတွက် ထိုဥကို စောက်တနျားဟု ခေါ်သည်။ အနီရောင်သိုက်မြုံမှ မွေးဖွားလာသည့် လူမျိုးဟု အဓိပ္ပါယ်ရသည်။

ထိုသို့ အမိနဂါးနှင့် အဖဝိဇ္ဇာဇော်ဂျီတို့မှ မွေးဖွားသန့်ပေးလိုက်သည့် ထိုလူမျိုးတို့သည် မွေးဖွားရာနယ်မြေဒေသတွင်၊ လှည့်လည်ကျက်စားကာ၊ အတူတကွနေထိုင်လာခဲ့ကြသည်။

ပအိုဝ်းမှ ကရင်ကိုစောက်ဖွါဟုခေါ်သည်။ ကရင်နီကို စောက်တနျားဟုခေါ်ပြီး၊ ကရင်နီမှ ပအိုဝ်းကို ဖဦးဟုခေါ်သည် ဖဦးဟူသည့်အဓိပ္ပါယ်မှာ အကိုဟုအဓိပ္ပါယ်ရပါသည်။

အမိနဂါးနှင့် အဖဝိဇ္ဇာဇော်ဂျီတို့မှ မွေးဖွါးလာသည်ကို အစွဲပြု၍မိန်းမများသည် နဂါးမသဏ္ဌာန်ခေါင်းပေါင်းပေါ်တွင် အမောက်ပုံစံ ဆံထုံးအချွန်သော်၎င်း၊ ခတ်လုံးလုံးသော်၎င်း၊ ထုံးထားတတ်ကြသည်။ ခေါင်းပေါင်းပေါ်တွင်လည်း ရောင်စုံတဘက်သို့မဟုတ် ပုဝါဖြင့် ရစ်ပတ်ထားပြီး၊ လည်ပင်းတွင်လည်း ရောင်စုံ ပတ်တီးလုံးများကို အကွင်းများစွာ၊ ရစ်ပတ်ဆွဲထားလေ့ရှိကြသည်သာမက၊ လက်ကောက်ဝတ်တွင်လည်း ရောင်စုံပုတီးကုန်းများနှင့် ကြေးကွင်းများ၊ ငွေကွင်းများဖြင့် လက်ကောက်ကွင်း ပေါင်းများစွာ ဝတ်ဆင်ထားတတ်ကြသည်။

..................................................

# ပအိုဝ်းလူမျိုးတို့၏နောက်ခံသမိုင်း

မွန်ဂိုမျိုးနွယ်တို့ပအိုဝ်း

သမိုင်းသည် သက်ရှိသက်မဲ့တို့၏ ဖြစ်ပျက်ခဲ့သော အတိတ်ကာလကို ညွှန်းဆိုသည်။ တနည်းဆိုသော် အတိတ်က ဖြစ်ပျက်ခဲ့သည်ကို မှတ်တမ်းတင်ခြင်းပင်ဖြစ်သည်။ သက်ရှိသက်မဲ့တို့၏ ပြောင်းလဲမှုတိုင်းမှာ၊ သမိုင်းကြောင်းတွင်လည်း၊ ကြွင်းကျန်ရစ်သည်။ ဤသို့ကြွင်းကျန်ရစ်သော၊ အတိတ်သမိုင်းကိုအခြေခံကာ၊ အနာဂါတ်အတွက်ပြုပြင်နိုင်ရန်၊ ပစ္စုပ္ပန်တွင် မှတ်တမ်းတင်ရမည်။ ရှေ့ခရီးအတွက် လမ်းစရှာရမည်။တီတွင် ဖန်တီးတတ်ရမည်။

သမိုင်းစဉ်ဆက်အရ ပအိုဝ်းတို့၏သမိုင်းကို အမျိုးသား စာပေပညာရှင် တယောက်တလေကမျှ မှတ်တမ်းတင်ရေးသားပြုစုထားခြင်းမတွေ့ရသေးပါ။ ယနေ့မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံထဲရှိ၊ အချို့သောတိုင်းရင်းသားလူမျိုးများ၏ သမိုင်းကိုလည်း၊ တိကျသေချာသည့် သမိုင်းသက်သေ အထောက်အထားများ ခိုင်လုံစွာဖြင့် ရေးသားပြုစုထားသည်ကို၊ မတွေ့ရသေးပါ။

ယနေ့မြန်မာပြည်၊ ယိုးဒယား၊ လာော၊ ကမ္ဘောဒီးယား ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုရှားစသော နိုင်ငံများမှ လူမျိုးများသည်လည်း တိဘက်အနွယ်ဝင် မွန်ဂိုမျိုးနွယ်မှ ဆင်းသက်လာကြသည့် လူမျိုးများဖြစ်ကြသည်။ ၎င်းလူမျိုးများ၏သမိုင်းကို၊ ၎င်းလူမျိုးတို့ကိုတိုင်ရေးသားကြရာတွင် အားလုံးမှာမွန်ဂိုလ်လူမျိုးအနွယ်များသာဖြစ်ကြလေသည်။

အဘယ်ကြောင့်ဆိုသော် ကမ္ဘာပေါ်တွင် မျိုးနွယ်စုသုံးမျိုးသာရှိသည်ဟု သမိုင်းပညာရှင်များက အသိအမှတ်ပြုထားကြသည်။ မျိုးနွယ်စုသုံးမျိုးတွင်၊ နီဂရိုးခေါ် အသားမဲမျိုးနှင့် အသာဖြူခေါ် အင်္ဂလိပ်လူမျိုး၊ အသားဝါခေါ် အာရှလူမျိုး သုံးမျိုးသာရှိသည်ဟု မှတ်တမ်းတင်ထားကြခြင်းကြောင့်ဖြစ်သည်။

မျိုးနွယ်စုသုံးစုသာရှိသည့် ကမ္ဘာပေါ်တွင် ကျနော်တို့ ပအိုဝ်းသည်၊ အသားဝါမျိုးဖြစ်သည့် မွန်ဂိုလ်လူမျိုးအနွယ်မှ၊ ပေါက်ဖွါးလာသည်ကို မည်သူမျှငြင်းဆန်မရနိုင်ပါ။ ပအိုဝ်းလူမျိုးသည် ယနေ့ထင်ပေါ်နေသည့် ဆိုဗီယက် ပြည်ထောင်စုနှင့် တရုပ်နိုင်ငံအကြားရှိ မွန်ဂိုလ်လူမျိုးအနွယ်ကုန်းမြေမြင့်မှ စတင်ပေါက် ဖွါးလာပြီး ယနေ့ခေါ်တွင်သည့် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့်၊ လာောနိုင်ငံထဲသို့၊ ရောက်ရှိလာခြင်းဖြစ်သည်။ မွန်ဂိုလ်လူမျိုးအနွယ်ဝင်ဟုတ်သည်၊ မဟုတ်သည်ကို မွန်ဂိုစပေါ့ (တ်) ခေါ် **(Mongool spot)**ကိုကြည့်ခြင်းအားဖြင့် သိနိုင်သည်။

မနုဿဗေဒပညာရှင်ဖြစ်သော ပြင်သစ်အမျိုးသမီးတယောက်၏လေ့လာချက်အရ မွန်ဂိုလ်လူမျိုး အမျိုးအနွယ်မှ ပေါက်ဖွါးလာသည့် လူမျိုးမှန်သမျှ မွန်ဂိုစပေါ့(တ်)ရှိရမည်။

မွန်ဂိုစပေါ့(တ်) **(Mongool spot)**မွန်ဂိုမျိုးနွယ်ဆိုသည်မှာမွေးဖွါးခါစလေးသည် အမိ၏ ဝမ်းဗိုက်ထဲမှထွက် လာသည်နှင့် ခလေး ငယ်များ၏ တင်ပါးပေါ်တွင်၎င်း၊ကျောကုန်းပေါ်တွင်၎င်း၊ ခြေသလုံးပေါ်တွင်၎င်း၊ အပြာစက်အကွက်များ သို့မဟုတ် ခတ်မဲမဲအကွက်များပါလာခဲ့ပြီး၊ ၎င်းအကွက်များသည်၊ အသက် အရွယ်ကြီးရင့်လာသည်နှင့်အမျှ တဖြေးဖြေးပျောက်ကွယ် သွားပါသည်။ ၎င်းအကွက်များထွက်ပြီး၊ ပေါ်လာသည့် ခလေးငယ်များသည် မွန်ဂိုအမျိုးအနွယ် မွန်ဂိုလ်လူမျိုးမှ ဆင်းသက်လာသည့် မျိုးနွယ်စုဖြစ်သည်ဟု၎င်း၊ မနုဿဗေဒပညာရှင်တို့က အသိအမှတ်ပြု ပြောပြပါသည်။

မွန်ဂိုစပေါ့(တ်)ကို လေ့လာကြည့်ခြင်း၎င်း၊ ယုံကြည်မှုဖြစ်စဉ်ရှိထားသည့်၊ ပအိုဝ်းတို့သည်၊ အဖဝိဇ္ဇာ အမိနဂါးတို့မှ၊ ပေါက်ဖွါးလာသည်ကို ကြည့်ခြင်းအားဖြင့်၎င်း၊ ပအိုဝ်းသည်မွန်ဂိုလ်လူမျိုးဖြစ်သည်ကိုပို၍ ပေါ်လွင်စေပါသည်။

ပအိုဝ်းလူမျိုးသည်၊ မွန်ဂိုလ်လူမျိုးကုန်းမြင့်ပေါ်မှ ပေါက်ဖွါးလာပြီး ယနေ့ခေါ်တွင်သည့် မြန်မာနိုင်ငံ၊ ယိုးဒယားနှင့်၊ လာောကမ္ဘောဒီးယားနိုင်ငံထဲသို့မြစ်ကြီးသုံးသွယ်ကြားတွင် နယ်မြေသစ်၊ ဒေသသစ်နှင့် တောတောင်ပေါ်များရာ နေရာများသို့ လှည့်လည်ရှာဖွေရာမှ၊ တောင်ဘက်သို့ တဖြေးဖြေး၊ ရွှေ့ရှား ပြောင်းရွှေ့ ဆင်းသက်လာခြင်း ဖြစ်ပါသည်။

ကျနော်တို့သည် ယနေ့မြန်မာနိုင်ငံဟုခေါ်သော နိုင်ငံထဲရှိ၊ ပအိုဝ်းလူမျိုးများ၏ သမိုင်းကြောင်းကို၊ အလေးထားပြီး တင်ပြသွားမည်။ ရှာဖွေသွားမည်။ မှတ်တမ်းတင်ပြီးသမိုင်းအဖြစ် ဖန်တီးရေးသားသွားကြမည် ဖြစ်ပါသည်။

ကျန်ရှိနေသော ထိုင်း၊ လာော၊ ကမ္ဘောဒီးယားနိုင်ငံတို့ရှိ ပျောက်ဆုံးနေသော ပအိုဝ်းလူမျိုးများ၏ သမိုင်းကိုလည်း ရှာဖွေ လေ့လာသွားမည်။ မှတ်တမ်းပြုသွားမည်ဖြစ်ပါသည်။ ထပ်မံ ရှာဖွေတွေ့ရှိလာမည့် အချက်အလက်များကိုလည်း နောက်ထပ်မှတ်တမ်းတင် ရေးသားတင်ပြမည့် စာအုပ်များတွင် ဖြည့်စွက် ထည့်သွင်းသွားမည်ဖြစ်ပါသည်။

●●●●●●●●●●●●●

## ပအိုဝ်းတို့၏ ယုံကြည်မှုတရုပ်နှင့် ဓလေ့

ပအိုဝ်းသည်၊ ပျူလူမျိုးတို့မှ ပြောင်းလဲလာသည့် လူမျိုးဖြစ်သည်။ သေချာကျနစွာဖြင့် ရာစုဘယ်နှစ်ခုနှစ်၊ သက္ကရာဇ်ဘယ်အချိန်ကဖြစ်သည် ဆိုခြင်းကိုမူ၊ မည်သူမှအသေအချာ လေ့လာရေးသား မှတ်တမ်းတင်ခြင်း မတွေ့ရှိရသေးပါ။ သမိုင်းသည် အောင်နိုင်သူတို့၏အကြောင်းအရာနှင့် ၎င်းတို့၏လုပ်ရပ်

များ ဖြစ်ပေါ်ပြောင်းလဲမှုများကိုသာ မှတ်တမ်းတင်ထားကြသည် ရေးမှတ်ကြသည်။ အဖိနှိပ်ခံရသူနှင့် အရှုံးခံရသူတို့၏ သမိုင်းကို မူ၊ မှတ်တမ်းတင်ရေးသားလေ့မရှိကြပါ။ ဘယ်သမိုင်းစာမျက်နှာတွင်ကြည့်ကြည့်၊ ဘာစာအုပ်တွေလှန်လှန်၊ အဖိနှိပ်ခံရသူလူမျိုးများ၏ သမိုင်းဖြစ်ရပ်မှန်များကို၊ ရေးသားထားခြင်းမရှိပါ။

ပျောက်ဆုံးနေသော လူမျိုးများကို၊ ၎င်းလူမျိုးများ၏ ယုံကြည်ကျင့်သုံးနေသည့်၊ ဓလေ့ထုံးစံသဘာဝကို ရှာဖွေလေ့လာလျှက် ဆက်စပ်ရှာဖွေကာတွေ့ရှိသည့် နယ်မြေဒေသတွင်း လူမျိုးများ၏ ဓလေ့ထုံးစံနှင့်သဘာဝကိုပါ ဆက်နွယ်ကိုက်ညှိကြည့်ရှုမှသာလျှင်၊ ပျောက်ဆုံးနေသည့် ၎င်းလူမျိုးများ၏ သမိုင်းကြောင်းကို၊ အနီးစပ်ဆုံးရှာဖွေတွေ့ရှိနိုင်မည်ဖြစ်ပါသည်။

❖ ❖ ❖ ❖ ❖ ❖ ❖

## ဒဏ္ဍာရီမတူကြသော်လည်းမျိုးနွယ်စု တစ်ခုတည်းသာ

ခမ်းရင်းသား(ဖြားဗွာခမ်း)

ကျွန်တော်တို့ပအိုဝ်းလူမျိုးသည် ကရင် ကရင်နီ၊ ကယန်းခေါ်(ပဒေါင်း)ပအိုဝ်းခေါ် ပတ်တောင်လူမျိုးများနှင့် မျိုးနွယ်စုတူသော လူမျိုးတစ်မျိုးဖြစ်ခဲ့သည်ကို မည်သူမျှငြင်း ဆန်၍မရနိုင်ပါ။

သမိုင်းအဆက်ဆက်တွင် ထင်ပေါ်ကျော်ကြားခဲ့သည့် ပျူ၊ ကမ်းယံ၊ သက် စသည့်လူမျိုးများသည် မြန်မာပြည်ဟုခေါ်တွင်လာသည့် နယ်မြေဒေသထဲတွင်၎င်း၊ ထိုင်းနိုင်ငံဟုခေါ်တွင်လာသည့်နယ်မြေဒေသထဲတွင်၎င်း၊ ဦးစွာ ဝင်ရောက်လာကာ အခြေချပြီး တိုင်းနိုင်ငံများတည်ထောင်ခဲ့ကြသည်ကို သမိုင်းသုတေသနဆရာများ၊ မနုဿဗေဒပညာရှင်များက အသိအမှတ်ပြု မှတ်တမ်းတင်ရေးသားထားခဲ့ပါသည်။

ကျွန်တော်တို့ပအိုဝ်းလူမျိုးများ၏ စတင်ဖြစ်ပေါ်လာပုံသည် ဒဏ္ဍာရီပုံပြင်ဆန်သော်လည်း မဖြစ်နိုင်ဟုအဘယ်သူကငြင်းဆန်နိုင်သနည်း လူသားတို့သည် ဘယ်နေရာကစတင်ပေါ်ပေါက်ပြီး ဘယ်လိုပြောင်းလဲလာသည်ဆိုသည့် လူသားစတင်ဖြစ်ပေါ်လာသည့် သမိုင်းကိုကွဲပြားလာသည့် လူမျိုးများက မိမိတို့ယုံကြည်ရာအလိုက် မိမိတို့လူမျိုးစတင်ဖြစ်ပေါ်သည့် အစကို အမျိုးမျိုးရေးသားထားကြသည်။ လူမျိုးအချို့သည်ဘာသာရေးအယူအဆအတိုင်း ယုံကြည်သွားကြသည်။

ကျွန်တော်တို့ ပအိုဝ်းလူမျိုး၊ ကရင်လူမျိုး၊ ကရင်နီလူမျိုး၊ ပဒေါင်ခေါ် ကယန်းပတ်တောင်လူမျိုး(ပတ်တောင်ဆိုသည်မှာကျွန်တော်တို့ပအိုဝ်းလူမျိုးပင်ဖြစ်ပြီး သူတို့သည်ကြေးဝါဖြင့်အသုံးအဆောင်ပြုလုပ်ပြီး သူတို့ကိုသူတို့ အလှဆင်သည့်အတွက် အခြားပအိုဝ်းများကသူတို့ကို ပတ်တောင်ကြေးဝါဖြင့်ကိုယ့်ကိုယ် ကိုပတ်သည့်လူဟုခေါ်ရာမှ တခြားလူမျိုးများကလည်း ပအိုဝ်းတို့ခေါ်သလိုလိုက်ခေါ်ရာ မပီသည့်အတွက် ပတ်တောင်ကို ပဒေါင်ဟုခေါ်နေကြသည်။ သူတို့ပြောသည့်စကားသည် ပအိုဝ်းစကားနှင့်အတူတူပင်ဖြစ်ပြီး အသံပေါ့သွားသည်သာကွာခြားသည်။)တို့သည်မျိုးနွယ်စုတခုတည်းသာဖြစ်ပြီး ဒီရေ ဒီမြေ၊ ဒီဒေသကို၊ ဦးစွာဝင်ရောက်လာကြသည့်လူမျိုးများဖြစ်ကြသော်လည်း လူမျိုးအစ၊ စတင်ဖြစ်ပေါ်ခဲ့သည့် ဒဏ္ဍာရီပုံပြင်များသည်မတူညီဘဲကွဲလွဲပြီး အယူအဆများစွာကွာခြားသွားကြသည်။ တချို့ပုံပြင်ဆရာ စာဟောဆရာနှင့် ဘာသာရေးဆရာများသည် သူတို့၏နာမည်ထင်ပေါ်လိုမှု ဆွဲဆောင်နိုင်မှုနှင့် လူများသူတို့ဘက်ပါလာစေရန် အမျိုးမျိုးရေးသားနေကြသည့်အတွက် ကျွန်တော်တို့၏ ဒဏ္ဍာရီပုံပြင်များသည်ပို၍ကွဲပြားသွားကြသည်။ သို့သော် စာပေမတတ်သည့်တောတောင်ကြားတွင် နေထိုင်ကြသည့် သက်ကြီးရွယ်အိုများထံသို့၎င်း၊ ဘာသာရေးဆရာများ မရောက်ရှိသေးသည့်ဒေသ၊ ၎င်းတို့၏ မိရိုးဖလာယုံကြည်မှုနှင့် ဓလေ့ထုံးစံကိုသာကိုးကွယ်နေကြသည့်ဒေသများရှိ အဖိုးအဖွါးများထံသို့ ၎င်းသွားရောက်တွေ့ ဆုံမေး မြန်းကြည့်သည့်အခါ ပအိုဝ်းလူမျိုးများ၏ ဒဏ္ဍာရီပုံပြင်သည် ပဒေါင်လူမျိုးများ၏ဒဏ္ဍာရီပုံပြင်၊ ကရင်နီလူမျိုးများ၏ ဒဏ္ဍာရီပုံပြင်တို့နှင့် တူညီနေကြသည်ကို တွေ့ရှိရပေသည်။ ကျွန် တော်တို့၏ မျိုးရိုးအစသည် အမိနဂါး၊ အဖဝိဇ္ဇာတို့မှ နေပြီး ဥဖြင့် ဥလာသည်ကို ယုံကြည်မှုခြင်းတူနေကြသည်။

တူညီသည့်ပုံပြင်ဒဏ္ဍာရီနှင့် တူညီသည့်စကားဝေါဟာရနှင့်စိတ်ထားများသည်မျိုးနွယ်စုတခုတည်းဖြစ်သည်ကိုငြင်းဆန်၍မရနိုင်ပါ။

ငြင်းဆန်၍မရသည့်မျိုးနွယ်စုတခုတည်းဖြစ်သည့် ပျူ၊ ကမ်းယံ၊ သက်၊ အုပ်စုသည်လည်း သမိုင်းစတင်သည့်အချိန်တွင် ဤမြေ၊ ဤရေ၊ ဤဒေသတွင်၊ ဝင်ရောက်နေထိုင်ပြီး မြို့ပြကျေးရွာများထူထောင်လာခဲ့ကြသည့် အထောက်ထားများ၊ သက်သေသာဓကများ၊ များစွာချန်လှပ်ထားခဲ့သည်။

ထိုအထောက်အထား သာဓကများကို ယခုအခါပြန်လည်တူးဖော်ပြီး ဖေါ်ပြနိုင်ခဲ့ကြသည်။ ပျူနိုင်ငံ ပျူမြို့တော်များကို ကမ္ဘာ့သမိုင်းစာမျက်နှာနှင့် မြန်မာ့သမိုင်းစာမျက်နှာများတွင် ဖတ်ရှုရပြီး ပျူလူမျိုးများ၏ မျက်နှာနှင့်ရုပ်ပုံလွှာကို ယခုအချိန်အထိ မမြင်တွေ့နိုင်သေးခြင်းသည်။ သမိုင်းသုတေသနပြုသူများ မနုဿဗေဒပညာရှင်များက ထုပ်ဖေါ်ပြောဆိုရေးသားရန် မဝံ့သောကြောင့်လော၊ အတိတ်တပေါင်အတိုင်း တနေ့ကျလျှင် သူ့အလိုလို ပြန်ပေါ်လာမည်ကို စောင့်ကာ မိမိတို့ တွေ့ရှိထားချက်များကို မဖေါ်ထုပ်ချင်ကြသောကြောင့်လော စသည့် တွေးတောစရာများ များစွာဖြစ်ပေါ်လာသည်။

ပျူ၊ ကမ်းယံ၊ သက်၊ စသောမျိုးနွယ်စုများသည် သမိုင်းမစတင်မီ အချိန်မှနေပြီး သမိုင်းစတင်သည့်ကာလအထိ ဤဒေသတွင် အခြေချနေထိုင်လာခဲ့သည့် သမိုင်းဦးလူသားများ

ဖြစ်ကြသည်။ ပျူလူမျိုးများသည် သိုက်သိုက်ဝန်းဝန်းနှင့် စုစည်း နေထိုင်သည့် ဓလေ့ထုံးစံကို ကြိုက်နှစ်ခြိုက်ပြီး အေးချမ်းသည့် ဘဝကို မက်မောကြသည့်အတွက် သမိုင်းစတင်သည့်အချိန်မှစပြီး မြို့ပြများကို တည်ထောင်ပြီးနေထိုင်လာခဲ့ကြသည်။ ထင်ရှားသည့် ပျူလူမျိုးတို့၏ မြို့ပြများမှာ အေဒီ(၁၇)ရာစုခန့်တွင် ဗိသနိုးမြို့ကိုတည်ထောင်ခဲ့ပြီးနောက် တဖန် တည်ထောင်သော ဟန်လင်းမြို့သည်အေဒီ(၄)ရာစုမှ (၉)ရာစုထိ ထင်ရှားခဲ့သည်။ ထို့နောက် တကောင်းမြို့ကို ဘီစီ(၆)ရာစုခန့်၌ မြို့ပြအဖြစ်စတင် တည်ထောင်ခဲ့သည်ဟု ယူဆကြသည်။ သရေခေတ္တရာ (ပအိုဝ်းအခေါ် ဝိန်းပြယ်)သည် အေဒီ(၄၀၀မှ၉၀၀ခုနှစ်ထိ) တိုင်အောင် ထွန်းကားခဲ့သည်။ သရေခေတ္တရာကို ကရင်လူမျိုးများက ပို့ဝေး ပျူမြို့ဟုခေါ်ကြသည်။ နောက်ဆုံး သုဝဏ္ဏဘူမိကို ဘီစီ(၁၇)ခုနှစ်တွင် တည်ထောင်ခဲ့သည်ဟု သမိုင်းစာမျက်နှာထက်တွင် သမိုင်းသုတေသီတို့ ရေးသားမှတ်တမ်းတင်ထား ခဲ့ကြ သည်။ ပုဂံသည်လည်း ပျူဂါမ ပျူမြို့တော်ဟုခေါ်ရာမှ ပေါက်ကံ၊ ပေါက်ကံမှ ပုဂံဟု တဖြေးဖြေး ပြောင်းလဲလာခြင်း ဖြစ်သည်ဟု ပညာရှင်များက ဆိုကြသည်။

ပျူလူမျိုးများ မြို့ပြတည်ထောင်နေထိုင်လာကြသည့် အထောက်များကို ရှာဖွေတွေ့ရှိသော်လည်း ကမ်းယံ၊ သက်၊ စသည့်လူမျိုးများ၏ တိုင်းပြည်နိုင်ငံ မြို့ရွာများတည်ထောင်ခဲ့ကြသည့် အကြောင်းနှင့် အထောက်အထားများကို ရှာဖွေတွေ့ရှိခြင်းမရှိပါ။ ဘီစီ(၆၀၀)ရာစုခန့်၌ တကောင်းပြည် သို့မဟုတ် သင်းကွဲပြည်တည်ထောင်ချိန်တွင် တကောင်းပြည်၏ အရှေ့ဖက်၌ ပျူလူမျိုးများ၊ အနောက်ဖက်၌ ကမ်းယံလူမျိုး၊ မြောက်ဖက်၌ သက်လူမျိုးတို့ အသီးသီးနေထိုင်ကြသည်ဟု သမိုင်းဆရာများကယူဆကြသည်။

ဘီစီ(၆၀၀) ရာစုခန့်၌တည်ထောင်သော တကောင်းပြည်ကိုအုပ်ချုပ်သည့် မင်းဆက် (၃၃)ဆက်မြောက်ဘိန္နကရာဇ လက်ထက်တွင် တရုပ်များ ဝင်ရောက်ကျူးကျော်တိုက်ခိုက်သဖြင့် တကောင်းပြည်ကြီး ပျက်စီးခဲ့ရပေသည်။

ပျူလူမျိုးတို့၏ သမိုင်းအထောက်အထားများကို တွေ့ရသော်လည်း ၎င်းလူမျိုးနှင့် အုပ်စုတစုတည်းဖြစ်သည့် ကမ်းယံ၊ သက်၊ လူမျိုးများကိုကား တကောင်းပြည်တည်ထောင်သည့်အချိန်တွင်သာ ရေးသားမှတ်တမ်းတင်ထားခြင်း တွေ့ရပြီး တကောင်းပျက်သည်နှင့် ၎င်းလူမျိုးများ၏ သမိုင်းသည်လည်း ပျောက်ကွယ်သွားခဲ့ရပြန်သည်။

နောက်တခါ ဦးပညာ၏ ကရင်ရာဇဝင်စာအုပ်တွင် ကရင်လူမျိုးများ၏ အကြောင်းကိုရေးသားထားသည်မှာ သုဝဏ္ဏဘူမိသထုံပြည်မှာ ပအူခေါ် ပအိုဝ်းလူမျိုးတို့၏ ဘုရင်မင်းဆက်များက အုပ်ချုပ်ပြီး၊ ဖယျဘူမိနှင့် ပအောဝနမြို့များတွင် ကရင်လူမျိုး ဘုရင်မင်းဆက်များက အုပ်ချုပ်စိုးစံခဲ့ကြောင်း၊ ထိုဒေသတဝိုက်တွင် မြို့နှစ်မြို့၊ နိုင်ငံနှစ်နိုင်ငံ တည်ရှိ ထွန်းကားခဲ့ကြောင်း ဖော်ပြထားပြီး၊ ထပ်မံ၍ မိုက်ကယ်ဝီလီ၏ အဆိုအရ သက်သည် ချင်းလူမျိုးဖြစ်ပြီး ကမ်းယံသည် ကရင်နှင့် ကရင်နီ (ကယား)ပျူသည် ပအိုဝ်းလူမျိုးဟု ယူဆရသည်ဟု ရေးသားထားပါသည်။ ထိုဦးပညာ၏ ကရင်ရာဇဝင်စာအုပ်တွင်ပင် ရာဇဝင်ဆရာများက ပြည်မြို့အနောက်ဘက် ရေဝတီ မြစ်ကမ်းတလျှောက်၌ နေထိုင်ကြသော လူမျိုးကို ကမ်းယံဟု ဆိုသောကြောင့် ကရင်သည် ထိုကမ်းယံလူမျိုးတို့မှ ဆင်းသက်ပေါက်ဖွါးလာကြောင်း ရေးသားထားပါသည်။ ထပ်မံ၍ သုဝဏ္ဏဘူမိတိုင်းကို ဂေါတမမြတ်စွာဘုရား မပွင့်မီအချိန်က (ကဏ္ဍက) တိုင်းဟု ခေါ်တွင်ကြောင်း၊ ထိုတိုင်းရှိလူမျိုးများကို (ကရဏ်) ဟုခေါ်ကြောင်း၊ နောက်ကာလရွှေ့လျောလာ၍ ကရင်ဖြစ်လာကြောင်းရေးသားထားပြန်သည်။ ဤသည်တို့ ကား ဒဏ္ဍာရီနှင့် သမိုင်းဆရာများ၏ ရေးသားချန်ထားခဲ့ချက်များဖြစ်သည်။

❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖

## ခက်ထန်ကြမ်းတမ်းသည့် သမိုင်းလမ်းကြောင်း

ပအိုဝ်းလူငယ်များ စီစဉ်ထုတ်ဝေသည့် တပေါင်းလက်ဆောင်စာအုပ် စာမျက်နှာ ၉-၁၁ အထိတွင် ခွန်စောက်အာမဲကောင် ရေးသားသည့် ခက်ထန်ကြမ်းတမ်းသည့် သမိုင်းလမ်းကြောင်းနှင့် ပအိုဝ်းအမျိုးသားတို့၏ ဆောင်ပါးမှ –

လွန်လေခဲ့ပြီးသော သမိုင်းလမ်းကြောင်းကို တလှမ်းခြင်း တလှမ်းခြင်း၊ တထစ်ခြင်း၊ တထစ်ခြင်း၊ ပိုင်းခြား ထားရှိမှသာ အနာဂါတ်ကို လျှောက်လှမ်းလို့ရပေမည်။ အတိတ် သမိုင်းဟောင်းပျောက်ကွယ်နေပါက ပစ္စုပ္ပန်နှင့်အနာဂါတ်အတွက် သွားရန်လမ်းကြောင်း ရှာမရဘဲဖြစ်နေမည်ဖြစ်သည်။

အတိတ်မေ့ရောဂါဖြစ်နေသည့်လူတယောက်သည် သူ့အဖေအမေမောင်နှမညီအကိုနှင့် ဆွေမျိုးများကိုမှ မမှတ်မိဘဲ၊ ကုလားကြားရောက်နေပါက ကုလားဖြစ်သွားပြီး တရုပ်နားရောက်သွားပါက တရုပ်ဖြစ်သွားမည်ဖြစ်သည်။ အစိမ်းလိုက် တခြားလူမျိုးဖြစ်သွားမည်ဖြစ်သည်။ ပအိုဝ်းအမျိုးသားများ ရှောက်လှမ်းနေရသည့် ဘဝသည်လည်း မရေရာမသေချာသည့် အတိတ်သမိုင်းကြောင်းကြောင့်။ ယခုအခါ ပအိုဝ်း အမျိုးသားများ သည် မသေချာမရေရာသည့် ပစ္စုပ္ပန်နှင့်အနာဂါတ်ကို စမ်းတဝါးဝါး လျှောက်နေရပါသည်။

ပအိုဝ်းလူမျိုးများသည် ပအိုဝ်းလူမျိုးများ၏ သမိုင်းလမ်းကြောင်းကို သိမှသာ မျိုးချစ်စိတ်ဓါတ်ပေါ်လာပြီး ပစ္စုပ္ပန်အတွက်သော်၎င်း အနာဂါတ်အတွက်သော်၎င်း၊ အသက် တချောင်းကို ဆက်လက်ရပ်တည်နေနိုင်ရေးအတွက် ဓမ္မဓိဋ္ဌါန် ကျကျ အမျိုးသားများအတွက် အနာဂါတ်တွင် ကောင်းမွန်သည့် လမ်းကြောင်း ရည်ရွယ်ချက်များ ချမှတ်နိုင်မည်ဖြစ်သည်။

## အမျိုး-မျိုးနွယ်(၁၀)

လကွယ်နေ့ည သန်ကောင်ယံမှာမွေးဖွါးလာ၊ ယခုဆိုဗီယက် ရုရှနယ်မြေပေါ်ရှိ အာရှဒေသ ကူရာနီးယန်း အသိုင်းအဝိုင်းမှ ခွဲထွက်လာသည့် ပအိုဝ်းမျိုးနွယ်များသည် တရုပ်နိုင်ငံတွင်၎င်း၊ ကမ္ဘောဒီးယား နိုင်ငံတွင်၎င်း၊ လောနိုင်ငံတွင်၎င်း ယိုးဒယားခေါ် ထိုင်းနိုင်ငံတွင်၎င်း၊ မြစ်ကြီးသုံးသွယ်ကို အသုံးပြုပြီး တဖြေးဖြေးဖြင့် နယ်သစ် မြေသစ်ရှာဖွေကာ တောင်ဖက်သို့ ဆင်းသက်လာရာ ၎င်းနိုင်ငံများတွင် ဦးစွာ အခြေချနေထိုင်လာသည့် ဒေသခံတိုင်းရင်းသား လူမျိုးများ ဖြစ်သည်။

ပအိုဝ်း ကရင်မျိုးနွယ်စုများသည် တရုပ်ပြည်ကွေ့ချောင်ဒေသတွင် စီဝါမြို့ကို အတူတကွ တည်ထောင်ပြီး အတူနေလာကြရာမှ အကြီးဆုံးဖြစ်သည့် ပိုသည် မျိုးနွယ်ညီအကိုများ အပေါ် အလေးမထားစိမ်းကားလာသည်မကာ တရုပ်ဘုရင်ကောဆိန် ဖိနှိပ်ညှင်းပမ်းမှုကြောင့် မခံမရပ်နိုင်သည့် အဆုံးတွင် တောင်ဖက်သို့အုပ်စုများကွဲကြပြီး မြစ်ကြီးသုံးသွယ် အကြား တောင်တန်းများအပေါ်တွင်၎င်းမြစ်ကြီးသုံးသွယ်ကို၎င်း အသုံးပြုပြီး ပြောင်းရွှေ့ခဲ့ရပါသည်။

ကောဆိန်ဘုရင်သည် ဘီစီ၊ ၁၁၃၄ နှင့် ဘီစီ(၁၁၂၂) ကြားကာလဖြစ်သည်။

History of China 1929- pages 8 and 9 B7 professor W.E soot hill and also a sketch of China History ancient and modern etc. volume 1-1934 pages 162 -166 by Rev Charles Gutzlaff

ဘရင် ပအိုဝ်း ကရင်နီတို့သည် သမိုင်းမစတင်မီကာလ ဤကမ္ဘာမြေပေါ်တွင် လူသားစတင် ဖြစ်ပေါ်လာသည့် အချိန်တွင် အမိနဂါးမနှင့် အဖဝိဇ္ဇာဇော်ဂျီတို့မှ ဥဖြင့် မွေးဖွားလာခဲ့ရာ ကရင်သည်အကြီးဆုံးဖြစ်သည့် အမဖြစ်လာသည်။ ပအိုဝ်းသည် အလတ်ဖြစ်ပြီး ယောက်ျားဖြစ်ကာ၊ ကရင်နီသည် အငယ်ဆုံးဖြစ်ပြီး၊ မိန်းကလေးဖြစ်လာကြသည်ဟု ဒဏ္ဍာရီပုံပြင် အဖြစ်ပြောဆို သမုတ်လာခဲ့ရာ ယခုထိ ထိုယုံကြည်မှုသည် ပအိုဝ်းတိုင်းတွင် ကိန်းအောင်း ခိုဝင်လာခဲ့ရာ ယခုထိ ရှိနေသေးသည်။ ထို့ကြောင့်ပအိုဝ်းယောက်ျားလေးများက ကရင်မိန်းကလေးများနှင့် အိမ်ထောင် မပြုသင့်ကြောင်း အမက မောင်လေးကို ယူသဖြင့် စီးပွါး ရေး လာတ်လာဘ မရနိုင်ကြောင်း ကမ္ဘာဦးလူသား စတင်ဖြစ်ပေါ်လာစမှနေပြီး ၎င်းအယူကို ယခုထိ လက်ခံနေကြသေးသည်။ ကရင်ယောက်ျားလေးများက ပအိုဝ်းမိန်းခလေးများနှင့် ယူပါက စီးပွါးရေး လာတ်လာဘရှိကြောင်း အမမွေးသောသားနှင့်ညီယောက်ျားမှမွေးသောမိန်းခလေး ဖြစ်ခြင်းကြောင့် ဖြစ်ကြောင်းနှင့် ပအိုဝ်းနှင့်ကရင်နီလက်ထပ် မင်္ဂလာယူနိုင်ကြောင်း အကိုဖက်မှ ရသောသားသမီးနှင့် ညီမဖက်မှရသောသားသမီး၊ ကရင်နီနှင့် ကရင်အမနှင့် ညီမဖက်မှ ရရှိလာသည့် သားသမီးများဖြစ်ခြင်းကြောင့်ယူရခြင်း ဓလေ့သည် ယခုထိ ပအိုဝ်းလူမျိုးတို့၏အိမ်ထောင်ဖက် ရွေးချယ်မှု ဓလေ့ကို ထင်ဟတ်နေတုံးပင်ဖြစ်သည်။

## ပွိုလှုတအော့သူး၊ တအော့သူးမှ၊ တောင်သူ

ပအိုဝ်း၊ ကရင်၊ ကရင်နီ မျိုးနွယ်စုသည် မူရင်းဒေသတွင် အတူတကွနေထိုင်လာခဲ့ကြရာ ရှေးလူသားများသည် သစ်ရွက်၊ သစ် ဥ၊ သားငါး၊ တိရိစ္ဆာန်များကိုရှာဖွေပြီး အသက်မွေးဝမ်းကြောင်းအတွက် ရှန်းကန်ရှာဖွေစားသောက် နေထိုင်လာခဲ့ကြသည်။ ဤသို့ အမဲလိုက်၍စားသောက်နေထိုင်လာခဲ့ကြရာ တနေ့တွင်ကြီးမားသော ကိုယ်လုံးရှိသည့် ဆင်တကောင်ကို ပအိုဝ်းက လိုက်လံသတ်ဖြတ်နိုင်ခဲ့သည်။ ဆင်သည် အမွေးအမြင်သေးသော်လည်း အကောင်ကြီးသည့်အတွက် အုပ်စုတစုလုံး ဝေငှစားသောက်ရန် အလုံအလောက်ညီမျှစွာ ဝေပေးနိုင်ခဲ့သည်။

နောက်တခါ အမဲလိုက်ရာတွင် ကရင်အုပ်စုမှ ဖြူတကောင်ကိုရရှိလာပြန်သည်။ ဖြူသည် အမွေးကြီးပြီး အကောင်ငယ်သည့်အတွက် ဖြူသားကို အုပ်စုတစုလုံး မဝေငှနိုင်ဘဲ ကရင်အုပ်စုတစုသာ လောက်ခဲ့သည်။ အမွေးကြီးသော်လည်း အကောင်ငယ်သည့် ဖြူ၏အမွေးသည် ဆင်၏အမွေးထက် များစွာကြီးသည့်အတွက် အကောင်သည်လည်း ဆင်ထက်များစွာကြီးရမည်ဟုစိတ်က ထင်မှတ်ပြီး၊ ကရင်သည် စိတ်ထားမကောင်း အုပ်စုအပေါ် စေတနာမရှိ၊ အမွေးဒီလောက်ကြီးသည့်အကောင်ရလာသည်ကို မဝေငှဘဲ ကရင်အုပ်စုက ခိုးကြောင် ခိုးဝှက်စားသည်ဟုထင်ကာ စကားများလာသည်။ ကရင်သည်လည်း အမွေးကြီးပြီး အကောင်ငယ်ပါသည်ဟု ပြောပြသော်လည်း ပအိုဝ်းက လက်မခံတော့ပါ။ နောက်ဆုံးတွင် ကရင်ရလာသည့် ဖြူသားကို ကရင်က မယူတော့ဘဲ၊ ပအိုဝ်းကို ပေးစားသော်လည်း ပအိုဝ်းသည် မစားတော့ဘဲ၊ ကရင်အုပ်စုကို စိတ်ဆိုးပြီး၊ အုပ်စုခွဲထွက်ကာ နေရာသစ် ရှာဖွေနေထိုင်လာခဲ့သည်။ ၎င်းအချိန်မှစပြီး၊ ကရင် လူမျိုးသည် ပအိုဝ်းကို ပွိုဟု မခေါ်တော့ဘဲ၊ တအော့သူ (ဖြူသားမစားသည့်လူ)ဟုခေါ်ဆိုလာရာ တအော့သူမှာကာလ ကြာညောင်းလာသည့် အခါ တအော့သူမှ တော့သူ၊ တော့သူမှနေပြီး တောင်သူဟု ပြောင်းလဲ ဖြစ်ပေါ်လာမည်ဟု ခန့်မှန်းရပါသည်။ ယခုထိုင်းနိုင်ငံတွင်လည်း ထိုင်းနိုင်ငံရှိ တိုင်းရင်းသား လူမျိုးများ စာရင်းထဲတွင် တောင်သူးခေါ်တောင်စူး လူမျိုးကို သူတို့၏ နိုင်ငံဖွား မျိုးနွယ်ဟု အသိအမှတ်ပြုပြီး၊ ပအိုဝ်းသည် မြန်မာပြည်မှလာသည့် လူမျိုးဖြစ်သည်။ သူတို့နိုင်ငံသား တိုင်းရင်းသားမဟုတ်ဟု ထုတ်ပြန်ထားပါသည်။ ထို့ကြောင့် ပအိုဝ်းလူမျိုးများကို တောင်သူဟု ခေါ်သောစကားသည် သုဝဏ္ဏာပျက်ပြီး၊ တောင်ကလာသောလူ၊ တောင်ဘက်နေသောလူမှ တောင်သူပြောင်းလဲလာသည်ဆိုသည်ကို မဖြစ်နိုင်ပါ။ ပအိုဝ်းနှင့် ကရင်အုပ်စု ဖြူသား အဝေမ

တည့်မှုကြောင်းကရင်မှပအိုဝ်းကိုခေါ်သောဝေါဟာရမှ ပြောင်းလဲလာခြင်းဖြစ်သည်။ ပအိုဝ်းနှင့် ကရင်စိတ်ဝမ်းကွဲရသည်လည်း ဖြူသားကြောင့် ဖြစ်ရပါသည်ဟု သိရပါသည်။

(ခွန်တွူးရောဝ်–နောင်တနျား)

● ● ● ● ● ● ● ● ● ● ● ●

## မဲခေါင်မြစ်ကြောင်းအတိုင်း ဆင်းလာသည့် အုပ်စု

မွန်ဂိုလီးယားဒေသမှ အမိနဂါးနှင့် အဖဝိဇ္ဇာဇော်ဂျီတို့ မှမွေးဖွါးသန့်စင်ပေးလိုက်သည့်၊ ပျူ၊ ကမ်းယံ၊ သက်ခေါ်ပအိုဝ်း၊ ကရင်၊ ကရင်နီ၊ အုပ်စုသည် တောင်ဘက်သို့ တဖြေးဖြေး ပြောင်းရွှေ့လာရာ တိဘက်ကုန်းပြင်မြင့်သို့ ရောက်လာသည်။ တိဘက်ကုန်းပြင်မြင့်မှ တဆင့် တောင်ဘက်သို့တဖြေးဖြေးရွေ့ ပြောင်းလာရာ၊ မြစ်ကြီးသုံးမြစ်၏ မြစ်ဖျားခံရာဒေသသို့ ရောက်သောအခါ ၎င်းမြစ်ဖျားအတိုင်း စုံဆင်းလာကြရာ၊ ဧရာဝတီမြစ်အတိုင်း စုံဆင်းလာသောအုပ်စု၊ သံလွင်မြစ်အတိုင်း၊ စုံဆင်းလာသောအုပ်စု၊ မဲခေါင်မြစ်အတိုင်း စုံဆင်းလာသော အုပ်စု၊ အုပ်စုသုံးစု စုန်ဆင်းလာကြသည်။

မဲခေါင်းမြစ်ကြောင်းအတိုင်း ဆင်းလာသည့် အုပ်စုသည် တဖြေးဖြေး ပြောင်းရွှေဆင်းလာရာတချို့သည် လောနိုင်ငံ တွင် ယခုထိတိုင်နေထိုင်လျက်ရှိသည်။ တချို့အုပ်စုသည် တောင်ဘက်သို့တဖြေးဖြေးဆင်းသွားလာရာမှ ပင်လယ် သမုဒ္ဒရာ ဆိပ်ကမ်းအထိ ရောက်ရှိသွားပြီး ပင်လယ်ကမ်းခြေတွင် လှည့်လည် ရှာဖွေစားသောက် နေထိုင်ရာမှ တဖြေးဖြေး အနောက်ဘက်သို့ ပြောင်းရွှေလာခဲ့သည်။

အနောက်ဘက်သို့တဖြေးဖြေးပြောင်းရွှေလာရာမှ မဲပိန်မြစ်ဝသို့ ရောက်သောအခါ ၎င်းမြစ်ဝတွင် အခြေချနေထိုင်ခဲ့ကြသည်။ ပျူ ကမ်းယံ၊ သက် အုပ်စုတို့ ၎င်းဒေသသို့ ဘီစီ(၃) ရာစုကပင် ရောက်ရှိနေထိုင်ခဲ့ခြင်းဖြစ်ပါသည်။ ထိုအချိန်မှာ ဗုဒ္ဓမြတ်စွာဘုရား မပေါ်ပေါက်သေးသည့်အချိန်ဖြစ်သည်။

ပျူ၊ကမ်းယံ၊ သက်တို့သည် ၎င်းမြစ်ဝတွင် နေထိုင်အခြေချလာရာမှ နောက်ထပ် ဝင်ရောက်လာသည့် မွန်ခမာတို့က ကျူးကျော် တိုက်ခိုက်သိမ်းယူလိုက်သဖြင့် တချို့မှာ အနောက်ဘက် တောင်ကုန်းပေါ်သို့ ထွက်ပြေးခိုလှုံခဲ့ကြသည်။ ကျန်တချို့မှာ မဲပိန်မြစ်ကြောင်းအတိုင်း မြောက်ဖက်သို့ဆန်တက် ထွက်ပြေးခဲ့ကြသည်။

မဲပိန်အတိုင်း ဆန်တက်ထွက်ပြေးခဲ့ကြသော ပျူ၊ ကမ်းယံ၊ သက်အုပ်စုသည်တဖြေးဖြေးဆန်တက်လာရာ နောက်ဆုံးတွင် လန်းပန်း လန်းဖုံးတွင် အခြေချ နေထိုင်ပြန်သည်။ ထိုမှတဖန် ဇင်းမယ် (ပအိုဝ်းအခေါ်ကိန်မဲ)တွင် ပြန်လည်အခြေချ နေထိုင်ပြီးမြို့ရွာ တည်ဆောက်နေခဲ့ပြန်သည်။ ပအိုဝ်း၊ ကရင်၊ ကရင်နီ၊ ပဒေါင်း(ကယန်း)လူမျိုးအားလုံးသည် ဇင်းမယ်ကို ကိန်မဲဟုခေါ်ဆိုကြသည်။ ၁၃ရာစုတွင် ထိုင်းယွန်း တို့သည် မဲခေါင်မြစ်ကြောင်းနှင့် သံလွင်မြစ်ကြောင်းအကြား၌ စုံဆင်းလာ ပြီး ဒေသခံ၊ ပျူ၊ ကမ်းယံ၊ သက်တို့ကို တိုက်ထုတ်လိုက်သည့် အတွက်၊ ပျူ၊ ကမ်းယံ၊ သက်တို့သည် အနောက်ဘက်သို့ ပြောင်းရွှေပြေးခဲ့ရပြန်သည်။ ဘန်ကောက် အနောက်ဘက်မှစပြီး ဇင်းမယ်အနောက်ဘက်အထိ တောင်တန်းများ တလျောက်တွင် ကရင်များ၊ ပအိုဝ်းများသည် ယခုထိနေထိုင်လျက်ရှိပါသည်။

ဇင်းမယ်မှထွက်ခွါသွားသော အဖွဲ့တဖွဲ့သည် မဲဟောင်ဆွန်ကို ဖြတ်ပြီး သံလွင်မြစ်အနောက်ဘက်ခြမ်းသို့၎င်း၊ တချို့က သံလွင်မြစ်ကြောင်းအတိုင်စုံဆင်း၍၎င်း သွားခဲ့ကြသည်။

သံလွင်မြစ်အနောက်ဘက်သို့ရောက်ရှိသွားသော အုပ်စုများမှာ၊ ပအိုဝ်း၊ ပတ်တောင်နှင့်၊ ကရင်နီတို့ဖြစ်ကြသည်။ တချို့မှာ ရေကြည်ရာမြက်နုရာ ပွန်ချောင်းတလျောက် ဆန်တက်သွားရာမှ နောက်ဆုံးတွင် ကောင်းဖိုးဖြိန်း နွားမဲတောင်ကောင်ဆာင် (ဆင်တောင်)တွင် သွားရောက် ပုံးအောင်းကာ ရပ်ရွာတည်နေခဲ့ပြန်သည်။ ထိုအချိန်က တောင်ကြီးခရိုင်နှင့် လွယ်လင်ခရိုင်တွင်မည်သည့် လူမျိုးမှ ဝင်ရောက် နေထိုင်ခြင်း မရှိသေးပါ။

တချို့အုပ်စု တောင်ကွဲသို့ ရောက်ရှိသွားသည်။ ၎င်းအုပ်စုတွင် ကရင်နီနှင့် ကြေးနီကို မြတ်နိုးသည့်အဖွဲ့ဖြစ်သော ပတ်တောင် ပအိုဝ်းအခေါ် ကြေးနီဖြင့် အသုံးအဆောင် ပြုလုပ်သုံးစွဲသည့်လူများ၊ ယခုအခါ ဗမာတို့က ပဒေါင်ဟု ခေါ်သည့် ကယန်းလူမျိုးတို့ဖြစ်သည်။

ပဒေါင်းခေါ် ကယန်းသည် ပအိုဝ်းလူမျိုးနှင့် တနွယ်တည်းသော လူမျိုးမျိုးဆက်တစုတည်းမှ ဆင်းသက်လာသူများဖြစ်သည်။

စကား အလေးအပေ့ါ ကွဲခြားမှု အနည်းငယ်ရှိသည်။ ပအိုဝ်းလူမျိုးတို့၏ စကားနှင့် အတူတူဖြစ်ပြီး၊ ဤသို့ စကားအလေးအပေ့ါ ကွာဟမှုရှိခြင်းကို အခွင့်ကောင်းယူလျက် မဟာလူမျိုးကြီးဝါဒရှိသော အုပ်ချုပ်သူ လူတန်းစားများက ပအိုဝ်းလူမျိုးတမျိုးဖြစ်သော ပတ်တောင် (ကြေးနီဖြင့်အသုံး အဆောင်ပြုလုပ်သည့်လူမျိုး)မှာ ယခုအခါ ပဒေါင်ဟုတွင်လာခဲ့သည်။ ပဒေါင်လူမျိုး ကယန်းသည်လည်း အမိနဂါး အဖဝိဇ္ဇာဇော်ဂျီမှ မွေးဖွားလာသည့် လူမျိုးတမျိုးဖြစ်သည်ဟု သိရှိရသည်။ ၎င်းလူမျိုး၏ ဆင်းသက်ရာ သမိုင်းကြောင်းနှင့် ဒဏ္ဍာရီပုံပြင်များသည် ပအိုဝ်း လူမျိုးနှင့် ထပ်တူ ထပ်မျှဖြစ် သည်သာမက ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုများသည်လည်း ပအိုဝ်းနှင့် အတူတူပင်ဖြစ်လေသည်။ ပြောဆိုသည့် စကားသည်လည်း ပအိုဝ်းလူမျိုးနှင့် အတူတူပင်ဖြစ်ပြီး၊ လေယူလေသိမ်း အလေးအပေ့ါကွာခြားမှုသာ အနည်း ငယ်ပင် ခြားနားသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

## ဇင်းမယ်မှ ထွက်သွားသော အုပ်စုများ

ဇင်းမယ်ကို ထိုင်းယွန်းတို့ ဝင်ရောက်လာသည့်အခါ ပအိုဝ်း၊ ကရင်များသည် အောက်ဖက်သို့ စုန်ဆင်းပါကလည်း မွန် ခမာတို့ ရောက်ရှိပြီး၊ ထွက်ပြေးလာခဲ့ရသည့် အတွက် အနောက်ဖက်နှင့် အနောက်မြောက်ဖက်ရှိ တောင်ကုန်း တောင်တန်းများပေါ်သို့ ထွက်ပြေးခဲ့ကြရသည်။ အနောက်ဖက်သို့ ထွက်ပြေးခဲ့ကြရသော ပအိုဝ်းကရင်အုပ်စုမှာ အုပ်စု (၃)စု ကွဲသွားပြန်သည်။ ၎င်းတို့ ဇင်းမယ်မှ ထွက်ပြေးရသည့်အချိန်မှာ ဘီစီ(၁၃)ရာစုက ဖြစ်ပါသည်။

ဇင်းမယ်မှ အနောက်ဖက်သို့ ထွက်ပြေးရသည့် အုပ်စု (၃)စုကွဲသားခဲ့ပြီး ၎င်းတို့အနက် တစုမှာ သံလွင်မြစ်ကြောင်းအတိုင်း စုံဆင်းကာ သောင်းရင်းမြစ်ကြောင်းအတိုင်းပြန်ဆန်တက်လျှက် ကော့ကရိတ်(ပအိုဝ်းအခေါ် ခြုတ်ခြိတ်)ကို တည်ထောင်၍နေလေသည်။ ကော့ကရိတ်(ခြုတ်ခြိတ်)သည် ပအိုဝ်းတို့တည်ထောင်ထားသည့် မြို့ဖြစ်ကြောင်းကို မည်သူမှငြင်းဆန်၍မရနိုင်ပါ။ ယခုထိ မြို့ဟောင်း မြို့ရိုးပျက်များ ရှိနေပေသေးသည်။

ဒုတိယအုပ်စုမှာ စောက်တန့်းခေါ် ကရင်နီ (ယိုးဒယားခေါ် ယါးဒိင်း)လူမျိုးနှင့် ပတ်တောင်(ကြေးဝါဖြင့်အလှဆင်သည့်လူမျိုး) ပဒေါင်းလူမျိုးများဖြစ်သည်။ သံလွင်မြစ်ကိုကျော်ဖြတ်ပြီ ကြယ်ဖိုးကြီးနှင့်တောင်ကွဲတွင်၎င်း၊ မိုးဗြဲတွင်၎င်း၊ ပျံနှံ့နေထိုင်ကြသည်။ ၎င်းအုပ်စုမှ တချို့သည် တောင်ဘက်သို့ တောင်ကြားအတိုင်း ဆင်းသွားကြရာမှ သံတောင်တွင် နေထိုင်ကြသည်။ ၎င်းဒေသတွင်နေထိုင်ကြသော အုပ်စုတချို့သည် မြေပြန့်အစပ်တွင်နေပြီး၊ တချို့မှာ တောင်ပေါ်တွင် နေထိုင်ကြသည် တောင်ပေါ်တွင်နေထိုင်ကြသည့် အစုကို(ခဲ့ခို)အပေါ်မှနေသည့်လူဟုခေါ်ပြီး တောင်အောက်တွင်နေထိုင်သော အုပ်စုကို(ခဲ့လ) အောက်မှာနေသည့် အုပ်စုဟု ပအိုဝ်းဘာသာဖြင့် ခေါ်ရာ၎ အုပ်ချုပ်သူ လူန်းစားက ၎င်းလူမျိုးများကိုလည်း လူမျိုးတမျိုးဖန်တီးပြီး ကေခို ကေဘားများအဖြစ် သွေးခွဲခဲ့သည့်အတွက် ယခုအခါ ကေခို၊ ကေဘားဟု ခေါ်နေကြသည်။ ကေခို၊ ကေဘားသည် လူမျိုးအမည်မဟုတ်ပါ။ အပေါ်ပိုင်းနေထိုင်သည့်လူနှင့် အောက်ပိုင်းနေထိုင်သည့်လူဟု ခေါ်ခြင်းသာဖြစ်သည်။

၄

တတိယအုပ်စုသည် သံလွင်မြစ်ကို ကျော်ဖြတ်ပြီး ပွန်းချောင်းအတိုင်း မြောက်ဘက်သို့ ခွဲထွက်၍ ဆန်တက်သွားပြန်သည်။ ပွန်းချောင်းမြစ်ဖျားမှတဆင့် ဆင်တောင် နွားမဲတောင်တွင် စတင်အခြေချနေထိုင်ကြသည်။ ၎င်းအုပ်စုသည် ပအိုဝ်းဟုခေါ်သည်။ **(Paio)**(တရုပ်အခေါ်ပီအော)လူမျိုး ဖြစ်လေသည်။ ၎င်းတို့သည် နွားမဲတောင် ဆင်တောင်မှ တဆင့် တောင်ဖက်နှင့် အနောက်တောင်ဖက်သို့တခါ ပြန်နှံ့ သွားပြန်သည်။ ထို့ကြောင့် ပျူ၊ ကမ်းယံ၊ သက်အုပ်စုဖြစ်သည့် ပအိုဝ်း၊ ကရင်၊ ကရင်နီ၊ ပဒေါင်း လူမျိုးများသည် ၁၃ရာစု မတိုင်ခင်ကတည်းက မဲခေါင်မြစ်ကြောင်းအတိုင်း စုံဆင်းလာခဲ့သည်။ ဦးဆုံးသော တိဗက်အနွယ် မွန်ဂိုလွိုက်လူမျိုးများဖြစ်ကြသည်။ ထို့ကြောင့် မဲခေါင်မြစ်တလျှောက် လော၊ ကမ္ဘောဒီးယားနှင့် ဗီယနမ်တောင်ပိုင်းတို့တွင် ပအိုဝ်းမျိုးဆက်များသည်၊ ယခုထိ ကွက်တိကွက်ကြား ကျဲပါးစွာ တည်ရှိနေခြင်းဖြစ်လေသည်။

## လမ်းဖွန်သီရိပုဥ္စယနိုင်ငံထူထောင်ခြင်းနှင့် မွန်တို့ရောက်ရှိလာပုံ

မဲခေါင်းမြစ်ကြောင်းအတိုင်း ဦးစွာ စုန်ဆင်းလာသည့် အုပ်စုသည် ပျူ၊ ကမ်းယံ၊ သက်အုပ်စုများဖြစ်သော ပအိုဝ်းကရင် အနွယ်များသာဖြစ်သည်။ မွန်ခမာတို့ ဝင်ရောက်လာသည့်အခါတွင် ဦးစွာဝင်ရောက်လာသော ပအိုဝ်းကရင်များသည် ၎င်းဒေသမှ စွန့်ခွါပြီး၊ နယ်သစ်၊ မြေသစ် ရှာဖွေခဲ့ရလေသည်။

မဲခေါင်မြစ်မှ တဆင့် ပင်လယ်ကမ်းစပ်အတိုင်း အနောက်ဖက်သို့ ပြောင်းရွှေ့လာခဲ့ရာ စောင်းဖရာခေါ် မဲပိန် မြစ်ဝသို့ ရောက်ရှိသွားပြန်သည်။ ထဖန် ၎င်းဒေသအထိ မွန်ခမာ အုပ်စုတို့က လိုက်လာပြန်ရာ ပအိုဝ်းကရင်များသည် အနောက်ဖက်တောင်ကြောသို့၎င်း၊ မဲပိန်မြစ်အတိုင်း ဆန်တက်သွားကြသည်။

အနောက်ဖက်သို့ ထွက်ပြေးသွားသော အုပ်စုသည် ဖွဲ့သုံးပုံပြုလုပ်ပြီး၊ သက်သေအမှတ်အသား ချန်ထားခဲ့ပါသည်။ တနေ့သောအခါ ၎င်းဖွဲ့သုံးပုံအနားတွင် ပအိုဝ်း ကရင်မျိုးနွယ်များသည် ပြန်လည် ဆုံတွေ့ပြီး၊ တိုင်းပြည်နိုင်ငံ ပြန်လည် ထူထောင်မည်ဟု အဓိဋ္ဌာန်ထားခဲ့ကြသည်။ ၎င်းဖွဲ့သုံးပုံသည် (ယနုဘုရားသုံးဆူ၏ အရှေ့မြောက်ဖက်တွင် ဖွဲ့လိုဖြစ်နေသော တောင်သုံးတောင် ရှိနေဆဲ ဖြစ်ပါသည်။) ၎င်းကို သွားရောက်ကြည့်ရှုနိုင်ပါသည်။မြောက်ဘက်သို့တဖြည်းဖြည်း ဆန်တက်လာရာတွင် မဲပိန့်မြစ်တလျှောက် မြို့ရွာများတည်ဆောက်လာခဲ့ပြီး၊ နောက်ဆုံး ကိန်မှဲအထိ ရောက်ရှိသွားလေသည်။ သီရိပစ္စယခေါ် လမ်းဖွန်းမြို့ကို တည်ထောင်ပြီးနောက် မင်းပြုအုပ်ချုပ်တတ်သည့် သူများ မရှိသည့်အတွက် လွတ်ဘူရီသို့စုန်ဆင်းကာ မွန်ဘုရင်ထံ သွားရောက် အသနားခံရာ လွတ်ဘူရီဘုရင်က သူ့သမီးတော်ကို စေလွှတ်လျှက် အုပ်ချုပ်စေခဲ့လေသည်။ ၎င်းအချိန်တွင် လဝများက မကြခဏဝင်ရောက် နှောက်ယှက်တတ်သည့်အချိန်ဖြစ်သောကြောင့် လဝရန်ကို ကာကွယ်ရန်အတွက်လည်းဖြစ်လေသည်။ထိုအချိန်မှစပြီး ထိုင်းနိုင်ငံ မြောက်ပိုင်းသို့မွန်မျိုးနွယ်ရောက်ရှိသွားခဲ့သည်။ ထိုအချိတခြားမည်သည့်နေရာတွင်မျှ မရှိဘဲ၊ လမ်း ဖွန်းရှိ ပါစန်ရွာ တရွာတည်းသာ မွန်ရွာဟူ၍ ရှိပါသည်။

ထိုင်းမျိုးနွယ်ထဲမှတခြားဘာသာစကားပြောအုပ်စုများ စာအုပ်မှ

(ဆထာဘန်ဝိစုံဘာသာလုံ ဝတ်တနထမ် ဖူးဖတ်တနာ ချွန်ဖွတ် မဟာဝိထယာလုံ မဟိဒွန်အတွက် ရေးသားထားသော စာအုပ်ထဲမှ စာမျက်နှာ ၂၀၆ အပိုဒ် ၁-၄ မှ ကောက်နုတ်ချက်)

ကရင်တောင်စုခေါ် တောင်သူ (ပအိုဝ်း)လူမျိုးကို ထိုင်းမြောက်ပိုင်းသားများက တောင်စူးဟု ခေါ်ပြီး၊ ဗမာများက ကရင်ဖြူဟု ခေါ်သည်။

စကောကရင်များက တောင်စူး ပအိုဝ်းလူမျိုးကို ကရင်မဲဟု ခေါ်သည်။ အဘယ်ကြောင့်ဆိုသော် ပအိုဝ်းအမျိုးသမီးများ အမျိုးသားများက မဲနက်သော အဝတ်အစားများကိုသာ ဝတ်ဆင်သောကြောင့် ဖြစ်သည်။

တောင်စူးခေါ် ပအိုဝ်းများသည် တောတောင်ထဲတွင် လှည့်လည်နေထိုင်ပြီး၊ တောထွက်ပစ္စည်းများ ရှာဖွေကာ အသက်မွေး ဝမ်းကြောင်းပြုသည်။

ကရင်မျိုးနွယ်စု (လေးစု)သည် ဗမာပြည်တွင် အများအားဖြင့် နေထိုင်ပြီး၊ လူဦးရေ (၂)သန်းကျော်ခန့် ရှိကာ အနံ့အပြား ပြန့်နှံ့လျက်ရှိသည်။ ထိုင်းနိုင်ငံထဲတွင် ကရင်အမျိုးအနွယ် စကားပြောသူများနှင့် တောင်သူ ပအိုဝ်းလူမျိုးတို့သည် ခရိုင် (၁၄)ခရိုင်တွင် ပြန့်နှံ့ နေထိုင်လျက်ရှိကြသည်။

ၐင်းခရိုင်များမှာ ...

(၁)ဇင်းမယ်ခရိုင်၊
(၂)မဲဟောင့်ဆောင်ခရိုင်၊
(၃)ရှင်းရဲခရိုင်၊
(၄)လမ်းဖွန်ခရိုင်၊
(၅)ဖဲ ခရိုင်၊
(၆)တက် (ခ်) ခရိုင်၊
(၇)လမ်းပန်း ခရိုင်၊
(၈)ကမ်းဖိန်း ခရိုင်၊
(၉)စုခိုထိုင်း ခရိုင်၊
(၁၀)အုထိုင်းဌာနီ ခရိုင်၊
(၁၁)စုဖန်းဘူရီ ခရိုင်၊
(၁၂)ဖစ်ဘူရီ ခရိုင်၊
(၁၃)ကန်ချနဘူရီ ခရိုင်၊
(၁၄)ပကျွတ်စီရီခန် ခရိုင် နှင့်
(၁၅)လာပ် ဘူရီ ခရိုင် တို့တွင် နေထိုင်ကြပြီး၊ ကရင်မျိုးနွယ် (၄)မျိုးထဲမှ တမျိုးစီ ဘာသာစကားကွဲပြားသွားကြသည်။

กะเหรียงต้องสู้หรือตองทู

กะเหรียงผ่านี้คนไทยทางเหนือจะเรียกว่าต้องสู้ส่วนพม่าเรียกว่ากะเหรียงขาวสวนกะเหรียงสกอเรียกพวกต้องสู้ว่ากะเหรียงดำเพราะพวกผู้หญิงใส่ชุดดำหมดพวกนี้มักไม่อยู่เป็นหลักแหล่งชอบหาของป่าไปขายในที่ต่างๆ

พวกกะเหรียงทั้งสี่พวกดังกล่าวส่วนใหญ่อยู่ในประเทศพม่า ข

20-25สาขาส่วนในประเทศไทย จังหวัดท ีพบว่า มีพวกที่พูดภาษากะเหรียงมีอยู่ถึง จังหวัดคือเชียงใหม่แม่ฮ่องสอน เชียงราย ลำพูน ลำปาง แพร่ ตาก กำแพงเพชรสุโขทัย อุทัยธานี สุพรรณบุรี เพชรบุรี กาญจนบุรี ราชบุรี ประจวบคีรีขันธ์ เมื่อพวกกะเหรียงแบงออกเป็น พวกดั่งกล่าวภาษาของเขาก็ต้องแบ่งไปตามพวกด้วยคือภาษากะเหรียงขาว ภาษากะเหรียงแดง ภาษากะเหรียงโปว์และภาษากะเหรียงต้องสู้ทั้ง4ภาษานี้พูดอยู่ในประเทศไทยม จำนวนผู้พูดโดยประมาณคือกะเหรียงสกอมีประมาณ 45000คนกะเหรียงโปว์ประมาณ2400 คนกะเหรียงบาเวมีประมาณ1300คนส่วนพวกต้องสู้มีน้อยกว่าพวก อ 600คนเท่านั้น(2503)แค่ปัจบันมีจำนวนรวมกันถึง265611 คน(2529)

พวกชาวเผ่ากะเหรียงนั้นนักภาษาได้สำรวจพบภาษาของพวกนี้ทั้งหมดถึง8 ภาษาด้วยกันคือ

(1)ภาษากะเหรียงบาเวภาษานี้มี ภาษาถิ่นอีกหลาย ภาษา
(2) ภาษากะเหรียงเมโก
(3) ภาษากะเหรียงมอบวาภาษษนี้ยังมีภาษาถิ่นอีกภาษาคือภาษากะเหรียงบีลิจีและภาษากะเหรียงเคอมูฮา
(4) ภาษากะเหรียงปาไลจิ
(5) ภาษากะเหรียงโปว์
(6) ภาษากะเรียงสกอ
(7)ภาษากะเหรียงต้องสู้หรือตองทู
(8) ภาษากะเหรียงเวเวา

## သမိုင်းသုတေသီများမှ ရေးသားချက်များ

မစ္စတာမာရှယ်ကမူ ကရင်သည်၊ ထိုင်းတရုပ်အနွယ်ဝင်ဟုဆိုပါသည်။ ပါမောက္ခဂျီအိပ်လုစ် **(Ghluce)**ကမူ၊ ကရင်ဘာသာစကားသည်၊ တိဗက်မြန်မာ အစုပင်ဖြစ်သည်ဟု ဆိုလေသည်။ ဒေါက်တာဝီလီယံဒန့်ဟက်ကက်က ပအိုဝ်းလူမျိုးများသည် ပိုးကရင်မှဆင်းသက်လာသည်ဟုယူဆရကြောင်း၊ ပအိုဝ်းဘာသာစကားနှင့် ပိုးကရင်ဘာသာစကားတို့တူညီလှကြောင်းဟုပအိုဝ်းလူမျိုးများအကြောင်းရေးသားသူ အမေရိကန် လူမျိုးနှစ်ခြင်း ခရစ်ယန် သာသနာပြုဆရာကြီးရေးထားပါသည်။

အာ၊ အေ၊ ဒီ၊ ဖေါရက် **(R A. D. Forest)**နှင့် ဂေါ်ဒွင်လုစ် **(Gor Don Luce)**တို့၏ကရင်ဘာသာစကားလေ့လာချက်အရ၊ ကရင်နှင့်ပအိုဝ်းလူမျိုးများသည်၊ ဘာသာစကားတခုတည်းကိုသာ၊ ပြောဆိုလာခဲ့ကြရုံသာမက၊ တချိန်က မျိုးနွယ်တခုတည်းမှဆင်းသက်လာခဲ့ကြကြောင်းကို ပရောဖက်ဆာနှစ်ယောက်က ကောက်ချက်ချခဲ့သည်။

မာရှယ်(Marshall)က ကရင်နှင့် နှစ်ပေါင်း(၄၀) ကျော် နေထိုင်ပြီး ပအိုဝ်းလူမျိုးများအကြောင်းနှင့် ပတ်သတ်၍ ရေးသားထားသည်မှာ ပိုးကရင်လူမျိုးအုပ်စုတွင် ပိုးကရင်အပြင် တောင်သူ ပအိုဝ်းများလည်းပါဝင်သည်။ ပိုးလူမျိုးများကို ရခိုင်ကမ်းမြောင်မှ၊ မြိတ်အထိတွေ့ရသည်။

တောင်သူပအိုဝ်းလူမျိုးများကိုမူ၊ သထုံမှနေ၍ ရှမ်းပြည်တောင်ပိုင်း၊တောင်ကြီးမြို့စွန်အထိ နေထိုင်ကြပြီး၊ ၎င်းမျိုးနွယ်စုများ နိုင်ငံတွင်းသို့ ဝင်ရောက်လာရာကာလ ကွဲပြားခြင်းနှင့် ဝင်ရောက်လာမှု လမ်းကြောင်း ကွဲလွဲနေ ခြင်းများရှိနဲ့သည်။ မကွဲသည့်အချက်မှာ ၎င်းအုပ်စုသည် မြောက်ဘက်မှ တောင်ဘက်သို့ ဝင်ရောက်လာခြင်းသာ ဖြစ်သည်ဟု ရေးသားထားခြင်းပင် ဖြစ်သည်။

စတူးဝပ် **(Stuart)**က သမိုင်းမပေါ်မီကာလကပင် ယခု မြန်မာနိုင်ငံထဲသို့ တိုင်းတပါးသားများသည် အလုံးအရင်းဖြင့် တရုပ်ပြည်အနောက်ဘက်မှ၎င်း၊ တိဗက်ကုန်းမြေမြင့်မှ၎င်း၊ အိန္ဒိယပြည် အရှေ့မြောက်ဘက်မှ၎င်း၊ ဝင်ရောက်လာကြသည်ဟု ယုံကြသည်။ ရှေးဦးစွာ ဝင်လာသည့် လူမျိုးသည် သဲလွန်စရှာဖွေ မတွေ့ရသဖြင့် မြန်မာနိုင်ငံ အက်ဒမန်ကျွန်း၊ ဖိလစ်ပိုင်နိုင်များသို့ ပြန့်နှံ့ ရောက်ရှိသွားသည်။

ဆာဂျော့စကော့ **(Sirgeore Scoot)**က ကရင်လူမျိုးများသည် လောရှမ်းများ ဝင်ရောက်ချိန်၌ သံလွင်မြစ်၏ အရှေ့ဖက်ခြမ်းတွင် နေထိုင်ကြသည်။ ၎င်းတို့ နေရင်း ဇာတိမှာ တီဘန်ချင်းနှင့် စယင်ဒေသတို့ ဖြစ်သည်။ စယင်ကို သက္ကရာဇ်(၇၀၇)ခုနှစ်တွင် ရှမ်းများ သိမ်းပိုက်ခဲ့သည်။ စယင် သို့မဟုတ် ကရင်အခေါ်အဝေါ်မှာ ထိုစဉ် မြန်မာနိုင်ငံ အထက်ပိုင်း အနောက်ဘက် ကရင်မျိုးနွယ်စုများနှင့် မြောက်ဘက်တွင် နေထိုင်သည့် ပိုးကရင်မျိုးနွယ်စုများအား အသုံးပြုခေါ်ဝေါ်ခြင်း ဖြစ်သည်။

ဆာဂျော့စကော့ **(Sirgeore Scoot)**က ကရင်များသည် ရှမ်းများ ဝင်ရောက်နေရာယူကြသဖြင့် ဖယ်ရှားခြင်းခံရသည်မှာ ဖြစ်နိုင်သည်။ ယင်းဒေသတွင် လူမျိုးခလေ့အားဖြင့် လွန်စွာ ခြားနားသည့် ကရင်နီ (ကယား)နှင့် တောင်သူခေါ်(ပအိုဝ်း)တို့သည် ရောက်ရှိကြခြင်းက အဆိုပါ အချက်ကို ထောက်ပြနေသည်။

ထို့ကြောင့် ကရင် မျိုးနွယ်စုမှ လူမျိုးတမျိုးဖြစ်သော ပအိုဝ်းသည် ရွှေလီမြစ်ကြောင်းအတိုင်း သရေခေတ္တရာသို့၎င်း သရေခေတ္တရာမှ ပဲခူးရိုးမကို ဖြတ်ကျော်ပြီး၊ စစ်တောင်းမြစ်ဝှမ်း၊ သံလွင်မြစ်ဝှမ်း၊ သထုံဒေသသို့ ဝင်ရောက်ခဲ့ကြသကဲ့သို့ သံလွင်မြစ်ကြောင်းအတိုင်း ဝင်ရောက်လာသော ပအိုဝ်းများသည်လည်း ရှမ်းပြည်တောင်ပိုင်း တောင်ကြီးဒေသ၊ တဆင့် ကယားပြည်နယ်ကို ဖြတ်ကာ သထုံသို့ ဝင်ရောက် နေထိုင်ကြသည်ဟု ယူဆရပါသည်။ ထို့အတူ မဲခေါင်မြစ်အတိုင်း စုန်ဆင်းခဲ့ကြသော ပအိုဝ်းများသည် ယခုတိုင် ယိုးဒယား ကမ္ဘောဒီးယားနိုင်ငံများသို့ ပျံ့နှံ့စွာ နေထိုင်ကြကြောင်း သိရပါသည်။

ဆာဂျွန်ဂျာဒင်းအလိုမှာ မွန်လူမျိုးတို့ မြို့ပြ တည်ထောင်ရန်အတွက် ရှိနှင့်ပြီးသော တောင်သူလူမျိုးကို နှင်ထုတ်ရသည်ဟု ဆိုသည်။ သထုံမြို့ကား ယခုအခါ တောင်သူလူမျိုးတို့၏ အချက်အချာဒေသဖြစ်သည်။ သထုံရာဇဝင်တွင် သထုံ၌ တောင်သူ ပအူလူမျိုး မင်းများစိုးစံကြောင်း ဖွင့်ဆိုသည်။ တောင်သူ လူမျိုးတို့သည် ရှေးပုဂံနယ် (ယခု ပခုက္ကူအနီးရှိ ဆောမြို့နယ်)တွင်လည်း တည်ရှိကြသည်ဟု မော်လမြိုင်မြို့ ရှင်မဟာဗုဒ္ဓဃောသ ဟိုက်စကူးကျောင်း၊ တိုင်းရင်းသား တန်းမြင့်ကျောင်းဆရာကြီးဟောင်း ဦးဘသန်း (ဘီအေ)ရေးသား စီရင်သည့် မြန်မာ ရာဇကျမ်းတွင် ဖေါ်ပြထားသည်။

ဂျေအက်စဖာနီဗယ်၏ မှတ်တမ်းတွင် ပုဂံပြည်ကြီးသည် ရှေးအခါက ပျူနိုင်ငံတော်ကြီး ဖြစ်ခဲ့ကြောင်း ဆိုထားသည်။

ရှေးဟောင်းလူမျိုးများ၏ ယုံကြည်ယူဆချက်အတိုင်းဆိုလျှင် မြေကြီးအား ကိုယ်စားပြုသော အမှတ်သင်္ကေတဖြစ်ပြီး၊ နတ် သို့မဟုတ် ဝိဇ္ဇာသည်လည်း မိုးကောင်းကင်မှ နေအား ကိုယ်စားပြုထားသော သင်္ကေတများပင် ဖြစ်ပေသည်။

နေနှင့်လူသားသည်၎င်း၊ လူသားနှင့် ကမ္ဘာမြေကြီးသည်၎င်း ကောင်းကျိုးဆက်နွယ်မှု သဘာဝတရားအတိုင်း လည်ပတ်ဆက်စပ်လျှက်ရှိသည်။

သက်ရှိလောကနှင့် အပင်တို့ ရှင်သန်ရန်အတွက် အမိကမ္ဘာမြေနှင့် ရေအပြင် အခြားလိုအပ်သော အရာတခုမှာ၊ နေပင်ဖြစ်သည်။ နေမှ လိုအပ်သော အလင်းရောင်နှင့် စွမ်းအင်မရရှိပါက အပင်လောကနှင့် သက်ရှိလောကတို့သည် ဖြစ်ထွန်းနိုင်ဖွယ် မရှိချေ။ ထို့ကြောင့် ရှေးခေတ်လူတို့က နေအား နတ်

သို့မဟုတ် ဝိဇ္ဇာ (ဝါ)ဘုရားတဆူ အဖြစ်ကိုးကွယ်သည်ကို သတိမူသင့်သည်။

နေမင်းကို ပါဠိလို သူရိယ ရဲရင့်စေသည့် အရာဟုခေါ်သည်။ လူသည် ညမှောင်ထဲတွင် ကြောက်ရွံ့တုန်လှုပ်နေသလောက်နေ၏။ အလင်းရောင်ရလာသည်နှင့်လူသားများသည် ကြောက်စိတ်ကင်းမဲ့လာပြီး၊ ရဲစွမ်းသတ္တိကို ဖြည့်ဆည်းပေးသည့်အတွက် နေမင်းကို သူရိယရဲရင့်သည်အရာဟု မှတ်ထင်ထားကြပါသည်။

ဤသို့ ဒိဋ္ဌဓမ္မ သင်္ကေတဖြစ်သော၊ မြေကြီးကို နဂါးနေမင်းကို ဝိဇ္ဇာဟု၊ ယုံကြည်ကိုးကွယ်မှုသည်၊ ရိုးရာအဖြစ်တည်ရှိလာသည်။ ထို့ကြောင့် အမိနဂါးနှင့် အဖဝိဇ္ဇာဟူသော ယုံကြည်ကိုးကွယ်မှုသည် ပျူနှင့် ပအိုဝ်းအမျိုးသားတို့၏ စိတ်တွင်ပို၍လေးနက်ကြီးမားလေသည်။

ဤယုံကြည်မှုအရ ရှေးခေတ်ဟောင်း ပျူဒင်္ဂါးတွင်၊ နဂါးခေါင်းပုံဖြင့်ဖော်ပြခြင်း၊ လူတို့အမြတ်တနိုးထားသည့် လက်ဝတ်လက်စားတန်းဆာများတွင်လည်း၊ နဂါးပုံလက်ကောက်ဝတ်များ ပြုလုပ်အသုံးပြုလာကြခြင်းစသည့် ရှေးခေတ်ပစ္စည်းများက၊ သက်သေခံလျက်ရှိသည်။

ကျန်စစ်သားမင်းကြီးလက်ထက်၊ ခရစ်သက္ကရာဇ်(၁၀၈၄–၁၁၁၃)ခုနှစ်တွင်၊ ရေးထိုးသော မွန်ကျောက်စာ၌၊ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံသောနှစ်တွင်၊ ပိဿနိုးရသေ့သည်၊ ဂဝံပတေ့ရဟန္တာ၊ သိကြားမင်း၊ ဝိသကြုံနတ်သား၊ ကဋကမ္မနဂါးမင်းတို့နှင့်အတူ သရေခေတ္တရာမြို့ကို တည်ထောင် ဖန်ဆင်းသည်ဟုဆိုပါသည်။

ဦးဘုသန်းရေးရာဇဝင်တွင်လည်း၊ ပုဂံကို မင်းလုပ်အုပ်ချုပ်သော၊ ပျဉ်ပြားမင်းနောက်၊ သိန်းခိုမင်းကို တောင်သူကြီးလုပ်ကြံ၍ မင်းပြုသည်။ ညောင်ဦးစောရဟန်းတွင်၏။ ထိုမင်းကား နဂါးကို တန်းခိုးကြီးမြတ်စေသည်ဟု ယုံကြည်၍ နဂါးရုပ် တု၊ ထုလုပ်၍ ကိုးကွယ်သည်ဟုပါရှိသည်။

ဒေါက်တာသန်းထွန်း(သမိုင်းပါမောက္ခ) ရေးသားခဲ့သော အသစ်မြင် ဗမာ့သမိုင်းတွင် အနိရုဒ္ဓ မတိုင်မီကပေါ်သောမင်းတို့ အနက် ကျောက်စာတို့၌ ရေးသားပါရှိသည့် တဦးတည်းသောမင်းကား ထိုရဟန်းပင်ဖြစ်သည်။ ရာဇာဝင်ကျမ်းတို့၌ ထိုဗုဒ္ဓ သာသနာအဆောက်အဦးကို (၁၀)ရာစုခန့်ကပင် ဗုဒ္ဓဘာသာ ရဟန်းတော်များရှိပါလျှက် နဂါးကိုးကွယ်၍ စေတီပထိုးများ တည်ခဲ့သည့် မိစ္ဆာဒိဋ္ဌိဟု စွတ်စွဲထားခြင်းခံရသူက၊ တည်ဆောက်ခဲ့ခြင်းကို တွေ့ရသည်ဟူ၍၎င်း၊ အေဒီ (၁၁၀၁ ၁၁၀၂)ခုနှစ်၌၊ နန်းတော်သစ်ကိုဆောက်ရာတွင်၊ အလွန်စိတ်ဝင်စားဖွယ်ကောင်းသောကျောက်စာတိုများထားခဲ့သည်။ ထိုကျောက် စာအရ နန်းတော်တည်ရာ၌ ပိဿနိုးနတ်ကို ပသခြင်း နဂါးတို့ကိုရှိခိုး ရခြင်းစသော၊ ဗုဒ္ဓသာသနာနှင့်မည်သို့မျှ အကြုံးမဝင်သော၊ အလေ့အထများကိုအလေးပေးထားကြောင်း တွေ့ရသည့်အပြင် ရှင်အာရဟံ မထေရ်မြတ်ပင်လျှင်၊ ဗြဟ္မာထာ အသုံးအဆောင်ဖြစ်သော၊ ခရုသင်းကိုကိုင်၍၊ ပရိပ်ရွက်ကြောင်းကို တွေ့ရသည်ဟုလည်း၊ ရေးသားထားလေသည်။

အခြေပြုမြန်မာနိုင်ငံရေးသမိုင်း၊ ပဌမတွဲ(စာ ၂၈၉–၂၉၁)တွင် ကျန်စစ်သားမင်းကြီး၏ နန်းတော်တည် ကျောက်စာ၊ ပုဂံနတ်လှောင်ကျောင်းနှင့် အပယ်ရတနာဂူ ဘုရားများရှိ၊ ပန်းချီတို့အရ ပုဂံခေတ်ကိုးကွယ်ယုံကြည်မှု၌၊ တန္တရဗုဒ္ဓဝါဒ ရောနှောနေသည့် မဟာယာနဂိုဏ်းများ၊ ပိဿနိုးနတ်ကိုးကွယ်မှု ဂဝံပတိကိုးကွယ်မှုနှင့်၊ ရိုးရာနဂါးယုံကြည်မှုများရှိသည်ဟု သုံးသတ်တင်ပြထားပေသည်။

ထို့ကြောင့် နဂါးအားရိုးရာယုံကြည်မှုထားရာ၌ ပျူနှင့် ပအိုဝ်းတို့သည်တူညီနေကြသည်။

မစ္စတာဒူရွိုင်၏ မှတ်စုတွင် ပျူလူမျိုးများသည် အရေးကြီးတို့၏ အယူအဆဝါဒ (မဟာယန ဂိုဏ်းခွဲတန္တရဗုဒ္ဓဝါဒ)အား ယုံကြည်ကိုးကွယ်ကြဟန်တူကြောင်း အနော်ရထာမင်းလက်ထက်၊ ထေရဝါဒ ဗုဒ္ဓသာသနာ ပြုအရှင်အာရဟံ ပုဂံပြည်သို့ ကြွလာသည့်အခါ အရည်းကြီး(မဟာယန ဂိုဏ်းခွဲ တန္တရဗုဒ္ဓဝါဒီ)များမှာ တိုင်းပြည်မှ နှင်ထုတ်ခံရသည်။ ဤသို့မဟာယနဂိုဏ်းခွဲတန္တရဗုဒ္ဓဝါဒများပုဂံမှ ကွယ်ပျောက်သွားသည့်နည်းတူ ပျူလူမျိုးနှင့် ပျူစာပေများပါ တိမ်ကော ပပျောက်ခဲ့ဟန်ရှိသည်ဟု ရေးသားထားသည်။

ဒေါက်တာ စီအိုဗလက်ဒင်၏ အယူအဆအရ ပျူသည်မွန် ဗမာ အနွယ်မဟုတ်ဟူ၍ ဆိုလေသည်။

ဒေါက်တာ စီအိုဗလက်ဒင်က ရာဇကုမ္မာရ်ကျောက်စာခေါ် မြဝတီကျောက်စာတွင် ရေးထိုးထားသည့်စာသည် ပျူစာဖြစ်ကြောင်း ထုတ်ဖော်ခဲ့ပါသည်။ ယင်းမြဝတီ ပျူကျောက်စာကို မှိုင်မြမ်းပြု၍ တိမ်မြုပ်နေသော ပျူဝေါဟာရအချို့ကို စွမ်းစွမ်းတမံ ဖော်ထုတ်နိုင်ခဲ့သဖြင့် ပျူကျောက်စာ၊ ပျူရွှေပေစာ၊ ပျူအရိုးအိုး စာပေ၊ ပျူနိုင်ငံ၊ ပျူလူမျိုး၊ ပျူယဉ်ကျေးမှုနှင့် ပျူသမိုင်းကို အထိုက်အလျောက် သိရှိခွင့် ရရှိနိုင်ခဲ့ပေသည်။

ရာဇကုမ္မာရ် ကျောက်စာ အပါအဝင် ပုဂံတွင် ပျူကျောက်စာ (၅)ချပ်ရှိသည်။ တရုပ်ဘုရားဖူး ခရီးသည်များ၏ မှတ်တမ်းအရ တရုပ်ဘုရားဖူး ဆွန်ကန်က ခရစ်နှစ် (၆၂၉–၆၄၅)တွင်၎င်း၊ ဣဆင်က ခရစ်နှစ် (၆၇၁–၆၉၅)တွင်၎င်း၊ ယင်းပျူတို့နိုင်ငံမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြောင်း မှတ်တမ်းတင်ခဲ့ကြသည်။

တရုပ်မှတ်တမ်းများတွင် ပျူနိုင်ငံနှင့် ပျူလူမျိုးတို့အကြောင်းကို ရေးသားရာ၌ ပျူကို တရုပ်စာတွင် ဒါးသင်္ကေတဖြင့် ရေးသားခဲ့၍ ယွန်ချန်တွင်ရှိသော ပျူတို့ကိုမူ လူသင်္ကေတဖြင့် ခွဲခြား၍ ရေးသားခဲ့သည်။ တန်ခေတ် (၆၁၈–၉၀၇) ဆရာတို့ကမူ နောက်ပိုင်း ပျူတို့ကို ရေးသားရာ၌ မြင်းရုပ်သင်္ကေတဖြင့် ရေးသားခဲ့ပြန်သည်။ ဤသို့ အရေးအသားများ ပြောင်းလဲရေးသားထားခဲ့ခြင်းကို ကြည့်ခြင်းအားဖြင့် သင်္ကေတ ပြောင်း

လဲ ခြားနားသွားသော်ငြားလည်း အသံထွက်ကမူ ဖျောက်နှင့် ဖျောင် (**Piao**)ဟုသာ အသံထွက်ကြပေသည်။

တရုပ်အရေးအသားနှင့် အသံထွက်ကိုယူ၍ အချို့ ပုဂ္ဂိုလ်တို့က ပိုင်အိုဟုငှင်း၊ အချို့သည် ပီအောဟုငှင်း၊ခေါ်ကြ သည်။

တရုပ် အရေးအသားကြောင့်ငှင်း၊ ရှေးနှစ်ပေါင်းများ စွာ ကတည်းက မောင်နမအဖြစ် သတ်မှတ်လာကြသည်ဟု ယူ ဆသည့်အယူအဆကြောင့်ငှင်း၊ ယခုတိုင် ကရင်နီလူမျိုးများ သည် ပအိုဝ်းလူမျိုးကို ဖျအူးဟု ခေါ်နေတုန်းပင် ဖြစ်သည်။

မြန်မာရာဇဝင်ကျမ်းနှင့် သမိုင်းတို့တွင် ရရစ်နှင့် စာ လုံးပေါင်းသော "ပြူ"နှင့် ယပင်းဖြင့် စာလုံးပေါင်းသော "ပျူ" ဟူ၍ သတ်ပုံ နှစ်မျိုးရှိသော်လည်း အသံအားဖြင့်မူ တမျိုးတည်း သာ ခေါ်ဝေါ်အသုံးပြုကြသည်။

သုံးရာစု တရုပ်မှတ်တမ်းများ၌ ယခု မြန်မာနိုင်ငံ အလယ်ပိုင်းဟု ခန့်မှန်းရသော နိုင်ငံတွင် ဖျောက်ဟုငှင်း၊ ဖျအို ဟုအမည်ရှိသော လူမျိုးတစုသည် 'ပျူ'ဖြစ်ရမည်ဟု ပါမောက္ခ လုစ်ဆိုသည်။ ပျူဟူသော ဝေါဟာရကို ယပင့်နှင့်ရေးမှ ရှေး သတ်ပုံနှင့် ညီညွတ်မည်ဟုလည်း တင်ပြခဲ့သည်။

ကရင်(စောက်ဗွာ)အခေါ်မှာ 'တအော့သူ'ဖြူသား မစားသည့်သူ ဟူ၍ ဖြစ်သည်။ ကရင်နီက ပအိုဝ်းလူမျိုးကို 'ဖျအူး'သူ့ထက်ကြီးသည့်အကို ဟုခေါ်သည်။ အနောက်နိုင်ငံက ပျူတရုပ်ကမူ ပီအော၊ ဖျောက်၊ ဖျောင်၊ စာအရေးအသားက တော့ (**Piao**)ဖြစ်သည်။ ကျနော်တို့ကို ကျနော်တို့ကမူ 'ပအိုဝ်း' ဟုခေါ်သည်။

## ပျူပအိုဝ်းတို့တစ်ချိန်ကတိုင်းနှင့် ပြည်နှင့် နိုင်ငံနှင့်

ပျူအမျိုးသားများသည် မိမိကို ပအိုဝ်းဟု ခေါ်ကြ သော်လည်း တခြားဒေသနိုင်ငံရပ်ခြားမှလူမျိုးများက ပအိုဝ်း လူမျိုးများကို ခေါ်ဆိုပုံများမှာ–သမိုင်းစာမျက်နှာများအရ အေဒီ (၁၄၅)ခုနှစ်ခန့်တွင် ဂျယင်နှင့် ခန်ထိုင်အမည်ရှိသော အရာရှိ ကြီးနှစ်ဦးမှ ရေးသားသော ဝိုက်ကော်ချူအန်ခေါ် နိုင်ငံခြား တိုင်းပြည်များ အကြောင်းမှတ်တမ်းမှ ရေးသားထားချက်များ မှာ အောက်ပါအတိုင်းဖြစ်သည်။

ဤဒေသတွင် အိန္ဒိယ ယဉ်ကျေးမှုကို အခြေခံသော နိုင်ငံဖြစ်သည့် ဖူနန် (ယခု ကမ္ဘောဒီးယား)သည် အနောက်ဖက် တွင် အိန္ဒိယ သမုဒ္ဒရာကမ်းခြေအထိ အောင်နိုင်ခဲ့သည်။ မလေး ကျွန်းဆွယ်ပေါ်ရှိ မြို့ကြီးများသည်လည်း ဖူနန် (ကမ္ဘောဒီးယား) ၏ လက်အောက်ခံများ ဖြစ်လာခဲ့သည်။ သို့သော် ဖူနန် (ကမ္ဘော ဒီးယား)၏ အနောက်ဘက်လီ (၂၀၀၀)နှစ်ထောင်ကျော် အကွာ ရှိပင်လယ်ကွေ့ကြီး၏ ထိပ်တွင်ရှိသော ကျင်လင် (သုဝဏ္ဏဘူ မိနိုင်ငံ)ကိုကား မအောင်မြင်နိုင်ခဲ့ချေ၊ ကျင်လင်တွင် လူဦးရေ များပြီး၊ လူတို့သည် ဆင်များကို ဖမ်း၍ ယာဉ်အဖြစ် စီးနင်း ကြသည်။

စူအန်ချီကျမ်းနှင့် ခေတ်ပြိုင်လောက်ကျသော ယန ခေတ် စူစူအန်ခေါ် ဟွာယန်နိုင်ငံတော်အကြောင်း မှတ်တမ်းဖြစ် သည့် ဟွာယန်ကော်ချီကျမ်း၌ ရေးသားထားသည်များမှာ –

မင်းတိကေရာဇ် (အေဒီ ၅၈–၅၇)လက်ထက်နှောင်း ဟန်မင်းဆက်တွင် ယွန်ချန် အုပ်ချုပ်ရေးနယ်ကို တည်ထောင် ခဲ့သည်။ ဤနယ်မှာ လော့ယန် နေပြည်တော်နှင့် လီ (၆၉၀၀) ခြောက်ထောင့် ကိုးရာကွာဝေး၍ နင်ကျို (ယခု ယူနန်နယ်၏) အနောက်တောင် စွန်းရှဲန်တု (အိန္ဒယသား) လူမျိုးတို့ရှိသည်ဟု ရေးသားဖော်ပြထားပါသသည်။

ထို့အပြင်ဝေ့နန့်ဆက်(၂၂၀–၂၆၄)နှင့်ကျင်နန်းဆက် (၂၆၄– ၄၁၉)ကာလလောက်တွင် ပြုစုခဲ့သော နန်ချွန်ပချွန်း ကို နှင့် ရှီနန် ယီဖန်ချီကျမ်းတို့မှ ရေးသားထားသည်မှာ – ယွန် ချန်မှာ ရှေးအိုင်လောင်းနိုင်ငံဖြစ်သည်။ ယွန်ချန်၏၏ အနောက် တောင်ဘက်၊ လီသုံးထောင်အကွာတွင် ဖျောင် (**PAIO**)ပျူနိုင်ငံ ရှိသည်ဟုဆိုပါသည်။

သုဝဏ္ဏဘူမိသည် တရုပ်ရာဇဝင် တန်မင်းဆက် (၆၁၈ –၉၀၇)အေဒီ (၇)ရာစုတွင်းပိုင်ရာအိုတိုင်းပြည်အဖြစ် ထင်ရှားနဲ့ ကြောင်းရေးသားထားသည်။ ထိုစဉ်ကတရုပ်ပြည်တွင် စာပေ အရေးအသားထွန်းကားနေပြီဖြစ်သည်။

ရှေးပဝေသဏီကပင် ပအိုဝ်းတိုင်းရင်းသားတို့သည် ကိုယ့်မင်းဆက်နှင့်ကိုယ် အသီးသီးအုပ်ချုပ်ခဲ့ကြသည်ဟုဆို သည်။

ကကုသန်ဘုရားလက်ထက်တွင် သူရိနာဂမင်းအုပ်စိုး ခဲ့သည်။ မိဖုရားမှာ နာဂဝိဇ္ဇာဖြစ်၏၊ သူတို့၏ဖခင်မှာ ဝိဇ္ဇာဇော် ဂျီဖြစ်ပြီး အမိမှာနဂါးမဖြစ်သည်။ သထုံမှာ မြို့ရွာတည်ထောင် နေထိုင်ကြပြီး၊ ပအိုဝ်းလူများဖြစ်လာကြသည်။ သူရှနည္ဓဂမင်း ၏ မိခင်သည်အသက်ရှည်ပြီး အသက်(၁၇၇)နှစ်နေရသည်။ ကကုသန် ဘုရားလက်ထက်တွင် မင်းဆက်(၃၈၄)ဆက်ရှိ၏။

ကောဏဂုံဘုရား ပွင့်တော်မူသောအခါ သထုံတွင် ရွှေ ဦးလမင်းအုပ်စိုးခဲ့ပြီး အသက် (၁၅၆)နှစ်ရှည်သည်။ မိဖုရားမှာ မိလဟုခေါ်သည်။ မိဖုရားမှာလည်း အသက်(၁၅၀) နှစ်ရှည် သည်ကောဏဂုံဘုရား လက်ထက်တွင်မင်းဆက်(၃၀၉) ဆက်ရှိ သည်။

ကဿပဘုရား ပွင့်တော်မူသောအခါ သထုံတွင် မဟာ သာရမင်းအုပ်စိုးခဲ့သည်၊ အဟာသာရမင်းသည် ကဿပမြတ်စွာ ဘုရားကိုဖူးမျော်ခဲ့ရသည်။ မဟာသာရမင်းလက်ထက်မှစ၍ သု ဝဏ္ဏဘူမိသထုံပြည်ကို ပအိုဝ်းလူမျိုးမင်းများ အစဉ်အဆက်မ ပြတ်ဘဲ မင်းဆက်(၅၇၇)ဆက်အထိအုပ်စိုးခဲ့သည်၊ မဟာသာရ မင်းသည် အသက်(၁၉၉)နှစ်ရှည်သည်။ ထိုနောက်သီဟစရာဇာ မင်းဆက်(၈)ဆက်မှစ၍ သူရိယစန္ဒာမင်းဆက်အထိဖြစ်သည်၊ ကဿပမြတ်စွာဘုရားလက်ထက်တွင်(၁၈၇)ဆက်ဖြစ်သည်။

ဂေါတမဘုရားလက်ထက်တွင် သထုံပြည်၌ ပအိုဝ်းမင်းဆက် (၁၅၈)အုပ်စိုးခဲ့ပြီး ပအိုဝ်း မွန်ကပြားမင်းဆက်(၁၈) ဆက်အုပ်စိုးခဲ့သည်။ (ပအိုဝ်းဘာသာဖြင့်ရေးသားထားသော သုဝဏ္ဏပကာသဏီကျမ်းမှကောက်နှုပ်ပြန်ဆိုသည်။)

သုဝဏ္ဏဘူမိတွင် သာသနာထွန်းကားစဉ် ထင်ရှားသောပအိုဝ်းမင်းဆက်မှာ မဟာသက္ကရာဇ်(၁၄)ခုနှစ်တွင်နန်းတက်သောသူရိယမင်းဆက်ဖြစ်လေသည်၊ သူရိယမင်းဆက်သည်သုဝဏ္ဏဘူမိ သထုံပြည်တွင် ရွှေစာရံစေတီကို တည်ထားကိုးကွယ်ခဲ့၏။ လယ်တီဦးလှတင်၏ ရွှေစာရံဘုရားသမိုင်းစာအုပ်တွင် သူရိယစန္ဒာမင်းသည် ဘိုးတော်အဠနမင်းကြီးဖြို ခွင်း သက္က ရာဇ်(၂)ခု၊ တပေါင်းလပြည့် စနေနေ့တွင် ဖွါးမြင်ပြီး၊ မဟာသက္ကရာဇ်(၁၂၇)ခုတပေါင်းလဆန်း(၁၅)ရက် စနေနေ့၌ လူ့ပြည်ငြိမ်း၍ နတ်ထီးစံမြန်းတော်မူသည်ဟုဆိုလေသည်။

သူရိယစန္ဒာမင်းဆက်နောက် (၁၅၈)ဆက်မြောက် ဓမ္မမာလာမင်းသည် မွန်မင်းသမီးတဦးကို မိဖုရားမြှောက်သဖြင့် သွေးကွဲစပြုလာသည်ဟုဆို၏။ ဓမ္မမာလာမင်းနောက် အုပ်စိုးခဲ့ကြသော ပအိုဝ်းမွန် ကပြားမင်းဆက်များမှာ မောင်လှ၊ အသန္တုလှ (မောင်လှအမ၏သားတော်) အသုရာဇ၊ ဟတ္ထိရာဇ၊ သုန္ဒိရာဇ၏၊ ဥပလရာဇ၊ မိမလရာဇ၊ ဒွါဒသုရာဇ၊ အရံမညရာဇ၊ (အမိပအိုဝ်း၊ အဖမွန်) မန္ရဟာ၊ (အဖပအိုဝ်း မွန်ကပြား အမိမွန်) စသည်တို့ဖြစ်လေသည်။

အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးအောင်သိန်း၏ သာသနာအစ သထုံကစာမှတ်တမ်းစာအုပ် စာမျက်နှာ (၄၃) တွင် မြတ်စွာဘုရားသည်လည်း ချစ်သားအာနန္ဒာ ယခုဘဒ္ဒကမ္ဘာ၌ ကကုသန်ဘုရားလက်ထက်တော်ကစ၍ သုရိနာဂမင်းကြီး၏ အဘကားနေမင်းသား၊ အမိကားနဂါး၊ အဘကားဝိဇ္ဇာမိရှ် ပအိုဝ်းတောင်သူလူမျိုးဖြစ်၏ ဟုရေးသားဖော်ပြထား၏။

သုဝဏ္ဏဘူမိ သထုံဒေသသည် လူနေထူထပ်သောဒေသဖြစ်ခဲ့သည်။ ထိုအချိန်က သုဝဏ္ဏဘူမိ သထုံဒေသကို အုပ်စိုးခဲ့သော သူရိယစန္ဒာမင်းသည် ဘုန်းတန်ခိုး အာဏာကြီးခဲ့သည် သူရိယစန္ဒာမင်းကြီးသည် ဆင်ဖြူတော် (၃၃)စီးကို ပိုင်ဆိုင်ခဲ့သည်။ ပအိုဝ်းတို့သည် ဘိုးဘွားစဉ်ဆက်ကပင် သထုံ ဒေသကို တည်ထောင်နေထိုင်ခဲ့ကြသည်၊ ထို့ကြောင့် ပအိုဝ်းဘိုး ဘွားတို့သည် သထုံဒေသမှမခွါချင်ကြပေ။ ပအိုဝ်းတိုင်းရင်းတို့ သည် ယနေ့တိုင်အောင် သထုံမြို့တွင်နေထိုင်လျက်ရှိကြသည်။ (ပအိုဝ်းဘာသာဖြင့်ရေးထားသည့် သထုံမြို့ ညောင်ဝိုင်းရပ်၊ ဘုရားဒကာလူကြီး ဦးဖြူ၏ သထုံနှင့်ရန်ကုန်သမိုင်း စာအုပ် စာမျက်နှာ ၆၀–၆၁ မှကောက်နှုတ်ပြန်ဆိုသည်။)

## သုဝဏ္ဏဘူမိခေါ် သထုံပြည်ကို သမုတ်ခြင်း

အခြေပြ မြန်မာနိုင်ငံရေး သမိုင်းစာအုပ်တွင် သုဝဏ္ဏဘူမိခေါ် သထုံမြို့ကို မွန်နှင့် မြန်မာရာဇဝင်များက ဘီစီ–(၁၇)ရာစုအတွင်း၊ တည်ထောင်ခဲ့သည်ဟု သတ်မှတ်ကြသည်။ ဦးကုလား၏ မဟာရာဇဝင်က သထုံပြည်ကို စတင်တည်ထောင်ခဲ့သော သီဟရာဇာမင်းမှ (၆)ဆက်မြောက် ဥပဒေဝမင်းလက်ထက် တောင်ဘက်သို့ ပြောင်း၍ သုဓမ္မဝတီကို တည်ထောင်သည်။ ထိုသုဓမ္မသုဝတီကို သဒ္ဒံဟု ခေါ်သည်။ ထို့ကာလ ရွေ့လျော့၍ သထုံ ဖြစ်လာသည်ဟု ဆိုပါသည်။ ပအိုဝ်းများက သထုံသည် သဲနုံးများ လာရောက်ဖို့သောနေရာ သုံထွမ်ဟု ခေါ်ပြီးနောက် သထုံဖြစ်လာသည်ဟု ဆိုသည်။

သုဝဏ္ဏဘူမိနိုင်ငံ အစစ်အမှန်နှင့် စပ်လျဉ်း၍ သမိုင်းပညာရှင်တို့ ဝိဝါဒကွဲလျက်ရှိသည်။ စုမတြားကျွန်းကို သုဝဏ္ဏဒီပဟုခေါ်ကြောင်း အထောက်အထားများရှိသကဲ့သို့ ယိုးဒယားပြည်တောင်ပိုင်း ဒွါရာဝတီနိုင်ငံသည်လည်း သုဝဏ္ဏဘူမိ ဖြစ်နိုင်ကြောင်း၊ အထောက်အထားများရှိသည်။ သံလွင်မြစ်နှင့် ရောဝတီမြစ် အကြား ပင်လယ်ကမ်းခြေတဝိုက်မှ၊ သုဝဏ္ဏဘူမိ ဖြစ်ကြောင်း၊ ခေါ်မစာတမ်းများ တရုပ်ရာဇဝင်များနှင့် ဗုဒ္ဓသာသနာစာပေ အထောက်အထားတို့တွင် အတိအလင်းဖော်ပြထားသည်ကိုလည်း တွေ့ရှိရသည်။ အာရပ်တို့ကမူ ဘင်္ဂလား ဒေသအရှေ့ဘက်နှင့် မြောက်ဘက်တခုလုံးကို ခြုံ၍ ရွှေမြေဒေသဟုခေါ်ဆိုကြောင်း သိရပါသည်။

ဗိုလ်မှူးကြီး အေအာမက်မဟွန်း၏ ရွှေကျွန်းဆွယ်မှ ကရင်များစာအုပ်တွင် ကရင်မျိုးနွယ်စုမှ ပအိုဝ်းလူမျိုးများသည် လုံ့လဝီရိယရှိကြပြီး၊ ကိုယ်ခံပညာများ တတ်ကျွန်းကြကြောင်း အပြင်၊ မြင်းစီးကောင်းသူများလည်းဖြစ်ကြောင်း၊ မြင်းနှင့်အခြားတိရိစ္ဆာန်များလည်း မွေးမြူရာတွင် အထူးကျွန်းကျင်ကြောင်း ၎င်းလူမျိုးများ၏ အချက်အခြာဒေသသည် စိုင်ထုံဒေသပင် ဖြစ်ကြောင်း၊ စိုင်ထုံသည် ကြီးကျယ် ခမ်းနားသော သုဝဏ္ဏဘူမိအဖြစ် တိုးတက်ထွန်းကားလာကြောင်း ရေးသားထားပါသည်။ ခေတ်၏ ရေစီးကြောင်းအရ ထိုခေတ်၊ ထိုအချိန်၊ ထိုကာလများတွင် စစ်တောင်းမြစ်ဝှန်း၊ ရောဝတီမြစ် ဝှန်းဒေသများတွင် မွန်လူမျိုး၊ ကရင်လူမျိုး ပအိုဝ်းလူမျိုးတို့ တိုးတက်ထွန်းကားခဲ့ကြောင်းကို ကမ္ဘာ့သမိုင်းပညာရှင်များက အသိအမှတ်ပြုခဲ့ကြသည်။

ကရင်ရာဇဝင်တွင် တရံရောအခါက အယုဒ္ဓယယောနကတိုင်း ယွန်းပြည်မှ ကရဏ္ဏကတိုင်း သုဘိန္နမြို့ကို လာရောက်တိုက်ခိုက်ရာကရဏ္ဏကတိုင်း ဘုရင်တိဿ သက္ကမင်းကြီးက ခုခံတွန်းလှန်အောင်မြင်ခဲ့သည်။ နောင်ယိုးဒယားသူပုန်များ ဝင်ရောက်နှောက်ယှက်ခြင်း မပြုနိုင်ရန် ဇယမြို့ကို (ယခု ကော့က ရိတ်မြို့၏ အရှေ့တောင်ဘက် သုံးမိုင်အကွာရှိ မြို့ဟောင်း)ကို၊ ဒေါနတောင်တန်းတွင် ဇင်းမြို့ရုံအဖြစ် တည်ထောင်ပေးပြီး၊ ၎င်းဒေသတွင်နေထိုင်သော လော၊ လဝ၊ တလိုင်းကရင်နှင့် တောင်သူလူမျိုးတို့အပေါ် ဩဇာရှိသော ကရင်လူမျိုး ဗညားအိန္ဒိဆိုသူအား ထီးရုံ၊နန်းရုံ၊ မြို့စားအဖြစ် ခန့်ထားခဲ့ကြောင်း ဆိုပါ သည်။

တိသကမင်းကြီး နတ်ရွာစံသော်၊ ပိုင်ထရောင် ဒုံခေါ် ဇယျမြို့စားကြီးသည် မဟာဒေဝီ မိဖုရားနှင့် ဘိသိက်ခံယူပြီး တသီးတခြား၊ထီးနန်းစိုးစံတော်မူသည်။ တိသသက္ကမင်းကြီး ၏သား တိသဓမ္မရာဇာမင်းက ကရဏ္ဏကတိုင်း သုဘိန္နမြို့ကို သုဝဏ္ဏဘူမိတိုင်း၊ သုဓမ္မဝတီ သထုံဟု သမုတ်ပြီး မင်းပြုစိုးစံ တော်မူ သကဲ့သို့ ဇယျမြို့ရှင် စောဗညားဏ္ကန္ဒသေနရာဇာက လည်း ၎င်း၏နိုင်ငံကို ဇယျဘူမိ ရဋ္ဌနတိုင်း ဒွါရပူရမြို့ဟု သမုတ် တော်မူပြီး မင်းပြုစံမြန်းတော်မူသည်။ ဇယျဘူမိတိုင်းကို မြို့ငံ မြို့စား (၆)မြို့ အပါအဝင်၊ မြို့ (၇)မြို့ရှိခဲ့ကြောင်း ကရင်ရာဇဝင်က ဆိုသည်။

အဆိုပါ ဇယျမြို့အပြင် ဒုံရင်းခေါ် ပအာဝနမြို့လည်း ရှိခဲ့သည်။ ဂေါတမ မြတ်စွာဘုရား ပွင့်တော်မမူမီကာလက ဖွဲကပင် တောင်ခြေတပိုက်၌ လစွဲမည်သော မုဆိုးကြီးတဦးက တိသသက္ကမင်းကြီးယွန်းသူပုန်တို့ကို နှိမ်နင်းစဉ်အသားကြပ် တင်ခြောက်များဆက်သရာ၊ ဘုရင်ကြီးက အားရွှင်လန်းဝမ်း မြောက်တော်မူသဖြင့် ဆုတော်လာတ်တော်နှင့်တကွ မင်း မြောက်တန်ဆာ (၅)ပါးကိုပါ လုဒ္ဒယောစရာဇဘွဲ့ဖြင့် အနီး အပါးရှိ မွန်၊ တလိုင်း၊ လဝ၊ တောင်သူ ပအိုဝ်း ကရင်လူမျိုး တို့ နေထိုင်ကြသော ရွာများကိုပါ အပိုင်စားပေးသနားတော်မူ ကြောင်း မိန့်တော်မူသည်။ (ထိုပအာဝနမြို့သည် ယခုအခါ ဆန္ဒန်ဂူအနီး ထန်ကွေရွာအနီးတွင် တွေ့ရသော မြို့ပျက်နေရာ ပင် ဖြစ်သည်။) ထိုပအာဝနမြို့၏ မြို့ရံများမှာ ကျိုင်းမြို့၊ ထားကျိုင်းမြို့၊လှိုင်းဘွဲမြို့၊ ကဖိုင်းမြို့၊ တခွက်ပိုခေါ် သောက်ခွက် မြို့ပင်ဖြစ်သည်။

ထိုခေတ်ထိုအခါတွင် သုဝဏ္ဏဘူမိခေါ် သထုံပြည် သည် ပအူခေါ် ပအိုဝ်းလူမျိုးတို့၏ ဘုရင်မင်းဆက်များက အုပ် ချုပ်ပြီး၊ ဇယျဘူမိနှင့် ပအာဝနမြို့များတွင် ကရင်လူမျိုး ဘုရင် မင်းဆက်များက အုပ်ချုပ်စိုးစံခဲ့ကြောင်း ထိုဒေသတပိုက်တွင် မြို့နှစ်မြို့ နိုင်ငံ နှစ် နိုင်ငံ၊ တည်ရှိထွန်းကားခဲ့ကြောင်း ဦးပညာ၏ ကရင် ရာဇဝင်က ဆိုပါသည်။

ဇယျမြို့နှင့် ပအာဝနမြို့သည် သထုံလက်အောက်မှ လွတ်မြောက်လာ၍ သီးခြားမင်းပြုသော မြို့များဖြစ်သည်။

ဗုဒ္ဓသာသနာစာပေ၊ ဇာတက၊ အဋ္ဌကထာကျမ်းတို့ တွင်ကား သုဝဏ္ဏဘူမိဟူသော အမည်ကို အသုံးပြုထားသည်။

သုဝဏ္ဏဘူမိမြို့ကြီး (ဝါ) သုဝဏ္ဏဘုမ္မိ မင်းနေပြည် တော်ကြီးသည် ဘုရားမပွင့်မီ ဘုရားအလောင်းတော် ဇနက္က မင်းသားဘဝနှင့် ငါးရာငါးဆယ်ဇာတ်တော်လာ အလောင်း တော်ဘဝကပင် တည်ရှိနေပြီဖြစ်ကြောင်း ရေးသားထားသည်။

မွန်-မြန်မာရာဇဝင်မှတ်တမ်းတွင် ကရဏ္ဏကတိုင်း၊ သုဘိန္နနဂရမြို့ (ယခု သထုံ)ကို အိန္ဒိယတွင် ဘုရားမပွင့်မီ နှစ် ပေါင်း (၅၀)လောက်ကပင် တိသရာဇာမင်းကြီးက တည် ထောင်ခဲ့သည်။ သားတော်တိသဓမ္မရာဇာ လက်ထက်တွင် သု ဘိန္နမြို့ကို မွမ်းမံ ချဲ့ထွင် တည်ဆောက်ပြီး၊ သုဝမ္မဝတီမြို့ဟု၎င်း၊ ကရဏ္ဏကတိုင်းကို၎င်း၊ သုဝဏ္ဏဘူမိတိုင်းဟူ၍၎င်း၊ ပြောင်းလဲ ခေါ်ဝေါ်သမုတ်ကြကြောင်း ဖွင့်ဆိုထားသည်။

အချို့ရာဇဝင်သမိုင်းမှုကွဲတွင် သုဘိန္နနဂရမြို့ကို ရာဇ သက္ကမင်းကြီးက စတင်တည်ထောင်ကြောင်း၊ မြို့တော်အလယ် ခေါင်တွင် ရွှေထွက်သောချောင်း ယခုအခါ ရွှေချောင်းရှိသည်ကို အစွဲပြုပြီး၊ သုဝဏ္ဏဘူမိမြို့ဟု ခေါ်ဝေါ်ကြောင်းဆိုကြပြန်သည်။ (ဘုရားသမိုင်းပေါင်းချုပ်နှင့် ရာဇဝင်(ဆရာကျော်)ရေးသားခဲ့ သော ကျိုက်ထီးရိုး၊ ကျိုက္ကဆံ၊ ရှင်ပင်ကျိုက်ခေါက်၊ စေတီ တော် သမိုင်းများ၊) စာအုပ်တွင် ရေးသားထားသည်။

ရာဇဝင် သမိုင်း မူဟောင်းတခုတွင်ကား ကရဏ္ဏက တိုင်း သမိပတိဏ္ဏာမြို့တွင် သမိပတိဏ္ဏာမင်းကြီးက စတင်စိုးစံ ကြောင်းကို ဖေါ်ပြထား၏။

ဤကရဏ္ဏကတိုင်း သုဘိန္နမြို့မှ သုဝဏ္ဏဘူမိမြို့ဟု ဖြစ်ပေါ်ထင်ရှားလာခြင်း၊ မရှိသေးမီ အရှည်အကြာကာလက ပင် သုဝဏ္ဏဘူမိမြို့တော်ကြီး အထင်အရှား တည်တံ့ ထွန်းကား နေပြီဖြစ်ကြောင်း ဗုဒ္ဓသာသနာစာပေ၊ ကမ္ဘာ့ရာဇဝင် သမိုင်း မှတ်တမ်းနှင့် မြန်မာ့သမိုင်းမှတ်တမ်းတွင် ဖေါ်ပြထားခဲ့သည်။

သုဝဏ္ဏဘူမိမင်းနေပြည်တော်သည် ဂေါဠမတ္တိကဖြစ် သည်။ အိန္ဒိယတွင် ဗုဒ္ဓမြတ်စွာဘုရားမပွင့်မီ၊ အရှည်အကြာကာ လတွင် ဘုရား၏ဘိုးတော်အဉ္စနမင်းကြီးနှင့် ခေတ်ပြိုင် သက္ကရာ ဇာမင်းကြီးသည်၊ ဒိုးခလွန်(ကေလာသ) တောင်၏ အနောက် မြောက် ဒေါင့်ရှိ ဝေပုလ္လတောင်ကို အမှီပြုကာ၊ မြို့တော်ကိုတည် ထောင်ခဲ့လေသည်။

ကမ္ဘာ့သမိုင်းတွင် ထင်ရှားကျော်ကြားလှသော၊ သုဝဏ္ဏဘူမိ ဆိပ်ကမ်းမြို့တော်ကြီးဆိုသည်မှာ၊ ဂေါဠမတ္တိကမြို့ ကို ဆိုလိုခြင်းဖြစ်ပါသည်။ သမိုင်းတွင် သုဝဏ္ဏဘူမိမြို့ကြီးဟူ၍ သာ ထင်ရှားပါ၏။ နောက်ပိုင်းတွင်၊ ဂေါဠမတ္တိကမှ ကာလရွေ့ လျောကာ၊ ဂေါဠတိုက်၊ တိုက်ဂေါဠ၊ တိုက်ဂလာ စသည်တို့ဖြင့်၊ တိုက္ကလားဟူသောအမည်ဖြစ်ပေါ်ခဲ့လေသည်။

မွန်ပြည်နယ် ဘီလင်းမြို့နယ်၊ ကေလာသတောင်၏ အနောက်မြောက်ဒေါင့်ရှိ၊ တောင်လေး၊ ပိုင်တန်၊ ယက္ကန်းသည် မ၊ ဝင်းက၊ ကင်းရွာစသည့် ကျေးရွာဒေသတို့ဖြစ်ပါသည်။ ၎င်း ဒေသကို သုဝဏ္ဏဘူမိမြို့ဟောင်းဟူ၍၎င်း၊ တိုက္ကလားဟူ၍၎င်း၊ ယခုတိုင်ခေါ်ဝေါ်နေကြသေးသည်။

သထုံရာဇဝင်၊ မွန်ရာဇဝင်တို့တွင်လည်း၊ ယခု သထုံ မြို့နေရာတွင် သုဝဏ္ဏဘူမိ သုဓမ္မဝတီပြည်သည် ပဌမ ထွန်းကား ခဲ့ပြီး၊ မင်း(၈)ဆက်၊ ရာဇစောဝေခေါ် သီရိဓမ္မာသောက မင်း လက်ထက်ရောက်မှ ကေလာသတောင်အနီး၊ ဂေါဠမတ္တိကမြို့ ဟောင်းကြီးအတွင်း၊ သုဝဏ္ဏဘူမိ သုဓမ္မဝတ္တီဟူသောမြို့ကို ပြောင်းရွှေတည်ထောင်ကြောင်း၊ ဒုတိယ သုဝဏ္ဏဘုမ္မိမြို့တော် သာဖြစ်ကြောင်း၊ မင်းဆက်(၁၀)ဆက် စိုးစံပြီးမှ ပဌမသုဝဏ္ဏ ဘူမိသထုံသို့ မြို့ပြန်ရွှေ့သွားကြောင်း ဖေါ်ပြထားကြလေသည်။

## ပအိုဝ်းတို့ တိုင်းပြည်ပျက်ရခြင်း

ပအိုဝ်းလူမျိုးများသည် ရှေးအစဉ်အဆက်မှစ၍ အေးဆေးစွာနေထိုင်သူများကို နိုင်ထက်ကလူပြုမှုသည့်စိတ်ထား၊ သူများပိုင်နက်နယ်မြေကို ကျူးကျော်စော်ကားလိုသည့် စိတ်ဆန္ဒမျိုးမရှိခဲ့ပါ။ အဖဝိဇ္ဇာဇော်ဂျီကဲ့သို့ အေးဆေးစွာနေ ထိုင်တတ်ပြီး၊ အမိနဂါးကဲ့သို့ပျော်မြူးနေရလျှင် ဘာကိုမှ ထပ်မံပြီး လိုချင်တက်မက်သည့်စိတ်အလျဉ်း မရှိကြသည့် လူမျိုးဖြစ်သည်။

ပအိုဝ်းလူမျိုးများသည် ဗုဒ္ဓ၏ တရားတော်ကို အခြားလူမျိုးများထက် ဦးစွာကြားနာရပြီး၊ ဗုဒ္ဓ၏အဆုံးအမ အတိုင်း ထပ်မံနေထိုင်ကျင့်ကြံကြသည့် လူမျိုးဖြစ်သည့်အတွက် ကံကံ၏ အကျိုးကို ယုံကြည်ကာ ရောင့်ရဲတင်းတိမ်တတ်ကြပြီး၊ တခြားလူမျိုးများနှင့် ရောနှောပြီး၊ မနေတတ်ခြင်း၊ အရှိကို အရှိ၊ အမှန်ကို အမှန်အတိုင်း ပြောဆိုတတ်ကြသည်။ စိတ်ထဲရှိသည့် အတိုင်း တခြားသူတပါး၏ စိတ်ထဲတွင် ဘယ်လို ခံစားရမည်ကို စဉ်းစား ဆင်ခြင် ဝေဖန်မှုမရှိဘဲ၊ ရင်ထဲကဖြစ်သည့် အတိုင်း ခံစားရသည့်အတိုင်း ပွင့်လင်းစွာ ပြောဆိုတတ်ကြသည်။

ပအိုဝ်းလူမျိုးများသည် တခြားလူမျိုးများ ကိုယ့်ဘက်ပါအောင် စည်းရုံးသိမ်းသွင်းလိုသည့်ဆန္ဒ၊ တခြားလူမျိုးအပေါ် နိုင်ထက်ကလူ ပြုမူချင်သည့်ဆန္ဒနှင့် တခြားလူမျိုးကို ကျွန်သဘောက်အဖြစ်သို့ သွတ်သွင်းချင်သည့်ဆန္ဒမျိုး လုံးဝ ကင်းရှင်းကာ ကိုယ့်လူမျိုးနှင့်ကိုယ်၊ ကိုယ့်ဘဝနှင့်ကိုယ်၊ အေးဆေးစွာ သီးခြားနေထိုင်ကြပြီး၊တခြားလူမျိုးများနှင့် ရောနှောနေထိုင်တတ်သည့်အလေ့မရှိသည့်အတွက် ပအိုဝ်း လူမျိုးတို့၏ တစ်ချိန်က ကမ္ဘာနှင့်အဝှန်း ထင်ပေါ်ခဲ့သည့် ကိုယ့်ထီး ကိုယ့်နန်း၊ ကိုယ့်ကြှင်နန်းသည် တခြားလူမျိုးတို့၏ နိုင်ထက် ကလူပြုမှု တိုက်ခိုက် သိမ်းယူခြင်းကို ခံရကာ တိုင်းပြည်ကွယ်ပျောက်ခဲ့ရသည်။

ပအိုဝ်းလူမျိုးများသည် ရှေးအစဉ်အလာမှစပြီး၊ ယနေ့ထက်ထိတိုင် ဘာသာရေးကိုသာတန်ဘိုးထားပြီး၊ အမျိုးကို တန်ဘိုးမထားသည့်အတွက် ဘာသာရေးကြောင့်တိုင်းပြည်လည်းရှုံး၊ လူမျိုးလည်းသုဉ်းဆိုသကဲ့သို့ ဗုဒ္ဓ၏တရားတော်နှင့် ပိဋကတော်ကို လွန်စွာ တန်ဘိုးထားပြီး၊ ဘာသာတရားမတူသည့် အခြားလူမျိုးများထံသို့ ဖြန့်ဝေပွါးများ ရမည့်အစား ရောက်သွားမှာကို စိုးရိမ်သည့်အတွက်ကြောင့် ဘာသာတရားကို တန်ဘိုးထားသည့်အတွက် လူမျိုးနှင့် တိုင်းပြည် ပျက်စီးခဲ့ရပေသည်။

ဗုဒ္ဓဘုရားရှင်သည် ပအိုဝ်းတို့ဌာနေ၊ သုဝဏ္ဏဘူမိတိုင်းသို့ သူရိယစန္ဒာမင်း စိုးစံစဉ် ကောဇာသက္ကရာဇ် (၁၁၁) ခုနှစ် ပောမ္ဗဉတုအတွင်း ရဟန္တာ(၅၀၀)နှင့်တကွ ဒေသစာရီကြွရောက်သည်ဟု ဦးပညာ၏ ကရင်ရာဇဝင်တွင် ဖော်ပြထားပါသည်။ ကောဇာသက္ကရာဇ် (၁၂၀)ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၁)နေ့တွင် ဒုတိယအကြိမ်၊ ဓမ္မမာလာမင်း၏သားတော် ခွန်မောင်လှမှစ၍ မနုဟာမင်းအထိ မင်းဆက် (၁၈)တို့၏ အမည်များကို ပြဆိုထားသည်။ သုဝဏ္ဏဘူမိ သထုံပြည်၏ နောက်ဆုံးမင်းဆက်ဖြစ်သော မနုဟာမင်းလက်ထက်တွင် သုဝဏ္ဏဘူမိ သထုံပြည်ကို အနုရုဒ္ဓေါ် အနော်ရထာမင်းက သက္ကရာဇ် အေဒီ (၁၀၅၇)ခုနှစ်တွင် တိုက်ခိုက် သိမ်းပိုက်လိုက်သဖြင့် သုဝဏ္ဏဘူမိ သထုံပြည်က မင်းဆက်များ ပုဂံသို့ ပါတော် မူခဲ့ရသည်။

### ဓမ္မမာလာမှ မနူဟာမင်းအထိ မင်းဆက်များ

ဓမ္မမာလာမင်းဆက်မှ မနူဟာမင်းဆက်အထိ၊ အုပ်ချုပ်စိုးစံခဲ့သော ပအိုဝ်းဘုရင်များမှာ အောက်ပါအတိုင်း ဖြစ်ကြောင်း၊ အဆိုပါ သုဝဏ္ဏပကာသနီကျမ်းတွင် ရေးသား ဖော်ပြထားပါသည်။

(၁)ဓမ္မမာလာမင်း၏သား ခွန်မောင်လှ

(၂)ခွန်မောင်လှ၏တူ အသန္တလှ

(၃)အသန္တလှ၏သား အသာရ ရာဇာ

(၄)အသာရ ရာဇာ၏သား ဟတ္တိရာဇာ

(၅)ဟတ္တိရာဇာ၏သား သူရသေနာ

(၆)သူရသေနာ၏သား ရာဇာဇော်ကနီ

(၇)ရာဇာဇောကနီ၏သား ရာဇာဇော်ဇွေ

(၈)ရာဇာဇော်ဇွေ၏သား ရာဇပစာတ

(၉)ရာဇပစာတ၏သား ရာဇပမော

(၁၀)ရာဇပမော၏သား ရာဇဉပါ

(၁၁)ရာဇဉပါ၏သား သုတ္တဉပါ

(၁၂)သုတ္တဉပါ၏သား ဖေယျရာဇာ

(၁၃)ဖေယျရာဇာ၏ညီ သုန္ဒိရာဇာ

(၁၄)သုန္ဒိရာဇာ၏သား ဥပလရာဇာ

(၁၅)အဖေမသိ၏သား မိမလ

(၁၆)မိမလ၏သား ဒွါဒသရာဇာ၊ ၎င်းဒွါဒသရာဇာ၏ မိဖုရားသည် ပအိုဝ်းအမျိုးသမီးဖြစ်ပြီး၊ အရံမည ဖြစ်သည်။

(၁၇)ဒွါဒသရာဇာ၏သား အရံမည

(၁၈)အရံမည၏သား မနူဟာမင်း

မနူဟာမင်းသည် သက္ကရာဇ် (၃၆၅)ခုနှစ်တွင် စိုးစံခဲ့ကြောင်း ရေးသားထားပါသည်။

## အမိနဂါးနှင့် အဖဝိဇ္ဇာမှ ပျူနှင့်ပအိုဝ်း

ပျူနှင့် ပအိုဝ်းတို့၏ ရိုးရာ ယုံကြည်မှု ဒဏ္ဍာရီထဲတွင် နဂါးမင်းသမီးနှင့် ဝိဇ္ဇာလုလင်ပျိုတို့ မေတ္တာမျှခဲ့ကြရာမှ ပအိုဝ်း အမျိုးသားတို့ ပေါက်ဖွားလာကြသည်ဟု ဆိုထားလေသည်။ ဤစာအုပ်၏အစတွင်လည်း ဒဏ္ဍာရီမှ ပအိုဝ်းတို့၏ ယုံကြည်မှု တွင် ကျနော်ရေးသားတင်ပြခဲ့ပြီးဖြစ်ပါသည်။ လူအသွင်ဖန် ဆင်းပြီး၊ ရေကစားနေသည့် နဂါးမကို ဝိဇ္ဇာဖော်ဂျီက မြင်သော အခါ ချစ်ကြိုက်မေတ္တာမျှကြပြီး၊ နဂါးမမှ သန္ဓေရလာသည်။ ဝိဇ္ဇာဖော်ဂျီသည် ဆေးမြစ်အရှာထွက်ရာမှ ပြန်လာသောအခါ နဂါးမအသွင်ရှိနေသည့် မိမိ၏ ဇနီးကို တွေ့သောအခါ ကြောက် စိတ်ဝင်ပြီး တခါတည်း ထွက်ခွါသွားလေသည်။

နဂါးမသည် လင်တော်မောင် ပြန်အလာကို စောင့် မျှော်ခဲ့သော်လည်း ပြန်ချိန်ရောက်သည့်တိုင် ပြန်လည်ရောက်ရှိ မလာသည့်အတွက် သူ၏ ဥသုံးလုံးကို နေရာသုံးမျိုးပြုလုပ်ပြီး၊ နဂါးမသည် နဂါးပြည်သို့ ပြန်သွားလေတော့သည်။

နဂါးမ ဥသုံးလုံးမှ အချိန်တန် အရွယ်ရောက်လာ သောအခါ ဥအသီးသီးပေါက်သော်လည်း အလတ်ဥသည် မပေါက်သည့်အတွက် ခွါယူပြီးဖောက်ရသည်။ န္တာယူရသည်။ ခွဲပြီးန္တာယူရသည်ကို ကျနော်တို့ဘာသာအရ ပအိုဝ်းဟု ခေါ် သည်။ ၎င်းကို အစွဲပြု၍ ယခုထိတိုင် ပအိုဝ်းဟု လက်ခံလာကြ သည်။

ဤဒဏ္ဍာရီ ပုံပြင်၏ နောက်ကွယ်တွင် အမှန်တရား သည်ရှိရမည်ဖြစ်သည်။ ဗုဒ္ဓ၏ အဘိဓမ္မာတရားတွင်လည်း နဂါးမျိုးနွယ်သည် (အဏ္ဍဇ)ဥဖြင့် သဋိသန္ဓေနေခြင်းဖြစ်၍ လူ သားသည် (ဇလာဗုဇ)အမိဝမ်းတွင်း၊ သားအိမ်ဖြင့် ပဋိ သန္ဓေနေသည့် သဘာဝဖြစ်၍ ဗုဒ္ဓ၏အဘိဓမ္မာအရ နဂါးမှ လူ သားမျိုးနွယ်အား မွေးဖွားလာရခြင်းကို လက်ခံ ယုံကြည်ရန် မဖြစ်နိုင်ချေ။

## ဒွတ္တပေါင်မင်းသား

ရာဇဝင်များတွင် ဒွတ္တပေါင်(ဒွတ္တပေါင်)သည် သရေ ခေတ္တရာမှ တန်ခိုးကြီးသော ပျူမင်းတပါးဖြစ်သည်။ ပျူ ကမ္ဗည်းကျောက်စာများကို လေ့လာသုံးသပ်ချက်အရ ဒွတ္တ ပေါင်သည် မင်းတပါး၏ အမည်မဟုတ်ဘဲ၊ မင်းအသီးသီး၏ အမည်ရှေ့မှ ရေးထိုးခေါ်ဝေါ်သော ဘွဲ့အမည်ပင်ဖြစ်သည်။ ပျူကမ္ဗည်းကျောက်စာမူရင်းတွင် တွးဖံး ဟူသော အသုံးကို သူရိယ ဝိကြမ၊ သီဟဝိကြမ၊ အစရှိသော အမည်တို့၏ ရှေ့၌ ထား၍ သုံးသည်ကို တွေ့ရပေမည်။ ဒွတ္တပေါင်ဟူသောစကား သည် ပျူဘာသာစကား တွးဖံးမှ လာခြင်းဖြစ်၍ မြင့်မြတ်သော ပုဂ္ဂိုလ် သို့မဟုတ် မြင့်မြတ်သောမင်းဟု ခေါ်သည်။

၎င်း ပျူ စာတွင် တွးဖံး နှင့် ပအိုဝ်းစကားမှာ တန်ဒါး ဖွေးဖြစ်သည်။ အဓိပ္ပါယ်မှာ ကြီးမြတ်၍ တတ်သိနားလည်သော အရှင်သခင်၊ သို့မဟုတ် မင်းဟူ၍ အဓိပ္ပါယ်ရသည်။

တွံးဖံး နှင့် ပအိုဝ်းတို့ တန်ဒါးဖွေးသည် ခွဲလို့မရသည့် ပျူ လူမျိုးတို့နှင့် ဆက်သွယ်မှု တရပ်ပင်ဖြစ်သည်။

## တရုပ်မှတ်တမ်း၌

အေဒီ (၂၄၅)ခုနှစ်ခန့်တွင် ဂျယင်နှင့် ခန်ထိုင်အမည်ရှိ သော အရာရှိကြီးနှစ်ဦးမှ ရေးသားထားသော ဝိုက်ကော် ချူအန်ခေါ် နိုင်ငံခြားတိုင်းပြည်များအကြောင်း မှတ်တမ်းမှ ရေး သားထားချက်တို့မှာ အောက်ပါအတိုင်းဖြစ်သည်။

ဤဒေသတွင် အိန္ဒိယ ယဉ်ကျေးမှုကို အခြေခံသော နိုင်ငံဖြစ်သည့် ဖူနန် (ယခု ကမ္ဘောဒီးယား)သည် အနောက်ဘက် တွင် အိန္ဒိယ သမုဒ္ဒရာကမ်းခြေထိ အောင်နိုင်ခဲ့သည်။ မလေး ကျွန်းဆွယ်ပေါ်ရှိ မြို့ကြီးများသည်လည်း ဖူနန် (ကမ္ဘောဒီးယား) ၏ လက်အောက်ခံ ဖြစ်လာသည်။ သို့သော် ဖူနန် (ကမ္ဘောဒီး ယား)၏ အနောက်ဘက်လီ (၂၀၀၀)နှစ်ထောင်ကျော်အကွာရှိ ပင်လယ်ကွေ့ကြီး၏ ထိပ်တွင်ရှိသော ကျင်လင် (သုဝဏ္ဏဘူမိ နိုင်ငံ)ကိုကား မအောင်မြင်နိုင်ခဲ့ချေ။ ကျင်လင်တွင် လူဦးရေများ ပြီး၊ လူတို့သည် ဆင်ကိုဖမ်း၍ ယာဉ်အဖြစ်စီးနင်းကြသည်။

ကျင်လင် (သုဝဏ္ဏဘူမိ)နိုင်ငံမှ အတွင်းပိုင်းသို့ ကုန်း လမ်းခရီးဖြင့် လီနှစ်ထောင်ကျော်သွားသော် လင်အန် (ဗိဿနိုး) နိုင်ငံသို့ရောက်လေသည်။ လင်အန်နိုင်ငံသည် မြေပြန့်တွင် တည်ရှိပြီး၊ အိမ်ထောင်စုပေါင်း တစ်သိန်းကျော်ရှိသည်။ တိုင်းသူပြည်သားများမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်နှင့် အတူ ရဟန်းသံဃာတော်များလည်း ထောင်ပေါင်းများစွာ သီတင်းသုံးနေထိုင်ကြသည်။ ကျင်လင် (သုဝဏ္ဏဘူမိ)မှ ထိုမြို့သို့ သွားရန်မှာ ရေလမ်းခရီးမရှိသေးပေ။ မြင်းရထားနှင့်သာ သွား လာနိုင်ပေသည်။

ခူအန်ချီကျမ်းနှင့် ခေတ်ပြိုင်လောက်ကျသော ယန ခေတ် စုစုအန်ခေါ် ဟွာယန်နိုင်ငံတော်အကြောင်း မှတ်တမ်းဖြစ် သည့် ဟွာယမ်းကော်ချီ ကျမ်း၌ ရေးသားထားသည်များမှာ–

မင်းတိဂေရာဇ် (အေဒီ ၅၈–၇၇)လက်ထက်နှောင်း ဟန်မင်းဆက်တွင် ယွန်ချန် အုပ်ချုပ်ရေးနယ်ကို တည်ထောင် ခဲ့သည်။ ဤနယ်မှာ လော့ယန်နေပြည်တော်နှင့် လီ (၆၉၀၀) ခြောက်ထောင်ကိုးရာ ကွာဝေး၍ နင်ကျိ (ယခု ယူနန်နယ်)၏ အနောက်တောင်စွန်းတွင် တည်ရှိသည်။ ထိုဒေသတွင် မင်ဖူးကို av mifzsuif (Piao- Yuch)လောပူ (အဝတ်မဲ့သူ)ရှဲန်တု (အိန္ဒိယသား)လူမျိုးတို့ ရှိသည်ဟု ရေးသားဖော်ပြထားသည်။

ထို့အပြင် ဝေ့နန်းဆက် (၂၂၀–၂၆၄)နှင့် ကျင်နန်း ဆက်(၂၆၄–၄၁၉)ကာလ လောက်တွင်ပြုစုခဲ့သော နန်ချွန် ပ ချွန်းကျီနှင့် ရှိနန်ယီဖန်ကျီကျမ်းတို့မှ ရေးသားထားသည်မှာ ယွန်ချန်မှာ ရှေးအိုင်လောင်နိုင်ငံဖြစ်သည်။ ယွန်ချိန်၏ အ

နောက်တောင်ဘက် လီသုံးထောင်အကွာတွင် ဖျောင် (**Piao**) ပျူနိုင်ငံရှိသည်ဟု ဆို၏။ ဤနိုင်ငံတွင် မင်းသားနှင့် အမတ် အဖနှင့်သား အကြီးနှင့် အငယ်ဟူ၍ အသီးသီးနေရာထားကြသည်။

## သုဝဏ္ဏဘူမိ "ဘုမ္မိ" ရှိ၊ ပါဠိမည်သို့နည်း

ခွန်လာဖွေ(သုဝဏ္ဏခမ်း)

ပအိုဝ်းလူမျိုးတို့ အခြေတကျ နေထိုင်ခဲ့ကြသော ဇာတိဒေသမှာ "သုဝဏ္ဏဘူမိသထုံ"ဟူ၍ ယနေ့တိုင် ပအိုဝ်း လူမျိုး အားလုံးက သညီတညွတ်တည်း လက်ခံအတည်ပြုခဲ့ကြပေသည်။ "သုဝဏ္ဏဘူမိ"ဟူသော စကားလုံးသည်လည်း ပအိုဝ်းတို့၏ နတ်ဖျားတွင်လည်း ခန့်ညား လှပစွာဖြင့် ကျက်စား တည်ရှိလျက် နေပေသည်။ သို့ရာတွင် "သုဝဏ္ဏဘူမိ"ဟူသော စကားလုံးသည် ပါဠိစကားလုံးဖြစ်နေ၍ ပါဠိစာပေတတ်သိနားလည်သူများမှအပ တိကျသော စကားလုံးအဖြစ် သုံးနှုန်းပြောဆိုခြင်း မပြုနိုင်ခဲ့ကြချေ။အချို့က "သုဝဏ္ဏဘူမ္မိ"ဟု ရေးသားပြောဆိုခဲ့ကြပေသည်။

သုဝဏ္ဏဘူမိဟူသောစကား၌ သုဝဏ္ဏ တစ်ပုဒ်၊ ဘူမိတစ်ပုဒ်ဖြစ်၏။ ဤတွင် သုဝဏ္ဏပုဒ်အတွက် ပြဿနာ မရှိသော်လည်း ဘုမ္မိ ဟူ၍ အသုံးနှစ်မျိုးကို ရေးသား ပြောဆိုနေကြသည်ဖြစ်ရာ မည်သို့ သုံးနှုန်းပါမှ အမှန်ဖြစ်မည်ဆိုသည်ကို အနည်းငယ် စိစစ်တင် ပြလိုပေသည်။

စိစစ် "ဘူမိ"ဟူသည် ပါဠိဝေါဟာရ စစ်စစ်ပင်ဖြစ်ရာ ပါဠိသဒ္ဒါနည်းဖြင့်သာ စိစစ်နိုင်မည်ဖြစ်ပေသည်။ပါဠိသဒ္ဒါနည်း အရ ဘူ-ဓါတ်၊ မိ-ပစ္စည်းဖြင့် 'ဘူမိ'ဟုသာ ပုဒ်ပြီးနိုင်သည်။ 'ဘုမ္မိ'ဟု ပုဒ်ပြီးနိုင်ကြောင်း မည်သည့်သဒ္ဒါကျမ်းကမျှ ပြဆိုထားခြင်း မရှိချေ။

ထို့ကြောင့် ပါဠိ စာပေတို့၌ ယင်းဘူမိပုဒ်နှင့်စပ်၍ (က) "ဘူမိတိ ပထဝီ" ဝယ် ဘူမိ သဒ္ဒါသည် မြေကိုညွှန်ပြ၏။ (အဘိ-ဌ-၂၊ ၆၀။)

(ခ) 'ပဥ္စမာ ဝေဠုရိယာ ဘူမိ' ဝယ် ဘူမိပုဒ်သည် ဘုံဗိမာန်ကို ညွှန်ပြ၏။ (အပ-၁၊ ဌ-၁၁၇)

'ဘုမ္မိ'ပုဒ်ကိုကား ပါဠိစာပေတို့၌ သုံးစွဲရိုးမရှိပေ။ လောကီ ဗေဒင်ကျမ်းတို့၌သာ 'ဘုမ္မိ'အရပ်ဟူ၍ သုံးနှုန်းကြ၏။ ပါဠိစာပေတို့၌ 'ဘုမ္မိ'ဟူသော အသုံးမရှိသော်လည်း 'ဘုမ္မ'ဟူသော သုံးနှုန်းမှုကား ရှိသည်။

ဓမ္မစက္က ပဝတ္တနသုတ် ဘုမ္မာ ဒေဝါ သဒ္ဒမနုဿ ဝေသုံ (ဘုမ္မစိုးနတ်များကောင်းချီးပေးပုံ)၌ 'ဘုမ္မာဒေဝါ 'ကို 'မြေ၌တည်သောနတ်၊ ဘုမ္မစိုးနတ်'ဟု အနက်ပြန်ဆိုကြ၏။

ယင်းဘုမ္မာနှင့် အလားတူသော 'ဘုမ္မဋ္ဌဒေဝတာ'ဟူသောပုဒ်ကိုလည်း ပါဠိစာပေတို့၌ သုံးနှုန်းမှု ရှိကြသေး၏။ (ဘုမ္မ-ဌာ-အ)။ ဘုမ္မာတိ ဘုမ္မဋ္ဌာ၊ (ဗုဒ္ဓဝံသ၊ ဌ ၄၃) ဘုမ္မဋ္ဌာ -မြေ၌တည်သော၊ ဒေဝတာ-နတ်၊ ဘုမ္မဋ္ဌဒေဝတာ -မြေ၌တည်သောနတ်၊ ဝါ ဘုမ္မစိုးနတ် ဟု အဓိပ္ပါယ်ရသည်။

သို့ရာတွင် ထိုဘုမ္မဋ္ဌ ဟူသောပုဒ်သည် သဒ္ဒါစည်းကမ်းမကျ၍ မသင့်လျော်၊ 'ဘူမဋ္ဌ'ရှိမှ သင့်သည် ဟု သဒ္ဒါကျမ်းတတ်ဆရာမြတ်တို့ မိန့်ဆိုတော်မူကြ၏။(နိရုတ္တိ-နှာ၊၅၃၆၊ တိပိဋက အဘိဓါန်-ဘုမ္မဋ္ဌ၊ နှာ-၇၄၉)

သို့ဖြစ်၍ ပါဠိစာပေတို့၌ သုံးနှုန်းရိုး မရှိသော၊ဘုမ္မိ ဟူသောပုဒ်သည် သဒ္ဒါအနေမကျ၊ အနက်မရသောပုဒ်သာ ဟု သိရှိအပ်ပေသည်။ ထို့ကြောင့်ပင်လျှင် သင်္ဂါယနာတင် သမိုင်းဝင်ဖြစ်ကြသည့် ပါဠိစာပေ၊ ကျမ်းစာများ၌ "သုဝဏ္ဏဘူမိ" ဟူ၍သာ သုံးနှုန်း ရေးသားတော်မူခဲ့ကြပေသည်။

(က)သော ဥပမှ အာရဟာပေတွာ ဘဏ္ဍိတံ ကတွာ သုဝဏ္ဏဘူမိ ဂမိကေဟိ ဝါဏိဇေဟိ သိဒ္ဓိ။(ဇာတက-ဌ-၆၊ နှာ-၅၁) သုဝဏ္ဏဘူမိ ဂန္တွာန၊ သောဏုတ္တရာ မဟိဒ္ဓိကာ(ဝိ-ဌ၊နှာ-၅၁)

### ပါဠိအဘိဓါန်ကျမ်းအဖွင့်၏ ပြဆိုချက်

ဘူမိ ပုဒ်ကို အဘိဓါနပ္ပ ဒီပိကာသူစိကျမ်း ဆရာက "ဘာဝတိ အဿံ ဘူတာနိတိ ဘူမိ။ ဘူ-သတ္တာယံ၊ မိ ဟူ၍ ဖွင့်ပြထား၏။ ဘူဓါတ်နှင့် အာဓါရအနက်ဟော မိပစ္စည်းတို့ဖြင့် ပုဒ်ပြီးထားကြောင်း ပြဆို၏။

ထို့ပြင် 'ဘူမိ' ဘူသဒ္ဒါက ပထဝီ မြေကြီး ဟူသော အနက်ကို ဟောနိုင်ကြောင်း အောက်ပါအတိုင်း ကျမ်းဆရာက ပြဆိုပါသေးသည်။

(က)ဘုယာ ပထဝိယာနာထော သာမိ ဘူနာထော၊

(ခ)ဘုယာ ပထဝိယာ ပတိ သာမိ ဘူပတိ။ ဘုံ ဘူမိ ပါတိ ပါလေတီတိ ဝါ ဘူပတိ။ ပါ ရက္ခဏေ။ တိ။ ရဿ စသည်။

### 'ဘူမိ'သာ အမှန် သုံးနှုန်းရန်

ဘူမိနှင့် ဘုမ္မိ အသုံးနှစ်မျိုးအနက် ဘူမိသာလျှင် ရေးထုံး အမှန် ရှိကြောင်း သိရှိမှတ်သားအပ်ပေသည်။ သို့ဖြစ်၍ 'ဘုမ္မိ'ဟု ရေးသား ပြောဆို သုံးနှုန်းမှု မပြုဘဲ'ဘူမိ'သာ ရေးသား ပြောဆို သုံးနှုန်းသင့်ပါကြောင်း ရေးသား တင်ပြအပ်ပေသည်။

ခွန်လာဖွေ (၆-၁၂-၉၇)

# ပအိုဝ်းခေတ်ဟောင်းပြန်ပြောင်းကြည့်မြင်

ခွန်တန်ပအိုဝ်း

ရှေးခေတ်ဟောင်း ပအိုဝ်းလူမျိုးတို့၏ သမိုင်းကြောင်းကိုအလွန်ဝေးလွန်းလှသော ဟိုအတိတ်ကာလဆီသို့ သည်ကျွန်ုပ်တို့နှင့် ပို၍ပို၍ နီးကပ်လာခဲ့သော အချိန်ကာလများသို့တိုင် အထူးသဖြင့်သုဝဏ္ဏဘူမိသထုံ၏ အခန်းကဏ္ဍနိဂုံးချုပ်လိုက်ရသည့် အချိန်ကာလသို့တိုင် ခုနှစ် သက္ကရာဇ် အစဉ်တကျ ရေးသားတင်ပြလို၍ ဤဆောင်းပါးကို ရေးသားရ ခြင်းဖြစ်ပေသည်။

ဤသို့စီစဉ်တင်ပြရခြင်းဖြင့် မိမိတို့သမိုင်းစဉ်ကို စာဖတ်သူများအလွယ်တကူ မှတ်သားနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ မှတ်မိသားမိ သိရှိပါမှလည်း မိမိတို့၏ မျိုးဆက်သစ်များအပေါ် ဇာတိသွေး ဇာတိမာန် နိုးတက်ကြွ စေနိုင်သော ပြောဆိုဆုံးမမှုများ ပြုနိုင်မည်ဖြစ်ပေသည်။

ပအိုဝ်းတို့သည် ရိုးသမှုနှင့် ရောင့်ရဲတင်းတိမ်နိုင်သော အလေ့အကျင့်ရှိ၏။ သူတပါးအပေါ် စိုးမိုးချယ်လှယ်လိုသောစိတ်၊ လိမ်လည်လှည့်ဖျားလိုသောစိတ် လုံးဝမရှိ၊ လောကရေးခေါ် လူမှုရေးထက် ဘာသာရေးခေါ် ဓမ္မရေး၊ အသိစိတ်ဓါတ်များက စိုးမိုးထား၏။ သို့ဖြစ်၍ အမျိုးသားရေးနှင့် ပတ် သက်သော လူမှုရေးများတွင် အားနည်းချို့တဲ့သည့်အချက်များ ရှိခဲ့ရပေသည်။ မှတ်တမ်းမှတ်ရာထားရှိမှုကို အပိုအလုပ်ဟု ပအိုဝ်းတို့က ယူဆခဲ့ကြ၏။ ထို့ကြောင့်ပင် ကိုယ့်ထီးကိုယ့်နန်းကိုယ်ကြငှန်းနှင့် ခမ်းနားထည်ဝါစွာ နေထိုင်လာခဲ့သောဘဝသည် လူမျိုးပါ ပျောက်ဆုံးရတော့မည့် အခြေသို့တိုင် ဆိုက်ရောက်ခဲ့ရခြင်းဖြစ်သည်။

ကံအားလျော်စွာပင် အမြော်အမြင်ကြီးမားသော အာဇာနည်ခေါင်းဆောင်များ ပေါ်ပေါက်လာခဲ့သဖြင့် ပအိုဝ်းတို့ ပြန်လည် ဦးမော့လာနိုင်ခဲ့ကြသည်။ ထိုအာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးဂုဏ်ကို ပြန်လည်တုံ့ဆပ်သည့် အနေဖြင့် ဤဆောင်းပါးကို ရေးသားတင်ပြလိုက်ရပေသည်။

## သူရိယစန္ဒာနောက်ပိုင်းမင်းဆက်များ

ဘာသာရေး ယုံကြည်မှုဟူသည် အရာရာကို စွန့်လွှတ် ပစ်ပယ်စေနိုင်သော အင်အားနှင့် ပြည့်စုံသည်ဖြစ်ရာ ဗုဒ္ဓဘာသာကိုရာနှုန်းပြည့်ပတ်သက်ဆက်နွယ်သောအကြောင်းအရာများကိုသာ အလေးထားရေးသား မှတ်တမ်း တင်လေ့ရှိကြဟန်တူ၏။ သထုံမင်းဆက်များကို မှတ်တမ်းပြုရာ၌ ဗုဒ္ဓသာသနာတော် ထူးထူးခြားခြား ပြုစုဆောင်ရွက်နိုင်သောမင်း အချို့၏ အမည်နာမများကိုသာ ရှားပါးစွာ တွေ့ရှိရလေသည်။

## ဒေဝိန်သောမမင်းနှင့်တုပမင်း

သူရိယစန္ဒမင်းကြီး နတ်ရွာစံသွားသောအခါ သားတော် ဒေဝိန်သောမမင်း သုဝဏ္ဏဘူမိ ထီးနန်းကို ဆက်လက်စိုးစံခဲ့ကြောင်း ရွှေစာရံ စေတီတော်သမိုင်းက ဆိုထားသည်။ ထိုမင်းနောက်ပိုင်း မင်းဆက်များ၏ အမည်နာမကိုကား ထည့်သွင်းမှတ်တမ်းပြုထားခြင်း မရှိတော့ချေ။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက်ပိုင်း နှစ်ပေါင်း ၁၆၀(ဘီစီ ၄၄၁)၌သာ သုဝဏ္ဏဘူမိ သထုံပြည်ကြီးကို ပအူ တောင်သူလူမျိုးတုပမင်းကြီး ထီးနန်းစံကြောင်း၊ မှတ်တမ်း ပြုထားသည်ကို တွေ့ရှိခဲ့ပြန်သည်။ မှတ်တမ်းတင်ခဲ့ရခြင်းမှာ လည်း ယိုးဒယားပြည်ကို အစိုးရသော ယိုးဒယားမင်းက အခြံအရံများစွာဖြင့် သုဝဏ္ဏဘူမိ သထုံရွှေစာရံစေတီတော်ကြီးကို လာရောက်ဖူးမြင်သော ထူးခြားမှု ရှိ၍သာ မှတ်တမ်းတင်ခဲ့ရန် တူပေသည်။ လှေခေတ်၊ လှည်းခေတ်တွင် တနိုင်ငံမှ တနိုင်ငံသို့သွားလာရောက်ရှိရန် မလွယ်ကူသော်လည်း ရွှေစာရံစေတီတော်အပေါ် ကြည်ညိုမှု သဒ္ဓါတရားကြီးမား ပြင်းပြလှ၍ ဘုရားဖူးရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

## တတိယ သင်္ဂါယနာနှင့် သုဝဏ္ဏဘူမိသထုံ

သူရိယစန္ဒာမင်းမှ ခြောက်ဆယ်မြောက်မင်းဖြစ်သော ဥပဒေဝမင်းလက်ထက်တွင် တောင်ဘက်သို့ ရွှေပြောင်းပြီး၊ သုဓမ္မဝတီမြို့သစ်ကို တည်ထောင်သည်။ ယခုလက်ရှိ သထုံမြို့သစ်နေရာပင်ဖြစ်သည်။ ထိုမင်းမတိုင်မီ မြို့ဟောင်းနေရာကား ယခု သမီးတော်ကုန်းနေရာဖြစ်သည်။ သူရိယစန္ဒာမင်း၏ မင်းဆက်ဖြစ်သော ဓမ္မပါလမင်းမတိုင်မီ အချိန်တွင် သထုံမြို့ (ယခုလက်ရှိမြို့ရာ)ပျက်ပြန်၍ ယခု ဓမ္မပါလမင်း နန်းတက်သောအခါ မြောက်ဘက် ကေလာသတောင်ခြေရင်းသို့ ပြောင်းရွှေမြို့သစ် တည်ပြန်သည်။ ဘီစီ (၂)ရာစုတွင် ဖြစ်၏။

ဓမ္မပါလမင်းကို သာသနာလင်္ကာရစာတမ်း စသော သာသနာရာဇဝင်ကျမ်းစာများ၌ သီရိမာသောက ဟူ၍၎င်း ရာဇဓောဝေဟူ၍၎င်း အမည်ကွဲများရှိသည်။ ထိုမင်းနှင့် ခေတ်ပြိုင် ပါဋလိပုတ်ပြည်ရှင် ဘုရင်အသောကမင်းလက်ထက် ဘီစီ (၃၀၈)တွင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်ကို အမှူးထား၍ ရဟန္တာပေါင်းတစ်ထောင်တို့သည်အသောကာရုံကျောင်းတော်ကြီး၌ ကိုးလတိုင်တိုင် တတိယသံဂါယနာတင်တော်မူခဲ့ကြလေသည်။

အရှင်မဟာ မောဂ္ဂလိပုတ္တတိဿထေရ်၏ ဓမ္မစက်

အသောကမင်းတရားကြီး၏ အာဏာစက်တို့ဖြင့် တတိယသံဂါယနာတင်ပွဲပြီးဆုံးသောအခါ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်တော်မူခဲ့လေသည်။ ထိုသာသနာပြုစီမံကိန်းအရ အရှင်သောဏ၊ အရှင်ဥတ္တရအမှူးပြုသော သာသနာပြုမထေရ်မြတ်များ သုဝဏ္ဏဘူမိတိုင်းသို့ ကြွရောက် သာသနာပြုတော်မူကြရလေသည်။

ထိုအချိန်သုဝဏ္ဏဘူမိ သထုံပြည်တွင် မင်းမျိုးမင်းနွယ်မှ မွေးဖွားလာသည့် ခလေးငယ်များကို အနောက်ဘက်ပင်လယ်ရပ်မှ တက်လာသည့် ဘီလူးမတဦးက အမြဲတမ်း သတ်ဖြတ်စားလေ့ရှိသည်ဆို၏။ ဘီလူးများနေထိုင်ရာ ထိုအရပ်ကို ယခုတိုင် ဘီလူးကျွန်းဟု ခေါ်တွင်ဆဲဖြစ်သည်။ ဘီလူးကျွန်းသည် ယနေ့ မြန်မာနိုင်ငံတော်၏ စံတော်ချိန်ဌာနဖြစ်သည်။

လူတို့သည်သာသနာပြုရန်ရောက်ရှိလာသည့် မထေရ်မြတ်များကို အစပထမတွင် ရန်သူဘီလူးများ၏ အသင်းအပင်းလောဟု အထင်မှားကြ၏။ မထေရ်မြတ်များက သီလနှင့် သည့် သူတော်ကောင်းကြီးများဖြစ်ကြောင်း ရှင်းလင်း ဟောပြတော်မူကြရသည်။

မင်းမျိုးမင်းနွယ်၌ သူငယ်တဦး တဖန်ဖွားမြင်လာပြန်သောအခါ ဘီလူးမသည် သတ်ဖြတ်ရန်အတွက် အခြွေအရံများနှင့် ရောက်ရှိလာပြန်၏။ အရှင်ဘုရားဘီလူးများ ရောက်လာကြပြန်ပြီဟု လျောက်ထားသဖြင့် မထေရ်မြတ်တို့လည်း ဘီလူးမတို့ထက် နှစ်ဆကြီးသော ခြင်္သေ့ကိုယ်နှင့် ရက္ခုသ် ဦးခေါင်းတလုံးပါရှိသည့် မနုသီဟကို ဖန်ဆင်းပြီး ဘီလူးမများကို နှိမ်နင်းရလေသည်။ ထိုနောက် ဗြဟ္မဇာလသုတ် တရားတော်ကို ဟောကြား၍ လူပေါင်းခြောက်သောင်း အကျွတ်တရားရကြလေသည်။ အမျိုးသား တထောင်ကျော် သာသနာ့ဘောင်ဝင်၍ ရဟန်းပြုပြီး အမျိုးသမီး တစ်ထောင့် ငါးရာ ရဟန်းပြုကြသည်။

သာသနာ့ဘောင်သို့ဝင်၍ ရဟန်းပြုကြသည့် အမျိုးသားများတွင် ဓမ္မပါလမင်းကြီးသားတော်တစ်ပါး ပါဝင်၏။ ဘွဲ့အမည်တော်မှာ ရှင်ဓမ္မဃောသဖြစ်၏။ ထိုအရှင်သည် ပညာထက်မြက်ထူးချွန်၍ သံဃာ့ထေရ်ကြီးများက မဇ္ဈိမဒေသ အိန္ဒိယပြည်သို့ ပိဋကစာပေများကို လေ့လာရန် စေလွှတ်တော်မူရာ အရှင်ဓမ္မဃောသသည် ပါဠိနှင့် သက္ကဋ ဘာသာနှစ်ရပ်ကို ကောင်းမွန်ကျွမ်းကျင်စွာ တတ်မြောက်လေသည်။ သို့ဖြစ်၍ ဓမ္မဃောသသည် ပါဠိဘာသာမှ ပအိုဝ်း ပျူဘာသာသို့ ရေးဦးစွာ ပိဋကစာပေကို ပြန်ဆိုနိုင်ခဲ့လေသည်။ သူ၏ အရေးအသား အက္ခရာသည် ရှေးဦးစွာသော ပျူစာပင်ဖြစ်သည်ဟု ယူဆဖွယ်ရှိသည်။ ထိုခေတ်မတိုင်မီ သုဝဏ္ဏဘူမိတိုင်းသားတို့တွင် စာပေ အရေးအသားရှိ၊ မရှိဆိုလျှင်လည်း မည်သို့သော အက္ခရာစာပေအရေးအသားမျိုးဖြစ်မည်ကို ကျွန်ုပ်တို့ ခန့်မှန်း၍ မရနိုင်သေးချေ။ ဆက်လက်၍ သုတေသနပြုကြရပေဦးမည် ဖြစ်သည်။

## ဒုဋ္ဌဂါမဏိနှင့် သုဝဏ္ဏဘူမိ

တတိယ သံဂါယနာတင်ပွဲအပြီး ကိုးတိုင်းကိုးဌာန သာသနာနှင့်ဆက်နွယ်သော သုဝဏ္ဏဘူမိအကြောင်းကို အရှင်သောဏ အရှင်ဥတ္တရတို့ ကြွရောက် သာသနာပြုခန်းတစ်ခုတည်းသာ မှတ်တမ်းရှိပြီး ထိုမှ နောက်ပိုင်း အကြောင်းအရာများကိုကား မှတ်တမ်းတင်ထားခဲ့ကြောင်း မရှိတော့ချေ။ နှစ်ပေါင်း (၁၅၀)ခန့်ကြာသောအခါမှ ဒုဋ္ဌဂါမဏိမင်းကြီးနှင့် ဆက်နွယ်၍ မှန်းဆ သိနိုင်သောမှတ်တမ်းတစ်ရပ်ကို မဟာဝံသ ဝံသဒီပနီတို့၌ တွေ့ရှိရပါသည်။

သီဟိုဠ်ပြည်ရှင် ဒုဋ္ဌဂါမဏိမင်းကြီးသည် ဘီစီ (၁၇၀) ခန့်တွင် ဧဠာရကျေးမင်းကို အောင်မြင်၍ နန်းတက်တော် မူ၏။ ထိုနှစ် ဘီစီ (၁၆၄)ခန့်တွင် မဟာစေတီကို တည်ထား ကိုးကွယ်ရာ အစီအစဉ် ပြုလုပ်ခဲ့သည်။ အရိယာသံဃာတော်များ သီတင်းသုံးရန် ကျောင်းတော်များ၊ မဏ္ဍပ်ကန္နားများကို မြို့ပတ်လည်တွင် အဆန်းတကြယ် တန်းဆာဆင် ဆောက်လုပ် စေတော်မူပြီး၊ ထိုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် မဟာစေတီတော်ကို အုတ်မြစ်စီ မင်္ဂလာအခန်းအနားဖြင့် စီစဉ်ကျင်းပတော်မူ၏။ တိုင်းသူပြည်သားများလည်း ဥပုသ်သီတင်း ဆောက်တည်၍ ပန်းနံ့သာများဖြင့် စုဝေးရောက် ရှိကြကုန်၏။ သာသနာတော်ထွန်းလင်းရာ အခြားဒေသများ သို့လည်း အကြောင်းပင့် ဖိတ်ထားခဲ့ဟန်တူသည်။ အရိယာသံဃာတော်များ ကောင်းကင်ခရီးဖြင့် ကြွရောက်တော်မူလာကြ ကြောင်း ဆို ထားသည်။

## ကောင်းကင်ခရီးဖြင့် ကြွတော်မူလာကြသော ရဟန္တာအရှင်မြတ်များ

၁။ ရာဇဂြိုဟ်ပြည် ထက်ဝန်းကျင်မှ ဣန္ဒဂုတ္တမထေရ်နှင့် နောက်ပါရဟန်းချစ်သောင်း။

၂။ ဗာရဏသီပြည် ဣသိပတန ဝိဟာရမှ ဓမ္မသေနမထေရ်နှင့် နောက်ပါ ရဟန်းတစ်သောင်းနှစ်ထောင်။

၃။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ ပိယဒဿိမထေရ်နှင့် နောက်ပါ ရဟန်း ခြောက်သောင်း။

၄။ ဝေသာလီပြည်မဟာဝန ဝိဟာရမှ ဗုဒ္ဓရက္ခိတမထေရ်နှင့် နောက်ပါ ရဟန်း တစ်သောင်းရှစ်ထောင်။

၅။ ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်းမှ ဓမ္မရက္ခိတမထေရ်နှင့် နောက်ပါ ရဟန်း သုံးသောင်း။

၆။ ဥဇ္ဇေနီပြည် ဒက္ခိဏာဂီရိ မဟာဝိဟာရမှ ဗုဒ္ဓရက္ခိတမထေရ်နှင့် နောက်ပါ ရဟန်းလေးသောင်း။

၇။ ပါဋလိပုတ်ပြည် အသောကာရုံကျောင်းမှ မတ္တိကမထေရ်နှင့် နောက်ပါ ရဟန်း တစ်သိန်း ခြောက်သောင်း။

၈။ ဂန္ဓာရဋ္ဌတိုင်းမှ အနုတ္တိဏ္ဏမထေရ်နောက်ပါ

ရဟန်း နှစ်သိန်းရှစ်သောင်း။

၉။ မဟာပလဝေဘာဂမှ မဟာဒေဝမထေရ်နှင့် နောက်ပါ ရဟန်း လေးသိန်းခြောက်သောင်း။

၁၀။ ယောနကတိုင်း အလသန္ဒမြို့ ယောနက မဟာဓမ္မရက္ခိတမထေရ်နှင့် နောက်ပါ ရဟန်း သုံးသောင်း။

၁၁။ ပိဋ္ဌာဇုပိဋ္ဌ ဝတ္တနီကျောင်းမှ ဥတ္တရမထေရ်နှင့် နောက်ပါ ရဟန်း ခြောက်သောင်း။

၁၂။ ဗောဓိမဏ္ဍလဝိဟာရမှ မိတ္တဂုတ္တမထေရနှင့် နောက်ပါ ရဟန်း သုံးသောင်း။

၁၃။ ဝနဝါသိဘောဂမှ ဟန္ဒဂုတ္တမထေရနှင့် နောက်ပါ ရဟန်း ရှစ်သောင်း။

၁၄။ ကေလာသ မဟာဝိဟာရမှ သူရိယဂုတ္တမထေရ် နှင့် နောက်ပါ ရဟန်း ကိုးသောင်း ခြောက်ထောင်။

မဟာစေတီအုတ်မြစ်စီ မင်္ဂလာပွဲတော်သို့ ကြွရောက်တော်မူလာကြသော အရှင်မြတ်များတွင် 'ကေလာသ မဟာဝိဟာရ ကေလာသကျောင်းတိုက်ကြီး'မှ သူရိယဂုတ္တမ ထေရ် ဟူသည် သုဝဏ္ဏဘူမိမှ ဖြစ်ဘွယ်ရှိ၏။ အရပ်ဒေသ မပါဘဲ ကျောင်းတိုက် အမည်သာပါရှိ၍ ခန့်မှန်းယူရသည်။

ဤတွင် ဘီစီ (၁၆၄)ခန့်အချိန်၊ သုဝဏ္ဏဘူမိ မင်းဆက် အမည်နာမများကို မှတ်တမ်းတင်ထားခြင်းမရှိသော်လည်း သုဝဏ္ဏဘူမိတွင် သာသနာတော် ပွင့်လင်းဆဲဖြစ်ကြောင်း ခန့်မှန်း သိရှိနိုင်ပြီး၊ သာသနာဟူသည်ဘုန်းမရှိသော မင်းမင်း တပါးပါး၏ ဥပတ္ထမ္ဘက-အထောက်အပံ့အပေါ် မှီတွယ်၍ ထွန်းလင်းရမြဲဖြစ်ရာ ကေလာသ မဟာဝိဟာရတည်ရှိရာ သုဝဏ္ဏဘူမိပြည်ကြီးသည်လည်း သူရိယစန္ဒမင်းကြီး၏ အဆက်အနွယ် မင်းတစ်ပါးပါးက ဆက်လက်စိုးစံလျက်ရှိကြောင်း ခန့်မှန်း သိရှိနိုင်ပေတော့သည်။

## စတုတ္ထသံဂါယနာနှင့် သုဝဏ္ဏဘူမိ

မြတ်စွာဘုရားရှင်သည် ခရစ်တော် မပေါ်မီ ဘီစီ (၅၄၄)တွင် ပရိနိဗ္ဗာန်ဝင်စံတော်မူ၏။ ဘုရားရှင် ပရိနိဗ္ဗာန်စံ တော်မူပြီး နှစ်ပေါင်း (၅၄၀)၊ ဘီစီ (၉၄)တွင် စတုတ္ထသံဂါယနာ တင်တော်မူကြသည်။ ထိုအချိန်မတိုင်မီ ဘုရားရှင်ဟောကြား တော်မူခဲ့သော ဓမ္မနှင့် ဝိနယတရားတော်များကို ဆရာအစဉ်အဆက် နှုတ်တက်အာဂုံဆောင်၍သာ လာခဲ့ကြပေသည်။

အိန္ဒိယမှ သီဟိုဠ်သို့ သာသနာတော်သိုက်နန်း ပြောင်းရွှေ့စံမြန်းတော်မူခဲ့သည်ဖြစ်၍ ဘုရားရှင်၏သာသနာတော်ကို သီဟိုဠ်ဆရာတော်ကြီးများ ဦးဆောင် ထိမ်းသိမ်းတော် မူခဲ့ကြရပေသည်။

ထိုဆရာတော်ကြီးများက ရှေးအစဉ်အလာအတိုင်း ပိဋကတော်များကို နှုတ်တက်အာဂုံဆောင်ပြီး၊ ဆက်လက် သိုမှီးထားနေပါက ကာလကြာမြင့်လာလျှင် သာသနာတော်ကြီး တိမ်ကောပျောက်ကွယ်သွားနိုင်ကြောင်း အမြော်အမြင်ကြီးမားစွာ သိမြင်တော်မူကြသည်။ သို့ဖြစ်၍ သာသနာတော်ကြီး၏ အသက်သွေးကြောဖြစ်သည့် ဓမ္မဝိနယ ပရိယတ်တရားတော် ပိဋကများ မပျောက်ပျက်နိုင်သော နည်းလမ်းများကို တွေ့ရှိတော်မူကြလေသည်။ ထိုကြောင့် ဓမ္မဝိနယ ပိဋကတော် များကို အထပ်ထပ် ကြပ်မ ပြင်ဆင်၍ ပေထက်အက္ခရာ တင်တော်မူကြလေသည်။ ထိုသို့ ဆောင်ရွက်တော်မူကြသည်ကို သံဂါယနာတင်သည်ဟု ခေါ်သည်။

မိမိတို့၏ စာပေ ယဉ်ကျေးမှု၊ သမိုင်းအမွေအနှစ်များကိုထိမ်းသိမ်း စောင့်ရှောက်လေ့ထနည်းပါးသော အရာရာတွင် ရောင့်ရဲတင်းတိမ်နိုင်လွန်း၍ အခက်အခဲကို မရင်ဆိုင်လို အလွယ်လိုက်လေ့ထရှိလွန်းသော ကျွန်ုပ်တို့ ပအိုဝ်းလူမျိုးများ အားကျ နည်းယူဘွယ်ကောင်းလှ၏။

စတုတ္ထသံဂါယနာနှင့် သုဝဏ္ဏဘူမိတို့ ဆက်နွယ်မှု စာပေ အထောက်အထားများကို ယနေ့အထိကျွန်ုပ်တို့မတွေ့ရှိရသေးပေ။ သို့ရာတွင် စတုတ္ထသံဂါယနာတင်ချိန်နှင့် မရှေးမနှောင်းကာလ သုဝဏ္ဏဘူမိ၏ မှတ်တမ်းတခုကိုကား ဝမ်းမြောက်ဘွယ် တွေ့ရှိခဲ့ရပေသည်။

စတုတ္ထသံဂါယနာတင်ပွဲကို ဘုရားရှင် ပရိနိဗ္ဗာန်စံ တော်မူပြီးနှစ်ပေါင်း (၄၅၀)၊ (ဘီစီ-၉၄)တွင် သုဝဏ္ဏဘူမိ သထုံ ရွှေစာရံစေတီတော် ထီးတော်အသစ်လဲလှယ် တင်လှူ တော်မူကြောင်း သမိုင်းတွင် တွေ့ရှိရ၏။ သထုံဘုရင် ရာဇာယသဒိပ္ပမင်းလက်ထက်ဟု သမိုင်းကဆိုထားသည်။

သို့ဖြစ်ရာ စတုတ္ထသံဂါယနာတင်စဉ် ကာလတွင်လည်း သုဝဏ္ဏဘူမိ သထုံ၌ ထို'ယသဒိပ္ပ'မင်းပင် နန်းစံဖွယ်ရှိပေသည်။ အကြောင်းကား သံဂါယနာတင်ပွဲ၌ ထီးတော်လဲလှယ်တင်လှူပွဲမှာ ရှစ်နှစ်မျှသာ ကွာခြားသောကြောင့် ဖြစ်သည်။

## ရွှေစာရံစေတီတော် ထပ်မံပြုပြင်

ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တောမူပြီးနောက် သာသနာတော်နှစ် (၉၉)ခု၊ အေဒီ (၄၄၉)တွင် သုဝဏ္ဏဘူမိ သထုံ ရွှေစာရံ စေတီတော်ကြီးကို ပြုပြင်တော်မူသည်။ သုဝဏ္ဏရာဇာမင်းလက်ထက်ဖြစ်၏။ ရုပ်ဆင်းရူပကာ ရွှေအဆင်းနှင့်တူသောကြောင့် ငယ်စဉ်က "သုဝဏ္ဏကုမာရ" ဟု အမည်ပေးထား၏။ ထီးနန်း စည်းစိမ်ရသောအခါ ဘုရားတရားတော် ဟူသောအမည်ကို စိုက်ထူ၍ မင်းပြုတော်မူမည်ဟု ဆိုကာ "ဓမ္မဇေရာဇာ"ဘွဲ့ကို ခံယူလေသည်။

ထိုမင်းလက်ထက် ရတနာသုံးပါးကို အထူးယုံကြည်တော်သည်ဖြစ်၍ ဘုရားရှင်လက်ထက်တော်အခါက ဘိုးလောင်းတော် သူရိယရာဇာမင်းကြီး တည်ထား ကိုးကွယ်ခဲ့သော စေတီတော်ကို ထပ်မံပြုပြင်တော်မူခြင်းဖြစ်သည်။

## အရှင်ဗုဒ္ဓဃောသပုဂ္ဂိုလ်ကျော်

“အရှင်ဗုဒ္ဓဃောသ”ဟုဆိုလျှင်ပင် ဗုဒ္ဓဘာသာဝင် အများစု၏နားတွင် မကြားဘူးသူမရှိသလောက် ထင်ရှားလောက်၏။ သို့ရာတွင် သုဝဏ္ဏဘူမိ သထုံအရှင် ဗုဒ္ဓဃောသနှင့် ပိဋကတော်များ၏ အဖွင့်ကျမ်းများကို ဖွင့်ဆိုရေးသားတော်မူခဲ့သော အဋ္ဌကထာဆရာ အရှင်ဗုဒ္ဓဃောသဟူ၍ ဘွဲ့အမည်တူ အရှင်နှစ်ပါးရှိခဲ့ဟန်တူသည်။ အဘယ်ကြောင့်ဆို သော် သုဝဏ္ဏဘူမိ သထုံ အရှင်ဗုဒ္ဓဃောသပေါ်ထွန်းချိန်နှင့် အဋ္ဌကထာဆရာ အရှင်ဗုဒ္ဓဃောသပေါ်ထွန်းချိန်မှာ နှစ်ပေါင်း (၄၀) ခန့်မှ (၆၀)ခန့်အထိ ကွာခြားနေသောကြောင့်ဖြစ်သည်။

### သထုံအရှင်ဗုဒ္ဓဃောသပေါ်ထွန်းချိန်

သထုံရွှေစာရံစေတီတော်သမိုင်း၌ သာသနာတော်နှစ် ၉၇၇)ခုသုဝဏ္ဏပကာသနီကျမ်း၌ သာသနာ(၉၉၅)ခုတွင်အရှင်ဗုဒ္ဓဃောသပိဋကတော်များကို ကူးယူပြန်ဆိုခဲ့ကြောင်း ဆိုထား၏။ ၉၇၇–ခုနှစ်ဖြစ်ပါလျှင် အေဒီ (၄၅၃)တွင်ဖြစ်ပြီး၊ ၉၉၅–ခုဆိုလျှင် အေဒီ (၄၅၁)တွင် ဖြစ်ကြောင်း သိရှိတွက်ချက် နိုင်ပေသည်။ အချုပ်အားဖြင့် အေဒီ (၅)ရာစုခန့်တွင် သထုံအရှင် ဗုဒ္ဓဃောသထေရ် ပိဋကတော် ကူးယူပြန်ဆို ပင့်ဆောင်တော်မူလာခဲ့ကြောင်း မှတ်သားရပေ သည်။

## အဋ္ဌကထာဆရာ ဗုဒ္ဓဃောသပေါ်ထွန်းချိန်

အဋ္ဌကထာဆရာ အရှင်ဗုဒ္ဓဃောသထေရ်ကား သာသနာလင်္ကာရ ဝံသဒီပနီတို့၌ သာသနာနှစ် (၉၃၀)ပြည့်တွင် သီဟိုဠ်မှ မဂဓသို့ ပိဋကပြန်ဆိုကြောင်း ဆိုထားသည်။ သီဟိုဠ်ဘုရင် မဟာနာမမင်းလက်ထက် မြန်မာဘုရင် ဘိုးတော်ဘုရားလက်ထက်တော် သီဟိုဠ် ရဟန်းတို့ ဆက်စာ “သန္ဒေသ ကထာ”တွင်မူ ဆပညာသဓိက နဝ ဝဿ သတ တိက္ကန္တေသု သာသနာတော်နှစ် (၉၅၆)တွင်၊” အရှင်ဗုဒ္ဓဃောသရောက်ရှိလာသည်ဟု ဆိုထားသည်။

အကယ်၍ သာသနာနှစ် (၉၃၀)ပြည့် မှတ်လျှင် အေဒီ (၃၈၆)တွင် ဖြစ်ပြီး၊ သာသနာနှစ် (၉၅၆) မှန်လျှင် အေဒီ (၄၁၂) တွင် ဖြစ်မည်။ ၄ ရာစုအကုန်နှင့် ၅ ရာစု အဝင် အချိန်များတွင် ဖြစ်သည်။ သထုံ အရှင် ဗုဒ္ဓဃောသထက် နှစ် ပေါင်း ၄၀ ခန့်မှ ၆၀ ခန့်အထိ အချိန်စော၍ နေပေသည်။

မည်သို့ပင် ဖြစ်စေ ဗုဒ္ဓဘာသာဝင် အများစု အထူးသဖြင့်သထုံနွယ်လူမျိုးများကမူသထုံအရှင်ဗုဒ္ဓဃောသ တစ်ပါးတည်းအဖြစ် ဂုဏ်ယူဝင့်ကြွား လျှက်ရှိနေကြပေသည်။

## သထုံအရှင် ဗုဒ္ဓဃောသနှင့် ပိဋကတော်

သာသနာတော်နှစ် ၉၇၇(သုဝဏ္ဏပကာသနီကျမ်း၌ ၉၉၅) (အေဒီ ၄၃၁–မှ ၄၃၃)ဓမ္မပါလမင်းလက်ထက်တွင် အရှင်ဗုဒ္ဓဃောသမထေရ်သည် သီဟိုဠ်ကျွန်းရှိ ပိဋကသုံးပုံကို သီဟိုဠ်ဘာသာမှ ပါဠိမဂဓဘာသာသို့ ပြန်ဆိုကူးယူပြီး၊ သထုံသို့ အရောက် ပင့်ဆောင်ခဲ့လေသည်။ ရွှေစာရံစေတီတော်ကြီး၏ မြောက် ဘက်တွင် ပိဋကတိုက် စေတီတည်၍ မင်းမှစသော သထုံသူ သထုံသားတို့အား ကိုးကွယ် ပူဇော်စေလေသည်ဟု ဆိုထား သည်။

ထိုအချိန်တွင် သုဝဏ္ဏဘူမိ သထုံတိုင်းရင်းသား ဘာသာသို့လည်း အမှန်ပြန်ဆိုခဲ့မည်သာဖြစ်သည်။ ပိဋကသုံးပုံး အလုံးစုံကို အကုန်မပြန်နိုင်သည်ထားဦး၊ ထိုခေတ်တွင် လူတို့ စိတ်ဝင်စားသော ပိဋကတော်အချို့ကို ဘာသာပြန်ဆိုခဲ့မည်မှာ သေရှာလှသော အချက်ပင်ဖြစ်သည်။

### အဋ္ဌကထာဆရာ အရှင်ဗုဒ္ဓဃောသ

အဋ္ဌကထာဆရာအရှင်ဗုဒ္ဓဃောသကို ဗုဒ္ဓဃောသုပ္ပတ္တိ၊ စူဠဝင်စသော ကျမ်းဂန်များက မဇ္ဈိမဒေသ မဟာဗောဓိပင်အနီး ဃောသဂ္ဂာမတိ ကေသီပုဏ္ဏားနှင့် ကေသီပုဏ္ဏေးမတို့၏သားဟုဆို၏။ ပညာဉာဏ် အလွန် ခက်မြက်လှ၏။ တလနှင့် ပိဋကသုံးပုံ သင်ယူနိုင်သည်ဟူ၏။

ထိုနောက် ဆရာက ပိဋကတော်ကို သီဟိုဠ် ဘာသာမှ မဂဓ ဘာသာသို့ ပြန်ဆိုရန်စေခိုင်းသဖြင့် သီဟိုဠ်ကျွန်းသို့ ကူးသွားရသည်။ ပိဋကတော်ကို ကူးယူပြန်ဆိုပြီးသော် ဇမ္ဗူဒီပါ (မဇ္ဈိမဒေသ)သို့ပြန်ခဲ့သည်။

ကျမ်းဂန်များတွင် ပိဋကတော် ကို မည်သည့်အရပ်ဒေသသို့ ပင့်ဆောင်သွားကြောင်း ထင်ထင်ရှားရှား မရှိလှချေ။ ထိုကြောင့် ဝံသဒီပနီဆရာက သုဝဏ္ဏဘူမိတိုင်း သထုံသို့ ပင့်ဆောင်ခဲ့သော လေသံမျိုးမိန့်ကြားတော်မူသည်။ သာသနာလင်္ကာရ ဆရာကလည်း ထောက်ခံခဲ့လေသည်။

သုဝဏ္ဏဘူမိတိုင်းသထုံသာသနာ ထွန်းလင်းခဲ့ပုံကို ထောက်လျှင် အရှင်မြတ် ပိဋကတော်များကို (အဋ္ဌကထာနှင့်တကွ) ကူးယူပြန်ဆို (ဖွင့်ဆို)ပြီး၊ သထုံသို့ ပင့်ဆောင်နိုင်ခဲ့တန်ရာသည်။ သုဝဏ္ဏဘူမိသည် သီဟိုဠ်နှင့် သင်္ဘောလမ်းသင့်သည်ဟူသော အင်္ဂုတ္တရ အဋ္ဌကထာနှင့်လည်း ဆက်စပ်နီးနွယ်မှု ရှိပေသည်။ ပအိုဝ်းလူမျိုးများကမူ အစဉ်အလာအားဖြင့် ထိုသို့ပင် ယုံကြည်လက်ခံထားလာခဲ့ကြပေသည်။

သထုံခေတ် ညှိုးမှိန်ချိန်

ရွှေစာရံ စေတီတော်သမိုင်း စာစောင်များတွင် အေဒီ

(၅)ရာစုလယ်ခန့် အထိသာ သထုံရွှေစာရံစေတီတော် ပိဋကတော်များနှင့် ဆက်နွှယ်၍ သထုံမင်းဆက်များ၏ အမည်နာမများကို ရေးသားမှတ်တမ်းတင်ထားခဲ့ကြပေသည်။ နောက်ပိုင်းအချိန်များတွင် ထင်ရှားသော မင်းဆက်များကို မှတ်တမ်းတင်ထားခဲ့ခြင်းမရှိတော့ချေ။ အေဒီ (၁၀၅၇)ခု၊ ပုဂံသို့ ပါတော်မူသော သထုံမနုဟာမင်းမှာလည်း တိုက်ရည်ခိုက်ရည် ရှိသော အနော်ရထာမင်းနှင့် ဆက်နွှယ်၍သာ ထင်ရှားခဲ့ဟန် တူပေသည်။

## စဉ်းစားဘွယ်

ရှေးဟောင်းသုတေသန ဌာန၏ တူးဖော်လေ့လာမှု အထောက်အထားများအရ ဗိသနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ ပျူနိုင်ငံများကို အေဒီ (၁)ရာစုမှ (၄)ရာစုများအတွင်း စတင်တည်ထောင်ခဲ့ကြသည်ဟု ခန့်မှန်းထား၏။ သထုံခေတ်ဦးမိုန်ချိန်မှာလည်း ထိုခရစ်နှစ် အစပိုင်း အချိန်ကာလများအတွင်း၌ပင် ဖြစ်ရာ သထုံခေတ် ဦးမိုန်၍ ယနေ့ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသသို့ သထုံနွှယ် (ပအိုဝ်း)လူမျိုးများ ပြောင်းရွှေ့နေထိုင် မြို့ပြတည်ထောင်ခဲ့ကြသည်ဟု ဆက်စပ် စဉ်းစားဘွယ် အချက်များ ရှိ၍ နေပေသည်၊

## သုဝဏ္ဏဘူမိစတင်ပြိုကွဲချိန်နှင့် ပျူတို့နိုင်ငံများ

သထုံရွှေစာရံစေတီတော်သမိုင်းဟောင်းများတွင်ဖော်ပြထားခြင်း မရှိသော်လည်းသမိုင်းသစ်နှင့် အခြားသောရာဇဝင်ကျမ်းတို့တွင်မူ သူရိယစန္ဒာမင်းမှ ၅ဆက်မြောက် အကိုရလက်ထက်တွင် မျိုးရိုးနှင့်တကွ ယုံကြည်ကိုးကွယ်မှု ယဉ်ကျေးမှု အမွေအနှစ်များ စတင်ပျက်စီးသည်ဟုဖေါ်ပြထားကြပေသည်။ ဘီစီ ၄–ရာစုခန့်တွင်ဖြစ်၏။ သမိုင်းတွင်ခိုင်လုံ ထင်ရှား၍ သုဝဏ္ဏဘူမိနှင့် ဆက်နွှယ်သော တတိယ သံဂါ ယနာ ခေတ်မတိုင်မီ အချိန်အနည်းငယ် အတွင်း၌ပင်ဖြစ်သည်။

ခန့်မှန်းသိရှိနိုင်သည်မှာ ထိုမင်းလက်ထက်တွင် ပထမဦးစွာ သုဝဏ္ဏဘူမိသား ပအိုဝ်းလူမျိုးများ စတင်စိတ်ဝမ်းကွဲကြဟန်တူ၏။ ထိုအချိန်မှစ၍လည်း သုဝဏ္ဏဘူမိရေမြေဒေသမှ အုပ်စုလိုက်ထွက်ခွါ ပြောင်းရွှေ့ခဲ့ကြဟန်တူပေသည်။ အေဒီ–၁ ရာစုထက် နောက်မကျသော အချိန်ကာလများကပင် ပျူလူမျိုးများ ဗိသနိုး ပျူနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့ပြီးဖြစ်သည်ဟု သမိုင်းဆရာများက ခန့်မှန်းထားခဲ့ကြသည်ဖြစ်ရာ ထိုကာလမတိုင်မီ ဘီစီ– ၄ ရာစုခန့်ကပင် စတင်၍ ပြိုကွဲပျက်စီးသော သုဝဏ္ဏဘူမိသားတို့က အုပ်စုလိုက် မြောက်ဘက်သို့ထွက်ခွါ ပြောင်းရွှေ့ကြပြီး ပျူနိုင်ငံတော်များကို တည်ထောင်ခဲ့ကြည်ဟု ယူဆနိုင်ပေသည်။

ထိုအဆိုကို ဘာသာရေး ကိုးကွယ်မှုနှင့် မြင့်မားသော ယဉ်ကျေးမှု အဆင့်အတန်း များက ထောက်ခံလျှက် ရှိနေပေသည်။ သုဝဏ္ဏဘူမိ သထုံ အမွေအနှစ်များကို ဆက်ခံနိုင်ကြ၍သာ ဘာသာရေး ကိုးကွယ်မှုနှင့် ယဉ်ကျေးမှုများ လျှင်မြန်စွာ အဆင့်အတန်း မြင့်မားလာနိုင်ခဲ့ခြင်း ဖြစ်တန်ရာသည်။

## သုတေသီ အချို့ အယူအဆ

ပအိုဝ်းလူမျိုးနှင့် ပျူနိုင်ငံများအကြောင်းကို ပအိုဝ်းစာပေသမိုင်း (လက်နိပ်စက်မူ)စာအုပ် ပြုစုသူ ခွန်ရာမနှင့် သုတေသီ အချို့က တစ်မျိုးယူဆခဲ့ကြပေသေးသည်။

မွန်ဂိုလိုက်မျိုးနွယ်များသည် မူလနေရင်းဒေသ မွန်ဂိုကုန်းပြင်မြင့်မှ အရှေ့အာရှဒေသများသို့ပြန့်နှံ့ရောက်ရှိသွားရာတွင် ရှေးခေတ်ဟောင်းမြန်မာနိုင်ငံ တိုင်းရင်းသား ပျူမျိုးနွယ်နတို့သည် တိဘက် တရုပ်နယ်စပ်မှ တောင်ဘက်သို့ သံလွင်နှင့် ဧရာဝတီမြစ်ကြောင်းကြီးများအတိုင်း စုန်ဆင်း၍ မြန်မာနိုင်ငံတွင်းသို့ဝင်ရောက်လာခဲ့ကြသည်။

နှစ်ပေါင်းပရိစ္ဆေဒများစွာ အတွင်း၊ သံလွင်မြစ်ကို စုန်ဆင်း၍ တစ်သုတ်ပြီးတစ်သုတ် ဝင်ရောက်လာခဲ့ကြရာ ရှမ်းပြည်တောင်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် အခြေစိုက်နေထိုင်ပြီးမှ တောင်ဘက်သို့ ဆက်လက်ထွက်ခွါခဲ့ကြပြီး၊ နောက်ဆုံး သုဝဏ္ဏဘူမိ သထုံသို့ ရောက်ရှိကာ မြို့ပြတည်ထောင်ခဲ့ကြသည်။

ဧရာဝတီမြစ်ကို စုန်ဆင်းလာခဲ့ကြသော ရှေးခေတ်ဟောင်း ပျူလူမျိုးတို့သည်လည်း မြန်မာနိုင်ငံ မြောက်ဘက်ပိုင်း ဒေသမှ တောင်ပိုင်းဒေသသို့ အစဉ်တစ်စိုက် ရွှေပြောင်းနေထိုင်ခဲ့ကြရာမှ တကောင်း၊ ဟန်လင်း၊ ဗိသနိုး၊ သရေခေတ္တရာနှင့် ပုဂံတို့ကို မြို့ပြနိုင်ငံများအဖြစ် တည်ထောင် နေထိုင်ခဲ့ ကြပေသည်။

ဤသို့လျှင် မြန်မာနိုင်ငံသို့အခြေစိုက် ဝင်ရောက် နေထိုင်ခဲ့ကြရာတွင် ရှေးဦးစွာ ဝင်ရောက်နေထိုင်သူများသည် တောင်းပိုင်းသို့ရောက်ရှိနေပြီး၊ နောက်မှ ဝင်ရောက်နေထိုင်သူတို့သည် မြန်မာနိုင်ငံ မြောက်ဘက်ပိုင်းဒေသများတွင် တည်ရှိနေပေသည်။

## တောင်သူ

မြန်မာနိုင်ငံမြောက်ပိုင်းနေ လူမျိုးတို့က "တောင်ဘက်ပိုင်း နေသောလူ–တောင်လူ –တောင်သူ"ဟူသော အမည်ဖြင့် ခေါ်ဝေါ်ခဲ့ကြသည်။ ထို့ကြောင့် ကျန်စစ်သားမင်းကြီး၏ အေဒီ (၁၁၀၀)ခုနှစ်ထိုး၊ နန်းတော်ကျောက်စာ၌ "တိရ်စုလ်လူမျိုး"ဟုပါရှိရာ ထို တိရ်စုလ် လူမျိုးသည် ပျူကိုပင်ခေါ်သော အမည် ဖြစ်သည်ဟု ခန့်မှန်းရပေသည်။

ပအိုဝ်းတို့ကမူ သုဝဏ္ဏဘူမိ သထုံအရပ်ဖြစ်သော

တောင်ဘက်မှ လာကြသူများဖြစ်၍ တောင်သူဟု ခေါ်ကြောင်း အစဉ်အလာအားဖြင့် နားလည်ခဲ့ကြပေသည်။

သံလွင်မြစ်ကြောင်းအတိုင်း စုန်ဆင်းခဲ့ကြသော အသုတ်မှ သုဝဏ္ဏဘူမိ သထုံတွင် နှစ်ပေါင်းများစွာ အခြေစိုက်နေထိုင်ခဲ့ပြီးမှ နောက်ပိုင်းမြန်မာနိုင်ငံ အလယ်ပိုင်းဒေသဘက်သို့ ရွှေ့ပြောင်းလာကြသောအခါ တောင်ဘက်မှ လာသူများဖြစ်၍ မြန်မာပြည်တောင်ပိုင်းရှိ အခြားလူမျိုးများက "တောင်လူ – တောင်သူ" ဟု ခေါ်ဆိုကြသည်။

တရုပ် ထန်ရာဇဝင်၌ ပျူတို့သည် မိမိတို့အမျိုးကို 'ထုလောကျူ' ဟုခေါ်သောအမည်သည်လည်းကောင်း၊ ဂျာဗားအမျိုးသားတို့က 'ပျအား' ခေါ်သော 'ထုလီချူ' ဟူသောအမည်သည်လည်းကောင်း၊ အခြားသော တိုင်းရင်းသားတို့က 'ပျအာ' ခေါ်သော 'ထုလ်စု' ဟူသော အမည်သည်လည်းကောင်း ကျန်စစ်သားမင်းကြီး နန်းတော် ကျောက်စာပါ 'တိရိစုလ်' ဟူသော အမည်သည်လည်းကောင်း၊ မြန်မာနိုင်ငံတွင် မြောက်ပိုင်းနေလူမျိုးတို့က တောင်ဘက်ပိုင်းနေ ပျူလူမျိုးတို့အား တောင်လူ သို့မဟုတ် တောင်သူ ဟုခေါ်ရာမှ ရွေလျော့ ပြောင်းလဲလာသော ဝေါဟာရအမည်ဖြစ်သည်။

ဤနည်းအားဖြင့် ပျူလူမျိုးတို့ ထုလောကျူ၏၊ တုလီချူ၊ တုလီချူ၊ ထုရ်စုလ်၊ တောင်သာ တောင်လူ သို့မဟုတ် တောင်သူ ဟူ၍အသီးသီးခေါ်ဝေါ် သမုတ်ခဲ့ကြပေသည်။ ထိုသို့ပင် အချိန်ကြာမြင့်စွာ ခေါ်ဝေါ်လာခဲ့ကြ၍ ပျူ သို့မဟုတ် ပအိုဝ်းဟူသော အမည်သည်လည်း တဖြေးဖြေး ပျောက်ကွယ် တိမ်မြုပ်သလို ဖြစ်ခဲ့ရပေသည်။ ပျူဟူသောနာမည် ပညတ်ကစ၍ ပျောက် ကွယ်ခဲ့သဖြင့် လူမျိုးပါ ပျောက်ကွယ်ခဲ့ရခြင်း ဖြစ်ပေသည်။

### သုဝဏ္ဏဘူမိ သထုံနိဂုံး

အိန္ဒိယရှေးဟောင်း စာပေဖြစ်သောပါဠိစာပေအထောက်အထားများအရ သုဝဏ္ဏဘူမိသည် အိန္ဒိယ အရှေ့ဘက်ဒေသများတွင် တစ်ခုတည်းသော ရှေးဟောင်းမြို့ပြနိုင်ငံကြီးဖြစ်ခဲ့သည်။

ထိုနိုင်ငံတော်ကြီးကိုလည်း ရှေးက မအူတောင်သူခေါ် ပအိုဝ်းမင်းဆက်များ ထီးနန်းစိုးစံခဲ့ကြောင်း ရွှေစာရံ စေတီတော် သမိုင်းနှင့် ရာဇဝင် အချို့တွင် ရေးသားဖော်ပြခဲ့ကြသည်။ ကာယကံရှင် ပအူ တောင်သူခေါ် ပအိုဝ်းမျိုးများကလည်း သက်ကြီးစကား သက်ငယ်ကြား၍ အစဉ်အဆက် ယုံကြည် ပြောဆိုလာခဲ့ကြပေသည်။

သို့ရာတွင် စာပေမှတ်တမ်းအဖြစ် ရွှေစာရံ စေတီတော်ကြီးနှင့် ပတ်သက်ဆက်နွယ်၍ ထင်ရှားသော မင်းဆက်များကိုသာ ရေးသား မှတ်တမ်း တင်ထားခဲ့ကြပြီး၊ မထင်ရှားသော မင်းဆက်များကိုမူ မှတ်တမ်းတင်ထားခြင်း၊ ရှိနဲ့ဟန်မတူပေ။ တွေ့ရှိရသော ကျောက်စာ အထောက်အထားများမှာ အေဒီ–၁၁ ရာစု နောက်ပိုင်းရေးထိုး မွန်ကျောက်စာများသာ ဖြစ်သည်။

ပအိုဝ်းတို့သည် ရိုးသားလွန်း အေးဆေးလွန်း၍ မှတ်တမ်းမှတ်ရာ ပြုလုပ်ရေးထ မရှိသည်မှာ ယနေ့တိုင်ဖြစ်သည်။

မွန်တို့သည် ယနေ့မြန်မာနိုင်ငံခေါ် ရေမြေဒေသအတွင်းသို့ ဝင်ရောက်မလာမီ ၊ ယခု ထိုင်းခေါ် ယိုးဒယားနိုင်ငံ၌ အခြေတကျ နေထိုင်ခဲ့ကြစဉ်ကာလကပင် ကျောက်စာရေးထိုးလေ့ ရေးထိုးထရှိခဲ့သည်။ အေဒီ ၆ ရာစုက ရေးထိုးထားသော ဘန်ကောက်မြို့အနောက်ဘက် မိုင် ၃၀ အကွာရှိ ပရပထုံဘုရားမွန်ကျောက်စာသည် ယနေ့တွေ့ရှိထားသော မွန်ကျောက်စာများအနက် အစောဆုံးသော မွန်ကျောက်စာဖြစ်သည်။

လိုနောက် အေဒီ–၈ ရာစုက ရေးထိုးခဲ့သော လောဗ္ဗူရီ ကျောက်စာကို တွေ့ရသည်။ ဇင်းမယ်အနီး လန်ဖွန်မှ တူးဖော်ရရှိသော မွန်ကျောက်စာဖြစ်၏။

စင်စစ် ယခု ထိုင်းခေါ် ယိုးဒယားနိုင်ငံသည် မွန်တို့ မြန်မာနိုင်ငံ နေမြေဒေသသို့ မရောက်လာမီ မူလ အချက်ချာဒေသဖြစ်ခဲ့သည်။ မွန်နိုင်ငံတော်ဖြစ်ခဲ့သော ဒွါရဝတီနှင့် မြို့တော် လဝပူရ (လောဗ္ဗူရီ)တို့သည် အေဒီ ၇–ရာစု ကာလ အတွင်း အလွန်တန်းခိုးကြီးခဲ့၏။

မွန်တို့တည်ထောင်ခဲ့သော ဒွါရဝတီ နိုင်ငံတော်ကြီးသည် ယနေ့ လောနိုင်ငံအထိကျယ်ပြန့်ခဲ့၏။ လောနိုင်ငံ လင်းဇင်း (ဗီယင်ကျင်း)မြို့မြောက်ဘက် သုံးဆယ်ကိုးမိုင် အကွာဘန်ဆရာလတ် အရပ်ရှိ ကျိုက်ကော့ဝိဟာရ ဘုရားတွင် အေဒီ ၉–ရာစု ထိုး မွန်ကျောက်စာကိုတွေ့ရှိရ၏။

မွန်တို့၏ ဒွါရဝတီနိုင်ငံတော်ကြီးတွင် ထိုင်းခေါ် ရှမ်းတို့နှင့်မွန်တို့အကြား ဖြစ်ပွါးသည့်စစ်ပွဲများ အကြောင်းကို ယိုးဒယားမြောက်ပိုင်းဆိုင်ရာ ပါဠိရာဇဝင်ကျမ်းနှစ်ခုတွင် ဖော်ပြထားသည်။ ထို့အပြင် ကမ္ဘောဇတိုင်းသား ကြွေးမ်ခေါ် ခမာ ဂွမ်းတို့သည်လည်း မွန်အားလုံးကို သိမ်းယူလိုသော ဆန္ဒဖြင့် ယိုးဒယားမြောက်ပိုင်း ဇင်းမယ်အနီး ဟရိပုဥ္စခေါ် လန်ဖွန်အထိ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

အေဒီ–၁၀ ရာစုသို့ရောက်သောအခါ ယိုးဒယားနိုင်ငံ၌ မွန်တို့၏ ဒွါရဝတီပြည်ကြီးပျက်၍ မြောက်ဘက်ရှိ ဟရိပုဥ္စယကို ဗုဒ္ဓဝါဒီ မဟုတ်သော ဝ–(သို့မဟုတ်)နန်ချောင်း တို့က နှိပ်စက်ညှင်းပမ်းလျက်ရှိ၏။ မွန်တို့ဘေးဒုက္ခ အမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ထိုနောက် ကာလဝမ်းရောဂါ ကပ်ဆိုးကြီးကျရောက်လာပြန်သည်။ထိုကြောင့်မွန်အမြောက်အများ သထုံ ပဲခူး စသောယနေ့မြန်မာနိုင်ငံ ရေမြေဒေသ အတွင်းသို့ ခိုဝင်လာခဲ့ကြလေသည်။

ထိုသို့ အေဒီ–၁၀ ရာစုတွင် သထုံစသော မြန်မာနိုင်ငံတွင်းသို့ မွန်တို့ ဝင်ရောက်လာခဲ့သည်ဆိုခြင်းမှာ ပအိုဝ်းအမျိုးသားတို့ရာဇဝင်၊ ပဲခူးရွှေမော်ဓောစေတီတော်သမိုင်း၊ မွန်

ရာဇဝင်သမိုင်းချုပ် အဆိုများနှင့် ကိုက်ညီလှပေသည်။

ပအိုဝ်း အမျိုးသားတို့ရာဇဝင်တွင် မနုဟာမင်းအထိ ပအိုဝ်း–မွန်သွေးရော မင်းဆက် (၁၈) ဆက်မျှသာရှိ၏။ မွန်အမျိုးသမီးကို စတင်၍ မိဖုရား မြှောက်သူမှာ ဓမ္မမာလာမင်းဖြစ်သည်။ ထိုအချိန်မှ စ၍ သုဝဏ္ဏဘူမိ သထုံနန်းတွင်း၊ နန်းပြင်တွင် စိတ်ဝမ်းကွဲမှုများ၊ ပိုမိုကြီးထွားလာခဲ့ကြကာ မျိုးဆက်တစ်ခုနှင့်တစ်ခု ထီးမွေ၊ နန်းမွေလုနေကြရချိန်ဖြစ်သည်။ ထို့ကြောင့် မင်းဆက်များ၏ နန်းစံ သက်မှာလည်း လွန်စွာ တိုတောင်းလှ၏။ နှစ် ၁၀၀ ဝန်းကျင် ကာလအတွင်း မင်း (၁၈) ပါးမျှ ထီးနန်းစိုးစံခဲ့ရ၏။ စိတ်ဝမ်းကွဲကြ၍ သုဝဏ္ဏဘူမိ သထုံ ရေမြေဒေသမှ ထွက်ခွါပြောင်းရွှေ့သွားကြသော အုပ်စုမှာလည်း မနည်းလှချေ။ ပအိုဝ်းတို့၏ နှုတ်မှတ်တမ်းများတွင် အရှေ့တောင်ဘက်သို့(ကုတ်၊ ခမ်း၊ ဆား)ကိုးသန်း၊ အရှေ့မြောက်ဘက်သို့ (တဆီ ပယ် တခမ်ဆား) ဆယ်တစ်သန်းမျှ ထွက်ခွါ ပြောင်းရွှေ့ခဲ့ကြသည်ဟု ယနေ့တိုင် ပြောစမှတ် ပြုနေကြပေသေးသည်။

အေဒီ–၂၄၅ ခန့်တွင် ကျယင်နှင့် စန်ထိုင်အမည်ရှိ၊ တရုပ်အရာရှိ နှစ်ဦးက ထိုအချိန် သုဝဏ္ဏဘူမိတွင် လူဦးရေများပြားလှကြောင်း အောက်ပါအတိုင်းမှတ်တမ်းပြုထားခဲ့ကြသည်။

ဖူနန် (ကမ္ဘောဒီးယား)နိုင်ငံသည် အနောက်ဘက်တွင် အိန္ဒိယ သမုဒ္ဒရာ ကမ်းခြေအထိ၊ အောင်နိုင်ခဲ့သည်။ မလေးကျွန်းဆွယ်ပေါ်ရှိ၊ မြို့ကြီးများသည်လည်း ဖူနန်(ကမ္ဘောဒီးယား) ၏ လက်အောက်ခံများ ဖြစ်လာခဲ့သည်။ သို့ရာတွင် ဖူနန်(ကမ္ဘောဒီးယား)အနောက်ဘက် လီ (၂၀၀၀) ကျော် အကွာရှိ၊ ပင်လယ် ကွေ့ကြီး၏ ထိပ်တွင်ရှိသော ကျင်လင် (သုဝဏ္ဏဘူမိ) တွင် လူဦးရေများသည်။ လူတို့သည် ဆင်ကြီးများကို ဖမ်း၍ ယာဉ်အဖြစ် စီးနင်းကြသည်။ ဆင်သေသော် ဆင်စွယ်ကို ယူကြသည်။ အခြားထွက်ကုန်မှာ ငွေဖြစ်၏။

ဘီစီ (၉၄) ခန့်မှ အေဒီ (၄၄၉) ခန့်အတွင်း ရွှေစာရံ စေတီတော်သမိုင်းတွင် မှတ်တမ်းတင်ထားခြင်းမရှိသော်လည်း တရုပ်တို့မှတ်တမ်းများအရ ထိုအချိန် သုဏ္ဏဘူမိတွင် အင်အားတောင့်တင်းခိုင်မာလျက် ရှိနေသေးကြောင်း၊ အုပ်စုကွဲမှုများ အနည်းငယ်ရှိမည်ဖြစ်သော်လည်း လူဦးရေများပြားလျက်ရှိနေသေးကြောင်း သိရှိရပေသည်။

အေဒီ(၉) ရာစုတွင် နန်းစော(နန်ချောင်)တို့တိုက်ခိုက် ခြင်းခံခဲ့ရပြီး၊ (၁၀) ရာစုတွင် မွန်အမျိုးသမီးကို မိဖုရားမြှောက်ရာမှ စိတ်ဝမ်းကွဲကြကာ နိုင်ငံရေး၊ လူမှုရေးစသည့်ဖြင့် အဖက်ဖက်မှ အင်အားချိနဲ့လာခဲ့ရဟန် တူပေသည်။

နောက်ဆုံး မနုဟာမင်းလက်ထက် အေဒီ(၁၀၅၇) ခုနှစ်တွင် အင်အားတောင့်တင်းသော အနော်ရထာမင်းစော၏ စစ်ချီတိုက်ခိုက်ခြင်းကို ခံခဲ့ရပြီး၊ မင်းမိဖုရားမှအစ ပညာရှင်များအဆုံး သုံ့ပန်းအဖြစ် သိမ်းဆည်းခေါ်ဆောင်သွားသည်ဖြစ်ရာ သုဝဏ္ဏဘူမိ သထုံ၏ အခန်းကဏ္ဍမှာလည်း ထိုအချိန်မှစ၍ နိဂုံးကမွတ် အဆုံးသတ်ခဲ့ရလေတော့သည်။

## ၆

ရှေးခေတ်ဟောင်း ပအိုဝ်းလူမျိုးများ၏ သမိုင်းကြောင်းကို ရှည်လျားအားကောင်းသော နက္ခတ်ကြည့် မှန်ပြောင်းကြီးဖြင့် အားစိုက် ကြည့်မြင်လေ့လာ တင်ပြခဲ့ရာ စာဖတ်သူတို့အား အချက်အလက်အကြောင်းအရာ၊ စုံလင်စွာ သိရှိစေလို၍ ရှည်လျားသော ဆောင်းပါးကြီးတစ်ပုဒ်အဖြစ်သို့ ရောက်ရှိသွားခဲ့ပါသည်။

မျိုးချစ်စိတ်ရှိသော သမိုင်းဝါသနာရှင်များအတွက် ချိုမြိန်သော သမိုင်းစာသားအရသာကို ခံစားနိုင်မည်ဖြစ်သော်လည်း သာမန်စာဖတ်သူများအတွက်မူ ငြီးငွေ့ ပျင်းရိဖွယ် စာသားများကို ဖတ်ရှုနေရသည်ဟု ခံစားမှု ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။အကယ်၍ စာဖတ် ပရိသတ်တွင် ထိုသို့ ပျင်းရိဖွယ်အဖြစ် ခံစားရသောသူမျိုး ပါဝင်ခဲ့လျှင် စာရေးရှည်သွားမြင်းအတွက် ခွင့်လွှတ်ပါရန် ပန်ကြားလိုက်ရပါသည်။

**ဆောင်းပါး၏ မှီငြမ်းကိုးကားရာ**

**အဓိကကျမ်းကိုးစာရင်း**


၁။သထုံ ရွှေစာရံ စေတီသမိုင်း (သမိုင်းဟောင်းမူ၊လယ်တီမူ၊ ဦးအောင်မြင့်အောင်မူ)

၂။ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီးသမိုင်း(ဂေါပကအဖွဲ့ ထုတ်မူ)

၃။ ပအိုဝ်း(မောင်ခွန်နွယ်၊ အင်းလေး)

၄။ အနော်ရထာ အရင်က မြန်မာနိုင်ငံ(ဗိုလ်မှူးဘရှင်)

၅။ပအိုဝ်းအမျိုးသားစာပေသမိုင်း(လက်နှိပ်စက်မူ) (ခွန်ရာမ)

၆။ကျောင်းသုံး မြန်မာရာဇဝင် (ဦးဘသန်း ဘီ–အေ)

၇။သံဝေဂဝတ္ထု ဒီပနီ(အရှင်ဇာဂရ၊ ရာဇဂုရုဆရာတော်)

၈။သာသနာ လင်္ကာရ စာတမ်း (အမတ်ကြီးမဟာဓမ္မသင်္ကြန်)

၉။ဝံသဒီပနီ (မဲထီးဆရာတော်)

၁၀။ ဇာတကပါဠိ၊အဋ္ဌကထာ(ဘုရားရှင်ဟော၊ အရှင်ဗုဒ္ဓဃောသဖွင့်

၁၁။မြန်မာ့အလင်းသတင်းစာ(၇၊၉၊ ၉၇နေ့ထုတ်)

၁၂။၁၃၅၈–ခု ခေတ်မီသံဃ(ဂြိုလ်သွား)ပြက္ခဒိန်(ဆရာကာလာစန်)

၁၃။စာရေးသူ ကွင်းဆင်းလေ့လာချက်မှတ်စုများ

# မနုဟာမင်းပါတော်မူပြီးနောက်
## (ခွန်သုတ)

သုဝဏ္ဏဘူမိ သထုံပြည်ကြီးကား သမိုင်းသက်တမ်း ရှည်လျားလှသော ရှေးဟောင်းမြို့ပြနိုင်ငံတော်ကြီးဖြစ်ကြောင်း အိန္ဒိယ ရှေးဟောင်းစာပေ(ပါဠိစာပေ)မှတ်တမ်းများအရသိရှိခဲ့ရပါသည်။

သထုံခေတ်နေဝင်ချိန်တွင် မွန်၊ ကရင်စသော လူမျိုးစုများ ဝင်ရောက် နေထိုင်ခဲ့ကြပြီးဖြစ်သည်ဟု ဆိုနိုင်မည် ဖြစ်သော်လည်း သုဝဏ္ဏဘူမိခေတ် ဘုံးမီးနေလ တောက်ပစဉ် နှစ်ပေါင်းထောင်ချီ၍ ကျော်လွန်လာခဲ့သော အချိန်များအတွင်း၌မူ ထိုမျိုးနွယ်စုများရောနှောနေထိုင်ခဲ့ကြသည်ဟု တစ်ထစ်ချ ပြော၍မရနိုင်ချေ။ကျယ်ဝန်းလှသော သုဝဏ္ဏဘူမိ အင်ပါယာကြီးတွင် နယ်မြေခွဲခြား၍မျိုးနွယ်စု အလိုက်စုပေါင်းနေထိုင်ခဲ့ကြလိမ့်မည် ဟုသာခန့်မှန်းရပေသည်။

လူမျိုးစုများရောနှော၍ သွေးစည်းညီညွတ်မှုနည်းပါးနေချိန်(၁၀၅၇)ခုတွင် အနော်ရထာမင်းစော စစ်ချီတိုက်ခိုက်လာ၍ သထုံပြည်ကြီးပျက်စီးကာ သထုံဘုရင် မနုဟာမင်းသည် လည်းပုဂံသို့ ပါတော်မူခဲ့ရလေတော့သည်။

မနုဟာမင်းကို ပအိုဝ်းစာပေပညာရှင်များက–"ပအိုးလှဲ့ပါ"မဲင်ရော့" (ပအိုဝ်းနှင့်မွန်သွေးနှောကပြားမင်း)ဟု ရေးသားစပ်ဆိုခဲ့ကြသည်။

## မြန်မာနိုင်ငံတော်ရှမ်းခေတ်

မြန်မာနိုင်သမိုင်းတွင် ခရစ်နှစ် (၁၂၈၇)ခုမှ (၁၅၃၁) ခုအထိ အချိန်ကို"ရှမ်းခေတ်"ဟု ကထိက ဦးကြည်စသော မြန်မာသမိုင်းဆရာများကသတ်မှတ်ခဲ့ကြသည်။ အင်းဝပင်းသာ ဝတီတောင်ငူခေတ်များအဖြစ် အများကသိခဲ့ကြပေသည်။ ထိုခေတ်များကို"ရှမ်းခေတ်"ဟုဆရာဦးကြည်စသော သမိုင်းပညာရှင်များ သတ်မှတ်ခဲ့ရသည်မှာလည်း ခိုင်လုံသော အကြောင်းများ ရှိနေ၍ဖြစ်သည်။ ထိုခေတ်ထိုအချိန် မှစ၍ ပုဂံခေတ်ကုန်ဆုံးပြီးမြန်မာနိုင်ငံအထက်ပိုင်းတွင်"အသင်္ခယာ"စသော ရှမ်းညီနောင် မင်းဆက်များ စိုးစံခဲ့ကြ၍ မြန်မာနိုင်ငံအောက်ပိုင်းတွင်မူ "ဝါရီရူ"မင်းဆက်စိုးစံခဲ့ကြသောကြောင့် "ရှမ်းခေတ်"ဟု သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

## အောက်ရှမ်းမင်းဆက်နှင့်ပအိုဝ်းလူမျိုး

ဤတွင် ကျွန်ုပ်တို့ ပအိုဝ်းလူမျိုးများနှင့် မြန်မာနိုင်ငံအထက်ပိုင်း ရှမ်းမင်းဆက်တို့ပတ်သက်ခြင်းမရှိသော်လည်း အောက်ပိုင်း ရှမ်းမင်းဆက်နှင့် ပတ်သက်မှု ရှိနေ၍ စိတ်ဝင်စားစွာ လေ့လာကြည့်မိသည်။ ဝါရီရူမင်း၏ဇာတိ ဝန်မြို့–ဒုံဝန်းမြို့ဟု မှတ်တမ်းပြုထားခဲ့သော ယနေ့ ဒုံဝန်းရွာကြီးမှာ ပအိုဝ်းရွာကြီးဖြစ်သောကြောင့် စိတ်ဝင်စားစွာ လေ့လာကြည့်မိခြင်းဖြစ်သည်။

## ပုဂံခေတ်နေညိုချိန်

စစ်မှုရေးရာ၌ အလွန်ရဲရင့် ကျွမ်းကျင်သော "တာတာ"လူမျိုးတို့သည် တရုပ်ပြည်ကို တိုက်ခိုက်သိမ်းယူပြီးနောက် ခရစ်နှစ် ၁၂၅၃ ခုတွင် ယူနန်နယ်ကို သိမ်းယူလေသည်။ တာတာ ဘုရင်ကူဗလိုင်ခန်သည် တရုပ်ပြည်၏ အစွန်အဖျားဖြစ်သော တိုင်းငယ်ပြည်ငယ်ကလေးများသို့ မိမိအားလေးစားကျိုးနွ

ဆောင် အခွန်ဘဏ္ဍာများကို တောင်းရန် သံများစေလွှတ်၏။ (၁၂၇၁)တွင် ကူဗလိုင်ခန်ဘုရင်သည် ယူနန်နယ်မှတစ်ဆင့် ပုဂံသို့ တရုပ်သံများစေလွှတ်၍ ရှေးအနော်ရထာလက်ထက်ကကဲ့သို့ ရွှေပန်းခိုင် ငွေပန်းခိုင်စသော လက်ဆောင်ပဏ္ဏာများ ဆက်သရန်ပြောလှာ၏။ ပုဂံမင်း နရသီဟပတေ့သည်တရုပ်သံတို့ကို အတွေ့ မခံသောကြောင့် ပြန်သွားကြရ၏။

(၁၂၇၃)တွင်ပီကင်းမြို့မှ တာတာဘုရင် ကူဗလိုင်ခန်၏ သံကြီးများ ရောက်လာကြပြန်ရာ ပုဂံမင်းသည် တရုပ်သံတို့အား နန်းတော်တွင်းသို့ ဘိနပ်မချွတ်ဘဲ ဝင်ရမလောဟုဒေါသဖြစ်ပြီး၊ သံအားလုံးကို ကွပ်မျက်လိုက်လေ၏။ တာတာ ဘုရင်လည်း တရုပ်ပြည်တွင် အရေးကြီးသော စစ်ကိစ္စများကြောင့် ပုဂံမင်းအား ချက်ချင်းအရေးမယူဘဲနေလေ၏။ (၁၂၇၇)၌ကား ကမ်းငယ်မြို့စား စော်ဘွားသည် တရုပ်လက် အောက်သို့ ဝင်သွားသဖြင့် မြန်မာတို့က ချီတက်တိုက်ခိုက်သည်တွင် တာတာမင်းလည်း ယူနန်နယ်ရှိ တရုပ်စစ်တပ်များကို မြန်မာပြည်တွင်းသို့ ချီတက်တိုက်ခိုက် စေတော့၏။

## တရုပ်–မြန်မာပထမနှင့်ဒုတိယစစ်ပွဲ

ထိုနှစ် (၁၂၇၇)မှာပင် "ငချောင်ချမ်း"တိုက်ပွဲတွင် တာတာတို့က မြန်မာတို့ကို နိုင်လိုက်လေ၏။ နောက်တစ်ကြိမ် (၁၂၈၃)တွင် ကောင်းခင် (ဗန်းမော်)အနီးတွင် တိုက်ပွဲဖြစ်ပြန်ရာ မြန်မာတို့ အကြီးအကျယ်ရှုံး၍ တရုပ်တို့က ကောင်းခင်မြို့ကို သိမ်းယူလေ၏။ ဤသို့ စစ်ရေးနိမ့်ကြောင်း နရသီဟပတေ့မင်းကြားသော် တရုပ်တို့အား ကြောက်ရွံ့၍ အောက်ပုသိမ်ထိ အောင်ထွက်ပြေးလေ၏။ ထို့ကြောင့် ၎င်းအား "တရုပ်ပြေး

မင်း"ဟု ခေါ်သည်။ ပြည်မြို့နှင့် တောင်ဘက်နယ်ပယ်များ ရခိုင်ပြည်စသောလက်အောက်ခံနိုင်ငံငယ်ကလေးများလည်း ထကြွ ပုန်ကန်ကြလေ၏။

## သထုံဆက်၏ပထမဦးဆုံးပြန်လည်တွန်းလှန်မှု

ခရစ်နှစ် (၁၀၅၇)တွင် သထုံဘုရင် မနုဟာမင်းပုဂံသို့ ပါတော်မူခဲ့ရ၍ သထုံမင်းဆက်ပြတ်သွားကြောင်း သမိုင်းအစောင်စောင်၌ ဖော်ပြခဲ့ကြ၏။ (၁၂၈၁)တွင် သထုံဆက်နွယ် မဂဒူး ခေါင်းဆောင်၍ မြန်မာမင်းတင်မြှောက်ထားသော မင်းဆက် (နယ်စားပယ်စား)ကို ဖြုတ်ကာ ထီးနန်းကို သိမ်းခဲ့၏။ မုတ္တမ ထီးနန်းဖြစ်၍ နေပေပြီ၊ သထုံတွင် ရေကြောင်း မသင့်တော့သဖြင့် မုတ္တမသို့ ပြောင်းရွှေ နန်းစိုက်ခဲ့ကြဟန်တူ၏။ ဝါရီဂူး ဘွဲ့ခံကာ မုတ္တတွင် မင်းလုပ်ခဲ့၏။ ဝါရီဂူးမင်းသည် သထုံဆက် တွင် ပထမဦးဆုံး ပြန်လည်တွန်း လှန်သူပင်ဖြစ်သည်။ (၁၀၅၇) မှ (၁၂၈၁)တို့အကြား နှစ်ပေါင်း (၂၂၆)နှစ်အတွင်း မနုဟာမင်း ပါတော်မူပြီးနောက်ပိုင်း သထုံဆက်နွယ်တို့ ပြန်လည် တွန်းလှန်ကြောင်း မှတ်တမ်းလုံးဝ မတွေ့ရချေ။

စင်စစ် ခေါင်းဆောင် မဂဒူးသည် အခါအခွင့်ကို ကြည့်မြင် သုံးသပ်ရာ၌ သူမတူအောင် အမြင်စူးရှခဲ့၏။ (၁၂၇၇) တွင် တရုပ်– မြန်မာ ပထမ စစ်ပွဲဖြစ်၍ မြန်မာတို့ ရှုံးနိမ့်ခဲ့၏။ မြန်မာမင်း တန်ခိုး အာဏာ ကျဆင်းပြီဖြစ်ကြောင်း မဂဒူး မြင်အောင်ကြည့်နိုင်၏။ ထို့ကြောင့် တရုပ်–မြန်မာ ပထမ စစ်ပွဲအပြီး၊ (၄)နှစ်ခန့်အကြာတွင် မုတ္တမထီးနန်းကို သိမ်းယူခဲ့ခြင်းဖြစ်သည်။ ထိုမှ အောက်မြန်မာပြည် (တောင်ငူ–ပြည်အောက်ပိုင်း) တပိုင်းလုံးကို ဩဇာအာဏာ လွှမ်းစေ၏။ ဝါရီဂူးမင်းဆက်တွင် တန်ခိုးအာဏာနှင့်အတူ ကျော်ဇောကိတ္တိ အကြီးမားဆုံးမှာ "ရာဇာဓိရာဇ်မင်း"ပင်ဖြစ်သည်။

မဂဒူး ဟူသောအမည်မှာ ပအိုဝ်းစကား 'မာကတူး' အွောန်ကတူးဖြစ်၏။ "ခေါင်းဆောင်"ဟု အဓိပ္ပါယ်ရသည်။ ဒုံးဝန်း (သထုံ)နယ်မှ ယိုးဒယားသို့၊ ထိုမှ တဖန် ဒုံဝန်းသို့ ပြန်လည်ပြောင်းရွှေ နေထိုင်ကြရာ၌ ခေါင်းဆောင် အကြီးအမှူးဖြစ်ခဲ့၏။ ထို့ကြောင် ပအိုဝ့်တို့က "မာကတူး အောန်ကတူး" (ခေါင်းဆောင်)ဟုခေါ်ကြရာမှ "မဂတူး မဂဒူး"ဟူသော အမည်တွင်လာခဲ့ရသည်ဟု လေ့လာ သိရှိရပေသည်။

## ကထိကဦးကြည်၏အဆို

ရာဇဝင် ကထိက ဆရာဦးကြည် (ဘီ–အေ၊ (ရာဇဝင် ဂုဏ်ထူး ဘီး၊အီးဒီ ဘီအယ်လ်)က အောက်ပါအတိုင်း ရှုမြင်ရေးသားခဲ့သည်။

ပုဂံပြည်အပျက်တွင် တိုင်းနိုင်ငံသစ်များစ၍ တည်ထောင်သော ရှမ်းတို့သည် ပုဂံမင်းများကောင်းစားစဉ် အချိန်ကပင် မြန်မာပြည်သို့ ရောက်နှင့်ကြသော ရှမ်းယဉ်များ ဖြစ်ကြ၏။ ကျောက်ဆည်တွင် မြန်မာမင်းများ လက်ထက်ကပင် ရောက်နှင့်ကြသော ရှမ်းတို့မှာ ပိုမိုယဉ်ကျေး၍ ကျောက်ဆည်နယ်၏ စီးပွါးရေး အခြေအနေ ကောင်းမွန်မှုကြောင့် ရှမ်းခေတ်အစတွင် ၎င်းရှမ်းတို့ ခေါင်းဆောင်ဖြစ်လာကြသည်။ ၎င်းတို့အနက် "အသင်္ခယာ၊ ရာဇသင်္ကြန်နှင့် သီဟသူ" ရှမ်းညီနောင်သုံးဦးတို့အလွန် တန်ခိုးကြီး၍ အထက်မြန်မာပြည် တစ်ဝိုက်အုပ်ချုပ်မင်းလုပ်ကြ၏။ ၎င်းတို့၏ မြို့တော်မှာ ရှေးဦးစွာ "မြင်စိုင်း"ဖြစ်၍ ၎င်းနောက် "ပင်းယ"ဖြစ်၏။ နောက်ဆုံးတွင် "အင်းဝမြို့"ကို (၁၃၆၅) တည်၍ အထက်ရှမ်းတို့၏ အချုပ်အချာ ဌါနကြီးဖြစ်လာ၏။

မြန်မာပြည်တောင်ပိုင်း၌မူကား ရှမ်းလူမျိုး ဝါရီဂု နှင့် ၎င်းမှ ဆင်းသက်သော ရှမ်းမင်းများသည် ပထမတွင်မုတ္တမ၌ မင်းပြု၍ ၎င်းနောက် ပဲခူးမြို့တွင် အခြေစိုက်ကြသည်။

အင်းဝနှင့် ပဲခူးမှ နေ၍ အုပ်စိုးကြသော ရှမ်းမင်းတို့သည် ရှမ်းခေတ်အစ၌သာ ရှမ်းလူမျိုးများဖြစ်ကြ၏။ အင်းဝရှမ်းတို့သည် ကာလအတန်ကြာသောအခါ ၎င်းတို့ ယဉ်ကျေးသော မြန်မာဓလေ့ ထုံးစံတို့ကို လိုက်နာကြလျက် မြန်မာများနှင့် အိမ်ထောင်ပြုကြသောကြောင့် မြန်မာတို့နှင့်မခြားဖြစ်လာ၏။ ထိုနည်းတူ ပဲခူးတွင် မင်းလုပ်သောရှမ်းမင်းတို့သည်လည်း ၎င်းတို့ ယဉ်ကျေးသော မွန်တို့၏ ထုံးစံကိုယူပြီး၊ မွန်တို့နှင့် အိမ်ထောင်ပြုကြသောကြောင့် မွန်များနှင့်မခြား ဖြစ်လာ၏။

အထိက ဦးကြည်၏ အဆိုအရ ရှမ်းခေတ် အစောပိုင်းတွင် ရှမ်းလူမျိုးများ အုပ်ချုပ်မင်းလုပ်ခဲ့သည်မှန်သော်လည်း နောက်ပိုင်းတွင်မူ မွန်–မြန်မာများနှင့် သွေးနှောကာ ယဉ်ကျေးမှု ဓလေ့ ထုံးစံများမှအစ မွန်–မြန်မာများနှင့် ခြားနားခြင်းမရှိတော့ကြောင်း သိရှိခွင့်ရခဲ့ပေသည်။

## ဝါရီဂူးမင်းသည်ရှမ်းလောပအိုဝ်းလော

ကထိက ဦးကြည်၏ အာဘော်အရဟုဆိုလျှင် ဝါရီးဂူးမင်းဆက်သည် မွန်မင်းဆက်မဟုတ်ကြောင်း အငြင်းပွါးဖွယ်မရှိ၊ ထင်ရှားလှ၏။ ရှမ်းမင်းဆက် ဆိုရာတွင်ကား စဉ်းစားဘွယ်များ ရှိလာခဲ့ပေသည်။

ဝန်မြို့ခေါ် ဒုံဝန်းမြို့ (ယနေ့ ဒုံဝန်းရွာ)သည် ဤဆောင်းပါးရှင်၏ မိဘဘိုးဖွားများဇာတိ –ပဝတ္တိ၊ မွေးဖွားနေထိုင်ရာရွာကြီးပင် ဖြစ်သည်။ ဘိုးဘွားဘီဘင်အဆက်ဆက်ထိုရွာတွင် မွေးဖွားခဲ့ကြ၍ ထိုရွာ၌ပင် ခေါင်းချသွားခဲ့ကြပေသည်။ မျိုးချစ် နယ်ချဲ့ တော်လှန်ရေးခေါင်းဆောင် ဗိုလ်ခမ်းတပ်စခန်းချရာ ပအိုဝ်းရွာကြီးလည်းဖြစ်သည်။ ဗိုလ်ခမ်း၏ဇာတိရွာဟုပင် အချို့ပြောကြ၏။ အတိအကျမသိရသေးချေ။

ဒုံးဝန်းရွာကြီးကား ပအိုဝ်းရွာကြီးတရွာဖြစ်၍ တချိန်ကမြို့တစ်မြို့ဖြစ်ခဲ့ကြောင်းလည်းထင်ရှားလှသည်။ မြို့ရိုးဟောင်းများကျုံးဟောင်းများကိုလည်း ယနေ့တိုင်မြင်တွေ့နိုင်ပေသေးသည်။ ဤဆောင်းပါးရှင်တို့ယယ်စဉ်က အိမ်နောက်ဖေးရှိ ကျုံးဟောင်းကြီး၌ပင် နောက်ဖေးနောက်ဖီးသွားခဲ့ကြရသည်။ ထိုရွာကြီးတွင် ရှမ်းမျိုးလည်းမရှိ မွန်လူမျိုးလည်းလုံးဝမရှိချေ။ စစ်ကြီးအတွင်း ကရင်မိသားစုအနည်းငယ်မျှသာ ခေတ္တလာရောက်ခိုလှုံနေထိုင်ခဲ့ကြဖူးသည်။ ကြာရှည်စွာ မနေနိုင်ကြ ယနေ့တိုင် လူမျိုးအသန့်ဆုံး ပအိုဝ်းရွာကြီးတရွာအဖြစ် ဆက်လက် တည်ရှိနေဆဲပင်ဖြစ်သည်။ ထိုရွာတွင်ရှမ်းလူမျိုးများနေထိုင်သွားခဲ့ကြောင်း ခိုင်လုံသောအထောက်အထားများကိုလည်း မတွေ့ရသေးချေ။

သို့ဖြစ်၍ ဝါရီရူးမင်းဆက်သည်ရှမ်းမင်းဆက်လော ပအိုဝ်းမင်းဆက်လောဟု စဉ်းစားဖွယ်တရပ် ရှိလာခဲ့ရပေတော့သည်။ လွန်ခဲ့သောနှစ်ပေါင်း (၆၀၀)ကျော်က အမှန်တကယ်တည်ရှိခဲ့သောအဖြစ်အမှန်များကို လေ့လာရသည်မှာ လွယ်ကူသောအရာကားမဟုတ်ချေ။

ဝါရီရူးမင်းသည်(ပြည်–တောင်ငူအောက်ပိုင်း) မြန်မာနိုင်ငံတော်တောင်ပိုင်းတခုလုံးကို အုပ်စိုးနိုင်ခဲ့သော်လည်း မုတ္တမနှင့်သူ၏ဇာတိ ဝန်မြို့ခေါ် ဒုံးဝန်းမြို့ထီးနန်းမှပင်လှမ်း၍ အုပ်ချုပ်ခဲ့သည်။ ပဲခူးနှင့် ဒလ–ဒဂုံဘက်သို့ ပြောင်းရွှေ့နန်း စံကြောင်းသမိုင်းတွင် မတွေ့ရချေ။ ခရစ်နှစ် (၁၃၇၁)တွင်မှ ၎င်း၏ မျိုးဆက် ဗညားဦးက ဝန်မြို့ခေါ် ဒုံးဝန်းမြို့မှ ဟံသာဝတီ ပဲခူးသို့ပြောင်းရွှေ့နန်းစိုက်ခဲ့ကြောင်း သမိုင်းတွင် မှတ်တမ်းတင်ခြင်းပြုခဲ့ကြပေသည်။

## မှတ်တမ်းတင်ထားလေ့ မရှိခြင်း၏ အပြစ်

သမိုင်းစာဟောင်းများအရ ဝန်မြို့–ဒုံဝန်မြို့(ယနေ့ ပအိုဝ်းရွာကြီး)တွင်ဝါရီရူးမင်းဆက် နှစ်ပေါင်း ၁၀၀ (တစ်ရာ) ဝန်းကျင်ခန့်နန်းစိုက်ခဲ့ကြကြောင်း ခန်းမှန်းသိရှိရပေသည်။ သို့ရာတွင် ဝါရီရူမင်းဆက် တစ်ခုလုံးကို မွန်မင်းဆက်ဟုသာမွန်မြန်မာသမိုင်းဆရေးဆရာများက သတ်မှတ်ခဲ့ကြသည်။ ကထိကဦးကြည်စသော ပညာရှင်အချို့ကသာ စူးစိုက် လေ့လာနဲ့ကြ၍ ရှမ်းမင်းဆက်ဟု ထူးခြားစွာ သတ်မှတ်နိုင်ခဲ့ကြပေသည်။ ပကတိအဖြစ်မှန်နှင့်ပို၍ နီးစပ်လာခဲ့သည်ဟုယူဆရသည်။ အကြောင်းမှာ အပေါ်ယံ အမြင်အားဖြင့် ပအိုဝ်းလူမျိုးများကို ရှမ်းလူမျိုးဟု အများအားဖြင့်ခေါ်ဝေါ်ခဲ့ကြခြင်းကြောင့် ပင်ဖြစ်သည်။

စင်စစ်အားဖြင့် ဘယ်သူမပြု မိမိမှုသာ ဆိုရချေတော့မည်။ ပအိုဝ်းတို့သည် မှတ်တမ်းမှတ်ရာများ ထားလေ့မရှိ ရေးသားမှတ်တမ်းတင်ခြင်း အလေ့အထနည်းပါးလှသည်။ သို့ဖြစ်၍ ပအိုဝ်းတို့၏ သမိုင်းသည်ပင် အခြားလူမျိုး များ၏ သမိုင်းအဖြစ်သို့ ပြောင်းလဲသွားဖွယ်ရာရှိသည်။ သမ္မုတိ ပညတ်နယ်ပယ်တွင် မျက်မြင် အထည်ဒြပ်မရှိသောအရာသည် မှန်သော်လည်းမရှိ၍ လူသိနိုင်မည်မဟုတ်ချေ။ ရှိသောအရာကားမမှန်သော်လည်း မျက်မြင်ဖြစ်နေ၍ လူများက ထိုသို့ပင် သိရှိမှတ်သား ကြမည်သာဖြစ်သည်။

မွန်တို့သည် (ထိုင်းနိုင်ငံ)ဒွါရာဝါတီ နိုင်ငံတော်၌ နေထိုင်ကြစဉ် (၆) ရာစုခန့်ကပင် မှတ်တမ်းကျောက်စာများ ရေးထိုးထားလေ့ရှိကြ၏။ မှတ်တမ်းမှတ်ရာရေးသားခြင်း၏ အကျိုးကျေးဇူးကို စောစီးစွာကပင် သိမြင်ခဲ့ကြ၏။ ပအိုဝ်းတို့ကား မှတ်တမ်းမှတ်ရာ ရေးသားမှုကို "အပိုအလုပ်"ဟု ယနေ့တိုင်ယူဆနေကြဆဲပင်ဖြစ်သည်။ သို့ဖြစ်လေရာ သမိုင်းပျောက်ခြင်းသည် မည်သူတစ်ယောက်၏ အပြစ်မျှမဟုတ်၊ မိမိပအိုဝ်းတို့၏ အပြစ်သာဖြစ်ကြောင်း သုံးသပ်ကြည့်မြင်ရပေသည်။ ထိုအဖြစ်ကို ကမ္ဘာတည်သရွေ့ သင်ခန်းစာယူသင့်လှပေတော့သည်။

# ရခိုင်သမိုင်း

**နိဒါန်း**

လူမျိုးတမျိုးဟူ၍ ကမ္ဘာတခွင်တွင် ရေရှည်ရပ်တည်တည်တန့်လိုပါက မိမိလူမျိုးတို့ သမိုင်းကို ကောင်းစွာ သိထားသင့်ကြပေမည်။ သိအောင်လည်းကြိုးပမ်းသင့်ကြပေမည်။ လူသားတို့သည် ကျောက်ခေတ်ဦး၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်နှောင်း စသောခေတ်များကို ဖြတ်သန်းလာကြပြီး၊ ယခု သိပ္ပံခေတ်တိုင်ရောက်သည်အထိ တိုးတက်လာခဲ့လေပြီ၊ လူ့လောကကြီး ဤသို့ တိုးတက်လာသည်ဆိုသော်လည်း ကမ္ဘာတခွင်တွင် တညီတညွတ်တည်းတိုးတက်လာသည်ကား မဟုတ်ပေ။ အချို့နိုင်ငံများသည် အလျှံပယ်တိုးတက်နေကြသော်လည်း အချို့နိုင်ငံများမှာ တိုးတက်မှု နှေးကွေးပြီး၊ နောက်ကျကျန်နေခဲ့ကြပေသည်။

ဤသို့ဖြစ်ရခြင်းသည် မိမိတို့သမိုင်းအကြောင်းနှင့် မိမိတို့ပတ်ဝန်းကျင်သမိုင်းကို သိခြင်း၊ သိအောင်မကြိုးစားခြင်း၊ သမိုင်းပေးတာဝန်နှင့် ကိုက်ညီအောင်လုပ်နိုင်ခြင်း၊ မလုပ်နိုင်ခြင်းတို့အပေါ် မှီတည်လျှက် ဤသို့တိုးတက်မှု မညီမမျှ ကွဲပြားခြားနားနေခြင်းပင်ဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ လူတို့၌ မိမိတို့အခြေအနေ မိမိတို့သမိုင်း မိမိတို့အကြောင်းကိုသိရန် ကြီးမားသော တာဝန်တရပ်ဟု ခံယူကြရပေမည်။

ထို့ကြောင့်ကျွန်ုပ်တို့ရခိုင်လူမျိုးများမှာလည်း ရခိုင်ပြည်နှင့် ရခိုင်လူမျိုးများ ကမ္ဘာ့အလယ်တွင် တင့်တင့် တယ်တယ် တည့်ဝါစွာ ရပ်တည်နေသည်ကို မြင်ချင်ကြားချင်လိုပါက မိမိတို့ ရခိုင်သမိုင်းကို အဖြစ်မှန်အတိုင်း သိရှိအောင်ကြိုးပမ်းကြရမည့် တာဝန်မှာ အမှန်မုချဆောင်ရွက် ရမည့်တာဝန် တရပ်ဖြစ်ပေသည်။ ရခိုင်ပြည်၏ အတိတ်သမိုင်းဖြစ်ရပ်သည်ကား မှတ်သားစရာ အားတက်ဂုဏ်ယူဝင့်ကြွားစရာ လိုက်နာရမည့်အချက်များ၊ သခ်ိန်းစာယူစရာအချက်အလက်များနှင့် ပြည့်နှက်လျှက်ရှိသည်။

ရခိုင်သမိုင်း၊ ရခိုင်စာပေ၊ ရခိုင်အနုပညာ၊ ရခိုင်ယဉ်ကျေးမှုများမှာ ဗမာကိုလိုနီကျွန်ဘဝလောင်းရိပ်အောက်၌ နှစ်ပေါင်း (၂၁၄)နှစ်တိုင် ဖျောက်ဖျက်ခြင်း၊ ဗမာမှုပြုခြင်းများကို ခံနေရ၍ ပျောက်ကွယ်လုမတတ်ဖြစ်နေရပေသည်။ ဤသို့သောအခြေအနေတွင် ကျွန်ုပ်တို့၏ မျက်မှောက်ခေတ် ရခိုင်လူငယ်များသည် ဗမာသမိုင်းကို မိမိသမိုင်း ထင်လိုထင်၊ မိမိသမိုင်း၊ မိမိယဉ်ကျေးမှုကိုပင် ဗမာသမိုင်း၊ ဗမာယဉ်ကျေးမှုဟု ထင်ကြ၊ မြင်ကြနှင့် အလွဲလွဲ အမှားမှား ထင်မြင်နေကြသည်မှာ အလွန်ပင် ကြေကွဲဝမ်းနည်းစရာ ဖြစ်နေရသည်။ ဤသို့သောအခြေအနေတွင် အချိန်မှီ ဝိုင်းဝန်းလုပ်ဆောင်ကြရန် အရေးကြီးလှပေသည်။ အချိန်မှီ တာဝန်သိစွာမလုပ်ဆောင်ကြပါက ရခိုင်သမိုင်းအတိုင်းအတာအရ မဝေးလှသောအချိန်တွင်ရခိုင်ပြည်နှင့်ရခိုင်လူမျိုးပါ ပျောက်ကွယ် လားကြမည်မှာ သေချာလှပေသည်။

ဤသို့အရေးကြီးသောအချိန်မှာ မိမိတို့ ရခိုင်သမိုင်း ရခိုင်ယဉ်ကျေးမှု အနုပညာစာပေများကို တတ်နိုင်သော ဘက်ပေါင်းစုံမှ ဖော်ထုတ်ပြီး၊ မိမိတို့ရခိုင်ပြည်သူများသို့ ဖြန့်ဖြူးပေးကြဘို့ရန် အလွန်အရေးကြီးလာသဖြင့် ကျွန်ုပ်တို့ ရခိုင်အားမာန်အဖွဲ့မှ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ရခိုင်ပညာရှိများ စုဆောင်းထားခဲ့သည့် ရခိုင်အကြောင်းအရာများကို ရှာဖွေစုဆောင်းပြီး၊ တတ်အားရှိသမျှဖော်ထုတ်ကြရပေသည်။

ရခိုင်လူမျိုးများနှင့်ပတ်သက်၍ မှတ်တမ်းတင်ထားနဲ့ကြသော သမိုင်းအထောက်အထားများကား များစွာရှိပေသည်။ ကျောက်စာ၊ ခေါင်းလောင်းစာ၊ မှင်စာစသည်တို့လည်း အများအပြားရှိပါသေးသည်။ ရခိုင်သမိုင်း အမျိုးမျိုးထဲတွင် ဧချင်းအရေးတော်ပုံ၊ ရာဇဝင်လင်္ကာ၊ ရာဇဝင်သာခြင်း၊ ရာဇဝင်ကျမ်းစသည်ဖြင့်လည်းအမျိုးမျိုးရှိကြပေသည်။

ရခိုင်လူမျိုးများသည် ဘီစီ (၆၀၀၀)ခန့်မှ အစပြု၍ ရခိုင်ပြည်၌ ရခိုင်လူ့အဖွဲ့အစည်း စတင်အခြေချနေထိုင်လာနဲ့ကြပုံကို ရခိုင်မင်းသမီးဧချင်း၌ စာဆိုပညာရှင် ဖဒူမင်းညိုက ဤသို့ရေးသားမှတ်တမ်းတင်ခဲ့ပါသည်။

"ဧ......လေည်းတော့ တစုံမက်မက်၊ ခေါ်ခိုက်ခတ်လျှက်၊ ဆက်ဆက်လွလေ၊ အထွေထွေတည့်၊ မရေနိုင်ဘဲ၊ ဝမ်းလျှင်ကွဲမျှ၊ သဲထဲပူပန်၊ ဝန်တုံကြက်သီး၊ ဘေးကြီးဘေးလျှင်၊ ပျင်မျှပြည့်လှိုင်၊ အဆိုင်ဆိုင်တည့်၊ ရခိုင်မည်သာ၊ မဟာသမတ၊ ခတ္တိယ၏၊ ဆက်မှတသွယ်၊ အနွယ်ကိုပ၊ နေလပုံစင်း၊ ထွန်းပလျှင်းဟု၊ သတင်းစကား၊ နာသာများနှင့်၊ ထံပါးကသော်၊ သားကိုဖျော်၍၊ မယ်တော်ရှင်မ၊ ကျူးပါကလျှင်း"ဟူ၍ရင်း စပ်ဆို ဖွဲ့နွဲ့ထားခဲ့ပါသည်။

ထိုသို့ မဟာသမတခတ္တိယအနွယ်တော်များ ရခိုင်ပြည်ကိုစတင် တည်ထောင်စဉ်က အလွယ်တကူတည်ထောင်နိုင်ခဲ့သည်ကားမဟုတ်။ ရခိုင်ပြည်တွင်ရှေးဦးရောက်နှင့်နေသော လူရိုင်းတို့ရန်၊ သားရဲတိရိစ္ဆာန်များရန်ကို ခက်ခဲစွာ နှိမ်နင်းကာ တည်ထောင်လာခဲ့ကြရပေသည်။ ဤသည်ကို ရခိုင်ရာဇဝင်လင်္ကာ၌---

*"သိကြားလက်နက်ထိန်ထိန်ထွက်သည်၊ စကြာအရောင်၊ ဝင်းဝင်းပြောင်နှင့်၊ တောတောင်ခိုမှီ၊ အလန့်တဘီလူး၊ သားစားကြူးကို၊ ဂုဏ်ထူးအာဏာ ဘုန်းမိုးဖြာ၍၊ လိုရာအောင်မြင်၊ အောင်မြို့ဝင်၍၊ ခေါ်တွင်ရခိုင်၊ ခုတိုင်မပျက်၊ မော်ကွန်းထွက်သည်"*ဟူ၍ရင်းရေးစပ်ဖွဲ့ထားသည်ကို တွေ့ရပါသည်။

ရခိုင်ပြည်၌ စိုးစံခဲ့သောမင်းဆက်ပေါင်း (၂၅၈)ဆက်၊

နန်းစံနှစ်ပေါင်း (၅၁၀၀)ခန့် အုပ်စိုးပြီး၊ ရခိုင်ဘုရင့်နိုင်ငံတော်ကို တည်ထောင်ခဲ့ကြသည်။ ဤမင်းဆက်တည်ထောင်စိုးစံခဲ့သော မြို့ပေါင်းဂင်္ဂပနဒီမြစ်၏ အရှေ့ဘက်တွင် (၉၉)မြို့အနောက်ဘက်တွင် (၉၉)မြို့၊ မြို့ပေါင်း (၂၀၀)ခန့်ရှိခဲ့သည်။ ဤသည်ကို သမိုင်းပညာရှင်ဝါးကျောင်းဆရာတော်ရေး ရာဇဝင်လင်္ကာ၌ --

"အသမ္ဘိန္န၊ ခတ္တိယဟု၊ ဝါသုဒေဝမင်းကစ၍၊ ဂင်္ဂပနဒီ မြစ်ကိုမှီလျှက်၊ လက်ဝဲလက်ယာ၊ များစွာမြို့ပြည်၊ တည်ခဲ့ပေမှ၊ နောက်ဆုံးကျသည့်၊ တေဇပြင်းထန်၊ သူရတန်မင်း၊ ဆက်ပြန်လျှင်းသည်" ဟူ၍ ဆရာတော်ဘုရား ရေးသားမှတ်တမ်းတင်ထားခဲ့သည်။

ရခိုင်ဘုရင်နိုင်ငံတော်တွင် ဒွါရာဝတီ၊ ရှေးဝေသာလီ၊ ဓညဝတီ (ပထမ)၊ ဓညဝတီ (ဒုတိယ)၊ ဓညဝတီ (တတိယ)၊ ဝေသာလီ ကျောက်လှေကား၊ ပုရိန်၊ လောင်းကြက်၊ မြောက်ဦးခေတ် စသည်ဖြင့်တခေတ်ပြီးတခေတ် တိုးတက်ထွန်းကားလာခဲ့သည်။ ဝေသာလီကျောက်လှေကားခေတ် (ဘီစီ ၄ ရာစုတွင်)ရခိုင့်ဘုရင်နိုင်ငံတော်၏ ပြည်တွင်းပြည်ပတိုးတက်မှုမှာ များစွာ အရှိန်အဟုန် ရရှိနေပြီးဖြစ်သည်။ မြောက်ဦးခေတ်သို့ရောက်သောအခါတွင်ကား ရခိုင်ဘုရင်နိုင်ငံတော်ကို ကမ္ဘာ့နိုင်ငံများက အလေးထားလာရအောင်တိုးတက်မှုမြင့်မားလာခဲ့ပေသည်။

အေဒီ (၁၆) (၁၇)ရာစုနှစ်များတွင် ပေါ်တူဂီ၊ ဒတ်ချ်၊ အင်္ဂလိပ်စသော ဥရောပတိုက်သားများသည် အိန္ဒိယ၊ မလေးရှား၊ မလက္ကာ၊ အင်ဒိုနီးရှားစသောနိုင်ငံများအား စစ်ဖြင့် အနိုင်ယူတိုက်ခိုက်လျှက် တနိုင်ငံပြီးတနိုင်ငံ သိမ်းပိုက်ကာ ကိုလိုနီကျွန်နိုင်ငံများ တူထောင်လျှက်ရှိနေစဉ်တွင် ရခိုင်ဘုရင်နိုင်ငံတော်ကိုအုပ်ချုပ်နေသော ရခိုင်ဘုရင်မင်းမြတ်တို့သည်ကား ပေါ်တူဂီ၊ ဒတ်ချ်စသောဥရောပတိုက်သားများကို ရခိုင်ဘုရင့်တပ်မတော်တွင် ကြေးစားတပ်သားများ အဖြစ်ဖြင့်၎င်း၊ ကုန်သည်များအဖြစ်ဖြင့်၎င်း၊ လက်အောက်ခံလူတန်းစားများ အဖြစ်အသုံးပြုလျှက်ရှိသည်။ *တခါ တရံ ခေါင်းထောင်လာသော ပေါ်တူဂီတို့ကို ဦးကျိုးအောင် နှိပ်ကွပ်လိုက်သောအခါ ရခိုင်တို့၏ ဂုဏ်သတင်းသည် ဥရောပတိုက်သို့၎င်း၊ အရှေ့ဘက်တွင် ဂျပန်နိုင်ငံသို့၎င်း၊ ပြန့်နှံ့ကျော်ကြားသွားခဲ့လေသည်။*

ထိုကြောင့်-၁၈ ရာစုတွင်စတင်နယ်ချဲ့လာသော အရှေ့အိန္ဒိယအင်္ဂလိပ်ကုမ္ပဏီသည် အိန္ဒိယနိုင်ငံကြီး တခုလုံးကို သိမ်းပိုက်နိုင်ပြီးသည်ဖြစ်သော်လည်း ရခိုင်ဘုရင်နိုင်ငံတော်ကို သိမ်းပိုက်နယ်ချဲ့ခြင်း မပြုဝန့်သေးဘဲ စောင့်ကြည့်နေခဲ့သေးသည်။

သို့ရာတွင် ၁၈ ရာစု ဒုတိယပိုင်းသို့ရောက်သောအခါ ရခိုင်တို့အတွင်း မညီညွတ်မှုများကြောင့် တန်းခိုးအရှိန် အဝါကျဆင်းလာခဲ့ပေသည်။ ရခိုင်အချင်းချင်းမညီညွတ်မှု ထကြွပုန်ကန်မှုများပေါ်ပေါက်ပြီး မသမာသော အမျိုးသားသစ္စာဖေါက် ဦးသံဒေတို့၏ တပါးသူအားအထင်ကြီးမှုအပေါ်မှာ ၁၇၈၄-ခုနှစ်တွင် ဗမာဘုရင်ဘိုးတော်မောင်ဝိုင်းက စစ်မကြေငြာဘဲ ရခိုင်ဘုရင်နိုင်ငံတော်ကိုသိမ်းပိုက်သွားခဲ့လေသည်။ ဗမာနယ်ချဲ့များ ရခိုင်ဘုရင်နိုင်ငံတော်ကို အလွယ်တကူနှင့်သိမ်းပိုက်သွားခဲ့သည်ဆိုသော်လည်းမျိုးချစ်၊ ပြည်ချစ် အာဇနည်ရခိုင်သူရဲကောင်းတို့၏သွေးချွေးဖြင့် ပြင်းပြင်းထန်ထန် ပြန်လည်ခုခံ တိုက်ပွဲဝင်ခဲ့မှုကို ခံရလေသည်။

ဗမာဘုရင်ဘိုးတော်မောင်ဝိုင်း သိမ်းပိုက်ပြီး နှစ်လေးဆယ်အကြာတွင် အင်္ဂလိပ်ကတဖန် ရခိုင်ပြည်ကို ၁၈၂၄ခုနှစ်တွင် ဗမာလက်မှတဆင့် သိမ်းပိုက်ကျွန်ပြုမှုကို ရခိုင်တို့ခံရလေသည်။ ဗမာပဒေသရာဇ် လက်အောက် အင်္ဂလိပ်နယ်ချဲ့လက်အောက်တွင် ကျွန်ခံပ်တို့ရခိုင်လူမျိုးများ၏ တန်ဖိုးမဖြတ်နိုင်သော အဖိုးတန်သမိုင်းအမွေနှစ်များကို ရခိုင်လူမျိုးများဆုံးရှုံးခဲ့ကြရပေသည်။ အထူးသဖြင့်ဗမာပဒေရာဇ်များ ရခိုင်လူမျိုးများ၏ အမြတ်တနိုးထားရှိသော ယဉ်ကျေးမှု အဆောက်အအုံများ သမိုင်းမှတ်တမ်းများကို ဖျက်စီးပစ်ခဲ့ကြသည်။ ဗမာလွတ်လပ်ရေးရသည့် ဖဆပလ၊ ပထစ၊ မဆလ၊ နဝတခေတ်တွင်လည်း ရခိုင်လူမျိုးများ၏ရာဇဝင်သမိုင်းများ၊ ယဉ်ကျေးမှုများကို ဗမာမှ ပြုခြင်း၊ ဖျက်ဆီးခြင်းကိုခံကြရပေသည်။

ရခိုင်သက္ကရာဇ် ၁၁၄၆ခု ခရာဇ်သက္ကရာဇ် ၁၇၈၄ ခုနှစ်မှစပြီး ဗမာပဒေသရာဇ်နယ် ချဲ့ဘုရင်မောင်ဝိုင်း ကျူးကျော်နယ်ချဲ့ကျွန်ပြု၍၊ ထီးနန်းဆုံးရှုံးရသည့် အချိန်မှစပြီး မျိုးချစ်အာဇာနည်ရခိုင်သူရဲကောင်းကြီးများသည် ရခိုင်ပြည်လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပန်းတိုက်ပွဲဝင်ခဲ့ကြလေသည်။ ထိုအချိန် ထိုအခါမှစ၍ ယခုခေတ်တိုင်အောင် ရခိုင်အာဇာနည် သူရဲကောင်းကြီးများ အဆက်မပြတ်တိုက်ပွဲဝင်လျှက် ရှိကြပေသည် မိမိလူမျိုး၏ မွေးရာပါအခွင်းအရေး မရမချင်း တဖိုလ်ကျတဖိုလ်တက် တိုက်ပွဲဝင်နေကြရမည် ဖြစ်ပေသည်။

ဗမာများသည် ရခိုင်လူမျိုးများအပါအဝင် အခြားသော တိုင်းရင်းသားလူမျိုးများ၏ သမိုင်းကို ဖျောက်ဖျက်ပြီး ဗမာများ၏ အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊အလောင်းဘုရားစသော ၎င်းတို့၏အကြီးအကဲဆိုသူများကို ဧတန်းတင်ပြီး အခြားလူမျိုးများ၏ အကြီးအကဲများကို ဖျောက်ဖျက်ထားကြသည်။ ထို့ကြောင့် ရခိုင်တို့မှာလည်း မာရယုဘုရင်၊ စန္ဒသူရိယဘုရင်၊ ဒသရာဇာ၊ မင်းထီး၊ မင်းစောမွန် (နရမတ်လှ)၊ မင်းဗာကြီး၊ မင်းဖလောင်း၊ မင်းရာဇာကြီး၊ မင်းခမောင်း၊ သီရိသုဓမ္မရာဇာစသော ရခိုင်အာဇာနည် သူရဲကောင်းကြီးများ ရှိပါကြောင်းနှင့် ရခိုင်လူမျိုးများအား တင်ပြလိုပါသည်။ မိမိသမိုင်း မိမိလူမျိုးများ၏ သမိုင်းမှန်ကိုသိရှိကြရန် ရခိုင့် သမိုင်းကို ရခိုင်သားတိုင်းလေ့လာကြပါရန် တိုက်တွန်းနှိုးဆော် လိုက်ရပါသတည်း။

# သမိုင်းဦးခေတ် ရခိုင်ပြည်သို့ ရခိုင်လူမျိုးများဝင်လာပုံ



ရခိုင်မြေသို့ ရှေးဦးရခိုင်တို့ ဝင်ရောက်ရာလမ်းကြောင်းပြမြေပုံ

အခဏ်း(၁)

# ရခိုင်ဘုရင့်နိုင်ငံတော်၏မြေမျက်နှာပြင်

ရခိုင်ဘုရင်နိုင်ငံတော်သည်ကား ကမ္ဘာ့အမြင့်ဆုံးတောင်တန်းကြီးတခုဖြစ်သော ဟိမဝန္တာတောင်ကြီး၏ တောင်နှာမောင်းတခုဖြစ်သည့် စိမ်းစိမ်းညို့ညို့ ရခိုင်ရိုးမတောင်တန်းကြီးနှင့် ဘင်္ဂလား ပင်လယ်အော်အကြား ရှည်လျားသော ကမ်းမြောင်ဒေသကြီး တခုဖြစ်သည်။ တောင်နှင့်မြောက် မိုင် (၄၀၀) ခန့် ရှည်လျားသည်။ မြောက်ပိုင်းမှာအကျယ်ဆုံးဖြစ်သည်။ အရှေ့နှင့် အနောက်မိုင် (၁၀၀)ခန့်ရှိ၏။ တောင်ဘက်သို့ တဖြေးဖြေး ကျဉ်းသွားကာ နဂရေအငူသို့ရောက်သွားလျှင် အရှေ့နှင့် အနောက် (၅)မိုင်ခန့်သာကျယ်ဝန်းပေသည်။ ရခိုင်ပြည်၏ ဧရိယာစတုရန်း မိုင်ပေါင်း (၁၆၀၀၀)ကျော်ကျယ်ဝန်းသည့် ကမ်းမြောင်ဒေသဖြစ်သည်။ မြစ်ချောင်းပွါးများပြီး၊ ကမ်းနီးကမ်းဝေးကျွန်းကြီး၊ ကျွန်ငယ်များ အများအပြားရှိသည်။ ထင်ရှားသောကျွန်းများမှာ မန်အောင်ကျွန်း၊ ရမ်းဗြဲကျွန်း၊ ဖရုံကာကျွန်း၊ ရှင်မဖြူကျွန်း၊ကိုကိုးကျွန်းတို့ဖြစ်ကြသည်။ ရခိုင်ပြည်တွင် ထင်ရှားသောမြစ်များမှာ *အဉ္ဇနနဒီလေးမြို့မြစ်၊ ဂစ္ဆပနဒီကုလားတန်မြစ်၊ မယူမြစ်၊ နတ်မြစ်တို့ဖြစ်*ကြသည်။ အလုံးစုံသောမြစ်များမှာ ချင်းတောင်၊ ရခိုင်ရိုးမတောင်တို့၌မြစ် ဖျားခံလျှက်၊ မြောက်မှတောင်သို့ စီးဆင်းသောမြစ်များဖြစ်ကြသည်။ မြစ်များအထဲတွင် အရှည်လျားဆုံးမြစ်မှာ အိန္ဒိယနိုင်ငံ၊ မိဇူရမ်ပြည်နယ်၌မြစ်ဖျားခံသော ဂစ္ဆပနဒီ (ကုလားတန်)မြစ်ဖြစ်သည်။ ဒုတိယအရှည်လျားဆုံးမြစ်ကြီးတခုဖြစ်သည့်အဉ္ဇနနဒီလေးမြို့မြစ်ကြီးသည်။ ချင်းပြည်နယ်နှင့် အိန္ဒိယပြည်တို့ဆက်စပ်ရာနယ်စပ်နှင့် မြစ်ဖျားခံ၍ စီးဆင်းလာသည်။ *ကမ္ဘာတွင် မိုးအများဆုံး ရွာသွန်းသော တိုင်းပြည်တခုဖြစ်၍ ဖော်ပြပါမြစ်ကြီးများသို့ စီးဝင်သော မရေမတွက်နိုင်အောင်များပြားသော တောင်ကျ ချောင်းကြီး၊ ချောင်းငယ်များ ပွါးများသည့်အလျှောက်၊ ရေတံ ခွန်ကြီး၊ ရေတံခွန်ငယ်အသွယ်သွယ်တို့ဖြင့်လည်း ပြည့်နှက် လျှက်ရှိနေပေသည်။ လယ်ယာစိုက်ပျိုးရေးအတွက် စိုက်ပျိုး နိုင်သော မြေပြန့်များမှာ* ရခိုင်ပြည်မြောက်ပိုင်း၌ကျယ်ပြန့်သော မြေပြင်များ အများဆုံးရှိသည်။ ရခိုင်ပြည်အလယ်ပိုင်းနှင့် တောင်ပိုင်းမှာတဖြည်းဖြည်းကျဉ်းသွားသည့်အတွက် စိုက်ပျိုးနိုင်သောမြေဧရိယာမှာ မြောက်ပိုင်းထက်နည်းသည်။

*ရခိုင်ပြည်၏အကျယ်အဝန်းမှာ ရခိုင်တို့တန်ခိုးကြီးစဉ်က ယခုဘင်္ဂလားဒေ့ချ် ဒက္ကားနယ်အထိ ကျယ်ဝန်းခဲ့သည်။ အေဒီ (၁၆၆၆)ခုနှစ်အထိ၊ ရခိုင်တပ်မတော်၏ အနောက်ဘက်အကျဆုံး ခံတပ်ကြီးဖြစ်ခဲ့သည်။ ရခိုင်ပြည်မြောက်ပိုင်းမှာ အိန္ဒိယပြည်၊ မြန်မာ၊ တရုပ်တို့ ကုန်းလမ်းခရီးသွားရာဖြစ်၍ သရေခေတ္တရာ၊ ပုဂံတို့သို့ အိန္ဒိယယဉ်ကျေးမှု ဖြန့်ဖြူးခဲ့ရာဒေသကြီးတခုလည်းဖြစ်ခဲ့သည်။ ခေါမ(ဂရိ)ပထဝီပညာရှင်တော်လဲမိ* ***(Ptolmy)*** *ပထဝီကျမ်း၌မူ ရခိုင်ပြည်ကို အာဂီရ* ***(ARGYRE)*** *ဟု အမည်ပေးထားသည်ကို တွေ့ရ၏။ တိဘက်သမိုင်းပညာရှင်တဦးဖြစ်သူ တောရာနာလ* ***(Touranala)*** *ကနှ ၁၆၀၈–ခုနှစ်တွင် သူရေးသားပြုစုသော သမိုင်းတစောင်၌ ရခိုင်ပြည်ကို ဩရိသနယ်များ ပါဝင်သော ကောကီ* ***(KAWKY)*** *များတွင်ဖော်ပြထားသည်။*

## ရခိုင်လူမျိုးများဆင်းသက်ဝင်ရောက်လာခြင်း


ရခိုင်ပြည်တွင်းထဲသို့ရှေးအကျဆုံး ဝင်ရောက်လာသောလူမျိုးများမှာ သားစိမ်းစား၊ အသားမဲ ပုကွကွ နီဂရိုးတို့ **(Negritos)**လူမျိုးများဖြစ်သည်ဟု သမိုင်းသုတေသီများဆိုကြသည်။ ရခိုင်သမိုင်းများ၌ ၎င်းတို့အား ရက္ခိုက် ဘီလူးဟုခေါ်စမှတ်ပြုကြသည်။ ၎င်းတို့သည် ကျောက်ခေတ်နှောင်း လူမျိုးများဖြစ်ဖွယ်ရာရှိသည်ဟု ရခိုင်သမိုင်းပညာရှင်များက ဆိုကြသည်။ ထိုလူမျိုးများနောက်ပိုင်းတွင်ရခိုင်၊ ရခိုင်လူမျိုး နွယ်စုများဖြစ်ကြသည့် မြို၊ သက်၊ ခမီ၊ ဒိုင်းနက်စသော လူမျိုးများသည် မြောက်အရပ်မှရေကြည်ရာမြက်နုရာအရပ်ဒေသများကိုရှာဖွေရင်းလမ်းကြောင်း အသွယ်သွယ်မှ ရခိုင်ပြည်ထဲသို့ ဝင်ရောက်နေထိုင်လာခဲ့ကြပေသည်။

အာရိယန်အနွယ်ဝင်ဖြစ်နိုင်ဖွယ်ရှိသော လူမျိုးတို့သည် ကော့ကဲရှတောင်ခြေ အရှေ့တောင်ဘက်အိန္ဒိယ မဇ္ဈိမဒေသ၏ မြောက်ဘက်အစွန်း ပါမီယန်ကုန်းမြင့်မှ ဆင်းသက်လာကြပြီးဗြဟ္မပုတ္တရစသောတောင်ကြားမြစ်ချောင်းများအတိုင်း ဆက်ကာဆက်ကာဆင်းလာကြရာ ရခိုင်ပြည်သို့ရောက်လာကြဟန်ရှိသည်။ တချိန်တည်းမှာပင် အန္ဒိယ မဇ္ဈိမဒေသ အရှေ့မြောက်ပိုင်း မာဂဓ အာသံစသောဒေသများတွင် ရောက်ရှိကြပြီးဖြစ်သော မွန်ဂိုလီယံ **(MON GOLIAN)**အနွယ်ဝင်လူမျိုးတို့သည်လည်း ဟိမဝန္တာတောင်စွယ်ကြီးတနဖြစ်သောရခိုင်ရိုးမတောင်တန်း တလျှောက်တောင်ဘက်သို့ ဆင်းလာကြရာမှ ရခိုင်ပြည်တွင် အခြေချနေထိုင်လာခဲ့ကြပေသည်။

ထို့ကြောင့်ရခိုင်ပြည်တွင်ရှေးဦးရောက်ရှိနေကြပြီ ဖြစ်သောအာရိယန်လူမျိုးများနှင့် မွန်ဂိုလူမျိုးအချို့ ရောနှောဆက်စပ်မှုရှိသလောဟု သမိုင်းသုတေသီအချို့ကယူဆကြသည်။

ရခိုင်ပြည်သို့ ရှေးဦးရောက်နေကြသောလူတို့သည် မည်သည့်အချိန်ကပင်စတင်ဝင်ရောက်လာကြပြီး မည်သည့်လူမျိုးများနှင့် သွေးနှောခဲ့ကြသနည်း။ အာရှတိုက်ရှိ အဓိက

# ရှေးဦးရခိုင်တို့၏ ကျူးကျော်လာသူများအား တွန်းလှန်တိုက်ထုတ်ပုံ




*Rock-cut figures at Palaw*

လူမျိုးစုကြီးဖြစ်သည့် အာရိယန်နှင့် မွန်ဂိုလွိုက် လူမျိုးတို့သည် နှစ်ပေါင်းများစွာအတူတကွနေထိုင်ခဲ့ကြသည်ဖြစ်၍ တမျိုးနှင့် တမျိုးသွေးနှောခဲ့ကြပေလိမ့်မည်။ အာရိယန်လူမျိုးတို့သည် အိန္ဒိယပြည်မြောက်ပိုင်းသို့ ဘီစီ ၃၀၀၀ သို့မဟုတ် ထို့ထက်ရှေး ကျသောခေတ်ကာလကပင် ဝင်ရောက်ခဲ့ကြလိမ့်မည်ဟုခန့်မှန်းကြသည်။ အာရိယန်တို့သည် ဂင်္ဂါမြစ်ဝှန်းဒေသ ဘင်္ဂလားနယ်ထိပြန့်နှံ့စွာနေထိုင်ခဲ့ကြသည်။ မွန်ဂိုလွိုက် လူမျိုးများသည် အာရိယန်လူမျိုးတို့ဝင်ရောက်လာပြီးနောက်ပိုင်းတွင် ဟိမဝန္တာ တောင်တန်းတောင်ဘက်ဒေသ ကမ္ဘရူပဒေသ အာသံနယ် မာဂဓတိုင်းဂင်္ဂါမြစ်ဝှမ်းဒေသ ဘင်္ဂလားနယ်ဒေသများသို့ မွန်ဂိုကုန်းမြင့်ဒေသမှ ဝင်ရောက်ခဲ့ကြသည်။

ထိုကဲ့သို့ရှိနှင့်ပြီးသော အာရိယန်များနှင့် မွန်ဂိုလွိုက်များသည် ရခိုင်ပြည်တွင်းသို့ သွေးချင်းနှောပြီးမှ ဝင်ရောက်လာသည်။ ရခိုင်ပြည်တွင်းသို့ရောက်မှသာသွေးနှောကြသည်ဟူသောအကြောင်းကို တိကျစွာ ယူဆရန်မှာခဲယဉ်းမည်ဖြစ်ပါသည်။ ယဉ်ကျေးမှုအရကြည့်ကြမည်ဆိုပါက ထိုအချိန်က အာရိယန်ယဉ်ကျေးမှုသည် မွန်ဂိုလွိုက် ယဉ်ကျေးမှုထက် အဆင့်အတန်းမြင့်မားသာလွန်နေသည်။ ထိုကြောင့် မွန်ဂိုလွိုက်များသည် အာရိယန်လူမျိုးများ၏ ယဉ်ကျေးမှုကို လက်ခံခဲ့ကြပုံရှိသည်။ ရခိုင်လူမျိုးတို့၏ ရှေးဟောင်းယဉ်ကျေးမှုတွင် အာရိယန်တို့ဦးစီးဦးဆောင်ပြုသော ဟိန္ဒူယဉ်ကျေးမှုနှင့် သက္ကဋယဉ်ကျေးမှုများ စိမ့်ဝင်ပျံ့နှံ့လာသည်ကို တွေ့ရှိရပါသည်။ အလွန်ရှေးကျသော ရခိုင်သက္ကဋ ကျောက်စာများကို ရခိုင်ပြည်ထဲတွင် တွေ့ရှိရသဖြင့်လည်းကောင်း၊ အာရိယန်တို့၏ ယဉ်ကျေးမှုသည် ရခိုင်ပြည်ရခိုင်လူမျိုး ရခိုင် လူမျိုးအဖွဲ့အစည်းကို ဩဇာလွှမ်းမိုးခဲ့သည်ဟု ယူဆရန်ရှိပါ သည်။

# ရခိုင်

ရခိုင်လူမျိုးတို့သည် ရှေးနှစ်ရာစုပေါင်းများစွာကပင် ရခိုင်ပြည်သို့ ဝင်ရောက်လာကြပြီး အခြေချနေထိုင်လာခဲ့ကြပေသည်။ ရှေးဦးဝင်ရောက်လာသူများသည် သားစိမ်းစား၊ ငါးစိမ်းစား လူရိုင်းတမျိုး၏ဒေသ၌ရှိနှင့်သည်ကိုတွေ့ရသည်။ သူတို့နှင့်မကြာခဏတွေ့ဆုံတိုက်ခိုက်ကြသည်။ထိုလူရိုင်းတို့ကိုရက္ခသျှ (**RAK SHASAS**)ဟုခေါ်သည်။ ယင်း၄ ရက္ခိုက်၊ ရက္ခိုင်၊ ရခိုင်ဟူ၍ပြောင်းရွေ့လာကြောင်းအဆို ရှိလေသည်။ ဆိုလိုရင်းအဓိပ္ပါယ်မှာ ရက္ခိုက်တို့ကိုတွေ့ရသောဒေသနေရာဟုဆိုသော သဘောပင်ဖြစ် သည်။ မူလပထမရှေးဦးရက္ခိုက်တို့ကို တွေ့ရသောဒေသ နေရာဟု ဆိုသောသဘောပင် ဖြစ်ဟန်တူသည်။ ထိုမူလ ရှေးဦး ရက္ခိုက်တို့ကို အောင်မြင်စွာနှိမ်နင်းပြီးနောက် အမျိုး ဇာတိကိုစောင့်ရှောက်တတ်သူများဖြစ်ကြခြင်းကြောင်း မိမိတို့ ကိုယ်ကို ရက္ခိုင်ဟူသော အမည်ကိုခံယူကြောင်း ဆိုကြသည်ဟု ရှေးဟောင်း ရခိုင်သမိုင်း ရာဇဝင်တို့၌ ပြဆိုထားသည်။ ရာဇဝင်လင်္ကာတွင် တောတောင်ခိုမှီ၊ အလဖွီဘီလူး၊ လူစားကြူးကို၊ ဂုဏ်ထူးအာဏာ၊ ဘုန်းမိုးဖြာ၍၊ လိုရာအောင်မြင်၊ အောင်မြို့ဝင်၍၊ ခေါ်တွင်ရက္ခိုင်၊ ခုတိုင်မပျက်၊ မော်ကွန်းထွက်သည်ဟူ၍တွေ့ရသည်။ ဖေါ်ပြပါလင်္ကာအရ ဘီလူး(ကျောက်ခေတ်နှောင်းပိုင်းလူများကို ဆိုလိုဟန်တူပါသည်)ရန်ကိုအောင်မြင်ပြီးနောက် ရှေးဦးရခိုင်လူမျိုးတို့သည် မြင့်မြတ်သော အမျိုးအနွယ်အဖြစ်ခံယူကြသည်။ မြို့ပြနိုင်ငံထူထောင်ပြီး၊ အမျိုးအနွယ်ကို စောင့်ရှောက်လာကြသည်။ ထိုသို့ဇာတိမျိုးရိုးကို စောင့်ရှောက်တတ်သူများဖြစ်သောကြောင်း ရက္ခိုင်ဟူ၍ခံယူကြသည်။ ရခိုင်ပြည်ကို ရှေးကျသောခေတ်များကပင် အာရက္ခဒေသဟူ၍ခေါ်တွင်ကြောင်း ရခိုင်ပြည်မြောက်ဥမြို့ ရန်အောင်ဇေယျ သျှစ်သောင်းပုထိုးတော်ကြီး တက်လမ်း လက်ဝဲဘက်တွင် စိုက်ထူထားသော အနန္တစန္ဒြကျောက်စာတိုင်တွင် ရေးထိုးထားသည်။ ရက္ခပူရဟူ၍လည်းခေါ်သည်။ အာရက်ံဟူသောအမည်သည်လည်း အာရက္ခဒေသမှ ပြောင်းလွှဲလာသော အမည်ဖြစ်ဘွယ်ရှိလေသည်။ အထူးသဖြင့် အနောက်ဥရောပနိုင်ငံများက ရခိုင်ပြည်ကို အာရက်ံဟုခေါ်ကြ၍ အာရက်ံဒေသတွင် နေထိုင်ကြသော ရခိုင်လူမျိုးကိုလည်း အာရက်ံနီးဟု ခေါ်ကြသည်။

ရခိုင်လူမျိုးတို့သည်ပင်ကိုသဘောသဘာဝအားဖြင့် စိတ်သဘောထားကောင်းကြသည်။ ပွင့်လင်းစွာရှင်းရှင်း လင်းလင်းပြောတတ်ကြသည်။ မျိုးရိုးသန့်စင်မှုကို အထူး နှစ်သက်ကြသည်။ သွေးရောနှောမှုကိုမလိုလားကြချေ။ မိရိုးဖလာ ယဉ်ကျေးမှု အစဉ်အလာကို စောင့်ထိန်းကြသည်။ ဗုဒ္ဓဘာသာကို ရှေးဦးမဆွကပင်ကိုးကွယ်ကိုင်းရှိုင်းလာကြသည်။ ထို့ကြောင့် ရခိုင်လူမျိုးတို့ အမျိုးစောင့်သောလူမျိုး၊ သီလစောင့်သော လူမျိုး အဖြစ် ထင်ရှားပါသည်။

သို့ဖြစ်၍ ရခိုင်စာဆိုရှင် ရှင်နာဂိန္ဒမော်ကွန်းတွင် "အမျိုးသီလနှစ်ဌါနကို၊ ပြည့်ဝမဏ္ဍိုင်၊ စောင့်စွမ်းနိုင်သည်၊ ရခိုင်နာမ၊ ဘွဲ့မည်လှဖြင့်၊ အန္ဒတ္တသညာ၊ ခေါ်အပ်ရာတည်း"ဟုရေးသားမှတ်တမ်းတင်ထားရှိသည်ကို တွေ့ရှိရပေသည်။

ဗုဒ္ဓဝင်လင်္ကာ၌လည်း "ကျွန်းတွင်ဇမ္ဗူ၊ လူတွင်ရက္ခိုင်၊ ကြိုင်ဘိသတင်း၊ ကင်းဘိအပြစ်၊ ချစ်သည့်အမျိုး၊ ကြိုးသည့် လုံးလ၊ မြတ်စာဂနှင့်၊ နှစ်ဝနတ်လူ၊ ချစ်ကြည်ဖြူသည်၊ နိဗ္ဗူဆုတောင်း၊ ပြည့်အံ့တည်း၊"ဟုရေးသား ဖေါ်ကျူးထားသည်။

ရက္ခိုင်ဟူသောအမည်မှာ ပါဠိ(ရက္ခ)မှဆင်းသက်လာခြင်းဖြစ်သည် စောင့်ရှောက်ခြင်း ဟူ၍အဓိပ္ပါယ်ရသည်။ သို့ဖြစ်ပါ၍ ရက္ခိုင် (ရခိုင်)ဟူသောအမည်နှင့်ပါတ်သတ်၍ သမိုင်းပညာရှင်များတင်းပြထားသည်ကိုဖေါ်ပြအပ်ပါသည်။

သုတေသီ K. S. Latouretteက "အိန္ဒိယမြောက်ပိုင်း ဒေသတစ်လျောက်၌ဒြာဗီဒီယံလူမျိုးတို့ နေထိုင်လာနဲ့ကြရာအင်ဒိုအာရိယံလူမျိုးတို့ ဝင်ရောက်လာခဲ့သောအခါတွင် အမျိုးရောယှက်မှု ရှိလာ၏။ ယင်းကြောင့် အာရ်ယို – ဒြာဗီဒီယံ **(Aryo-Davidian)**အုပ်စု၊ မွန်ဂိုလို–ဒြာဗီဒီယံ **(Mongolo-Davidian)**အုပ်စု၊ မွန်ဂိုလွိုက် **(Mongoloid)**အုပ်စုဟူ၍ လူမျိုးအုပ်စုများ ဖြစ်ပေါ်ခဲ့ပေသည်"ဟု အမျိုးရောယှက်မှု ရှိလာကြောင်း ရေး သားထားသည်ကို တွေ့ရသည်။ သို့ဖြင့် ရက္ခိုင်ရှေးဦးလူတို့သည် တမျိုးနှင့်တမျိုးရောယှက်မှုရှိခဲ့၊ မရှိခဲ့ဆိုသည်မှာ စဉ်းစား စရာဖြစ်လေသည်။ သို့သော် အလွန်ရှေးကျသော ရခိုင်ယဉ်ကျေးမှု အမွေအနှစ် အထောက်အထားများအရဟိန္ဒူနှင့်သက္ကဋယဉ်ကျေးမှုများ အထောက်အထားကိုသာတွေ့ရရာ လူမျိုးရောယှက်မှုမရှိဘဲ၊ အာရိယံ သွေးစစ်စစ်ဟုလည်း ဆိုနိုင်စရာရှိပါသည်။ ရခိုင်၏ အဓိပ္ပါယ်သည်အမျိုးသီလနှစ်ဌာနကို စောင့်ရှောက်သည်ဟုလည်း ဆိုထားပါသည်။

သုတေသီ ဒေါက်တာ ဖော်ချမ်းမာက သူ၏ အာရကံ စာအုပ်တွင် ပါးတော်ရွာ ကျောက်တောင်မှ တွေ့ရသော တစ်ကြောင်းဆွဲ ကျောက်ထွင်း ပန်းချီ လက်ရာ (၈)ရှစ်ပုံဖြင့် ရှေးဦးရခိုင်လူမျိုးတို့သည် လူမျိုးရောယှက်မှု မရှိကြကြောင်း လူစိမ်းများကို ဒေသခံတို့က တိုက်ထုတ်ပုံ သရုပ်ဖော်ပြချက်ဖြင့် မှတ်တမ်းတင်ခဲ့ပါသည်။

သုတေသီ **G. E HAVEY** က သူတို့တွေ့ရသော ဒြာဗီဒီယံတို့ကို စက်ဆုတ်ခြင်းကြောင့် ရက်သျှဿ **(RAK SAS)**၊ တနည်းအားဖြင့် ဘီလူး **(DEMONS)** ဟူ၍ခေါ်ကြ၏"ဟု ဆိုထားပြန်သဖြင့် ရခိုင်သမိုင်းတွင် ရှေးဦး လူတို့သည် ရှိနှင့်ပြီးသော ဘီလူးရန်ကို တွန်းလှန်ခဲ့ကြရ၏ဟု ဆိုထားချက်တို့မှာ တူညီမှုရှိသည်ဟု ဆိုရပေမည်။ သားစားကြူး ဘီလူးဆိုသည်မှာ ဒြာဗီဒီယံတို့ကို ဆိုလိုဟန်တူပေသည်။ သို့မဟုတ် ကျောက်ခေတ်နှောင်းပိုင်း လူတို့ကို ဆိုလိုဟန် တူသည်။ ရခိုင်ကျောက်ခေတ် ရှိခဲ့ကြောင်းကို ရခိုင်မှရသည့် ကျောက်လက်နက်ပစ္စည်းများက သက်သေခံလျှက်ရှိသည်။

"ရခိုင်"ဟူသောအမည် ရှေးရခိုင်သမိုင်းကို မှတ်တမ်းတင်သော အချိန်ကာလပင် ရှိနှင့်နေပြီးသော အမည်ဖြစ်သည်။ "ရက္ခပူရ"အမည်သည်လည်း ရက္ခိုင်သမိုင်း ခေတ်ဦးပိုင်းအမည်ဖြစ်သည်။

အခန်း (၂)

## ရခိုင်ဘုရင့်နိုင်ငံတော်၌ ပထမဆုံး မြို့ပြနိုင်ငံ

## ၁။ ဒွါရာဝတီ (သံတွဲ)

ရခိုင်ပြည်၌ ပထမဆုံး ပေါ်ပေါက်လာခဲ့သောမြို့ပြနိုင်ငံမှာ ဒွါရာဝတီ၊ ယခုအခေါ် သံတွဲမြို့ဖြစ်သည်။ ဤမြို့သည် ထူးဆန်းသော မြို့တမြို့လည်းဖြစ်သည်။ ဤမြို့နှင့် ပတ်သက်၍ အိန္ဒိယပြည် အသိတဉ္ဇနမြို့စား ဥပသာဂရမင်းသားနှင့် ဒေဝဂဗ္ဘာမင်းသမီးတို့၏ ဝါသုဒေဝ၊ ဗလဒေဝစသော သားဆယ်ယောက်တို့ အကြောင်းအရာ အကျဉ်းကို ဖော်ပြရမည်ဖြစ်ပါသည်။

ရခိုင်ရာဇဝင်ကျမ်းများ အစောင်စောင်၌ ရခိုင်ရှေးဦးလူမျိုးတို့သည် အိန္ဒိယပြည် မဇ္ဈိမဒေသ မဂဓတိုင်းမှ ရခိုင်ပြည်သို့ ဝင်ရောက်လာကြသောလူများဟု ရေးသားဖော်ပြကြသည်။

မဇ္ဈိမဒေသမြောက်ပိုင်းဥတ္တရာပထတိုင်း **(Uttarapada)**တွင် ဗုဒ္ဓရှင်တော် ဂေါတမမြတ်စွာဘုရား ပွင့်တော်မမူမီ၊ နှစ်ရာစုပေါင်းများစွာက အသိတဉ္ဇနအမည်ရှိသော **(Asitinjana)** မြို့တော်၌ မဟာကံသအမည်ရှိသောမင်းကြီးသည် စိုးစံအုပ်ချုပ်မင်းပြုတော်မူ၏။ ထိုမဟာကံသမင်းကြီးတွင် ကံသ၊ ဥပကံသ **(Kansa and Uppakansa)**ဟူသောသားနှစ်ယောက်ရှိကုန်၏။ ဒေဝဂဗ္ဘာဟူသော **(Devagamba)**ဟူသော သမီးတော် တယောက်လည်းရှိ၏။ ထိုဒေဝဂဗ္ဘာမင်းသမီးကို ဖွားမြင်သောနေ့၌ပင် နိမိတ်ဖတ်တတ်သော ဗေဒင်ပညာရှိပုဏ္ဏားတော်တို့က နိမိတ်ဗေဒင်ဖတ်ကြ၊ တွက်ကြသည်မှာ ဤဒေဝဂဗ္ဘာမင်းသမီးဝမ်းတွင်ဖြစ်လတ္တံ့သော သားတကျိပ်တို့သည် မဟာကံသအနွယ်တော်များအား ဖျက်ဆီးပစ်ကြလိမ့်မည်ဟု မဟာကံသမင်းကြီးအား ဟောပြောလျှောက်တင်ကြလေသည်။ မဟာကံသမင်းကြီးသည်ပြင်းပြစွာ ချစ်ခြင်းကြောင့် သမီးတော်ကို မဖျက်ဆီးပဲ ထားခဲ့လေသည်။ မဟာကံသမင်းလည်း သားတော်တို့ကို မပြောကြားခဲ့ပဲ နတ်ရွာလားလေသည်။

ခမည်းတော် မဟာကံသမင်းကြီး နတ်ရွာလားလျှင် သားတော်ကြီး–ကံသသည် မင်းပြု၍ နိုင်ငံကို အုပ်ချုပ်လေသည်။ ညီတော်ဥပကံသအား အိမ်ရှေ့အရာ အပ်နှင်းထားလေသည်။ နှမတော် ဒေဝဂဗ္ဘာမင်းသမီး အရွယ်ရောက်လာသောအခါ သားတော်ကြီးကံသမင်းကြီးသည် ညီတော် အိမ်ရှေ့မင်း ဥပကံသနှင့် တိုင်ပင်၍ ညီမတော်အား ထိမ်းမြားခြင်း မပြုရလေအောင် တပင်တိုင် နန်းပြဿာဒ် ဆောက်လုပ်၍ သီးခြားထားလေသည်။

ထိုစဉ် ဥတ္တရာပထတိုင်း မဓုရ **(Madhura)**မည်သော ပြည်မှ အိမ်ရှေ့မင်းသား ဥပသာဂရ **(Uppasagara)**သည် မိမိတိုင်းပြည်တွင် နန်းတွင်းအရေးအခင်းကြောင့် အသိတဉ္ဇနမြို့ အိမ်ရှေ့စံ ဥပကံသမင်းထံ ခိုလှုံလာသည်။ ကံသမင်းကြီးနှင့် ဥပသာဂရမင်းသားမှာ တက္ကသီလာ **(Texila)**တက္ကသိုလ်တွင် ကျောင်းနေဘက် ဖြစ်ခဲ့ဘူးသည်။ ညီတော် ဥပကံသသည် ဥပသာဂရမင်းသားအား နောင်တော် ကံသမင်းကြီးထံသို့ ခေါ် ယူပြီး၊ အကျိုးအကြောင်း ပြောဆိုလျှောက်ထားလေရာ ကံသမင်းကြီးသည် ညီတော် ဥပကံသ အိမ်ရှေ့စံအား မှာကြားပြောဆို

၍၊ ဥပသာဂရမင်းသားကို စည်းစိမ် ချမ်းသာပေးပြီး၊ ကောင်းစွာ လက်ခံထားလေသည်။

ထိုစဉ် မင်းသားဥပသာဂရသည် ကံသမင်းကြီးအား ခစားရန်သွားစဉ် မင်းသမီးဒေဝဂဗ္ဘာကို မြင်တွေ့သည်မှစ၍ ချစ်ကြိုက်လေသည်။ ဥပသာဂရမင်းသားသည် တပင်တိုင်ဧ ဒေဝဂဗ္ဘာမင်းသမီးကို စောင့်ရှောက်နေရသော အထိမ်းတော် နန္ဒိဂေါပါလာ၏ အကူအညီကို ရယူ၍ ဒေဝဂဗ္ဘာမင်းသမီးနှင့် ချစ်ကျွမ်းဝင်ကာ တိတ်တဆိတ်ပျော်ပါးလျှက် ရှိကြလေသည်။ ကြာလတ်သော် ဒေဝဂဗ္ဘာမင်းသမီး၌ ကိုယ်ဝန် ရရှိသည်ဖြစ်၍ နောင်တော်တို့ သိရှိပြီး၊ စစ်ဆေးမေးမြန်းရာ အထိန်းတော် နန္ဒိဂေါပါလက ဝေးစွာသောအရပ်မှ ဥပသာဂရမင်းသား သွားလာသည်ကို နှမတော်ကြည့်၍ ပြုံးသည်ကို မြင်မိပါသည်ဟု လျှောက်လေလျှင် ဥပသာဂရမင်းသားသည် တက္ကသိုလ်ဆရာထံ၌ သင်ကြားဘူးသောအတတ်တို့သည် ငါတို့ကဲ့သို့တတ်လေသောကြောင့် သိမ်မွေ့သော မန္တာန်ဖြင့် ပြုံးသည်မှန်သည်။ ထို့ကြောင့် နှမတော်နှင့် သင့်မြတ်လိမ့်မည်ဟု ငါထင်သည် မိန့်တော်မူလျှင် ညီတော် အိမ်ရှေ့မင်း ဥပကံသအစရှိသော အမတ်အပေါင်းတို့ကို ခေါ်ယူ၍ တိုင်ပင်ကြလေ၏။ အမတ် အပေါင်းတို့သည် အရှင်မင်းကြီး ဥပသာဂရမင်းသား နှမတော် ဒေဝဂဗ္ဘာ၊ နန္ဒိဂေါပါလာ အထိန်းတော်တို့ကို ကွပ်မျက်တော်မူ သင့်သည်ဟု လျှောက်ထားကြကုန်သည်။ ကံသမင်းကြီးသည်လည်း ဤသို့မိန့်တော်မူ၏။ ဥပသာဂရမင်းသားသည် ဥပါယ်မန္တာန် အတတ်တို့ကို ငါ့ကဲ့သို့ သိမ်မွေ့စွာ တတ်သောကြောင့် နှမတော်ဒေဝဂဗ္ဘာနှင့် အထိမ်းတော်နန္ဒိဂေါပါလာတို့မှာ အပြစ်ရှိမည်မထင်။ လှည့်ဖျားသောသူသည်သာလျှင် အပြစ် ရှိမည်ဟု မိန့်တော်မူ၏။ မှူးမတ်တို့သည် ဥပသာဂရမင်းသားအား ကွပ်မျက်အံ့ဟု ကြံကြကုန်၏။ ထိုအကြောင်းကို ကံသမင်းကြီး ကြားသိတော်မူလေလျှင် ဤသို့မိန့်တော်မူ၏။ အပြစ်မယူအပ်သောသူတို့ကား တကျိပ်နှစ်ယောက်ရှိ၏။ ထိုတကျိပ်နှစ်ယောက်ကား အမိ၊ အဘ၊ ဆရာ၊ အဘိုး၊ အဘောင်၊ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ သံဃာ၊ သီလရှိသော ရသေ့၊ ပုဏ္ဏား၊ အစ်ကိုအကြီး၊ ဤတကျိပ်နှစ်ယောက်သောသူတို့၌ အပြစ်ရှိသော်လည်း သည်းခံသဖြင့် အပြစ်ကို မယူအပ်၊ ဤဥပသာဂရမင်းသားသည်လည်း အသက်သေမည်ဘေးကိုကြောက်၍ ငါတို့ထံသို့ပြေးဝင်ခိုလှုံလာသည်ကို ငါတို့ကယ်ဆယ်ချီးမြှင့် လက်ခံထားသဖြင့်အသက်စည်းစိမ်မပျက် ငါတို့ကိုမှီခို၍ နေလာပေသောကြောင့်အတ္တကမ္မာယီခင်ပွန်းဖြစ်၏။ ဤသို့သော သူကိုကား ဘေးဒါဏ်ဥပါဒ် အသက်အန္တရာယ်စသောအကြောင်းဖြင့် ဖျက်စီး သတ်ဖြတ်ခြင်းကို မပြုလုပ်အပ်ဟု ကံသမင်းကြီး မိန့်ကြားတော်မူလေသည်။

ကံသာမင်းကြီးလည်း ဥပသာဂရမင်းသားသည် တက္ကသိုလ်ဆရာထံ၌ ပညာအတူတူသင်ကြားဖူးသောသူဖြစ်၍ ငါ့ကဲ့သို့ သိမ်မွေ့သောဥပါယ်မန္တာန်ဖြင့် ငါ့ညီမတော်အားဆွဲဆောင်လှဲ့ ဖျားနိုင်းပေမည်ဟု ယူဆကာမတတ်သာသည်အဆုံး၌ လက်ထပ်ထိမ်းမြားပေးလိုက်လေသည်။

ညီတော်ဥပကံသ အိမ်ရှေ့မင်းသားလည်း တရားတော်နှင့်အညီ ပြောဆိုသော နောင်တော်ကံသာမင်းကြီး၏ စကားကိုကြားလေလျှင် မှူးမတ်သေနာပတိများအား ဤသို့ ပြောဆိုတော်မူ၏။ အချင်းတို့ သားယောကျ်ားမွေးမှသာ ငါတို့ရန်သူဖြစ်ပေမည်။ သမီးမိန်းမမွေးသော်ကား အဘယ်ရန်သူဖြစ်အံ့နည်း ဟုပြောဆိုပြီး သားယောကျ်ားမွေးခြင်း သမီးမိန်းမမွေးဖွါးခြင်းကိုသိကြစေဟုပြောဆိုလေသည်။ ညီမတော်၏ကိုယ်ဝန်အားအမြဲမပြတ်စောင့်ကြည့်ရန် သူရဲလက်နက်ကိုင် အမြောက်အမြားချထားသည်။ နန္ဒိဂေါပါလာနှင့် အဏ္ဏကဝေဏ္ဏုဟူသော ကျွန်လင်မယားတို့ကိုလည်း အကျိုးတော်ဆောင် အတွင်း သူလျှိုအဖြစ် အစောင့်ထားလေသည်။ ဒေဝဂဗ္ဘာမင်းသမီးလည်း ဆယ်လစေ့လျှင် သမီးတော်တပါးဖွါးမြင်ရာ ဥဒုမ္ဗရဒေဝီဟုမှည့်သည်။ အစောင့်ထားသူတို့လည်း သမီးတော်မွေးဖွါးကြောင်း နောင်တော်ကံသမင်းကြီးထံယူ၍မြကြလေသည်။ တဖန်ဒေဝဂဗ္ဘာမင်းသမီးသည် ကိုယ်ဝန်တည်လာပြန်ရာ ကံအားလျော်စွာ အထိန်းတော်နန္ဒိဂေါပါလာတွင်လည်း ကိုယ်ဝန်တည်လတ်၍ တနေ့တည်းတရက်တည်း တချိန်တည်းမွေးဖွါးကြလေသည်၊ မင်းသမီးတွင် သားယောကျ်ားဖွါးမြင်၍ အထိန်းတော်တွင် သမီးဖွါးမြင်ရာ လျှို့ဝှက်စွာ လဲလှယ်ထားကြသည်။ ဤနည်းဖြင့် ဒေဝဂဗ္ဘာမင်းသမီး၏ သားတကျိပ်ကို နန္ဒိဂေါပါလာ သမီးတကျိပ်နှင့် လဲထားလေ၏။ ထိုတကျိပ်သောမင်းသားတို့၏အမည်မှာ ဝါသုဒေဝ၊ ဗလဒေဝ၊ စန္ဒဒေဝ၊ သူရိယဒေဝ၊ အဂ္ဂိဒေဝ၊ ဝရုဏဒေဝ၊ အဇ္ဇုနဒေန၊ သဇ္ဇုန၊ ဃတပဏ္ဍိတ၊ အင်္ကုရတို့ဖြစ်၍ နောက်ဆုံး မွေးဖွားသော သမီးတော်၏ အမည်မှာအဉ္ဇနဒေဝီဖြစ်သည်။ သမီးတော်ကြီး (ဥဒုမ္ဗရဒေဝီ)ကွယ်လွန်ခဲ့သည်။ ထိုတကျိပ်သောညီနောင်တို့သည် စွမ်းအား ပြည့်စုံ၍ခက်ထန်ကြမ်းတမ်းသည်။ နောက်ဆုံးတွင် ဦးရီးတော်တို့အား နန်းမှချ၍ မယ်တော် ခမည်းတော်တို့အားနန်းတင်သည်။ ဇမ္ဗူဒိပ်ကျွန်းအားလုံး အစိုးရသောမင်းအဖြစ်ကိုခံယူအံ့ဟူ၍ အဆိုပါ ဒသဘာတိက ညီနောင်တကျိပ်တို့သည် အစဉ်အတိုင်း ထွက်ခွါလာရာ ဒွါရာဝတီခေါ် သံတွဲမြို့သို့ရောက်သည်။

## ဒွါရဝတီ(သံတွဲ)

ဝါသုဒေဝ၊ ဗလဒေဝညီနောင်တကျိပ်တို့သည်၊ ဆင်ခေါင်းအရပ်တွင် တပ်စွဲ၍စစ်ပြုသည်။ ဒွါရဝတီမြို့၏ တမျက်နှာကား သမုဒ္ဒရာ၊ တမျက်ကားတောင်ရှိသည်။ ရခိုင်ရာဇဝင်များ၏အလိုအရ ဤသို့တွေ့ရသည်။ ထိုမြို့ကိုဘီလူးစောင့်ရှောက်သည်။ ရန်သူလာလျှင် မြည်း၏အသွင်ဖြင့်မြည်၍ မြို့အားလုံးသည် ကောင်းကင်သို့ပျံတက်စေကာ သမုဒ္ဒရာထဲရှိ ကျွန်းတ

သည် ကောင်းကင်သို့ပျံတက်စေကာ သမုဒ္ဒရာထဲရှိ ကျွန်းတကျွန်းပေါ်တွင်တည်၏ (မာန်အောင်ကျွန်းဟုဆိုကြသည်)။ ရန်သူတို့ပြန်သွားပြီးမှ မူလနေရာ၌ပြန်တည်သည်။ ဤနည်းဖြင့် ဝါသုဒေဝ ညီနောင်တကျိပ်တို့ မြို့ကို သိမ်းခြင်းငှါ မတတ်နိုင်ကြကုန်ဖြစ်၍ ကဏှာဒီပါယန အမည်ရှိသော ရသေ့ထံသွားပြီး အကူအညီတောင်းကြသည်။ ရသေ့ကကျုံးပြင်အရပ်၌ တနုသောဘီလူးမသည် မြည်းယောင်ဆောင်၍ရှိ၏။ ထိုမြည်းသည် ရန်သူလာလျှင် မြည်၏။ ထိုခဏ၌မြို့သည် ပျံတက်သွားသည်။ သင်တို့သည် မြည်း၏ခြေကိုကိုင်၍ တောင်းပန်လေဟု ဆိုသည်။ မင်းညီနောင်တကျိပ်တို့လည်း ရသေ့မှာသည့်အတိုင်း ကျုံးပြင်ရှိမြည်း၏ခြေကိုကိုင်၍ မြို့ကိုသိမ်းယူသောအခါ မမြည်ပါလင့်ဟုတောင်းပန်ကုန်၏။ ထိုအခါမြည်းက ငါသည်မမြည်ဘဲ မနေနိုင်။ သင်တို့သည်ကြီးစွာသော သံချောင်းတို့ကိုယူ၍ မြို့တံခါး လေးမျက်နှာတို့ကို သံကွင်းသံကြိုးဖြင့်ချဉ်နှောင်ပြီး သံတံစို့သွင်း၍စွပ်လေဟုမှာထားလေသည်။ ဤနည်းဖြင့် ညီနောင် တကျိပ်တို့သည် ဒွါရဝတီမြို့ကိုသိမ်းယူပြီး မင်းပြုသည်ဟုအဆိုရှိ ပေသည်။ အာကာပျံဝဲ မြို့သံတွဲဟူ၍ဆိုရိုးစကားယှဉ်၏။

(ဘီစီ ၅၀၀၀)တွင်ဒွါရဝတီမြို့တော်ကို ဝါသုဒေဝ ဗလဒေဝ စသော ညီနောင်တကျိပ်တို့တည်ထောင်သည် မဟုတ်ဘဲ၊ သူတို့မလာခင်ကပင် မြို့ရိုးတံခါးကျုံးတို့ဖြင့် အခိုင်အခန့်ရှိပြီး နရိန္ဒဘုရင် အုပ်စိုးလျက်ရှိသည်ဟုသိရပေသည်။ သို့ဖြစ်ရာ ရာဇဝင်များ၏အလိုအရ အလွန်ရှေးကျသောမြို့တော်ပင် ဖြစ်ပေသည်။ ရာဇဝင်များတွင်တွေ့ရသော ဒွါရဝတီ၏ ပထဝီအနေအထားနှင့်အဖြစ်အပျက် (ဥပမာ–ပင်လယ်ကမ်းခြေ၌ ရေကစားခြင်း)အချို့တို့မှာ လက်ရှိသံတွဲနှင့် အံဝင်ဂွင်ကျ သဘာဝကျလျက် တွေ့ရှိရသည်။

ဝါသုဒေဝ၊ ဗလဒေဝ စသောညီနောင်တကျိပ်တို့သည် ဒွါရဝတီအနီး သမုဒ္ဒရာနား (ပင်လယ်ကမ်းခြေ)သို့သွား၍ ကြီးစွာသောရေသဘင်ဖြင့် ရေသွားကစားစဉ် လက်ခြေထိပါးကြသည်ဖြစ်၍ အချင်းချင်းခိုက်ရန်ဖြစ်ပွါး သတ်ပုတ်ကြလေသည်။

ဝါသုဒေဝ၊ ဗလဒေဝ၊ နှမတော် အဥ္ဇနဒေဝီနှင့် ဗြဟ္မသုန္ဒရ ပုရောဟိတ်မှတပါး အားလုံးသေကြပျက်စီးကြလေသည်။ ထိုအခါ ညီနောင်နှစ်ပါး၊ နှမတော် အဥ္ဇနဒေဝီနှင့် ပရောဟိတ်ပုဏ္ဏားတို့သည် ဒွါရဝတီမှရခိုင်ပြည်မြောက်ပိုင်းသို့ အစဉ်တစိုက် ထွက်ခွါလာခဲ့ကြသည်။ လမ်းခရီး၌ ဘီးလူးတို့ ရန်ကြောင့် ညီနောင်နှစ်ပါးကွယ်လွန်ခဲ့ကြသည်။ ပုရောဟိတ်ပုဏ္ဏားနှင့်နှမတော် အဥ္ဇနဒေဝီတို့သည် မြောက်အရပ်သို့အစဉ်အတိုင်းလာခဲ့ကြရာ ဝေသာလီပြည်သို့ရောက်ရှိလာကြလေသည်။ (ဘီလူးဆိုသည်မှာ ကျောက်ခေတ်နှောင်း သားစိမ်းစား၊ ငါးစိမ်းစား လူရိုင်းတမျိုးကို ဆိုလိုဟန်ရှိလေသည်။)

● ● ● ● ● ● ● ● ●

# (၂) ရွှေဦးဝေသာလီခေတ်

## ဗြဟ္မဏရာဇာ (ဘီစီ ၅၃၁၆–၅၂၇၇)

ပုရောဟိတ်ပုဏ္ဏားနှင့် အဥ္ဇနဒေဝီတို့ ဝေသာလီမြို့သို့ ရောက်လာသည့်အခါ ဝေသာလီပြည်တွင်လည်း မင်းကြီးသေလွန်၍ ထီးလျှာနန်းစံထိုက်သော မင်းမျိုးမင်းနွယ်ပြတ်နေသည်နှင့် ကြုံသောကြောင့်၊ အမှူးအမတ်စသော ပြည်သူအပေါင်းတို့သည် မင်းလောင်းမင်းလျာရှာလေသော် ပုရောဟိတ်ပုဏ္ဏားနှင့် အဥ္ဇနဒေဝီတို့ကို တွေ့မြင်ကြလျှင်၊ ခြေလက်အင်္ဂါ လက္ခဏာသမ္ပတ္တိနှင့် ပြည့်စုံသည်ကို မြင်ကြ၍ ပုဏ္ဏားတော်တို့နှင့်တကွ ပြည်သူအပေါင်းတို့သည် ထီးဆောင်းနန်းလျှာပင်တည်းဟု ယုံကြည်ကြ၍ ဆောင်ယူကြပြီးလျှင် ဝေသာလီမြို့၌ ပုရောဟိတ်ပုဏ္ဏားနှင့် အဥ္ဇနဒေဝီတို့ကို ထီးနန်းအပ်ကြကုန်၏။ ပုရောဟိတ်ပုဏ္ဏားလည်း ဗြဟ္မဏရာဇာဟူသောဘွဲ့ကို ခံယူပြီး၊ အဥ္ဇနဒေဝီကို မိဖုရားမြှောက်ကာ ဘိသိက်ခံ၍၊ ဝေသာလီ ထီးနန်းကိုစိုးစံအုပ်ချုပ်ကြ၍ တိုင်းပြည်၏ အကျိုးစီးပွါးကို ဆောင်ရွက်လျှက် (၃၉)နှစ်တိုင် ထီးနန်းစည်းစိမ်ကို ခံစားပြီးမှ ဗြဟ္မဏရာဇာမင်းသည် ၅၂၇၇–ခုနှစ်တွင် နတ်ရွာစံတော်မူလေသည်။


မှတ်ချက်။ "ဤမြို့သည် ယခု မြောက်ဦးမြို့မြောက်ဘက် (၆) မိုင်ကွာ မရမ်းချောင်း အရှေ့ဘက် ရန်းတောင်တန်းကို ကြောကပ်ပြီး၊ မြို့ရိုးနှစ်ထပ်ဖြင့် တည်ဆောက်ထားသည်။ ဤမြို့သည်လည်း ဗြဟ္မဏရာဇာမင်းမရောက်မီကပင် ရှိနှင့်ပြီဖြစ်၍ အလွန် ရှေးကျလေသည်"။

ဗြဟ္မဏရာဇာမင်း နတ်ရွာလားလျှင် သားတော် ဗြဟ္မသုန္ဒရမင်းသားသည် ရှေးအထက် ဝေသာလီမင်းလွန်စဉ်က တစ်နှစ်သမီးအရွယ် ကျန်ခဲ့သော သိရိန္ဒရမင်းသမီးနှင့် ဘိသိက်သွန်း၍ ခမည်းတော်၏ အရိုက်အရာဖြစ်သော ဝေသာလီပြည်ကြီးစည်းစိမ်ကို စိုးမိုးအုပ်ချုပ် နန်းတက်လေ၏။ ထိုဗြဟ္မသုန္ဒရမင်းကား တိုင်းပြည်တိုးတက် ကြီးပွါးအောင်ဆောင်ရွက်တော်မူ၏။ ဒါန၊ သီလတို့၌ အလွန်မွေ့လျော်၏။ ကောင်းမြတ် ယဉ်ကျေးသောစိတ်ရှိပြီး ပြည်သူပြည်သားများအား ချစ်ခင်မြတ်နိုး၍ မိဘကဲ့သို့ ချီးမြှင့် ထောက်ပံ့၏။

ထိုဗြဟ္မဏရာဇာမင်းသည် ရွှေဦးဝေသာလီမှ ပြောင်း၍ ကစ္ဆပနဒီမြစ်၏ အရှေ့ဘက်ဖြစ်သောအရပ်၌ ငခွေးသင်းတောင်မြို့

သစ် အလိုတည်း။ "ရခိုင်ရာဇဝင်သစ်အလိုအရ ဗြဟ္မဏရာဇာမင်း တည်ထောင်သည်ဟု ဆိုသည်။ ထို ငခွေးသင်းတောင်မြို့၌ကား ဗြဟ္မဏသုန္ဒရမင်း၏သားစဉ်မြေးဆက် ခြောက်ဆက်သာ နေခဲ့၍၊ နန်းစဉ်မပြတ်ဆက်ကာ တည်ကောင်သောမြို့တို့သည်

# ရခိုင်မှတွေ့ရသည့် ကျောက်ခေတ်သုံးပစ္စည်းများ









ကား ကဋ္ဌပနဒီမြစ်၏ အရှေ့ဘက်၌ ကိုးဆယ့်ကိုး (၉၉)မြို့၊ ကဋ္ဌပ နဒီမြစ်၏ အနောက်ဘက် ကိုးဆယ့်ကိုး (၉၉)မြို့ကို တည်ထောင်အုပ်ချုပ်ကြလေသည်။

ရာဇဝင်ဟောင်း၏အဆိုအရ ဗြဟ္မဏပုရောဟိတ်သည် ဗြဟ္မဏရာဇာဟူသောဘွဲ့အမည်ဖြင့် ကုသမင်းသက္ကရာဇ် (၄၀၀၅)ခုနှစ်တွင် အုပ်ချုပ်၍ ထိုမင်း၏ အနွယ်တော် (၂၆) ဆက်တို့သည် နှစ်ပေါင်း (၁၉၉၀)နှစ်တိုင်တိုင်၊ အုပ်စိုးခဲ့ကြသည်ဟု သိရပေသည်။ ၎င်းနောက်ပိုင်းမှစတင်၍ ဓညဝတီမြို့တည်မာရယုမင်းဆက်စသည် (သုတေသီဆရာကြီး ဦးအောင်သာဦး)

"မဟာသမတ၊ မင်းကစ၍၊ သကျမျိုးစစ်၊ အဆွယ်နမင်း၊ သက်ဆင်းနွယ်လာ၊ မဟာသမတ၊ စသည့်ခုတိုင်၊ ရခိုင်မော်ကွန်း တည်ထွန်းမပျက်၊ ကနက်ရိပ်ဖြူ၊ စံမှတ်ယူသည်၊ ထီးဖြူရွှရွှ၊ ပိုင်သတုံလျှင်း၊ မင်းပေါင်းပျော်ကြ၊ ဓညဝတီ၊ ဝေသာလီမြို့၊ အစို့ စို့နောက်၊ မြောက်ဦးတိုင်အောင်၊ စိုးဆောင်မနော၊ စောမွန်အစ၊ သမတအဆုံး၊ သိမ်းကျုံးစံစား၊ ရှည်လျားမင်းဆက်၊ နွယ်မပျက်တည်း"။

(မြို့တည်ရာဇဝင်လင်္ကာ)

ရခိုင်ဘုရင်နိုင်ငံတော်တွင် မြို့ပြထီးနန်းကို တည်ထားနိုင်ရာ မဟာသမတမင်းမှ ဆင်းသက်လာခဲ့သော သကျမျိုးစစ်မင်းများက စတင်ခဲ့ကြသည်ဆို၏။ ထိုမြို့တို့ဆိုလျှင် ရခိုင်ဘုရင်နိုင်ငံတော်တွင် ကဋ္ဌပနဒီ(ကုလားတန်)မြစ်၏ လက်ဝဲ လက်ျာ နှစ်ဘက်ကမ်းကိုမှီလျှက် တည်ရှိခဲ့ကြလေသည်။

ခတ္တိယမင်းများအဆက်မပြတ်ဘဲများစွာသော မြို့ပြထီးနန်းများကို တည်ရှိကြောင်းသမိုင်းအရလည်းကောင်း၊ လက်တွေ့သုတေသနအရလည်းကောင်း ထင်ရှားလေသည်။

ထို့ကြောင့်ရခိုင်ရာဇဝင်တွင် "အသမ္ဘိန္န၊ ခတ္တိယဟု၊ ဝါသုဒေဝ၊ မင်းကစ၍၊ ဂဋ္ဌပနဒီမြစ်ကိုမှီလျှက်၊ လက်ဝဲလက်ျာ များစွာမြို့ပြည်၊ တည်ခဲ့ပေမှ"ဟုမှတ်တမ်းပြုခဲ့လေ၏။

## ဒွါရာဝတီမြို့

ရခိုင်မြို့များတွင် ရှေးဦးမြို့များအနက် ဒွါရာဝတီနှင့် ဝေသာလီသည် အစောဆုံးဖြစ်သည်။ မြို့တည်မင်းနှင့်မြို့-ခုနှစ်သကြဲဇ်တို့ကို အတိအကျမတွေ့ရသေး။

သို့သော် ဒွါရာဝတီမြို့မှာ ဝါသုဒေဝစသော ဒသဘာတိကညီနောင်တကိုပ်တို့၏ လုပ်ကြံချက်ကြောင့် ပျက်စီးခဲ့ရသည်ဟူ၍ကား သိရှိရသည်။

## ရှေးဦးဝေသာလီ

ဤမြို့ကိုတည်ခဲ့သော ခုနှစ်သက္ကရာဇ်ကိုလည်း မသိရချေ။ သို့သော်မြို့တည်မင်းကိုမူ ဥပကံသမင်း၏သားငယ်ဝရမ္မာမင်းသားက တည်သည်ဟုလည်းကောင်း၊ မဟာပညာကျော်လှျောက်ထုံးနိုဂုံး၌ မုရာဂမင်းတည်သည်ဟုလည်းကောင်း အသီးသီးပြဆိုထားကြောင်းတွေ့ရသည်။ ထိုအဆိုအရ ဒွါရာဝတီနှင့် ခေတ်ပြိုင်တည်ခဲ့ရာမြို့ဟု ယူဆနိုင်စရာရှိလေသည်။

ဒွါရာဝတီမှ ဗြဟ္မပုရောဟိတ်နှင့် အဍ္ဎနဒေဝီတို့ ရောက်လာကြစဉ် ဝေသာလီပြည်မှ မှူးမတ်ပြည်သူပြည်သားတို့က တောင်းပန်လေ၍ ထီးနန်းကိုအပ်ခဲ့ကြလေသည်။

ထို့ကြောင့် ဗြဟ္မဏရာဇာအမည်ခံ၍ ထီးနန်းကို စိုးစံခဲ့ကြသည်ဆို၏။ ထိုမင်းကား မရှည်ကြာခဲ့ဘဲ မြို့သစ်ကိုရွှေ့ပြောင်း တည်ထောင်သွားခဲ့သည်ဆို၏။

သုတေသီ ချန်ထွန်းက ဗြဟ္မဏရာဇာမှ ဗြဟ္မသိဒ္ဓိမင်းထိ (၂၇)ဆက်၊ နှစ်ပေါင်း (၁၉၉၀)ဟု ပြဆိုထားသည်။မင်းကြီးကောင်းရာဇဝင် ဒေပမူတွင် မင်းအမည်ဘွဲ့ပါ ထင်ရှားစွာဖြင့် (၂၆) ဆက်သာပြသော်လည်း နန်းသက်မှာတူညီနေသည်။

ထိုမှတ်တမ်းတို့အရ ဗြဟ္မရာဇာသည် ကုသမင်းသကြဲဇ် (အဍ္ဎနသကြဲဇ်လည်းခေါ်သည်) ၄၀၀၅ (ခရာဇ်တော်မပေါ်မီ ဘီစီ ၅၃၁၆)တွင် ဖြစ်ရာ ဗြဟ္မသိဒ္ဓိမင်းအထိ မင်း (၂၆) ဆက်တိုင်ဆိုလျှင် အဍ္ဎနသကြဲစ် ၅၉၉၅(ဘီစီ ၃၃၂၆)ခုနှစ်၊ တိုင်အောင် ရှည်ကြာလေသည်။

(အဍ္ဎန၄၀၀၅-၅၉၉၅/ဘီစီ-၅၃၁၆-၃၃၂၆)နှစ်ပေါင်း (၁၉၉၀)နှစ်ဖြစ်လေ၏။ရခိုင်ရာဇဝင်တို့၌ ဗြဟ္မဏရာဇာနောက် ဒုတိယ ဝေသာလီမင်းဆက်ကို တဖန်တည်ထောင်ခဲ့ကြရာ သရဘန်မင်းမှ ဗြဟ္မသိဒ္ဓိမင်းထိ (၁၆)ဆက်တိုင်ခဲ့သည်ဟု ပြဆိုထား၏။

(ဆရာတော်အသျှင်စက္ကိန္ဒ၏ ရခိုင်ယဉ်ကျေးမှုအမှတ် (၃)မှ ကောက်နုတ်ဖော်ပြပါသည်)။

## ဗြဟ္မသိရိ(ဘီစီ-၅၂၇၇-၅၁၁၃)

ဗြဟ္မဏသုန္ဒရမင်းကြီးသည် (ဘီစီ-၅၂၇၇)နှစ်တွင် နန်းတက်ပြီး၊ နန်းစံ (၃၉)နှစ်၊ ဘီစီ ၅၂၀၂-ခုနှစ်တွင် နတ်ရွာစံတော်မူလေလျှင် သားတော်ဗြဟ္မသိရိသည် ဘခင်၏ အရိပ်အရာဖြစ်သော ထီးနန်းကို ဆက်ခံ၍ တိုင်းပြည်တိုးတက်သာယာအောင် ထမ်းဆောင်ပြီးနောက်၊ ထီးနန်းစံနှစ် (၈၉)ဘီစီ ၅၁၁၃-ခုနှစ်တွင် နတ်ရွာစံတော်မူလေသည်။

## ဗြဟ္မဏသာ၁၀ (ဘီစီ ၅၁၁၃–၅၀၄၁)

ဘခမည်းတော် နတ်ရွာလားလျှင် သားတော် ဗြဟ္မဏသာရသည် ခမည်းတော်၏ အရိုပ်အရာဖြစ်သော ရခိုင်ထီးနန်းကို ဘီစီ ၅၁၁၃တွင် စိုးစံအုပ်ချုပ်တော်မူလေသည်။ နိုင်ငံတော်တိုးတက်ရေးနှင့် အေးချမ်းသာယာအောင်ပြုလုပ်ပြီးနောက် နန်းစံ (၇၂)နှစ် ဘီစီ ၅၀၁၄–ခုနှစ်တွင် နတ်ရွာစံတော်မူလေသည်။

## ဗြဟ္မဏသာဂရ (ဘီစီ ၅၀၄၁–၄၉၃၇)

ဘခမည်းတော် နတ်ရွာစံလွန်တော်မူပြီးလျှင် သားတော် ဗြဟ္မဏသာဂရသည် ဘခမည်းတော်၏ အရိုပ်အရာဖြစ်သော ရခိုင်ထီးနန်းကို စိုးအုပ်တော်မူလျက် ရခိုင်ပြည်သူပြည်သားများအပေါ် မင်းကျင့်တရား (၁၀)ပါးနှင့်အညီ အုပ်ချုပ်၍ နန်းစံ (၁၀၄)နှစ်၊ ဘီစီ ၄၉၃၇–တွင် နတ်ရွာစံတော်မူလေသည်။ ဤဗြဟ္မဏသာဂရမင်းသည်ကား သက်တော်ရှည် ရခိုင်ဘုရင် တပါးဖြစ်လေသည်။

## ဗြဟ္မနေတု (ဘီစီ ၄၉၃၇–၄၈၇၇)

ခမည်းတော် (ဘီစီ ၄၉၃၇)တွင် နတ်ရွာစံလွန်တော်မူပြီးနောက်၊ သားတော် ဗြဟ္မနေတုသည် ဘခမည်းတော်၏ အရိုပ်အရာဖြစ်သော ရခိုင်ထီးနန်းကို ဘီစီ ၄၉၇၃–ခုနှစ်တွင် ဘိသိက်ခံ၍နန်းတက်တော်မူ၏။ ထိုဗြဟ္မနေတုမင်းသည် ရခိုင်ပြည်သူ ပြည်သားများကို ရင်ဝယ်သားကဲ့သို့ အုပ်ချုပ်တော်မူလျှက် နန်းစံနှစ်ခြောက်ဆယ် (၆၀)ပြည့်ပြီး၊ ဘီစီ ၄၈၇၇–ခုနှစ်တွင် နတ်ရွာစံတော်မူလေသည်။

## ဗြဟ္မအဏ [၄၈၇၇–၄၈၀၁]

ဘခမည်းတော် နတ်ရွာစံပြီးလျှင်၊ သားတော် အိမ်ရှေ့မင်းသားသည် ဘီစီ ၄၈၇၇–ခုနှစ်တွင် ဘိသိက်ခံယူတော်မူပြီး နန်းတက်လာခဲ့သည်။ တိုင်းသူပြည်သားတို့အား ဂရုဏာ တရားရေးထား၍အုပ်ချုပ်လျှက် နန်းစံနှစ် (၇၆)နှစ်ပြည့်ပြီးလျှင် ဘီစီ ၄၈၀၁ တွင် နတ်ရွာစံတော်မူလေသည်။

## ဗြဟ္မပုရာ (ဘီစီ ၄၈၀၁–၄၇၃၆)

ခမည်းတော် နတ်ရွာစံတော်မူပြီးနောက်၊ သားတော် အိမ်ရှေ့မင်းသား ဗြဟ္မပုရသည် ဘီစီ ၄၈၀၁–ခုနှစ်တွင် ဘိသိက်ခံ၍ ဘခမည်းတော်၏ အရိုပ်အရာဖြစ်သော ရခိုင်ထီးနန်းကို ဆက်ခံပြီး မင်းကျင့်တရား ဆယ်ပါး (၁၀)ပါးနှင့်အညီ အုပ်ချုပ်တော်မူလျှက် နန်းစံ (၆၅)နှစ်၊ ဘီစီ ၄၇၃၆တွင် နတ်ရွာစံတော်မူလေသည်။

## ဗြဟ္မဝေသီ (ဘီစီ ၄၇၃၆–၄၆၈၀)

ခမည်းတော် နတ်ရွာစံပြီးလျှင် သားတော်အိမ်ရှေ့မင်းသားဖြစ်သောဗြဟ္မဝေသီသည် ခမည်းတော်၏ အရိုပ်အရာဖြစ်သော ရခိုင်ထီးနန်းကို ဆက်ခံ၍ ၄၇၃၆–ခုနှစ်တွင် နန်းတက်ပြီး အုပ်ချုပ်တော်မူလျှက်၊ နန်းစံနှစ် (၅၆)နှစ်၊ ဘီစီ ၄၆၈၀ ခုနှစ်တွင် နတ်ရွာစံတော်မူလေသည်။

## ဗြဟ္မစကြာ (ဘီစီ ၄၆၈၀–၄၅၇၀)

ဘီစီ ၄၆၈၀–ခုနှစ်တွင် ဘခမည်းတော် နတ်ရွာစံပြီးနောက်၊ သားတော်အိမ်ရှေ့မင်းသားသည် ဘီစီ ၄၆၈၀တွင် ဘိသိက်ခံပွဲကျင်းပြီး ခမည်းတော်၏ အရိုပ်အရာဖြစ်သော ထီးနန်းကို စိုးစံအုပ်ချုပ်လျှက် ထီးနန်းစည်းစိမ် (၁၁၀)နှစ်၊ ဘီစီ ၄၅၇၀တွင် နတ်ရွာစံတော်မူလေသည်။ဗြဟ္မစကြာမင်းသည် လည်းသက်တော်ရှည်ရခိုင်ဘုရင်တပါးဖြစ်၏။

## ဗြဟ္မဏမာယု (ဘီစီ ၄၅၇၀–၄၅၂၀)

ဘီစီ ၄၅၇၀တွင် ဘခမည်းတော်မင်းကြီး နတ်ရွာစံပြီးနောက် သားတော်ဗြဟ္မမာယုသည် ဘီစီ ၄၅၇၀တွင် ဘိသိက်ခံယူကျင်းပလျှက် ခမည်းတော်၏ အရိုပ်အရာဖြစ်သော ရခိုင်ထီးနန်းကို စိုးစံအုပ်ချုပ်တော်မူပြီး၊ ထီးနန်းစံနှစ်ငါးဆယ် (၅၀)၊ ဘီစီ ၄၅၂၀တွင် နတ်ရွာစံတော်မူလေ၏။

## ဗြဟ္မနုပ (ဘီစီ ၄၅၂၀–၄၄၆၁)

ခမည်းတော်ကွယ်လွန်ပြီးလျှင် မင်းသားဗြဟ္မနုပသည် ဘီစီ ၄၄၆၁ဟွင် ဘိသိက်ခံယူကျင်းပလျှက် ရခိုင်ထီးနန်းကို စိုးစံအုပ်ချုပ်မင်းလုပ်တော်မူလေသည်။ နန်းစံနှစ် ငါးဆယ့်ကိုး (၅၉)၊ ဘီစီ ၄၄၆၁တွင် နတ်ရွာစံတော်မူလေ၏။

## ဗြဟ္မဒေဝ (ဘီစီ ၄၄၆၁–၄၃၆၃)

ခမည်းတော်နတ်ရွာစံပြီးလျှင်သားတော်ဗြဟ္မဒေဝသည် ဘီစီ ၄၄၆၁တွင် ဘိသိက်ခံယူလျှက် ရခိုင်ထီးနန်းကို မင်းကျင့်တရား (၁၀)ပါးနှင့်အညီ စိုးစံအုပ်ချုပ်တော်မူပြီး၊ ထီးနန်း စံနှစ် (၉၈)နှစ်၊ ဘီစီ ၄၃၆၃တွင် နတ်ရွာစံတော်မူလေ၏။

## ဗြဟ္မဒေယု (ဘီစီ ၄၃၆၃–၄၂၉၈)

ခမည်းတော်နတ်ရွာစံပြီးလျှင် သားတော် ဗြဟ္မဒေယုသည် ဘီစီ ၄၃၆၃တွင် ဘိသိက်ခံယူလျှက် ရခိုင်ထီးနန်းကို ဆက်လက်စိုးစံတော်မူလေသည်။ တိုင်းသူပြည်သားများကိုလည်း မေတ္တာ၊ ဂရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟု ဆိုအပ်သော ဗြဟ္မစိုရ်တရား လေး(၄)ပါးနှင့်အညီအုပ်ချုပ်လျှက်၊ ထီးနည်းစံနှစ် (၆၅) နှစ်၊ ဘီစီ ၄၂၉၈တွင် နတ်ရွာစံတော်မူလေ၏။

## ဗြဟ္မဒေဝ (ဘီစီ ၄၂၉၈–၄၂၂၈)

- ●"လုံခြုံမှုမရှိ ဂျပန်ကိုလည်းကြောက်ရ ဗမာကိုလည်း ကြောက်ရ ဓါးမြကိုလည်းကြောက်ရ"။
- ●ဒီမိုကရေစီ လွတ်လပ်ခွင့် မရှိလျှင် မျက်စေ့ကန်း နားပင်းသကဲ့သို့ဖြစ်နေကြရခြင်း။
- ●အမှန်တရားကင်းမဲ့ပြီး အမှုအခင်းများ မှန်မှန် ကန်ကန် စစ်ဆေးမှုမရှိခြင်း။
- ●ကရင်အမျိုးသာများမှာ တောင်ယာ၊ လယ်ယာ၊ စိုက်ပျိုးရေးသမားများဖြစ်၍ ဆန်စပါးဈေးနှုန်းကျပြီး အခြားလူ

---

- ●မြေရှင်ပဒေသရစ်ခေတ် ကရင်အမျိုးသားဘဝ ကရင်သမိုင်းမှတ်စု–ဆရာကြီးစကောလယ်တော (၁၉၈၄–၈၅)
- ●ဂျပန်ခေတ် ကရင်အမျိုးသာဘဝ ကရင်သမိုင်းမှတ်စု ဆရာကြီးစကောလယ်တော (၁၉၈၄–၈၅)

၁။ ကရင်အမျိုးသားသမိုင်း **KNU** ပြုစုထားသည်။

၂။ **Loyal Karen of Burma MrMakenrg (ornal)**

၃။ **Chronicale of Bristish Cristian Mission by**

သုံးပစ္စည်းများဈေးကြီးမြင့်ခြင်းကြောင့် အခက်အခဲဖြစ်သည်။

●ကုန်သည်များဝင်ငွေကောင်းသော်လည်း ခရီးသွားမှုခက်ခဲခြင်း၊ အစစ်ဆေးများခြင်း၊ နေ့အချိန်မသွားဝံ့မြီတိသျှ လေယဉ်များကို ကြောက်ရသည်။

●ဖျားနာလျှင်ဆေးမရှိ၊ ဝယ်ယူသုံးစွဲသောဆေးများ အာနိသင်မရှိ၊ ရောဂါပိုတိုးလာသည်။ အဝတ်အထည်များဈေးကြီးပြီး၊ အချို့အဝတ်အထည်မရှိ၍–သစ်ရွက်များကိုပြုပြင်ဝတ်ရခြင်း၊ ဂျပန်များသွင်းကုန်မရှိ၊ ထွက်ကုန် များကို ရသမျှ ထုတ်ယူသွားကြသည်။ သယ်ဇာတပစ္စည်းအားလုံးလိုလို ထုတ်သွား၍ ပြည်သူပစ္စည်းများ လုယက်ခံကြရခြင်း၊ ချွေးတပ်ဆွဲခံရခြင်း၊ မသွား၍မရ၊ သွားလျှင်အနည်းနှင့်အများ အသက်ဆုံးရှုံးကြရသည်။ ဂျပန်များအတွက် အစစအရာရာ လုပ်အားပေးရသည်။ ပါးနားရိုက်ခံရခြင်း၊ ညှင်းဆဲခံရခြင်း၊ ဆဲဆိုခံရခြင်း ၊ အဖမ်းခံရခြင်း အမှန်ပြောလျှင်မယုံ၊ မပြောလျှင် အရိုက်ခံရသည်။ ကရင်အများအပြား မစစ်ဆေးခင်၊ ရုံးမရောက်ခင် အသက်ဆုံးရှုံးကြရခြင်း စသည်တို့ဖြစ်သည်။

ဒီခေတ်ကြီး (၃)ခေတ်ဖြစ်တဲ့ မြေရှင်ပဒေသရာဇ်ခေတ် ဒုတိယကမ္ဘာစစ်ကာလ ဂျပန်ခေတ် မျက်မှောက် နဝတ ဖြစ်တဲ့ နအဖ– စစ်အာရှင်အုပ်ချုပ်ရေးကာလတလျှောက်–ကရင်လူ့အဖွဲ့အစည်းရဲ့တွေ့ကြုံခံစားရတဲ့ ဒုက္ခအသီးသီး (စီးပွါးရေး လူမှုရေး၊ နိုင်ငံရေး)တဦးစီဟာ တထပ်တည်းပြောလို့ရပါတယ်။

အဲဒီလိုတို့ ကရင်လူမျိုးဟာ အတိတ်မျက်မှောက် အခြေအနေကို သုံးသတ်မိုင်ဘို့နှင့် တမျိုးသားလုံးရဲ့အနာဂါတ်ကို ဘယ်လို စတင်ရေးဖွဲ့မလဲဆိုတာ အရေးတကြီး တာဝန်တရပ်ဖြစ်နေတယ်။

မျက်မှောက်နှင့် အနာဂါတ်ရေးရာ သုံးသတ်နိုင်ဘို့ သမိုင်းဆိုင်ရာ ဆန်းစစ်ချက်တွေ အထူးလိုပါတယ်။ ဒါကြောင့် ကရင့်လူ့အဖွဲ့အစည်းအတွက် အမျိုးသားသမိုင်းစာစောင် လိုအပ်တယ်ဆိုတဲ့ အကြံပြုချက်ပါ လျော်ကန်သင့်မြတ်တဲ့ ရှုမြင် သုံးသပ်ချက်တရပ်ဖြစ်လို့ လက်ခံဆောင်ရွက်ရခြင်းဖြစ်ပါတယ်။

ကရင်သမိုင်းသုတေသနဌာန

● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ●

# "ကရင်"

## ဝေါဟာရနှင့် အဓိပ္ပါယ်

"ကရင်"ဆိုတဲ့အမည်ဝေါဟာရကို မြန်မာလူမျိုးတွေက စတင်ခဲ့တာဖြစ်တယ်။ ဘယ်ခေတ်ကာလက စတင် ခေါ်ဝေါ်ခဲ့သလဲ ဆိုဒါကို ပုဂံခေတ် ရွှေကွင်းချကောက်စာမှ "ပုခြည်ခါဆီ ၃၈၊ ကရင်ထမိပြောက်" ဆိုတဲ့ စာပိုဒ်တခုကို တွေ့လို့ ပုဂံခေတ်ကဘဲ စတင်ခေါ်ဝေါ်ခဲ့သလား ဆိုဒါတွေးထင်စရာရှိကြောင်း သမိုင်းမှတ်တမ်းအချို့မှာ ဖေါ်ပြထားပါတယ်။ ရှေးခေတ်ကျောက်စာ တွေမှာ ဗုဒ္ဓဘာသာတရားအရ အလှူအဒါန်းတွေပြုပြီး၊ အလှူစာရင်းတွေကို ရေးထိုးလေ့ရှိသည့်အတွက် ရောင်မျိုးစု "ကရင်ထမိ"ဆိုလိုတာ ဖြစ်မလားဆိုပြီး၊ တွေးထင်ချက် ပြုထားပါတယ်။

"ကရင်"ဆိုတဲ့ဝေါဟာရကို ဦးကုလားစီရင်ရေးသားတဲ့ မဟာရာဇဝင်တော်ကြီးနဲ့ ဦးဘသန်း (ဘီအေ)ရဲ့ မြန်မာရာဇဝင်မှာ အောက်ပါအတိုင်း အနက်အဓိပ္ပါယ် ဖွင့်ထားပါတယ်။

–ကရင်ဟူသည်မှာ ပါဠိဘာသာအားဖြင့် ကရမှ ကရင်ဖြစ်လာသည်ဟု ကောဋ္ဌသ ဒီပနီကျမ်း၌ ဆိုကြောင်း

–အခြားတနည်းမှာ သုဝဏ္ဏဘူမိ၏ ရှေးအမည် ကရဏ္ဍတိုင်းဟူ၍လည်းကောင်း၊

–၎င်းတိုင်းရင်းသား လူမျိုးကို ကရဏ္ဍလူမျိုး၊ နောင် *ကရင်လူမျိုး*တွင်ကြောင်း စသည်ဖြင့် ရေးသားထားလေသည်။

---

■မြန်မာစွယ်စုံကျမ်း အတွဲ(၁)'က' 'ကု'စာမျက်နှာ (၉၄)

■ခေတ်ဟောင်းမြန်မာရာဇဝင် သန်းထွန်း **MA. BL. Ph,d (london)**
**studied in Burmese History Number one 1969**

■မဟာရာဇဝင်တော်ကြီး ဟံသာဝတီ ပုံနှိပ်တိုက် ၁၉၆၀

"ကရင်"နှင့်ပါတ်သက်ပြီး၊ မြန်မာသမိုင်းဆရာများ ရေးသားပြုစုတဲ့ သမိုင်းစာစောင်အချို့မှာ "ကမ်းယံ" 'စကြောဝ်' 'တောင်သူ'(ပအူ)စတဲ့ ဝေါဟာရတွေကို ကရင်အဖြစ် ဖေါ်ပြရေးသားထားဒါလည်း တွေ့ရပါတယ်။ ဒီအမည် ဝေါဟာရတွေဟာ ကရင်ဆိုတဲ့ဝေါဟာရထက် ပိုမိုရှေးကျတယ်လို့ ယူဆစရာရှိပါတယ်။ ဒေါက်တာသန်းထွန်း ရေးသားပြုစုတဲ့ မြန်မာရာဇဝင် စာတမ်းအမှတ် (၁)၊ စာမျက်နှာ (၆၂)မှာ ရှစ်ရာစုနှစ်ခန့်က ကရင်ရန်ကြောင့်စတင်၍ နိုင်ငံရေးဆုတ်ယုတ်လျက်ရှိပြီး အေဒီ ၈၃၂-နန်ကြောင်ဖျက်ဆီးသဖြင့် လုံးဝပျက်စီးသွားသည်ဆိုတဲ့ ပျူနိုင်ငံရဲ့အခြေအနေကို ဖေါ်ပြထားပါတယ်။ ပုဂံခေတ်ကျောက်စာမှာ "စကြောဝ်"စကားလုံးကို တွေ့ရာက "စကြောဝ်"နှင့် 'စကော'ဝေါဟာရ နှစ်မျိုးဟာတူညီမှု ရှိမရှိဆိုဒါ တိတိကျကျ ဖေါ်ပြနိုင်ခဲ့တာ မရှိပါဘူး။ ဒါပေမဲ့ စကော ကရင်ဘဲလို့အချို့က သတ်မှတ်ပါတယ်။

-ဦးဘသန်း (ဘီအေ)ရေးသားတဲ့ ရာဇဝင်မှာတော့ သုမုန္ဒီမင်း၏သားတော် သရေခေတ္တရာ(၂၇)ဆက်မြောက် သုပညာမင်းလက်ထက်၊ သက္ကရာဇ်ထို (၁၆)ခုတွင် မွန်၊ ကမ်းယံ လူမျိုးတို့ တိုက်ခိုက်ပြီး၊ အချင်းချင်းလည်း စစ်မက်ဖြစ်သည်နှင့် သရေခေတ္တရာပျက်လေသည်လို့ ရေးသားထားပါတယ်။

မြန်မာတို့နေထိုင်ရာဒေသ၏ တောင်ဖျား၌ စကြဝ်တို့ရှိကြ၍ မြန်မာလက်အောက်၌ နယ်ခြားစစ်တပ်တွင် အမှုထမ်းပုံရသည်။ တောင်သူလူမျိုးမှာ အနံ့အပြားရှိ၏ စသည့်ဖြင့်ရေးသားထားပါတယ်။

၁၉၅၆-ခုနှစ်၊ ပြည်တော်သာ ဦးထွန်းရီ ရေးသားတဲ့ ပါဒနိုင်ငံတော် ရာဇဝင် (သမိုင်း)မှာ "ကရီ"ကို ကရင်လို့ဖေါ်ပြထားပါတယ်။

ကရင်နှင့် ပတ်သက်ပြီး မြန်မာလူမျိုးတို့ခေါ်ဝေါ်တဲ့ အမည်တွေကတော့ အတော်များပါတယ်။ သမိုင်းစာစောင်တွေမှာ'မွန်ကရင်'၊'မြန်မာကရင်'၊'ကွင်းကရင်'၊'တောင်ပေါ်ကရင်'၊'ဘွဲကရင်'၊'ကွေ့ကရင်'စသည်တို့ကို တရားဝင်ရေးသားခေါ်ဝေါ်ကြတယ်။ အချို့အခေါ်တွေမှာ "စာဖြူကရင်"၊ "စာမဲကရင်"၊ "အရိုင်းကရင်"၊ "နတ်စားကရင်" စတာကိုလည်း ခေါ်ဝေါ် သုံးစွဲကြသေးတယ်။

-တရုပ်လူမျိုးတွေကတော့ ကရင် 'ယန'လို့ခေါ်တယ်။ သျှမ်းနှင့် ထိုင်းလူမျိုးတွေကတော့ 'ယန်'လို့ခေါ်တယ်။ ထိုင်းလူမျိုးတွေကတော့ 'ယန်း'၊ 'ကလယန်'၊ 'ကလယန်'လို့လည်းခေါ်ကြတယ်။ မွန်ကတော့၊ 'ဟရီယန်'လို့ ခေါ်တယ်။

ကရင်လူမျိုးကို ခေါ်ဝေါ်သုံးစွဲတဲ့ အမည်တွေကတော့ အထွေထွေများပြားရတဲ့ အကြောင်းကတော့ ကရင်လူမျိုးတွေရဲ့အခြေစိုက်နေထိုင်တဲ့ ဒေသတွေ အကွဲကွဲအပြားနှင့် ပြန့်နှံ့နေထိုင်ကြဒါတကြောင်း၊ မြန်မာလူမျိုးများအပြင် အခြားလူမျိုးတွေနှင့် အကျွန်းတဝင်နေထိုင်မှု နဲပါးဒါကတကြောင်းလို့ ယူဆရပါတယ်။

အမှန်စင်စစ် ကရင်လူမျိုးတွေဟာ မိမိတို့လူမျိုးကို ခေါ်ဝေါ်တဲ့နေရာမှာ စကောကရင်ဆိုရင် ပွာကညော၊ ပိုးကရင်ဆိုရင် 'ဟဖလုံ'၊ 'ပဖလုံး'လို့ ခေါ်တယ်။ ကယားကတော့ 'ကယာလီ'လို့ ခေါ်တယ်။ အဓိပ္ပါယ်ကတော့ လူဖြစ်တယ်။ ကရင်မျိုးနွယ်စု များမှာ လူကို ခေါ်ဝေါ်တဲ့ ဝေါဟာရကို အခြေခံပြီး၊ "မျိုးနွယ်စု"ကိုခွဲခြားသတ်မှတ်နိုင်ပါတယ်။ ဒါအပြင် အရပ်ဒေသကို အစွဲပြုပြီး မျိုးနွယ်အမည် သတ်မှတ်သေးကြတယ်။ ဥပမာ မနုမနော (အရှေ့အနောက်သား)ကဲခို၊ ကဲဘား၊ (တောင်ပေါ်တောင်အောက်သား)ကလရှီးဆိုရင်လည်း ပလရှီးဒေသကို စွဲပြီး၊ ခေါ်ဝေါ်ကြတယ်။ ဒီအခေါ်အဝေါ်တွေအားလုံးဟာ မြန်မာလူမျိုး (သို့မဟုတ်)အုပ်စိုးသူတွေက သင့်တော်သလို အမည်တွေပေးပြီး၊ သတ်မှတ်ခဲ့ကြဒါဖြစ်တယ်။ ဒီလိုသတ်မှတ်တော့ အခေါ်ခံရတဲ့မျိုးနွယ်စုကိုယ်တိုင်က ကိုယ့်အမျိုးကိုယ်သတ်မှတ်ချက်နဲ့ ခြားနားနေပါတယ်။ မြန်မာပြည်မျိုးနွယ်စုတွေရဲ့ အမည်အားလုံးလိုလိုဟာ မျိုးနွယ်စုတွေကိုယ်တိုင် ဖော်ထုတ်ရွက်ဆိုတဲ့ ဝေါဟာရတွေမဟုတ်သေးဒါ တွေ့ရပါတယ်။

---

မြန်မာရာဇဝင် ဦးဘသန်း (ဘီအေ)ပညာပြန့်ပွါးရေး လှုံ့ဆော်ရေးစာတမ်း၊ စာအမှတ် (၁၉)၊ မှတ်စု (၂)

- ခေတ်ဟောင်းရာဇဝင်- ဒေါက်တာ သန်းထွန်း စာမျက်နှာ (၉)
- ပါဒနိုင်ငံတော် ရာဇဝင်သမိုင်း-ပြည်တော်သာဦးထွန်းရီ
- စွယ်စုံကျမ်း အတွဲ(၁) စာမျက်နှာ(၇၃)

# ကရင်မူလအစ

## စကားနှင့်မျိုးနွယ်အုပ်စု

မြန်မာနိုင်ငံမှာမီကင်းနေထိုင်ကြတဲ့ မျိုးနွယ်စုအသီးသီးဟာ –ဘာသာစကားအုပ်စုကြီး(၃)စုထဲမှာဘဲ အကြုံးဝင်ကြပါတယ်။ အဲဒီစကားအုပ်စု (၃)စုကတော့–

(၁) ဩစတြစ် ဘာသာစကားအုပ်စု။

(၂) တိဘက်တရုပ်ဘာသာစကားအုပ်စု။

(၃) တိဘက်မြန်မာ ဘာသာစကားအုပ်စုတွေဖြစ်တယ်။

(၁)ဩစတြစ်–ဘာသာစကားဘာသာစကားအုပ်စုမှာ

(က)ဩစတြိုနီရှနှင့်

(ခ) ဩစတြိုအာရှ (၂)နှစ်မျိုးကွဲပြားတယ်။ ဩစတြိုနီရှဟာ ကျွန်းပိုင်းနေထိုင်သူများဖြစ်ပြီး ဩစတြိုအာရှအုပ်စုကတော့ ကုန်းပိုင်းနေထိုင်သူများဖြစ်တယ်။ ဩစတြိုနီရှအုပ်စုမှာ အင်ဒိုနီးရှား၊ မိအေနီရှ၊ ပိုလီနီရှ တို့ပါဝင်တယ်။ ဩစတြိုအာရှအုပ်စုမှာ မွန်ဂိုခမာ၊ ပလောင်၊ ဝ တို့ပါဝင်တယ်။

(၂) တိဘက်တရုပ်ဘာသာစကားအုပ်စုမှာ မန်၊ ကရင်၊ ထိုင်းတရုပ် တို့ပါဝင်တယ်။ မန်အုပ်စုမှာ မျောဝ်၊ ယောဝ်တို့ပါဝင်ပြီး ကရင် အုပ်စုမှာ စကော၊ ပကူ၊ ဝေဝေါ်၊ ပော်နီဘွား၊ပိုးမိုပွါ၊ မရင်၊ ဘွဲ့ပရက်၊ ကယား၊ ပဒေါင်၊ ယင်းဘော်၊ ဃဲကု၊ တောင်သူ၊ ဇယိန်ကိုပြသော် ထိုင်းတရုပ်အုပ်စုမှာ တရုပ်၊ အာနမ်၊ ထိုင်းတို့ပါတယ်။ ထိုအထဲမှာ ယိုးဒယား၊ ရှမ်း၊ အဟုမ်၊ ခမိတို့ပါ ဝင်တယ်။

(၃) တိဘက်မြန်မာဘာသာစကားအုပ်စုမှာ တိဘက်ဟိမဝန္တာ၊ မြောက်အာသံ၊ အာသမ်၊ မြန်မာတို့ဖြစ်တယ်။ တိဘက်ဟေမဝန္တာအုပ်စုမှာ တိဘက်နှင့် ဟေမဝန္တာ အုပ်စု (၂)စုရှိပြီး၊ အာသမ် မြန်မာအုပ်စုမှာ နာဂ၊ ကုကီချင်း၊ သက်၊ ကချင်ခေါ်ဂျင်းဖေါ မြန်မာစကားပြောအုပ်စုတို့ပါဝင်ကြတယ်။

ကရင်စကားနှင့် ပါတ်သက်ပြီး ဘာသာစကား ဗေဒပညာရှင်တွေ အချင်းချင်း စကားအုပ်စုသတ်မှတ်ထဲတွေမှာ အယူအဆ ကွဲကွဲ ပြားပြားရှိခဲ့ကြတယ်။ ဦးဘရင် ရေးသားတဲ့မြန်မာနိုင်ငံသမိုင်းမှာ မွန်၊ ပလောင်၊ ဝတို့၏နောက်၊ ရှေးဦးစွာဝင်လာသူတို့မှာ တိဘက်တိုဘာမင် အနွယ်ဝင် ပျူနဲ့ကရင်များဖြစ်သည်လို့ ရေးထားပြီး၊ ကရင်ကိုတိဘက် မြန်မာအုပ်စုမှာ ထည့်သွင်းဖေါ်ပြထားပါတယ်။

ဟံသာဝတီ ဦးဘရင်ရေးသားတဲ့" မြန်မာရာဇာဝင်မှတ်တမ်းမှာ တောင်ပေါ်ကရင်နှင့် မြေပြန့်ကရင်များအပါအဝင် ကယား၊ ပဒေါင်း၊ ပအိုဝ်း၊ တောင်သူများသည်အာရှဖက်မှ ဝင်လာသော အုပ်စုများဖြစ်သည်ဟုလည်း ရေးသားဖေါ်ပြထားတယ်။

၁၈၀၀ ခုနှစ် နှောင်းပိုင်းကာလက–ပြင်သစ်စာပေပညာရှင်နှစ်ဦးဖြစ်တဲ့ (**Terrien de Lacouperie** နဲ့ **George Griersim**) တို့ ကရင်လူမျိုးကို တရုပ်လူမျိုးမဝိုင်မီ ရှေးလူမျိုးအဖြစ်ဖေါ်ပြခဲ့သည်။ (**Grierson**)က ကရင်ကို ၁၉၀၁နှင့် ၁၉၁၁–ခု၊ အိန္ဒိယလူဦးရေစာရင်းမှာ ထိုင်း၊ တရုပ်အုပ်စုထဲမှာ ထည့်သွင်းထားပါတယ်။ ဒါပေမဲ့ ၁၉၂၁–ခုနှင့် ၁၉၂၇–ခုနှစ်မှာတော့ ကရင်ကို သီးခြား ဖေါ်ပြထားပြန်တယ်။

–ပါမောက္ခ– **G. H. Luce** ကလည်း ကရင်နှင့် မြန်မာ ဆက်နွယ်မှုကို ဖေါ်ပြတဲ့အတွက် မြန်မာအစိုးရက **G. H. Luce** ရဲ့ ဖေါ်ပြချက်ကို အခြေခံပြီး၊ ကရင်ကို တိဘက်တိုဘားမင်းထဲ ဖေါ်ပြခဲ့ပါတယ်။ **Mr. Forest**နှင့် **R. B Junes**တို့ကတော့ ကရင်ဟာ ထိုင်းအုပ်စုနှင့် မျိုးနွယ်ဆက်စပ်ကြောင်း ဖေါ်ပြခဲ့ကြတယ်။ ဒါပေမဲ့ ၁၉၇၁–ခုနှစ်မှာ ထင်ရှားတဲ့ ဘာသာစကား

---

■ ခေတ်ဟောင်းမြန်မာရာဇဝင် ဒေါက်တာသန်းထွန်း

■၁။ မြန်မာနိုင်ငံတော်သမိုင်း၊ ဦးဘရင်၊ ပြည်သူ့အလင်းပုံနှိပ်တိုက် ၁၉၅၇

■၂။ မြန်မာရာဇဝင်မှတ်တမ်း၊ ဟံသာဝတီ ဦးဘရင်၊ငွေကြည်ရောင်ပုံနှိပ်တိုက် ၁၉၆၈

■၃။ **History of Karen-Tai Relations and From the Begining to 1923 by Ronal D. Renard**

ဗေဒပညာရှင် အများအပြားကတော့ ကရင်ကို တိဘက်တိုဘားမင်အုပ်စုမှာ ထည့်သွင်းထားကြတယ်။ နှစ်ဆယ်ရာစု ကရင် အနည်းငယ်သာ ကရင်မြန်မာ၊ ကရင်ထိုင်း ဆက်နွယ်မှုကို လက်ခံကြပါတယ်။ ဒီအထဲမှာ ကရင်ခေါင်းဆောင် စကောကရင် ဒေါက်တာစံစီဖိုးပါဝင်ပြီး၊ ၁၉၂၂–ခုနှစ်၊ အိန္ဒိယ လူဦးရေစာရင်းအရ ကရင်ကို ထိုင်းအုပ်စုနှင့် ဆက်စပ်ဖော်ပြချက်ကို ယေဘုယျ အားဖြင့် လက်ခံခဲ့ပါတယ်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

# ဆင်းသက်ရာလမ်းကြောင်း

❖ ကရင်လူမျိုးတို့သည် အာရှတိုက်အလယ်ပိုင်းမှ လာရောက်ကြလျက် ခရစ်သက္ကရာဇ် (၂၀၀)ကျော်လောက်တွင် ဧရာဝတီမြစ်၊ သံလွင်မြစ်၊ မဲနမ်မြစ်အကြား တောင်ကုန်းများ၌ နေထိုင်စပြုလာကြသည်။ နောင်အခါတွင် မြစ်ဝကျွန်းပေါ်သို့ ပြန့်နှံ့သွားသည်။

❖ မွန်၊ ပလောင်၊ ဝတို့၏ နောက်မှ ရှေးဦးစွာ ဝင်လာသူတို့မှာ တိဘက်တိုဘားမင်အနွယ်ဝင် ပြူ၊ သက်၊ ကရင်များဖြစ်သည်။ ပြူတို့မှာ ဧရာဝတီမြစ်ကြောင်းအားဖြင့်၎င်း၊ သက်တို့သည်ပြူတို့၏နောက်မှ၎င်း၊ ကရင်တို့သည် သံလွင်မြစ်ကြောင်းအားဖြင့် ရှမ်းကုန်းပြင့်ကို ဖြတ်ကျော်၍၎င်း၊ အသီးသီးဝင်လာကြသည်ဟု ဆိုနိုင်သည်။ ထိုလူစုအနက် ကရင်တို့မှာ ရှမ်းပြည်တောင်ပိုင်းနှင့် ကရင်နီနယ်လောက်တွင် ရပ်တန့်ကာ လွတ်လပ်စွာနေကြ၏။

❖တောင်ပေါ်ကရင်နှင့် မြေပြန့်ကရင်များ အပါအဝင် ကယား၊ ပဒေါင်၊ ပအိုဝ်း (တောင်သူ)များသည် အရှေ့ဘက်မှ ဝင်လာသော တိဘက်မြန်မာအုပ်စုတွင် ပါဝင်၍ ရှမ်းပြည်မြောက်ပိုင်း၊ ကယားပြည်နယ်၊ ကော်သူးလေပြည်နယ်၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်း၊ မြစ်ဝကျွန်းပေါ်ထိ ပြန့်နှံ့ကြသည်ကို အသီးသီး ဖော်ပြထားကြတယ်။

❖ကရင်လူမျိုးများရဲ့ မူလနေထိုင်တဲ့ဒေသနှင့်ပတ်သက်ပြီး၊ ရှေးဘိုးဘီများ ချန်ထားခဲ့တဲ့ကဗျာအချို့ စောလှအောင်က အောက်ပါအတိုင်း ဖော်ပြရေးသားထားပါတယ်။

ကရင်လူမျိုးရဲ့ မူလနေထိုင်ခဲ့တဲ့ ဒေသနှင့်ပတ်သက်ပြီး ရှေးကရင်တို့ အဆင့်ဆင့် ချန်ထားခဲ့တဲ့ ကဗျာအချို့မှာ အောက်ပါအတိုင်း ဖော်ပြထားပါတယ်။

❖ ကရင်များနေထိုင်ခဲ့သောဒေသတွင် ကျယ်ပြောလှသော သဲကန္တာရနှင့် သဲများ စီးဆင်းနေသော ချောင်းများရှိလေသည်။ ရေမျက်နှာပြင်ပေါ်တွင် စီးဆင်းသောသဲများ၏ အရောင်သည် ရွှေဝါရောင် အဆင်းရှိလေသည်။

❖ ရှေးအခါက ကရင်တို့၏ ခေါင်းဆောင်မှာ "ထောမဲပါ" ဖြစ်သည်။ ထို "ထောမဲပါ" အုပ်ချုပ်သော ကရင်ပြည်နှင့် သဲဝါမြစ်သည် အလွန်သာယာဘွယ်ကောင်းပါသည်။

❖ သဲဝါမြစ်နှင့် ထောမဲပါပြည်သည် ခုနှစ်စင်ကြယ်ပေါ်ထွက်ရာ အောက်မြေပြင် တည့်တည့်တွင်ရှိသည်။ ခုနှစ် စင်ကြယ်အရပ်သို့ တည့်တည့်မတ်မတ်သွားမည်ဆိုလျှင် သဲဝါမြစ်နှင့် ကရင်ပြည်ကို တွေ့မည်ဖြစ်သည်။

❖ ကရင်ပြည်သည် သဲသောင်ပြင်တခွင်နှင့် သဲနှင့်မြေရောနှောစီးဆင်းသောမြစ်၊ အသွယ်သွယ်ကိုတွေ့ရမည်ဖြစ်သည်။ လမ်းခရီးမှာအလွန်ခက်ခဲပါသည်။ အဘယ်ကြောင့်ဆိုသော် သဲကန္တာရနှင့်သဲချောင်းများကြောင်းဖြစ်သည်။ တွေ့မြင်သမျှအရာတို့သည် ရေလား၊ ပင်လယ်လား၊ ကုန်းခေါင်ခေါင်ဟူ၍သဲသဲကွဲကွဲ မရှိဖြစ်တတ်သည်။

❖ ထိုဒေသ "မြစ်ဝါမြစ်" အရပ်ဒေသ (၃)မျက်နှာသည် ကုန်းမြေဒေသဖြစ်၍ ကျန်တမျက်နှာမှာ ပင်လယ်ပြင်ဖြစ်သည်။ အရှေ့၊ အနောက်၊ မြောက်၊ အရပ်မှာ ကုန်းမြေဖြစ်ပြီး တောင်ဘက်မှာ ပင်လယ်ပြင်ရှိ၍ ပင်လယ်ကမ်းဒေသသည် နောင်တွင်

---

❖မြန်မာရာဇဝင် ဦးအောင်ကြည်(ဘီအေ)၊ ဒေါ်ဒေါ်ကြည်ကြည် **(BH BD)** ၁၉၅၇ (မှတ်စုပဒေသာ)

❖မြန်မာနိုင်ငံသမိုင်း၊ ဦးဘရှင်၊ ပြည်သူ့အလင်းပုံနှိပ်တိုက် ၁၉၄၇

❖မြန်မာရာဇဝင်၊ ဦးဘသန်း၊ ၁၉၅၁

❖မြန်မာရာဇဝင် မှတ်တမ်း၊ ဟံသာဝတီ၊ ဦးဘရှင်၊ ၁၉၆၈

❖ကရင်သမိုင်း စောအောင်လှ (ကရင်ဘာသာဖြင့် ရေးသားထားသည်)

ကရင်လူမျိုးများနေထိုင်သော နေရာဌာနသစ်ဖြစ်လာသည်။ ထိုဒေသတွင် ပင်လယ်လှိုင်းတန်းပိုးများ အဆက်မပြတ် လှုပ်ရှားလျှက်ရှိသည်။

❖ပင်လယ်ပြင်တွင် ကျောက်ဆောင်ကြီးများအပေါ် လှိုင်းတန်ပိုးကြီးက ဆင်းလိုက်တက်လိုက်ဖြင့် အစဉ် ရိုက်ခတ်လှုပ်ရှားလျှက်ရှိ၏။

❖ကရင်တိုင်းပြည်ပေါ်ထွက်တာ ကြက်မတဝတ်စာ လောက်သာရှိသော်လည်း လှိုင်းလေများအကြားတစထက်တစ ကမ်းခြေမြေပြန့်ကြီးမားလာရာလှိုင်းလုံးကြားမြေညီ၊ မြေပြန့်တောင်ကြား၊ ကုန်းမြင့်၊ ချိုင်းဝှက်များပေါက်ထွက်လာ သည်လို့ မှတ်တမ်းတင်ထာခဲ့ပါတယ်။

# ကရင်လူမျိုးများအရှေ့တောင်အာရှသို့ ပထမအကြိမ်ဝင်ရောက်လာပုံ

ကရင်မျိုးနွယ်စုတွေမြောက်ဖက်ကစပြီးတောင်ဘက်ကိုစတင်ထွက်လာကြတဲ့အရပ်ဒေကတော့ မွန်ဂိုလီးယား ကုန်းမြင့်ပြင်ဖြစ်တယ်လို့ စောအောင်လှကရေးသားခဲ့ပါတယ်။ ထွက်ခွါလာတဲ့ကာလကတော့ ခရစ်မပေါ်မီ ဘီစီ ၂၀၁ ဖြစ်တယ်။

မွန်ဂိုလီးယားမှထွက်ခွါလာသောအုပ်စုသည် ဘီစီ (၂၀၁၃) ခုနှစ်တွင် အရှေ့ပါကစ္စတန်သို့ရောက်ပြီး နှစ်ပေါင်း (၃၇၆) နှစ်ကြာနေထိုင်ခဲ့သည်။

အရှေ့ပါကိစ္စတန် ဘီစီ (၁၈၆၆) ခုနှစ်တွင် တောင်ဖက်သို့ဆင်းလာရာ (၁၈၆၄)ခုနှစ်တွင် တိဘက်ပြည်သို့ရောက်ပြီး နှစ်ပေါင်း (၄၇၆)နှစ် နေထိုင်ခဲ့သည်။

ထိုနောက် တောင်ဖက်သို့တဖန်ဆင်းသက်ပြန် (ဘီစီ ၁၃၈၈)ခုနှစ်တွင် တရုပ်ပြည်အနောက်ဖက် ယူနန်ဒေသကို ရောက်ပြီး ထိုဒေသတွင်နှစ်–၂၀ နှစ်နေထိုင်လေသည်။(ဘီ–စီ ၁၁၃၄) ခုနှစ်နှင့် (၁၁၂၂)ခုနှစ် ကာလ တရုပ်ပြည်မှာ ကော်စင်ဆိုတဲ့ ဘုရင်တပါးအုပ်ချုပ်ခဲ့တယ်။ ဒီဘုရင်ဟာ အုပ်ချုပ်ရေးမှာ တရားမျှတမှုမရှိဘဲ၊ ပြည်သူများကိုနှိပ်စက် ညှင်းပမ်းတယ်။ ပတ်ဝန်းကျင် တိုင်းငယ်ပြည်ငယ်တွေကို တိုက်ခိုက် ဖိနှိပ်ပြီး မိမိလက်အောက် အားဓမ္မသွတ်သွင်းတဲ့အတွက် တရုပ်ပြည်နယ်စပ်နှင် အတွင်းဒေသမှာ နေထိုင်နေသည့် ကရင်မျိုး နွယ်များမှာ မခံမရပ်နိုင်ဘဲ တောင်ဖက်နှင့် အနောက်ဖက်ဒေသဖက်ကို ရှောင်ပြေး၍ ယိုးဒယားနှင့် ဗမာပြည်ကို ရောက်လာရ ခြင်းဖြစ်တယ်။ ဘီစီ ၁၁၂၈ ခုနှစ်တွင် အရှေ့တောင်အာရှသို့ ပထမအကြိမ် ဝင်ရောက်လာခဲ့သည်။ ဘီစီ ၁၁၂၅ ခုနှစ်မှာ ရောက်လာလို့ ဖေါ်ပြထားတယ်။ တောင်ဖက်ဆင်းသက်ရာလမ်းကြောင်း သုံးကြောင်းရှိတယ်။

၁။ မဲခေါင်

၂။ ရွှေလီ

၃။ သံလွင်မြစ်ကြောင်းတို့ဖြစ်တယ်။

# မဲခေါင်းမြစ်ကြောင်း

ဘီစီ ၇၄၁ ခုနှစ် ရောက်သောအခါ အရှေ့တောင်အာရှသို့နောက်ထပ်တကြိမ် ဆင်းလာရာ ဘီစီ ၇၃၉ ခုနှစ်တွင်ဝင်ရောက်လာခဲ့သည်။ ကရင်များနှင့် ရှေ့ဆင့် နောက်ဆင့်ဆိုသကဲ့သို့ မွန်ခမာမျိုးနွယ်စုတို့သည်လည်း အရှေ့တောင်အာရှသို့ (ဘီစီ ၇၄၉) ခုနှစ်တွင် မဲခေါင်မြစ်အတိုင်း ဆင်းသက်လာကြသည်။ မဲခေါင်မြစ်ကြောင်းတလျောက် ဆင်းလာတဲ့အုပ်စုဟာ ယိုးဒယားနိုင်ငံတောင်ပိုင်းနှင့်ကမ္ဘောဒီးယားနယ်စပ်အထိရောက်လာတယ်။ ထိုင်းလူမျိုးများမှာလည်း ဒီလမ်းကြောင်းအတိုင်းဆင်းလာတယ်။ ကရင်တွေနှင့်ပဋိပက္ခဖြစ်လာတဲ့အတွက် ကရင်အုပ်စုဟာပြောင်းရွှေ့ဖို့နေရာက ပင်လယ်ပြင်သာဖြစ်တော့ မဲနမ်မြစ်ကြောင်းအတိုင်း အထက်ကိုဆန်တက်လာတယ်။ မဲနမ်ချောင်းဖျားမရောက်ခင် မယ်ပင်ချောင်းအတိုင်း မြောက်ဖက်ကို ဆန်တက်ပြန်တယ်။ ချောင်းဖျားမရောက်ခင် ဖင်းမယ်မှာ အခြေချတယ်လို့ဆိုတယ်။ ထိုင်းလူမျိုးများလည်း ရောက်လာပြီး အပြန်အလှန်တိုက်ခိုက်မှုတွေဖြစ်တော့ အင်အားမမျှလို့ ကရင် မျိုးနွယ်က ထိုဒေသကို လက်လွှတ် ထွက်ခွါခဲ့ကြတယ်။ အဲဒီနောက် မိုင်လုံကြီးမှတဆင့် သံလွင်ကိုဖြတ်ပြီး ရှမ်းပြည်တောင် ပိုင်း ဖါပွန်ဟူသို့ စတဲ့ ဒေသတောင်ကြား ချောင်းကြားအရပ်များမှာ ဝင်ပြီးအခြေ စိုက်ကြတယ်။

ကရင်သမိုင်း စောကျော်လှ (၁၉၅၆)

မြန်မာပြည်ဟာ လူမျိုးပေါင်းစုံ နေထိုင်တဲ့ နိုင်ငံတနိုင်ငံဖြစ်ပါတယ်။ န ဝ တ အုပ်ချုပ်ရေးဌာနက ထောက်ပြချက်အရ လူမျိုးပေါင်း ၁၄၅ ရှိတယ်လို့ ဖော်ပြထားတယ်။ ယခင်နှစ်ပေါင်း (၁၀)စု အနည်းဟာ မြန်မာစကားပြောလူမျိုးနှင့် တခြား ဘာသာစကားပြောလူမျိုး အုပ်စုတွေရဲ့ လူဦးရေပမာဏနှိုင်းယှဉ်ချက်မှာ အခြားဘာသာစကားပြောသူ လူဦးရေက ပိုမိုများပြားတယ်လို့ ထင်မြင်ယူဆထားပါတယ်။ ဒါပေမဲ့ န ဝ တ သန်းခေါင်းစာရင်းဖော်ပြချက်မှာ တခြားလူမျိုးများရဲ့လူဦးရေ ရာနှုန်းဟာ မြန်မာစကားပြောလူဦးရေနဲ့ (၃၀)ရာခိုင်နှုန်းဘဲ ရှိနေတာတွေ့ရတယ်။ ကရင် (၅)ရာခိုင်နှုန်းသာရှိတယ်။ ၁၉၃၁–ခုနှစ် သန်းခေါင် စာရင်းအရ မြန်မာပြည်ရှိလူဦးရေ စုစုပေါင်း ၁၄ .၆သန်းရှိသည့်အနက် ကရင်အမျိုးသားလူ ဦးရေ ၁ ၃ သန်းသာ ရှိမည်ကိုတွေ့ရတယ်။ အမှန်စင်စစ်ကရင်လူဦးရေဟာ ထို့ထက်များပြားစရာရှိတယ်။

ဂျပန်ခေတ်မှာ ကောက်ခံတဲ့ စာရင်းအရ–ကရင်လူဦးရေ (၄)သန်းကျော်ရှိတယ်လို့ ဖော်ပြထားတယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း သန်းခေါင်စာရင်းကောက်ခံမှုများဟာ အပြည့်အစုံမရနိုင်ဘဲ ခန့်မှန်းတွက်ချက်ရေးမှတ်သည်သာ များတယ်။ အဘယ်ကြောင့်ဆိုသော် သန်းခေါင်းစာရင်းကောက်ခံသူများ တောလက်ကျေးရွာများသို့ မသွားနိုင်ခြင်း၊ သွားလာရန်ကြောက်ရွံ့ခြင်းများကြောင့် ခန့်မှန်းပြုလုပ်ခဲ့ကြသည်။ **KNU** ရေးသားထုတ်ဝေသော 'ကရင်အမျိုးသားသမိုင်း'တွင် ကရင် လူဦး ရေကို အောက်ပါအတိုင်းခန့်မှန်းသည်။

| | |
|---|---|
| ဧရာဝတီမြစ်ဝကျွန်းပေါ် ရန်ကုန်အပါအဝင် သာယာဝတီပြည်ဒေသအရကရင်လူဦးရေ | ၄.၂ သန်း |
| အရှေ့တိုင်းနှင့် ပဲခူးနှင့် ပျဉ်းမနားဒေသ | ၂.၂ သန်း |
| ကရင်နီပြည်နယ်ဒေသ | ၁.၆ သန်း |
| | ၇း ဝဝ သန်း |

(၇သန်းတိတိရမည်ဟု ဖော်ပြထားသည်)

ကရင်လူဦးရေ စာရင်း (၁၉၀၁–၁၉၃၁)

| ခုနှစ် | မြန်မာပြည်လူဦးရေ | ကရင်လူဦးရေ |
|---|---|---|
| ၁၉၀၁ | ၁၀၄၉၁၀၀၀ | ၉၅၃၃၆၄ |
| ၁၉၁၁ | ၁၂၁၁၅၀၀၀ | ၁၁၀၂၆၉၅ |
| ၁၉၂၁ | ၁၃၂၀၂၀၀၀ | ၁၂၂၀၃၅၆ |
| ၁၉၃၁ | ၁၄၆၆၇၀၀၀ | ၁၃၄၀၀၀၀ |

| ၁၉၉၂ ကရင်လူဦးရေစာရင်း (ပိုးစကော) | | ကရင်ပြည်နယ်ရှိလူမျိုးများနှင့် လူဦးရေစာရင်း ၁၉၉၂ | |
|---|---|---|---|
| ၁။ ကရင်ပြည်နယ် | ၆၄၀၀၀၀ | | |
| ၂။ ကယားပြည်နယ် | ၁၀၀၀၀ | | |
| ၃။ မွန်ပြည်နယ် | ၂၁၀၀၀၀ | ကရင် | ၆၄၀၀၀၀ |
| ၄။ရှမ်းပြည်နယ် | ၁၀၀၀၀ | မွန် | ၂၂၀၀၀၀ |
| ၅။ဧရာဝတီတိုင်း | ၁၁၉၀၀၀၀ | ကယား | ၁၀၀၀၀ |
| ၆။တနင်္သာရီတိုင်း | ၇၀၀၀၀ | ရှမ်း | ၃၀၀၀၀ |
| ၇။ရန်ကုန်တိုင်း | ၂၃၀၀၀၀ | ပအိုဝ်း | ၇၀၀၀၀ |
| ၈။မန္တလေးတိုင်း | ၁၀၀၀၀ | ဗမာ | ၁၇၀၀၀၀ |
| ၉။ပဲခူးတိုင်း | ၂၁၀၀၀၀ | အခြား | ၁၂၀၀၀၀ |
| | ၂၄၈၀၀၀၀ | | ၁၂၆၀၀၀၀ |

၁၉၆၁–၆၉ ကရင်ပြည်နယ် စတုရန်မိုင်လျှင် ၆၀ ခန့်နေထိုင် လူဦးရေ ၈၀၃၇၈၉ ဖြစ်သည်။

| ကယားပြည်နယ်လူဦးရေစာရင်း (၁၉၃၁) | | ကယားပြည်လူဦးရေစာရင်း (၁၉၉၂) | |
|---|---|---|---|
| ၁။ ကယားလူမျိုး | ၃၀၀၀၀ | ကမား | ၉၀၀၀၀ |
| ၂။ ဂေဘာအမျိုးသား | ၃၀၀ | ကယန်း | ၂၀၀၀၀ |

ဗေဒပညာရှင် အများအပြားကတော့ ကရင်ကို တိဘက်တိုဘားမင်အုပ်စုမှာ ထည့်သွင်းထားကြတယ်။ နှစ်ဆယ်ရာစု ကရင် အနည်းငယ်သာ ကရင်မြန်မာ၊ ကရင်ထိုင်း ဆက်နွယ်မှုကို လက်ခံကြပါတယ်။ ဒီအထဲမှာ ကရင်ခေါင်းဆောင် စကောကရင် ဒေါက်တာစံစီဖိုးပါဝင်ပြီး၊ ၁၉၂၁–ခုနှစ်၊ အိန္ဒိယ လူဦးရေစာရင်းအရ ကရင်ကို ထိုင်းအုပ်စုနှင့် ဆက်စပ်ဖော်ပြချက်ကို ယေဘုယျ အားဖြင့် လက်ခံခဲ့ပါတယ်။

■■■■■■■■■■■■■■■■■■■■■■■

# ဆင်းသက်ရာလမ်းကြောင်း

❖ ကရင်လူမျိုးတို့သည် အာရှတိုက်အလယ်ပိုင်းမှ လာရောက်ကြလျက် ခရစ်သက္ကရာဇ် (၂၀၀)ကျော်လောက်တွင် ဧရာဝတီမြစ်၊ သံလွင်မြစ်၊ မဲနမ်မြစ်အကြား တောင်ကုန်းများ၌ နေထိုင်စပြုလာကြသည်။ နောင်အခါတွင် မြစ်ဝကျွန်းပေါ်သို့ ပြန့်နှံ့သွားသည်။

❖ မွန်၊ ပလောင်၊ ဝတို့၏ နောက်မှ ရှေးဦးစွာ ဝင်လာသူတို့မှာ တိဘက်တိုဘားမင်အနွယ်ဝင် ပြူ၊ သက်၊ ကရင်များဖြစ်သည်။ ပြူတို့မှာ ဧရာဝတီမြစ်ကြောင်းအားဖြင့်၎င်း၊ သက်တို့သည်ပြူတို့၏နောက်မှ၎င်း၊ ကရင်တို့သည် သံလွင်မြစ်ကြောင်း အားဖြင့် ရှမ်းကုန်းပြင့်ကို ဖြတ်ကျော်၍၎င်း၊ အသီးသီးဝင်လာကြသည်ဟု ဆိုနိုင်သည်။ ထိုလူစုအနက် ကရင်တို့မှာ ရှမ်းပြည် တောင်ပိုင်းနှင့် ကရင်နီနယ်လောက်တွင် ရပ်တန့်ကာ လွတ်လပ်စွာနေကြ၏။

❖တောင်ပေါ်ကရင်နှင့် မြေပြန့်ကရင်များ အပါအဝင် ကယား၊ ပဒေါင်၊ ပအိုဝ်း (တောင်သူ)များသည် အရှေ့ဘက်မှ ဝင်လာသော တိဘက်မြန်မာအုပ်စုတွင် ပါဝင်၍ ရှမ်းပြည်မြောက်ပိုင်း၊ ကယားပြည်နယ်၊ ကော်သူးလေပြည်နယ်၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်း၊ မြစ်ဝကျွန်းပေါ်ထိ ပြန့်နှံ့ကြသည်ကို အသီးသီး ဖော်ပြထားကြတယ်။

❖ကရင်လူမျိုးများရဲ့ မူလနေထိုင်တဲ့ဒေသနှင့်ပတ်သက်ပြီး၊ ရှေးဘိုးဘီများ ချန်ထားခဲ့တဲ့ကဗျာအချို့ စောလှအောင်က အောက်ပါအတိုင်း ဖော်ပြရေးသားထားပါတယ်။

ကရင်လူမျိုးရဲ့ မူလနေထိုင်ခဲ့တဲ့ ဒေသနှင့်ပတ်သက်ပြီး ရှေးကရင်တို့ အဆင့်ဆင့် ချန်ထားခဲ့တဲ့ ကဗျာအချို့မှာ အောက်ပါအတိုင်း ဖော်ပြထားပါတယ်။

❖ ကရင်များနေထိုင်ခဲ့သောဒေသတွင် ကျယ်ပြောလှသော သဲကန္တာရနှင့် သဲများ စီးဆင်းနေသော ချောင်းများရှိလေသည်။ ရေမျက်နှာပြင်ပေါ်တွင် စီးဆင်းသောသဲများ၏ အရောင်သည် ရွှေဝါရောင် အဆင်းရှိလေသည်။

❖ ရှေးအခါက ကရင်တို့၏ ခေါင်းဆောင်မှာ "ထောမဲပါ" ဖြစ်သည်။ ထို "ထောမဲပါ" အုပ်ချုပ်သော ကရင်ပြည်နှင့် သဲဝါမြစ်သည် အလွန်သာယာဘွယ်ကောင်းပါသည်။

❖ သဲဝါမြစ်နှင့် ထောမဲပါပြည်သည် ခုနှစ်စင်ကြယ်ပေါ်ထွက်ရာ အောက်မြေပြင် တည့်တည့်တွင်ရှိသည်။ ခုနှစ် စင်ကြယ်အရပ်သို့ တည့်တည့်မတ်မတ်သွားမည်ဆိုလျှင် သဲဝါမြစ်နှင့် ကရင်ပြည်ကို တွေ့မည်ဖြစ်သည်။

❖ ကရင်ပြည်သည် သဲသောင်ပြင်တခွင်နှင့် သဲနှင့်မြေရောနှောစီးဆင်းသောမြစ်၊ အသွယ်သွယ်ကိုတွေ့ရမည်ဖြစ်သည်။ လမ်းခရီးမှာအလွန်ခက်ခဲပါသည်။ အဘယ်ကြောင့်ဆိုသော် သဲကန္တာရနှင့်သဲချောင်းများကြောင်းဖြစ်သည်။ တွေ့မြင်သမျှအရာတို့သည် ရေလား၊ ပင်လယ်လား၊ ကုန်းခေါင်ခေါင်ဟူ၍သဲသဲကွဲကွဲ မရှိဖြစ်တတ်သည်။

❖ ထိုဒေသ "မြစ်ဝါမြစ်" အရပ်ဒေသ (၃)မျက်နှာသည် ကုန်းမြေဒေသဖြစ်၍ ကျန်တမျက်နှာမှာ ပင်လယ်ပြင်ဖြစ်သည်။ အရှေ့၊ အနောက်၊ မြောက်၊ အရပ်မှာ ကုန်းမြေဖြစ်ပြီး တောင်ဘက်မှာ ပင်လယ်ပြင်ရှိ၍ ပင်လယ်ကမ်းဒေသသည် နောင်တွင်

---

❖မြန်မာရာဇဝင် ဦးအောင်ကြည်(ဘီအေ)၊ ဒေါ်ဒေါ်ကြည်ကြည် **(BH BD)** ၁၉၅၇ (မှတ်စုပဒေသာ)
❖မြန်မာနိုင်ငံသမိုင်း၊ ဦးဘရှင်၊ ပြည်သူ့အလင်းပုံနှိပ်တိုက် ၁၉၄၇
❖မြန်မာရာဇဝင်၊ ဦးဘသန်း၊ ၁၉၅၁
❖မြန်မာရာဇဝင် မှတ်တမ်း၊ ဟံသာဝတီ၊ ဦးဘရှင်၊ ၁၉၆၈
❖ကရင်သမိုင်း စောအောင်လှ (ကရင်ဘာသာဖြင့် ရေးသားထားသည်)

ကရင်လူမျိုးများနေထိုင်သော နေရာဌာနသစ်ဖြစ်လာသည်။ ထိုဒေသတွင် ပင်လယ်လှိုင်းတန်းပိုးများ အဆက်မပြတ် လှုပ်ရှားလျှက်ရှိသည်။

❖ပင်လယ်ပြင်တွင် ကျောက်ဆောင်ကြီးများအပေါ် လှိုင်းတန်ပိုးကြီးက ဆင်းလိုက်တက်လိုက်ဖြင့် အစဉ် ရိုက်ခတ်လှုပ်ရှားလျှက်ရှိ၏။

❖ကရင်တိုင်းပြည်ပေါ်ထွက်တာ ကြက်မတဝတ်စာ လောက်သာရှိသော်လည်း လှိုင်းလေများအကြားတစထက်တစ ကမ်းခြေမြေပြန့်ကြီးမားလာရာလှိုင်းလုံးကြားမြေညီ၊ မြေပြန့်တောင်ကြား၊ ကုန်းမြင့်၊ ချိုင်းဝှက်များပေါက်ထွက်လာ သည်လို့ မှတ်တမ်းတင်ထားခဲ့ပါတယ်။

## ကရင်လူမျိုးများအရှေ့တောင်အာရှသို့ ပထမအကြိမ်ဝင်ရောက်လာပုံ

ကရင်မျိုးနွယ်စုတွေမြောက်ဖက်ကစပြီးတောင်ဘက်ကိုစတင်ထွက်လာကြတဲ့အရပ်ဒေကတော့ မွန်ဂိုလီးယား ကုန်းမြင့်ပြင်ဖြစ်တယ်လို့ စောအောင်လှကရေးသားခဲ့ပါတယ်။ ထွက်ခွါလာတဲ့ကာလကတော့ ခရစ်မပေါ်မီ ဘီစီ ၂၀၁ ဖြစ်တယ်။

မွန်ဂိုလီးယားမှထွက်ခွါလာသောအုပ်စုသည် ဘီစီ (၂၀၁၃) ခုနှစ်တွင် အရှေ့ပါကစ္စတန်သို့ရောက်ပြီး နှစ်ပေါင်း (၃၇၆) နှစ်ကြာနေထိုင်ခဲ့သည်။

အရှေ့ပါကိစ္စတန် ဘီစီ (၁၈၆၆) ခုနှစ်တွင် တောင်ဖက်သို့ဆင်းလာရာ (၁၈၆၄)ခုနှစ်တွင် တိဘက်ပြည်သို့ရောက်ပြီး နှစ်ပေါင်း (၄၇၆)နှစ် နေထိုင်ခဲ့သည်။

ထိုနောက် တောင်ဖက်သို့တဖန်ဆင်းသက်ပြန် (ဘီစီ ၁၃၈၈)ခုနှစ်တွင် တရုပ်ပြည်အနောက်ဖက် ယူနန်ဒေသကို ရောက်ပြီး ထိုဒေသတွင်နှစ်–၂၀ နှစ်နေထိုင်လေသည်။(ဘီ–စီ ၁၁၃၄) ခုနှစ်နှင့် (၁၁၂၂ )ခုနှစ် ကာလ တရုပ်ပြည်မှာ ကော်စင်ဆိုတဲ့ ဘုရင်တပါးအုပ်ချုပ်ခဲ့တယ်။ ဒီဘုရင်ဟာ အုပ်ချုပ်ရေးမှာ တရားမျှတမှုမရှိဘဲ၊ ပြည်သူများကိုနှိပ်စက် ညှင်းပမ်းတယ်။ ပတ်ဝန်းကျင် တိုင်းငယ်ပြည်ငယ်တွေကို တိုက်ခိုက် ဖိနှိပ်ပြီး မိမိလက်အောက် အားမွေသွတ်သွင်းတဲ့အတွက် တရုပ်ပြည်နယ်စပ်နှင့် အတွင်းဒေသမှာ နေထိုင်နေသည့် ကရင်မျိုး နွယ်များမှာ မခံမရပ်နိုင်ဘဲ တောင်ဖက်နှင့် အနောက်ဖက်ဒေသဖက်ကို ရှောင်ပြေး၍ ယိုးဒယားနှင့် ဗမာပြည်ကို ရောက်လာရ ခြင်းဖြစ်တယ်။ ဘီစီ ၁၁၂၈ ခုနှစ်တွင် အရှေ့တောင်အာရှသို့ ပထမအကြိမ် ဝင်ရောက်လာခဲ့သည်။ ဘီစီ ၁၁၂၅ ခုနှစ်မှာ ရောက်လာလို့ ဖေါ်ပြထားတယ်။ တောင်ဖက်ဆင်းသက်ရာလမ်းကြောင်း သုံးကြောင်းရှိတယ်။

၁။ မဲခေါင်

၂။ ရွှေလီ

၃။ သံလွင်မြစ်ကြောင်းတို့ဖြစ်တယ်။

## မဲခေါင်းမြစ်ကြောင်း

ဘီစီ ၇၄၁ ခုနှစ် ရောက်သောအခါ အရှေ့တောင်အာရှသို့နောက်ထပ်တကြိမ် ဆင်းလာရာ ဘီစီ ၇၃၉ ခုနှစ်တွင်ဝင်ရောက်လာခဲ့သည်။ ကရင်များနှင့် ရှေဆင့် နောက်ဆင့်ဆိုသကဲ့သို့ မွန်ခမာမျိုးနွယ်စုတို့သည်လည်း အရှေ့တောင်အာရှသို့ (ဘီစီ ၇၄၉) ခုနှစ်တွင် မဲခေါင်မြစ်အတိုင်း ဆင်းသက်လာကြသည်။ မဲခေါင်မြစ်ကြောင်းတလျှောက် ဆင်းလာတဲ့အုပ်စုဟာ ယိုးဒယားနိုင်ငံတောင်ပိုင်းနှင့်ကမ္ဘောဒီးယားနယ်စပ်အထိရောက်လာတယ်။ ထိုင်းလူမျိုးများမှာလည်း ဒီလမ်းကြောင်းအတိုင်းဆင်းလာတယ်။ ကရင်တွေနှင့်ပဋိပက္ခဖြစ်လာတဲ့အတွက် ကရင်အုပ်စုဟာပြောင်းရွှေ့ဖို့နေရာက ပင်လယ်ပြင်သာဖြစ်တော့ မဲနမ်မြစ်ကြောင်းအတိုင်း အထက်ကိုဆန်တက်လာတယ်။ မဲနမ်ချောင်းဖျားမရောက်ခင် မယ်ပင်ချောင်းအတိုင်း မြောက်ဖက်ကို ဆန်တက်ပြန်တယ်။ ချောင်းဖျားမရောက်ခင် ဖင်းမယ်မှာ အခြေချတယ်လို့ဆိုတယ်။ ထိုင်းလူမျိုးများလည်း ရောက်လာပြီး အပြန်အလှန်တိုက်ခိုက်မှုတွေဖြစ်တော့ အင်အားမမျှလို့ ကရင် မျိုးနွယ်က ထိုဒေသကို လက်လွှတ် ထွက်ခွါခဲ့ကြတယ်။ အဲဒီနောက် မိုင်လုံးကြီးမှတဆင့် သံလွင်ကိုဖြတ်ပြီး ရှမ်းပြည်တောင် ပိုင်း ဖါပွန်ဟူသို့ စတဲ့ ဒေသတောင်ကြား ချောင်းကြားအရပ်များမှာ ဝင်ပြီးအခြေ စိုက်ကြတယ်။

---

ကရင်သမိုင်း စောကျော်လှ (၁၉၅၆)

## ရွှေလီမြစ်ကြောင်း

ဒုတိယကရင်အုပ်စုဟာယူနမ်ကထွက်ပြီး၊ ရွှေလီမြစ်ကြောင်းအတိုင်းဆင်းလာတယ်။ ရှမ်းလူမျိုးများ ရွှေလီမြစ်ကြောင်းမှာအခြေချပြီးသားဖြစ်နေလို့ ဧရာဝတီမြစ်ကြောင်းအတိုင်း ဆင်းလာပြီး မိုးကုပ်ဒေသမှာအခြေချတယ်။ ကာလကြာလို့လူဦးရေများပြားလာတဲ့အတွက် တကောင်းမြို့ကိုတည် ထောင်ကြတယ်။ အဲဒီဒေသကို ကရင်အခေါ်အားဖြင့် ကျဲစားမြစ် ကျဲစားမြို့ နောက်ပိုင်း ပရေမြစ် (သို့)ဧရာဝတီမြစ်လို့ခေါ်လာကြသည်။ လူဦးရေလည်း တစထက်တစများပြားလာတာနဲ့ အချို့အုပ်စု တွေ ခွဲထွက်ပြီး အနံ့အပြားနေထိုင်ကြတယ်။ အချို့ ဧရာဝတီမြစ်ဝကျွန်းပေါ်ထိရောက်လာပါတယ်။ ပိုးကရင်အုပ်စု အရင်ရောက်တယ်လို့ဆိုတယ်။ ပိုးကရင်အကြီးအကဲက ပိုမြို့ကို တည်တယ်။ အင်္ဂလိပ်လိုတော့ (**prome**)လို့ခေါ်တယ်။ ပြည်မြို့လို့လဲ ခေါ်တယ်။ စကောကရင်အုပ်စုဟာ ဧရာဝတီမြစ်ဝကျွန်းပေါ်ကတဆင့် အနောက်ဖက်အရပ်ကို ထွက်ခွါနေထိုင်ကြတယ်။

## သံလွင်မြစ်ကြောင်း

သံလွင်မြစ်ကြောင်းအတိုင်းဆင်းလာတဲ့ ကရင်အုပ်စုဟာ ပထမ ရှမ်းပြည်အထက်ပိုင်းဒေသမှာ အခြေချတယ်။ ဒါပေမဲ့ ရှမ်းအုပ်စုတွေ အများအပြားဆင်းလာတော့ တောင်ဘက်ကို ရွှေပြောင်းနေထိုင်ကြတယ်။

သံလွင်မြစ်ကိုစုံဆင်းလာတဲ့ကရင်အုပ်စုများဟာ အုပ်စု (၂)စုဖြစ်တယ်။ ဂစုက 'ဘွဲ့' ကရင်အုပ်စုဖြစ်ပြီး၊ ရှမ်းပြည်တောင်ပိုင်း ကရင်နီဒေသမှာ အခြေချတယ်။ ငွေတောင်၊ နောင်ပုလဲ၊ ကြယ်ဖိုးကြီး၊ ကြယ်ဖိုးကလေး၊ လွိုင်ကော်နှင့် တောင်ငူ အထက်ပိုင်းဒေသတွေမှာ နေထိုင်ကြတယ်။ ဘွဲ့ကရင်အကြီးအကဲကို ဘွဲ့စော်ဘွားလို့ခေါ်ကြတယ်။

–ပိုးကရင်အုပ်စုဖြစ်တဲ့ တောင်သူ (ခေါ်)ပအိုဝ်းအုပ်စုဟာ ရှမ်းပြည်တောင်ပိုင်းမှ တချို့အခြေချကြတယ်။ 'ပိုး' 'စကော' အုပ်စု တောင်ဘက်ကို ဆင်းလာရာက 'ဇွဲကပင်'တောင် ဒုံရင်းဒေသတွင် အခြေချသည်။ ဒုံရင်းဒေသမှာ ကရင်မျိုးနွယ်စုများ မြို့ရွာတည်ထောင်နေထိုင်တဲ့ဒေသဖြစ်သည်။ ကရင်မြို့တော်ဖြစ်တယ်။ ကရင်အုပ်စုအချို့ဟာ ရမည်းသင်းဒေသမှာ အခြေချပြီး၊ တချို့ကတော့ စစ်တောင်းမြစ်တလျောက် စစ်တောင်းမြစ်အထိ၊ အဆင့်ဆင့် အခြေချနေထိုင်ကြတယ်။ စကောကရင်အချို့ဟာ စစ်တောင်းမြစ်လက်တက် အနောက်ဖက်ဆွာမြို့ဒေသမှာ မြို့ရွာတည်ဆောက်တယ်။ တောင်ငူမြောက်ဘက်မှာရှိတဲ့ ဘွဲ့မျိုး နွယ်အုပ်စုဟာ နောင်ပွဲမြစ်အထက်ပိုင်း နောင်ပွဲမြို့ကို တည်ထောင်နေထိုင်သည်။ တောင်ငူမြောက်ဘက်ကျကျမှာ ရှိပေမဲ့ ယခုမရှိတော့ဘူး။ နောင်ပွဲကို မြန်မာတွေက နောင်ပြောင်လို့ခေါ်တယ်။ တောင်ငူဒေသမှာရှိတဲ့ ဘွဲ့ကရင်ဟာ နောင်ပွဲဒေသက ထွက်ခွါပြီး လာရောက်အခြေချသူတွေဖြစ်တယ်။ ပိုးကရင်တစုဟာ ပြူမြို့ကို တည်ထောင်ပြီး၊ အခြေချနေထိုင်၏။

## ကရင်လူမျိုးဒုတိယအကြိမ်ဝင်ရောက်လာခြင်း

ကရင်မျိုးနွယ်စုတွေ တရုပ်ပြည် ယူနန်နယ်က တောင်ဘက်ကို ရွှေပြောင်းခဲ့တဲ့ ကာလက ကရင်မျိုးနွယ်စု အချို့ ကျန်တယ်လို့ဆိုတယ်။

ဘီစီ (၁၁၂၂) က (၂၅၅)ထိ ချောင်မင်းဆက်တွေအုပ်ချုပ်တယ်။ မင်းအရေအတွက် (၃၅)ဆက်ရှိပြီး၊ နှစ်ပေါင်း (၈၆၈) နှစ်အကြာအုပ်ချုပ်တယ်။ ချောင်းမင်းဆက်တွေလက်ထက် တရုပ်ပြည်မှာ ပြည်နယ်ပေါင်း (၁၂၄)ရှိတယ်။ တပြည်နှင့် တပြည် အပြန်အလှန် စစ်ခင်းကြဒါ နောက်ဆုံး (၇၂)ပြည်နယ်သာ ကျန်တယ်။ တတိုင်းပြည်လုံးမှာ အချင်းချင်း စစ်တိုက်ကာ ပြည်သူတွေ လယ်ယာစိုက်ခင်း ဥယျာဉ်ခြံတွေ လုပ်ငန်းတွေ ရပ်ဆိုင်းထားရတဲ့ ငတ်မွတ်ခေါင်းပါးဘေးတွေ၊ ကြုံတွေ့ကြရတယ်။ ပြည်သူတွေ စစ်မတိုက်ချင်ပေမဲ့ အကြီးအကဲတွေက အဓမ္မခိုင်းတဲ့အတွက် ပါကြတ်၊ ဟန်လူမျိုးတွေကတော့ မြောက်ဖက်ကို ထွက်ခွါသွားပြီး၊ တတိယအုပ်စုကတော့ အနောက်ကို ရွှေပြောင်းကြတယ်။ အချင်းချင်းတိုက်တာ နှစ်ပေါင်း (၂၀၀)ကြာတယ်။

**BC** (၇၇၀)မှာဘုရင်ပင် ဝိုင် နန်းတက်တယ်။ **BC** (၇၂၀)မှာ သေတယ်။ နန်းသက် (၂၂)နှစ်လောက်မှာ တရုပ်ပြည်ကောင် တချို့ကိုယ့်မင်း ကိုယ့်ပြည်အုပ်ချုပ်ဘို့တောင်းဆိုကြတယ်။ မငြိမ်မသက် မတည်မငြိမ်တဲ့အတွက် **BC** (၇၄၁)မှာ ကရင်မျိုးနွယ်နတွေ တောင်ပိုင်းကို ရွှေပြောင်းကြတယ်။ ဗမာပြည်ကို (၇၃၉)နှစ်မှာ ရောက်လာတယ်လို့သိရတယ်။

## မျိုးနွယ်စုနှင့် အခြေချ နေထိုင်ရာဒေသ

၁၈၃၆–ခုနှစ်၊ မေလ (၆)ရက်နေ့ မြန်မာပြည်မှ ဘုရင်ခံ၏ကြေညာချက်အရ ကရင်မျိုးနွယ်စု (၁၁)စု ရှိသည်ဟု ဖော်ပြထားသည်။ ၎င်းတို့မှာ–

၁။ စကောကရင် ၂။ ပိုးကရင် ၃။ တောင်သူ ၄။ ပကူး ၅။ မော်နီဘွား ၆။ ဘွဲ ၇။ ကရင်ဖြူ ၈။ ပဒေါင်း ၉။ ဘွဲအနေ့ ၁၀။ ကဲခို ၁၁။ ကဲဘားတို့ဖြစ်ကြသည်။

၁၉၆၄–ခုနှစ်၊ (၁၇)ကြိမ်မြောက် ပြည်ထောင်စုနေ့တွင် နေဝင်းအစိုးရက ကရင်မျိုးနွယ်စု (၁၂)စု ရှိသည်ဟု ဖော်ပြထားသည်။

၁။ စကောကရင် ၂။ ပိုးကရင် ၃။ ကဲခို ၄။ ကဲဘား ၅။ ပရဲ့ ၆။ ပကူး ၇။ ဘလရှီး ၈။ မော်နီဘွား ၉။ မိုးဘွား ၁၀။ ကလရင်ဖြူ ဟူ၍ အသီးသီး ဖော်ပြထားသည်။

၁၉၆၅–ခုနှစ်၊ (၁၈)ကြိမ်မြောက် ပြည်ထောင်စုနေ့တွင် ကရင်ပြည် ခေါင်းဆောင်များက ကရင်မျိုးနွယ်စု (၁၁)စု ရှိသည်ဟု ဖော်ပြထားသည်။ ၎င်းတို့မှာ–

၁။ စကော ၂။ ပိုး ၃။ ကဲခို ၄။ ကဲဘား ၅။ ပရဲ့ ၆။ ပကူး ၇။ ဘလရှီး ၈။ ကရင်နီ ၉။ မော်နီဘွား ၁၀။ မိုးဘွား ၁၁။ ကရင်ဖြူ ဟူ၍ အသီးသီး ဖော်ပြထားသည်။

၁၉၉၂–ခုနှစ်၊ ကရင်သုတေသနအဖွဲ့၏ သုတေသနပြုချက်အရ ကရင်မျိုးနွယ်စု (၁၆)စု ရှိသော်လည်း ကယားပြည်နယ်အစိုးရက ကရင်နီလူမျိုးတွင် ယင်းဘော် ယင်းတလဲ ပရဲ့(မနုမနော) ကဲခို၊ ကဲဘား၊ ပဒေါင်မျိုးနွယ်စုများကို ထည့်သွင်းထားသောကြောင်း ကရင်မျိုးနွယ်စု (၁၁)စု ဖြစ်နေသည်။ ကရင်အမျိုးသားသုတေသနအဖွဲ့အနေနှင့် ပဒေါင်မျိုးနွယ်စုကိုမူ သီးခြားခွဲထုတ်၍ သီးခြားမျိုးနွယ်စုတစု အဖြစ်ဖော်ပြပါသည်။ ထို့ကြောင့် ကရင်မျိုးနွယ်တွင် (၁)ပအိုဝ်း (၂)ပိုး (၃)စကော (၄) ကရင်နီ (ယင်းတလဲ၊ ယင်းဘော်၊ ပရဲ့ (မနုမနော) ကဲခို၊ ကဲဘား)(၅) ပဒေါင်း (၆) ပကူး (၇) မော်နီဘား (၈) ဘွဲ (၉) ကရင်ဖြူ (၁၀) ဇယိမ်း(၁၁) ယင်းနက်(၁၂) ယင်းကြား (သို့)တိုပလေးဟူ၍မျိုးနွယ်စု (၁၂)စုရှိသည်။ ယင်းနက်နှင့်ယင်းကြားဟာ ရှမ်းပြည်အရှေ့မြောက်တွင်နေထိုင်၍ရှမ်းလူမျိုးများ ဖြစ်သွားကြသည်မှာမနည်းပါ။ ၎င်းတို့ကိုယ်ကို ကရင် (ယန်း)ဟုပင်ခေါ်ကြသည်။ ၎င်းတို့သည်ကရင်များနှင့်ဘာသာစကားအရသော်၎င်း ဓလေ့စရိုက်ရသော်၎င်း လုံးဝခြားနား နေ ပြီဖြစ်သည်။

ကရင်လူမျိုးသမိုင်းဆရာစောအောင်လှ ရေးသားထုတ်ဝေခဲ့တဲ့ "ကရင်သမိုင်း" စာအုပ်ထဲမှာ ကရင်မျိုးနွယ်စုတွေ ပေါ်ပေါက်ပြီးကွဲပြားလာခဲ့တဲ့ အကြောင်းရင်းမှာ ရှေးခေတ်က ဖခင် ဖူးစကောနှင့် မိခင်နော်ပအိုဝ်းတို့မှ ပေါက်ဖွားလာခဲ့တဲ့ သားသမီးတွေဖြစ်တယ်။ (၁)စောပကူး (၂)စောမော်နီဘွား (၃)စောဝေဝေါ (၄)စောချယ်ထိုထို သား(၄)ယောက်နှင့် သမီး (၁)နော်ဘောကလော (၂)နော်ပဒဲ (၃)နော်ဖအာတို့ဖြစ်သည်လို့ဖော်ပြထားတယ်။အခြေခံကတော့ သားယောကျ်ားကတော့ ဖခင်မျိုးနွယ်၊ သမီးမိန်းက လေးက မိမျိုးနွယ်လို့ ခွဲခြားဖော်ပြလိုတဲ့ သဘောဖြစ်တယ်။ စကောဆိုတဲ့ အဖေမျိုးဘက်ကသာ (၄)ယောက်၊ ဖတိုးဆိုတဲ့ မိခင်မျိုးဘက်က (၃)ယောက်ဖြစ်တယ်။ ဒါကြောင်း ကရင်လာပါထိ (အဖြေမျိုး)မိုထိ (အမမျိုး)လို့ ယနေ့ထက်တိုင် သတ်မှတ် ခေါ်ဝေါ်ကြတယ်။ မျိုးနွယ်ကိုရေတွက်လာ ကရင် (၁)စကော (၂)ပအိုဝ်း (၃)ပကူး (၄)မော်နီဘွား (၅)ဝေဝေါ (၆)စောချယ် (၇)ဘောကလော် (ပါကရင်) (၈)ပဒဲ (၉)ပယာ (၁၀)ဘွဲတို့ဖြစ်တယ်။

၁၉၃၁–ခုနှစ်က ကရင်မျိုးနွယ်စုကို အခုလိုတမျိုးတဖုံ သတ်မှတ်ကြသေးတယ်။

စကောကရင်အုပ်စု –(၁)စကော (၂)ပကူး (၃)ဝေဝေါ (၄)မော်နီဘွား

ဘွဲအုပ်စု –(၁)ဘွဲ (၂)ပရဲ့ (၃)ကရင်ဖြူ

ပိုးကရင်အုပ်စု –(၁)ပိုး (၂)တောင်သူ

ပဒေါင်အုပ်စု – (၁)ပဒေါင် (၂)ယင်းဘော် (၃)ကဲခို

ကရင်နီအုပ်စု –(၁)ကရင်နီ

ဇရပ်အုပ်စု –(၁)ဇယိန် စသည်ဖြင့် ဖော်ပြခဲ့ကြတယ်။

## ကရင်မျိုးနွယ်စုများနေထိုင်ရာဒေသများ

မြန်မာပြည်လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းပြည်ထောင်စုမြန်မာနိုင်ငံကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းတဲ့အခါမှာ ကရင်မျိုးနွယ်စုအချို့ဟာ တိုင်းဒေသတွေနှင့်အဆင့်တူ ကရင်ပြည်နယ်နှင့် ကရင်နီ (ကယား)ပြည်နယ်ဆိုတဲ့ ဒေသကြီးနှစ်ခုမှာ နေထိုင်ပြီး

အချို့တို့က တိုင်းဒေသကြီးတွေမှာ နောက်ရှိနေထိုင်ကြပါတယ်။ ပြည်နယ်ပြင်ပ အဲဒီတိုင်းဒေသတွေကတော့ ဧရာဝတီတိုင်း ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ တနင်္သာရီတိုင်းနဲ့ လူမျိုးစုပြည်နယ်ဖြစ်တဲ့ ရှမ်းပြည်နယ်တောင်ပိုင်းမှာ အချို့ရောက်ရှိနေထိုင်ကြတယ်။ အချို့မျိုးနွယ်စုတွေကတော့ ပြည်နယ်မှာနဲ့တိုင်းကြီးဒေသ ၂–ခုစလုံးမှာ ပြန့်၍နေထိုင်ကြတယ်။

## ပြည်နယ်ဒေသများတွင်နေထိုင်သောကရင်မျိုးနွယ်စုများ

ကရင်ပြည်နယ် (နောက်ခံသမိုင်း) –မြန်မာပြည်လွတ်လပ်ရေးရပြီးတဲ့နောက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ကော်သူလေ ဆိုတဲ့နာမည်နှင့် သံလွင်ခရိုင်ကို အခြေပြုပြီး၊ ကရင်ပြည်နယ်ကိုလျာထားခဲ့ပါတယ်။ ၁၉၅၁–ခုနှစ်မှာ အခြေခံ ဥပဒေပြင်ဆင်ချက် အက်ဥပဒေအမှတ် (၆၁)ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာ ပြည်ထောင်စုအဖွဲ့ဝင်– ကရင်ပြည်ဟု ခေါ်တွင်စေခဲ့တယ်။ ၁၉၅၁–ခုနှစ် ကရင်ပြည်နယ်ကို တိုးချဲ့သတ်မှတ်ဘို့ ဥပဒေပြဋ္ဌာန်းပြီး၊ တောင်ငူခရိုင်မှ သံ တောင်မြို့နယ်၊ သထုံခရိုင်မှ လှိုင်းဘွဲ့မြို့နယ်နှင့် ဖားအံမြို့နယ်၊ ကျိုက္ကမီခရိုင်မှ ကော့ကရိတ်နှင့် ကြာအင်းမြို့နယ်တွေကို တိုးချဲ့ပြီး ပူးပေါင်းပါဝင်ဘို့ သတ်မှတ်ခဲ့တယ်။ ၁၉၄၉ ခု ကရင်လက်နက်ကိုင်ပုန်ကန်လို့ ၁၉၅၃ ခုနှစ်ထိ ပြည်နယ်စီမံ အုပ်ချုပ်မှုတွေ မ လုပ်နိုင်ခဲ့ဘူး။ ဒါပေမဲ့ ၁၉၅၄–ခုနှစ် ဇွန်လ (၁)ရက် နေ့မှာ ဖားအံ၊ လှိုင်းဘွဲ့၊ သံတောင် (၃)မြို့နယ်ကို ပထမအကြိမ် ကရင်ပြည်နယ် ထိ ပေါင်းစည်းလိုက်တယ်။ ၁၉၅၅ ခုနှစ် ဇွန်လ (၁)ရက်နေ့မှာ ကြာအင်းဆိပ်ကြီး၊ ကော့ကရိတ် (၂)မြို့နယ်ကို ဒုတိယအကြိမ် ကရင်ပြည်နယ်ထဲကို ပေါင်းထည့်လိုက်တယ်။

၁၉၆၄–ခုနှစ် ဧပြီလ (၃)ရက်နေ့မှာ ကရင်ပြည်နယ်ကို ကော်သူလေပြည်နယ်လို့ အမည်ပြောင်းလဲပြီးခေါ်လိုက်တယ်။ နယ်နိမိတ် မြောက်ဘက်မှာ ရမည်းသင်းခရိုင်၊ အရှေ့မြောက်ဘက်မှာ ရှမ်းပြည်နယ်နှင့် ကယားပြည်၊ အရှေ့ဘက်မှာသောင်ရင်း မြစ်နှင့် ထိုင်းနိုင်ငံ၊ အနောက်ဘက်မှာ မော်လမြိုင်ခရိုင်တို့ရှိကြတယ်။

မြို့နယ်နှင့်ခရိုင် – ခရိုင် (၂)ခု ဖွဲ့စည်းထားတယ်။ ဖားအံနှင့် ကော့ကရိတ်ခရိုင်ဝဲဘို့ဖြစ်တယ်။ ဖားအံခရိုင်မှာ ဖားအံ၊ လှိုင်းဘွဲ့၊ သံတောင်မြို့နယ်နှင့် ကော့ကရိတ်ခရိုင်မှာ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီးနှင့် မြဝတီမြို့နယ်တို့ပါဝင်ကြတယ်။

### ကရင်ပြည်နယ်တွင်နေထိုင်သောကရင်အုပ်စုများ

ပိုးကရင်– အရှေ့ပိုးကရင်လို့ခေါ်ကြတယ်။ မြစ်ဝကျွန်းပေါ်မှာရှိတဲ့ ပိုးကရင်နှင့်စကား အချို့တူပြီး၊ အချို့ကွဲလွဲကြတယ်။ အရှေ့ပိုးကရင်ကတော့ ကရင်ပြည်နယ်အနှံ့အပြား နေထိုင်ပြီး၊ လူဦးရေအများစုဖြစ်တယ်။
စကောကရင်–ကရင်ပြည်နယ်တောင်ပေါ်နှင့် မြေပြန့်မှာ အနှံ့အပြားနေထိုင်ကြတယ်။
ဘွဲကရင်–ဘွဲကရင်များသည် သံတောင်နယ်၊ သံတောင်ဒေသများမှာ အများအပြားနေထိုင်ကြတယ်။ ဘွဲအုပ်စုမှာ ကလချီနှင့် မော်ပွာလို့ဖော်ပြထားတယ်။
ပလချီး–ခဲမဖြူတိုက်နယ်၊ ပလေချောင်း၊ ပသီချောင်း၊ မြစ်ဖျားခံရာဒေသ၊ ပလချီးဒေသ၊ ကွဲဖြူတောင်၊ ငွေပြားကြီး၊ ငွေပြား ကလေးရွာများတွင် နေထိုင်သည်။ ပလချီးဒေသကိုအစွဲပြု၍ ပလချီးပါအမည်တွင်ခဲ့သည်။ ဘွဲကရင်အုပ်စုမှာပါပေမဲ့ စကားအနည်းငယ်ကွဲတယ်။
မော်နေဘွား–ပကူး၊ မော်နေဘွား၊ တလေပွာတို့မှာ ပကူးအမျိုးသားများဖြစ်ကြတယ်။ ဒေသစွဲ၍ အမျိုးအမည် ကွာခြားကြ တယ်။ မြစ်ဝန်မြစ်ချောင်း အနောက်ဘက်မှာ အနေများတယ်။ တလေပွာမှာ ကောင်ငူခရိုင်မော်ချီးကားလမ်း အနီးတောင်ပေါ် ဒေသများဖြစ်ကြတဲ့ သံတောင်တိုက်နယ်၊ မဲဖြူတိုက်နယ် ဥသျှစ်ကုန်းနှင့် စည်ပင်ကျေးရွာကြီးများမှာ နေထိုင်တယ်။
ပကူး– ရှမ်းပြည်တောင်ပိုင်း၊ တောင်ငူနယ်တောင်ပေါ်ဒေသများတွင် နေထိုင်သည်။
ကရင်ဖြူ–တောင်ငူခရိုင်တောင်တန်းဒေသတွင် အများဆုံးနေထိုင်သည်။ အသွင်အပြင်မှာ တောင်သူပအိုနှင့်တူသည်။ ဘွဲနှင့် လည်းနီးစပ်သည်။
ပအိုဝ်း– ဖားအံခရိုင်၊ ကော့ကရိတ်မြို့နယ်၊ ဖာပွန်မှာ နေထိုင်ကြတယ်။ ရှမ်းပြည်တောင်ပိုင်းဒေသမှာ ပိုမိုများပြားတယ်။

# ကယားပြည်နယ်တွင် နေထိုင်သော ကရင်အုပ်စုများ

(နောက်ခံသမိုင်း) ကယားပြည်နယ်ဟာ အနောက်ဘက်ဘော်လခဲ၊ ငွေတောင်နယ်အရေးအခင်းနှင့် ဆက်စပ်ပြီး၊ ၁၈၇၂–ခုနှစ်မှာ လွယ်ကော်နဲ့ နန်းမယ်ခုံကို မြန်မာဘုရင်တွေဝင်ရောက်ပြီးကပ်ချထားတယ်။ အဲဒီကိစ္စကို အောက်ဗမာပြည်ကိုသိမ်းပိုက်ထား တဲ့ ဗြိတိသျှတို့က ကန့်ကွက်လို့ မြန်မာတပ်တွေ ရုပ်သိမ်းပေးလိုက်ရတယ်။ အဲဒီနောက် ကယားပြည်နယ်အနောက်ဘက်နယ်ကို အသိအမှတ်ပြုဖို့နှင့် လေးစားဘို့ ဝင်ရောက်စွက်ဖက်တာတွေမလုပ်ဖို့ မင်းတုန်းမင်းနှင့် ဗြိတိသျှအစိုးရတို့ ၁၈၇၅–ခု နှစ်မှာ စာချုပ်ချုပ်ကြတယ်။ ဗြိတိသျှဖက်က ဆာဒေါက်ကလပ်ဖောဆိုက်နှင့် မြန်မာဘက်က ကင်းဝန်မင်းကြီးတို့ လက်မှတ် ရေးထိုးကြတယ်။ အဲဒီအချိန်ကစပြီး၊ ကယားပြန်နယ်ဟာ လွတ်လပ်တဲ့ပြည်နယ်တခုအဖြစ် တခုရှိလာခဲ့တယ်။ ဒါပေမဲ့ ဗြိတိသျှတို့ဖက်က ကယားပြည်နယ် အကြီးအကဲတွေကို ဆာနာဒ်အမိန့်စာချွန်နှင့် ချုပ်နှောင်ထားပြီးရုပ်သေးပါဘဲ သဘောထားတယ်။

မြန်မာပြည်လွတ်လပ်ရေးရပြီးတဲ့နောက် ကယားပြည်ကို သံလွင်ခရိုင်နှင့် ပေါင်းစပ်ပြီး၊ ပြည်ထောင်စုအဖွဲ့ဝင် ကရင်ပြည်နယ်တခု ဖွဲ့စည်းဘို့ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက သတ်မှတ်ခဲ့တယ်။ အဲဒီပြည်ကို ပြည်ထောင်စုအဖွဲ့ဝင် ကရင်ပြည်လို့ခေါ်တွင်စေရမှာဖြစ်တယ်။ ကယားပြည်သားတို့ဟာ ကရင်ပြည်နယ်မှာ မပါဝင်လိုတဲ့အတွက် ၁၉၅၀–ခုနှစ်မှာ ကရင်အမျိုးသား အထူးစုံစမ်းစစ်ဆေးရေးကော်မရှင်တခုကို နိုင်ငံတော်သမတက ဖွဲ့စည်းခန့်အပ်ပြီး၊ စုံစမ်းစေခဲ့တယ်။ အဲဒီကော်မတီရဲ့ အစီရင်ခံစာအရ ပါလီမန်က ၁၉၅၁–ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်အက်ဥပဒေကို ပြုလုပ်ပြီးကယားပြည်ကို သီးသန့်တည်စေခဲ့တယ်။ ကော်မရှင်ရဲ့ထောက်ခံချက်အရ "ပဒေါင်" ဇယိန်၊ ယင်းဘော်၊ ကဲခို၊ ယင်းတလဲနှင့် မနုမနော မျိုးနွယ်စုတွေကို ကရင်လူမျိုးစုမှာ ထည့်သွင်းခြင်းမပြုရန် ဆုံးဖြတ်ခဲ့တယ်။ ၁၉၅၁–ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်အမှတ် ၆၂ အရ ကရင်နီဝေါဟာရအစား "ကယား" ဟူသောဝေါဟာရကို ပြောင်းလဲသုံးစွဲခဲ့တယ်။

နယ်နမိတ်– ကယားပြည်နယ်ရဲ့အောက်ဖက်မှာ ရှမ်းပြည်၊ အနောက်ဖက်မှာ ရမည်းသင်းခရိုင်နှင့် သံတောင်မြို့နယ်၊ တောင်ဘက်မှာ ကရင်ပြည်နယ်နဲ့ သံလွင်ခရိုင် အရှေ့ဘက်မှာ ယိုးဒယားနိုင်ငံတို့ဖြစ်တယ်။

အကျယ်အဝန်း– (က)ကယားပြည်နယ်ကို ကန္တာရဝတီနယ် စတုရန်းမိုင် ၃၀၁၅၊ ကြက်ဖိုးကြီးနယ် စတုရန်းမိုင်း ၇၀၀၊ဘော်လခဲနယ် စတုရန်းမိုင် ၄၉၁ မိုင်တို့ကို စုပေါင်းဖွဲ့စည်းထားသည်။ ပြည်နယ်တခုလုံး အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင် (၄၅၆၆) မိုင်ရှိတယ်။

ကယားပြည်နယ်ဟာ တောင်ကုန်းတောင်တန်းထူထပ်ပြီး အမြင့်ပေ ၄၀၀၀–၅၀၀၀ ထိရှိတယ်။ မြေပြန့်လွင်ပြင်ဆိုတာ သံလွင်နှင့် နမ့်ပွန်မြစ်ဝှမ်း တလျှောက်မှာသာရှိတယ်။ သံလွင်မြစ်ဟာ ကယားပြည်နယ်အရှေ့ဖက်ကို ဖြတ်ပြီး တောင်နှင့်မြောက်ကို စီးဆင်းတယ်။ သံလွင်မြစ်နဲ့ ဖာဘောင်းနားမှာ ပေါင်းဆုံတယ်။ နမ့်ပွန်မြစ်ထဲကို ဘီလူးချောင်း၊ ထူးချောင်းတို့စီးဝင်ကြတယ်။

ကယားပြည်နယ်ရှိ–ကရင်မျိုးနွယ်စုများ

၁။ ကရင်နီ (ကယား)ကယားပြည်နယ်တွင် အနှံ့အပြား နေထိုင်သည်။

၂။ ပကူး –ဖာဘောင်းမြို့နယ် မော်ချီးဘက်တွင် နေထိုင်သည်။

၃။ ကယန်း – ဒီမောဆိုမြို့နယ်တွင် နေထိုင်သည်။ ပဒေါင်ဟုလည်းခေါ်သည်။

၄။ ယင်းဘော်–ဒီမောဆိုးမြို့နယ်တွင် နေထိုင်သည်။

၅။ ပရဲ့ မနုမနော– ဖရူးဆိုးမြို့နယ်တွင် နေထိုင်သည်။

၆။ ယင်းတလဲ– ဖာဆောင်းတွင် နေထိုင်သည်။

၇။ ဂေခို၊ ဂေဘား – လွယ်ကော်မြို့နယ်နှင့် ဒီမောဆိုးမြို့နယ်တွင် နေထိုင်သည်။

၈။ ဇယိန်– (မိုးဗြဲနယ်အတွင်းနေထိုင်သည်)

၉။ ခနု၊ အင်းသား – အနှံ့အပြားနေထိုင်သည်။

---

စွယ်စုံကျမ်းအတွဲ (၁)က–ကုံ စာမျက်နှာ (၇၂)

## (တိုင်းဒေသကြီးများတွင် နေထိုင်သော ကရင်မျိုးနွယ်စုများ)

စကောကရင်– ဧရာဝတီတိုင်း၊ ပုသိမ်၊ မြောင်းမြတို့တွင် ပိုးကရင်ထက်လူဦးရေနဲပြီး၊ မအူပင်၊ ဟင်္သာတ၊ ဖျာပုံ၊ ပဲခူးတိုင်း သာယာဝတီ၊ ညောင်လေးပင်၊ သဲတောတို့တွင် စသည်တို့အများအပြားနေထိုင်သည်။ ရမည်းသင်းခရိုင်မှ တောင်ဘက်မြိတ်ခရိုင်ထိ ထားဝယ်ခရိုင် မြိတ်ခရိုင်တို့တွင် နေထိုင်သည်။

ပိုးကရင်– မြစ်ဝကျွန်းပေါ်ဒေသ၊ ဧရာဝတီတိုင်း ပုသိမ်ခရိုင်၊ မြောင်းမြခရိုင်၊ မအူပင်ခရိုင်တို့တွင် အများစုနေထိုင်ပြီး၊ ဟင်္သာတခရိုင်၊ ဖျာပုံခရိုင်တို့တွင် စကောကရင်ထက် လူဦးရေနဲသည်။

ပဒေါင် – ကယမ်းဟုလည်းခေါ်သည်။ တောင်ငူ အရှေ့ဘက် ကယားပြည်နှင့် ရှမ်းပြည်တောင်ပိုင်းတွင် အနဲစုနေထိုင်သည်။ ကယားပြည်တွင် လူဦးရေ ၂၅၀၀ (၁၉၃၁)ရှိပြီး၊ ရှမ်းပြည်တောင်ပိုင်းတွင် ၁၄၀၀ (၁၉၃၁)ရှိသည်။ ပျဉ်းမနား၊ တောင်ငူ အရှေ့ပေါင်းပေါင်းမြစ်ဝှမ်းရှိ စတုရန်း ၁၅၀ ကျယ်တဲ့ မြေပြန့်မှာလည်း နေထိုင်ကြသည်။ ပဒေါင်းအမျိုးသမီးများဟာ လည်တိုင်ရှည်မှ လှတယ်လို့ ယုံကြည်ပြီး လည်တိုင်ရှင်အောင် လည်ပင်းကွင်း ကြေးခွေများကို တခွေပြီးတခွေ ဆင့်ပြီး ဝတ်ဆင်လေ့ရှိသည်။ ယနေ့ထက်တိုင် ရှိတယ်။

ပအိုဝ်း– ပအိုဝ်းလူမျိုးဟာ မြန်မာနိုင်ငံအရှေ့ဘက် ရှမ်းပြည်တောင်ပိုင်း၊ အလယ်ပိုင်းနှင့် အနောက်ဘက်နယ်စပ်တွေမှာအနှံ့အပြားနေထိုင်ကြတယ်။ ပအိုဝ်းတို့နေထိုင်တဲ့ အချက်အချာဒေသနှစ်ခုဟာ သံလွင်မြစ်အောက်ပိုင်း ပတ်ဝန်းကျင်ဒေသများနှင့် တောင်ပိုင်းရှမ်းပြည်၊ သထုံနယ်တို့ဖြစ်တယ်။ မြန်မာနိုင်ငံအောက်ပိုင်း ကျိုက္ကမီခရိုင်၊ သထုံခရိုင်တို့မှာ ပအိုဝ်းလူမျိုး (၅၃၁၅၉)ဖြစ်တဲ့အတွက် အများဆုံးနေထိုင်တဲ့ဒေသဖြစ်တယ်။ တောင်ငူခရိုင်၊ ပဲခူးခရိုင်၊ ဖားအံခရိုင်အဟိုမှာပေါင်း (၂၁) ရှိတယ်။ ကယားပြည်နယ်မှာ ပအိုဝ်း(၂၃၀၀)ရှိတယ်။ ကော့ကရိတ်မှာလည်းနေတယ်။ ကမ္ဘောဇနယ်၊ မဲခေါင်မြစ်အောက်ပိုင်ဒေသမှာ ပအိုဝ်းအများအပြားနေထိုင်ကြတယ်။

မြန်မာနိုင်ငံအောက်ပိုင်း သထုံခရိုင်ဟာ ပအိုဝ်းတို့၏ မူလဇာတိဖြစ်တယ်။ ပုဂံပြည်ကို အနော်ရထာမင်း တိုက်ခိုက်ပြီး ခေါ်ဆောင်သွားတဲ့ မနုဟာမင်းဟာ ပအိုးလူမျိုးဖြစ်တယ်။ မနုဟာမင်းမရှိတဲ့နောက် နိုင်ငံပြိုကွဲပြီး၊ ရှမ်းပြည်တောင်ပိုင်းမှာ သထုံနယ်သစ်ကိုတည်ထောင်ကြတယ်လို့သမိုင်းအချို့က ဖော်ပြကြတယ်။ ပအိုဝ်းလူမျိုးကို ရှေးကတောင်သူလို့ ခေါ်ကြတယ်။

ဇယိမ်း (ခေါ်) လေးခို –ခေါင်းအောက်ပိုင်းကိုချန်လပ်ပြီး၊ ဦးပြည်ရိပ်သောအလေ့အထကြောင့် (ယေခို)လို့ခေါ်ကြတယ်။ ရှမ်းပြည်တောင်ပိုင်း လွယ်လုံမြောက်ဘက်နှင့် တောင်ပိုင်းမိုးဗြဲနှင့် နီးစပ်တဲ့ကျေးရွာပေါင်း (၂၆)ရွာမှာ နေထိုင်ကြတယ်။ အချို့မှာ တောင်သူတို့ ရဲ့ဓလေ့ကို လိုက်ပြီး၊ အချို့မှာ ရှမ်းတို့ရဲ့ဓလေ့ထုံးစံကို လိုက်နာကြတယ်။ အချို့မှာ ပလောင်၊ တောင်သူ၊ ဝတို့နှင့် သွေးနှောဟန်ရှိတယ်။ လေခို (ခေါင်းတို)ကွန်ခေါ် သို့မဟုတ် ဆောင်တုန်ဟုလည်းခေါ်ကြတယ်။

ယင်းနက်–ယဉ်လည်။ မိုးဗြဲနယ်၊ သံလွင်မြစ်အနောက်ဘက် တောင်တန်းဒေသအချို့မှာ ကျိုင်းတုံနယ်မှာ ပြန့်နှံ့နေထိုင်ကြတယ်။ မြန်မာတွေက "ယင်း"လို့ခေါ်တယ်။ ရှမ်းက "ယန်း"လို့ခေါ်တယ်။ ယင်းနက်ကို 'ယန်းလန်'လို့ခေါ်ကြတယ်။ အနက်ရောင်ဝတ်လို့ ယင်းနက်ခေါ်တယ်။

ယင်းကြား–ယန်းဆက်။ ကရင်လို 'တိုပလေး'လို့ခေါ်တယ်။ ရှမ်းပြည်တောင်ပိုင်း ကျေးသီးမဲစံနယ် ကျေးလက်တောရွာများမှာ နေထိုင်ကြတယ်။ ပင်လုံအနီး တဝိုက်ကျေးရွာများမှာလည်း နေထိုင်ကြတယ်။ သင်တိုင်းအကြားကို ရက်လုပ်ဝတ်ဆင်တဲ့အတွက် ယင်းကြားလို့ခေါ်တယ်။

ယင်းနက်၊ ယင်းကြားစကားတွေဟာ ကရင်မျိုးနွယ်စုနှင့် ခြားနားရုံသာမကဘဲ ဓလေ့ထုံးစံပါ ကွာခြားကြပြီးဖြစ်တယ်။

## သန်းခေါင်စာရင်းကောက်ခံမှု ကရင်မျိုးနွယ်စုနှင့် လူဦးရေ

မြန်မာပြည်မှာနေထိုင်တဲ့ တိုင်းရင်းသားလူမျိုးအသီးသီးအနက် ကရင်လူမျိုးဟာ မြန်မာအမျိုးပြီးရင် ဒုတိယအများဆုံး လူမျိုးဖြစ်တယ်။ ကရင်လူဦးရေနှင့်ပတ်သက်လို့ ၁၉၉၃ ခုနှစ် ဇန္နဝါရီလ (၁၁)ရက်နေ့ နဝတရဲ့ထုတ်ပြန်ကြေငြာတဲ့ မြန်မာနိုင်ငံ လူဦးရေ သန်းခေါင်စာရင်းအရ ကရင်လူမျိုး ၂၆၀၀၀၀ (နှစ်သန်းခြောက်သိန်း)လို့ ဖော်ပြထားတယ်။

နဝတအုပ်ချုပ်ရေးအဖွဲ့က တင်ပြထားတဲ့ သန်းခေါင်စာရင်းမှာ တိကျသေချာမှု–ဘယ်လောက်ရှိသလဲဆိုတာ ဆန်းစစ်စရာတွေရှိနေပါတယ်။ (ဘာဖြစ်လို့လဲဆိုရင်)ကရင်လူဦးရေအရဟာ ကရင်လူ့အဖွဲ့အစည်းက ခန့်မှန်းတင်ပြထားတဲ့ စာရင်းနှင့် နိုင်ငံရပ်ခြား သုတေသီတချို့ရဲ့ ခန့်မှန်းတင်ပြထားတဲ့ စာရင်းတွေအရ အလွန်အမင်း ကွာခြားနေတာတွေ့ရပါတယ်။

မြန်မာနိုင်ငံလူဦးရေ သန်းခေါင်စာရင်းကို (၁၈၂၄–၂၆)ခုနှစ် အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲအပြီး (မြိတ်သျှနယ်ချဲ့တဲ့ ရခိုင်တနင်္သာရီနယ်ကအစပြုပြီး ကောက်ခံခဲ့တယ်လို့သိရတယ်။ ဆက်လက်ပြီးအင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲအပြီး (၁၈၆၁–၆၂)

ခုနှစ်မှာ ရခိုင်တနင်္သာရီကောက်ခံပြီး ပဲခူးစတဲ့ (ဗြိတိသျှများ အုပ်ချုပ်ရေးကာလ လူဦးရေစာရင်းကို ပထမဆုံးစတင် ကြေငြာခဲ့ကြတယ်။ နောက်ပိုင်း ၁၉၀၁ ခုနှစ်ကစတင်ပြီး (၁၀)နှစ်တကြိမ် ဆက်လက်ပြီး ကောက်ခံခဲ့ကြတာဟာ ၁၉၃၁ ခုနှစ်ထိ ဖြစ်တယ်။ ၁၉၄၁ ခုနှစ် လူဦးရေစာရင်းကောက်ခံခဲ့တယ်။ ဒုတိယကမ္ဘာစစ်ဖြစ်ပြီး ကောက်ခံနိုင်ခြင်းမရှိတော့ပါ။ ၁၉၀၀ ခုနှစ်မှ ၁၉၃၁ ခုနှစ်ထိ ကာလမှာ ကောက်ခံချက်အရ ဗြိတိသျှဘားမား လူဦးရေ သန်းခေါင်စာရင်းမှာ ကရင်လူဦးရေနှင့် ပတ်သက်ပြီး ဖော်ပြထားတာကို ဇယားအရသိနိုင်ပါတယ်။

ဗြိတိသျှဘားမားရှိ ကရင်လူဦးရေစာရင်း (၁၉၀၁–၁၉၃၁)၁၉၃၁ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာပြည်လူဦးရေစာရင်း ၁၄ဒသမ ၆ သန်းဖြစ်ပြီး ကရင်လူဦးရေဟာ ၁ ဒသမ ၃ သန်းဖြစ်တဲ့အတွက် ကရင်လူဦးရေ ၁၉၄၁ ခုနှစ် မြန်မာပြည် ဂျပန်အုပ်ချုပ်ရေးကာလမှာ ကရင် ၁၀ ရာခိုင်နှုန်းရှိသည်။ သန်းခေါင်စာရင်းကောက်ခံတာ ကရင်ဦးရေစာရင်း (၉)သန်းရှိတယ်လို့ ဖော်ပြထားတယ်။ ဂျပန်ခေတ်လူဦးရေ ကောက်ခံမှုကတော့ လက်တွေ့ကွင်းဆင်း ကောက်ခံတာထက် ခန့်မှန်းတွက်ချက် ဖော်ပြထားတာဖြစ်တယ်။

**KNU** အစည်းအရုံးတင်ပြချက်အရ ဒုတိယလမ်းစဉ်သစ်နောက်ပိုင်း ကောက်ခံတဲ့ သန်းခေါင်စာရင်းတွေဟာ တိကျသေချာမှုမရှိနိုင်ဘူးလို့ တင်ပြထားကြပါတယ်။ အောက်ပါအကြောင်းတွေကြောင့်ဖြစ်တယ်။

(က)ဆင်းသက်ရာမျိုးနွယ်အရ မကြည့်ဘဲ စကားအရလက်ခံခြင်း

(ခ)ဗုဒ္ဓဘာသာကို မြန်မာလူမျိုးစာရင်းတွင် ထည့်သွင်းခြင်း

(ဂ)ကရင်စကားမပြောတတ်သူအားလုံး 'မြန်မာလူမျိုး'၌ထည့်သွင်းခြင်း

(ဃ)သန်းခေါင်စာရင်းအမှုထမ်းအားလုံးလိုလို မြန်မာလူမျိုးများဖြစ်ခြင်း

(င)တောင်ပေါ်ကရင်များသည် သန်းခေါင်စာရင်းကောက်ခံသည်ကို နားမလည် ကြောက်ရွံ့၍ အမည်များမပေးကြခြင်း

(စ)ကျေးရွာလူကြီးအချို့ နားမလည်၍ ကရင်ဦးရေကို ချန်လှပ်ထားခြင်းဖျောက်ဖျက်ခြင်းစတာတွေဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ၁၉၈၂ ခုနှစ် န ဝ တ ထုတ်ပြန်ကြေငြာတဲ့ သန်းခေါင်စာရင်းပါ အောက်ပါအတိုင်းဖြစ်ပါတယ်။

၁၉၀၁–၁၉၃၁၊ သန်းခေါင်စာရင်းနှင့် ၁၉၈၂ ခုနှစ် သန်းခေါင်စာရင်းနှစ်ခုကို နှိုင်းယှဉ်ကြရင် ၁၉၃၁ ခုနှစ် ကရင်လူဦးရေဟာ မြန်မာပြည်လူဦးရေအားလုံးရဲ့ ၁၀ ရာခိုင်နှုန်းရှိပြီး ၁၉၈၂ ခုနှစ်မှာတော့ ၆ ရာခိုင်နှုန်းဘဲရှိတယ်။ ကရင် လူဦးရေရဲ့ တိုးတက်မှုနှုန်းဟာ ၁၉၀၁ ခုနှစ်က ၁၉၃၁ ခုနှစ်ထိ သန်းခေါင်စာရင်းပုံမှန် အကြိမ်တိုင်း ၂. ၅ ရာခိုင်နှုန်း ပုံမှန် တိုး တက်လာတာကို တွေ့ရပါတယ်။ ပုံမှန်အတိုင်းတိုးတက်ရင် ကရင်လူဦးရေဟာ ၁၉၆၁ ခုနှစ်မှာ (၃)နီးပါးရှိပါလိမ့်မည်။ ဒီလို ဦးရေပမာဏဟာ ၁၉၃၁ ခုနှစ် ဗြိတိသျှ သန်းခေါင်စာရင်းကို အခြေခံထားတာဖြစ်ပါတယ်။ ဗြိတိသျှခေတ် သန်းခေါင် စာရင်း ကောက်ခံမှုဟာလည်း ကရင်ဒေသအနှံ့ မကောက်ခံနိုင်သေးဘူးဆိုတာ အထက်ကပြောခဲ့ပြီးဖြစ်တယ်၊ ဒါကြောင့် အဲဒီခေတ်က ကရင်လူဦးရေသည်ပင် ဒီထက်များပြားစရာ အကြောင်းရှိပါတယ်။ အထက်က တင်ပြခဲ့တဲ့ လူမျိုးပျောက်ကွယ်ခြင်းကိစ္စတရပ်လည်း ပါဝင်တယ်ဆိုတာ ယူဆနိုင်ပါတယ်။

လူမျိုးတမျိုးပျောက်ကွယ်တဲ့ကိစ္စမှာ အောက်ပါအချက်တွေကကို အချက် (၃)ချက်ရှိပါတယ်။

ပထမအချက်က – မျိုးဖျောက်သုတ်သင်သတ်ဖြတ်ခြင်း

ဒုတိယအချက်က – ဝါးမျိုခံရခြင်း

တတိယအချက်က – အင်အားကြီးသောလူမျိုးတမျိုး၏ တခြားလူမျိုးများနှင့် သွေးနှောခံရခြင်း စတာတွေဖြစ်တယ်။ ကရင်လူ့အဖွဲ့အစည်းဟာ အုပ်ချုပ်ခံလူမျိုးတမျိုးဖြစ်နေရတာရယ်။ ဒေသအနှံ့အပြားနှင့် ရောနှောနေထိုင်ပြီး သွေးနှော ခံရတာရယ်။ အချို့အစိတ်အပိုင်းတွေမှာ တိုးတက်နေတဲ့လူ့အဖွဲ့အစည်းရဲ့ပြင်ပမှာအထီးကျန်နေတာရယ်။ တိုးတက်တဲ့ လူမျိုးတွေကို အထင်ကြီးပြီး မိမိကိုယ်ကိုအထင်သေးလာတာရယ်၊ အချက်တွေဟာ အခြားလူမျိုးတွေနဲ့တန်းတူ ယှဉ်ပြိုင်တဲ့နေရာမှာ အားနဲပြီး ပိုထုတ်လုပ်နိုင်အောင်လို့ ဖော်ပြထားပါတယ်။

ကရင်လူ့အဖွဲ့အစည်းဟာအထက်ကအချက် (၃)ချက်နှင့် အမှန်ဘဲရင်ဆိုင်ရပြီလားဆိုတာ ဖော်ထုတ်ဖို့လိုအပ်နေပြီလို့ အချို့နိုင်ငံရေးလေ့လာသူများက ထောက်ပြကြပါတယ်။

**KNU** ကရင်အမျိုးသားအစည်းအရုံးက ကရင်လူဦးရေနဲ့ပတ်သက်ပြီး အမှန်တကယ်ရယူနိုင်ဘို့ကြိုးပမ်းခဲ့တာ (၁၉၄၇) ခုနှစ် ထဲကဖြစ်တယ်။ ပြည်တွင်းစစ်ဖြစ်ပြီးနောက် သန်းခေါင်စာရင်းကိစ္စဟာ တိတိကျကျကောက်လို့ရနိုင်မှာ မဟုတ်သေးပါ။

---

ကရင်အမျိုးသားသမိုင်း **KNU** ဌာနချုပ်

ကိုလိုနီလမ်းစဉ်နှင့် မြန်မာနိုင်ငံ ဂျေ ဖက်ဖ် ဖာနီဗယ်

မြန်မာပြည်ဟာ လူမျိုးပေါင်းစုံ နေထိုင်တဲ့ နိုင်ငံတနိုင်ငံဖြစ်ပါတယ်။ န ဝ တ အုပ်ချုပ်ရေးဌာနက ထောက်ပြချက်အရ လူမျိုးပေါင်း ၁၄၅ ရှိတယ်လို့ ဖော်ပြထားတယ်။ ယခင်နှစ်ပေါင်း (၁၀)စု အနည်းဟာ မြန်မာစကားပြောလူမျိုးနှင့် တခြား ဘာသာစကားပြောလူမျိုး အုပ်စုတွေရဲ့ လူဦးရေပမာဏနှိုင်းယှဉ်ချက်မှာ အခြားဘာသာစကားပြောသူ လူဦးရေက ပိုမိုများပြားတယ်လို့ ထင်မြင်ယူဆထားပါတယ်။ ဒါပေမဲ့ န ဝ တ သန်းခေါင်းစာရင်းဖော်ပြချက်မှာ တခြားလူမျိုးများရဲ့လူဦးရေ ရာနှုန်းဟာ မြန်မာစကားပြောလူဦးရေနဲ့ (၃၀)ရာခိုင်နှုန်းဘဲ ရှိနေတာတွေ့ရတယ်။ ကရင် (၅)ရာခိုင်နှုန်းသာရှိတယ်။ ၁၉၃၁–ခုနှစ် သန်းခေါင် စာရင်း အရ မြန်မာပြည်ရှိလူဦးရေ စုစုပေါင်း ၁၄ .၆သန်းရှိသည့်အနက် ကရင်အမျိုးသားလူ ဦးရေ ၁ ၃ သန်းသာ ရှိမည်ကိုတွေ့ရတယ်။ အမှန်စင်စစ်ကရင်လူဦးရေဟာ ထို့ထက်များပြားစရာရှိတယ်။

ဂျပန်ခေတ်မှာ ကောက်ခံတဲ့ စာရင်းအရ–ကရင်လူဦးရေ (၄)သန်းကျော်ရှိတယ်လို့ ဖော်ပြထားတယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း သန်းခေါင်စာရင်းကောက်ခံမှုများဟာ အပြည့်အစုံမရနိုင်ဘဲ ခန့်မှန်းတွက်ချက်ရေးမှတ်သည်သာ များတယ်။ အဘယ်ကြောင့်ဆိုသော် သန်းခေါင်းစာရင်းကောက်ခံသူများ တောလက်ကျေးရွာများသို့ မသွားနိုင်ခြင်း၊ သွားလာရန်ကြောက်ရွံ့ခြင်းများကြောင့် ခန့်မှန်းပြုလုပ်ခဲ့ကြသည်။ **KNU** ရေးသားထုတ်ဝေသော 'ကရင်အမျိုးသားသမိုင်း'တွင် ကရင် လူဦး ရေကို အောက်ပါအတိုင်းခန့်မှန်းသည်။

| | |
|---|---|
| ဧရာဝတီမြစ်ဝကျွန်းပေါ် ရန်ကုန်အပါအဝင် သာယာဝတီပြည်ဒေသအရကရင်လူဦးရေ | ၄.၂ သန်း |
| အရှေ့တိုင်းနှင့် ပဲခူးနှင့် ပျဉ်းမနားဒေသ | ၂.၂ သန်း |
| ကရင်နီပြည်နယ်ဒေသ | ၁.၆ သန်း |
| | ၇း ၀၀ သန်း |

(၇သန်းတိတိရမည်ဟု ဖော်ပြထားသည်)

ကရင်လူဦးရေ စာရင်း (၁၉၀၁–၁၉၃၁)

| ခုနှစ် | မြန်မာပြည်လူဦးရေ | ကရင်လူဦးရေ |
|---|---|---|
| ၁၉၀၁ | ၁၀၄၉၁၀၀၀ | ၉၅၃၃၆၄ |
| ၁၉၁၁ | ၁၂၁၁၅၀၀၀ | ၁၁၀၂၆၉၅ |
| ၁၉၂၁ | ၁၃၂၀၂၀၀၀ | ၁၂၂၀၃၅၆ |
| ၁၉၃၁ | ၁၄၆၆၇၀၀၀ | ၁၃၄၀၀၀၀ |

၁၉၉၂ ကရင်လူဦးရေစာရင်း (ပိုးစကော)

| | |
|---|---|
| ၁။ ကရင်ပြည်နယ် | ၆၄၀၀၀၀ |
| ၂။ ကယားပြည်နယ် | ၁၀၀၀၀ |
| ၃။ မွန်ပြည်နယ် | ၂၁၀၀၀၀ |
| ၄။ရှမ်းပြည်နယ် | ၁၀၀၀၀ |
| ၅။ဧရာဝတီတိုင်း | ၁၁၉၀၀၀၀ |
| ၆။တနင်္သာရီတိုင်း | ၇၀၀၀၀ |
| ၇။ရန်ကုန်တိုင်း | ၂၃၀၀၀၀ |
| ၈။မန္တလေးတိုင်း | ၁၀၀၀၀ |
| ၉။ပဲခူးတိုင်း | ၂၁၀၀၀၀ |
| | ၂၄၈၀၀၀၀ |

ကရင်ပြည်နယ်ရှိလူမျိုးများနှင့် လူဦးရေစာရင်း

၁၉၉၂

| | |
|---|---|
| ကရင် | ၆၄၀၀၀၀ |
| မွန် | ၂၂၀၀၀၀ |
| ကယား | ၁၀၀၀၀ |
| ရှမ်း | ၃၀၀၀၀ |
| ပအိုဝ်း | ၇၀၀၀၀ |
| ဗမာ | ၁၇၀၀၀၀ |
| အခြား | ၁၂၀၀၀၀ |
| | ၁၂၆၀၀၀၀ |

၁၉၆၁–၆၉ ကရင်ပြည်နယ် စတုရန်မိုင်လျှင် ၆၀ ခန့်နေထိုင် လူဦးရေ ၈၀၃၇၈၉ ဖြစ်သည်။

ကယားပြည်နယ်လူဦးရေစာရင်း (၁၉၃၁)

| | |
|---|---|
| ၁။ ကယားလူမျိုး | ၃၀၀၀၀ |
| ၂။ ဂေဘာအမျိုးသား | ၃၀၀ |

ကယားပြည်လူဦးရေစာရင်း (၁၉၉၂)

| | |
|---|---|
| ကမား | ၉၀၀၀၀ |
| ကယန်း | ၂၀၀၀၀ |

| | | | | |
|---|---|---|---|---|
| ၃။ ဂေဘားအမျိုးသား | ၄၀၀ | ကရင် | | ၁၀၀၀၀ |
| ၄။ ဒေါင် (ခေါ်)ကလက | ၅၀၀၀ | ရှမ်း | | ၂၀၀၀၀ |
| ၅။ ပရဲ့အမျိုးသား | ၇၀၀၀ | ဗမာ | | ၃၀၀၀၀ |
| ၆။ မနုမနော အမျိုးသား | ၃၀၀၀ | အခြား | | ၄၀၀၀၀ |
| ၇။ ယင်းဘော် | ၉၀၀၀ | | စုစုပေါင်း | ၂၁၀၀၀၀ |
| ၈။ ယင်းတလဲ | ၅၀၀ | | | |
| ၉။ ပကူး | ၆၀၀၀ | | | |
| ၁၀။ ရှမ်း | ၁၂၀၀၀ | | | |
| စုစုပေါင်း | ၇၃၂၀၀၀ | | | |

ကယားပြည်လူဦးရေမှာ ၁၉၃၁–ခုနှစ်မှာ ၃၁၅၀၀၊ ၁၉၄၁–ခုနှစ်မှာ ၇၀၄၉၃၊ ၁၉၆၈–၆၉ ခုနှစ်တွင် ၁၀၄၉၉၅၊ ၁၉၉၂ ခုနှစ်တွင် ၁၀၀၀၀၀ ဟု မှတ်တမ်းများကဖော်ပြထားတယ်။

ပအိုဝ်းလူဦးရေ

| | |
|---|---|
| ကရင်ပြည်နယ် | ၇၀၀၀၀ |
| ရှမ်းပြည်နယ် | ၄၅၀၀၀၀ |
| ပဲခူးတိုင်း | ၂၀၀၀၀ |
| ကယားပြည်နယ် | ၂၃၀၀ |
| မွန်ပြည်နယ် | ၆၀၀၀၀ |
| စုစုပေါင်း | ၆၀၂၃၀၀ |

၁၉၃၁ ခုနှစ် သန်းခေါင်းစာရင်းအရ ပအိုဝ်းလူဦးရေ ၂၂၅၈၂၂ဖြစ်သည်။ကျိုက္ကမီ၊ သထုံတွင်ပအိုဝ်းလူမျိုး ၅၃၁၅၉ ရှိသည်။
ပဒေါင်ခေါ် ကယန်း

| | |
|---|---|
| ကယားပြည်တွင် | ၂၀၀၀၀ |
| ရှမ်းပြည်နယ် | ၄၀၀၀၀ |
| စုစုပေါင်း | ၆၀၀၀၀ |

၁၉၃၁ ခုနှစ် သန်းခေါင်စာရင်းအရ ပဒေါင်လူဦးရေ ၁၆၅၀၀ ရှိသည်။

---

# မြေရှင်ပဒေသရာဇ်ခေတ်ကရင်အမျိုးသား

## မြို့ပြတည်ဆောက်ခြင်း

မြေရှင်ပဒေသရာဇ်ခေတ် ကရင်လူမျိုးတွေ မြို့ရွာတည်ထောင်ပြီး အုပ်ချုပ်ခဲ့တဲ့သမိုင်းကို ကရင်ရာဇဝင်ဆရာများဖြစ်ကြတဲ့ ဦးပညာ၊ ဦးစော၊ စောအောင်လှတို့ရေးသားခဲ့ကြတဲ့ ကရင်ရာဇဝင်အသီးသီးမှာဖော်ပြခဲ့ကြပါတယ်။ ခေတ်ကာလအရ ပြောရရင် နှစ်ပေါင်း ၂ ထောင်ကျော်လောက်ကဖြစ်တယ်လို့ ဖော်ပြခဲ့ကြတယ်။

ပုဂံခေတ်မတိုင်မီ မြို့ပြတည်ထောင်ပြီး အုပ်ချုပ်ခဲ့တဲ့လူမျိုးဆိုရင် ပျူ လူမျိုးဖြစ်တယ်လို့မြန်မာသမိုင်းက ဖော်ပြပါတယ် ဒါပေမဲ့ ကရင်မြို့ပြကျေးရွာတည်ထောင်ခဲ့တဲ့ကာလကိုကရင်သမိုင်းဆရာတွေ ဖော်ပြခဲ့တာဟာ ပျူထက်အများကြီး စောတာတွေ့ရပါတယ်။

မြန်မာသမိုင်းမှာတော့ ကရင်လူမျိုးတွေ မြို့ပြတည်ထောင် အုပ်ချုပ်တဲ့ အကြောင်းအရာတွေကို ဖော်ပြခဲ့တာတော့

မတွေ့ရဘူး ပုဂံခေတ် အနော်ရထာမင်း လက်ထက် ထီးပြိုင် နန်းပြိုင် မွန်ဘုရင်မနုဟာမင်းကိုတိုက်ခိုက်ပြီး သထုံပြည်ကိုသိမ်းပိုက်ပြီး ပထမမြန်မာနိုင်ငံကို တည်ထောင်တယ်။ နောက်ပိုင်း မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်း၊ မင်းဆက်တွေ အပြန်ပြန် အလှန်လှန် ကျူးကျော်တိုက်ခိုက်တဲ့သမိုင်းမှတ်တမ်းတွေဘဲ ရေးသားထားခဲ့ကြတယ်။

အနော်ရထာသိမ်းပိုက်ခဲ့တဲ့သထုံပြည်ဟာ ပအိုဝ်း(တောင်သူ)လူမျိုးတို့က စတင်တည်ထောင် အုပ်ချုပ်ခဲ့တယ်လို့ ပအိုဝ်းသမိုင်းမှာဖေါ်ပြခဲ့ကြတယ်။ နောက်ပိုင်းမွန်မနုဟာမင်းကသိမ်းပိုက်အုပ်ချုပ်ခဲ့တယ်။ ကရင်မျိုးနွယ်ဝင် ကရင်နီလူမျိုးတွေ မြို့ပြတည်ထောင်အုပ်ချုပ်ပုံကိုတော မြန်မာသမိုင်းဆရာတွေက အထင်အရှားမှတ်တမ်းပြုထားပါတယ်။

စကောလူမျိုးတို့ဝင်ရောက် တိုက်ခိုက်လို့ (၇)ရာစုနှစ် ပျူနိုင်ငံပျက်ရတဲ့ ကိစ္စကိုတော့ ရေးသားခဲ့ပါတယ်။ ဒါပေမဲ့ ပျူခေတ်ပြီးနောက် ကရင်မြေရှင်ပဒေသရာဇ်နောက်ကြောင်းတော့ မှတ်တမ်းမရှိခဲ့ဘူး။ ဒါကရင်ရာဇဝင်တွေ ဖေါ်ပြခဲ့တဲ့ ကရင်မြို့ပြတည်ထောင်ခြင်းတွေဟာ အလွန်ရှေးကျခဲ့တယ်လို့ဖေါ်ပြထားကြတယ်။

ဦးပညာရေးခဲ့တဲကရင်ရာဇဝင်အတွဲ(၃)တွဲရှိပြီး ပထမတွဲမှာ ဇေယျ(ရ)မြို့ ဗဒနောဒုံ၊ ကရင်မြို့(၇)မြို့ဖြစ်တဲ့ ဒုံမွေ၊ မဲကလောင်၊ ပေါင်၊ တောင်ပို့၊ ကျိုက်မြို့၏ မြဝတီနှင့်တကွ ဇယျာဘူမိတွင်၊ ဘူးတဲ ပိုင်တရောင်ဖုံ၊ ခေါ်တဲ့ဖွဲလျှမြို့၊ မင်းဆက်၊

ဒုတိယတွဲမှာ ပအာဝန၊ ခေါ်တဲ့ ဒုံရင်းမြို့(၅)မြို့ လှိုင်းဘွဲ့၊ လမိုင်း၊ ကာကျိုင်း၊ ကျိုင်းမြို့၊ တခွက်ပို စတဲ့ ဒုံရင်းမင်းဆက်

တတိယတွဲမှာ ကွေ့ကရင် (ဝါ)ကွင်းကရင်၊ (ဝါ)စကောကရင်၊ ဟံသာဝတီ၊ ပဲခူး၊ အုပ်ဖို၊ မက္ကရာ စတဲ့ကရင်မင်းဆက်အကြောင်းကိုရေးသားဖေါ်ပြထားပါတယ်။

ကရင်ဘုရင်အကြောင်းနှင့်ပါတ်သတ်ပြီး ဦးပညာရေးသားတဲ့ကရင်ရာဇဝင်အရ ကရင်မင်းမှာ အောက်ပါအတိုင်းပြထားတယ်။

(မြဝတီမြို့စား–သုမန)

ကရင်ပြည်နယ်ဘက်သို့ကျွန်ုပ်ခရီးဆက်ခဲ့ခြင်းမှာ ကရင်ပြည်နယ်အတွင်းရှိ ရှေးရှေးသောအခါက ကရင်ရှင်ဘုရင် တည်ထားစံသွားဘူးသော မြို့ဟောင်းနေရာနှင့် ၎င်းဘုရင်မင်းလက်အောက်မြို့ရံခြောက်မြို့သို့ လှည့်လည်ကြည့်ရှု ရာဇဝင် ဗဟုသုတရှာဖွေဆည်းပူးရန်အတွက်ဖြစ်ရာ မြဝတီမြို့မှာလည်း အဆိုပါ ကရင်ရှင်ဘုရင်၏ လက်အောက်ခံမြို့ဖြစ်ကြောင်း ဒေါနတောင်ခြေရှိ ဓေတာင်တန်းငယ်ပေါ်က ကရင်ဘုရင်၏ မြို့ဟောင်းရာကို လေ့လာကြည့်ရှုပြီးနောက် မြဝတီသို့ခရီးတထောက် ရောက်ရှိကြရခြင်းဖြစ်သည်။

မြဝတီမြို့ကို အဘယ်ကြောင့် ဤယိုးဒယား မြန်မာနယ်ခြား သောင်းရင်းမြစ် ကမ်းခြေ၌ တည်ထောင်ရကြောင်းမှာ ကရင်ရှင်ဘုရင် အကြောင်းမပါဘဲ ပြည့်စုံမည်မဟုတ်သဖြင့် ကရင်ရှင်ဘုရင်အကြောင်း အမြွက်သဘောမျှ အကွက်စေ့ရုံ ဖော်ပြရပေလိမ့်မည်။

"ကရဏ္ဏကရဋ္ဌတိုင်း" သုဘိန္ဒနဂရ နေပြည်တော်တွင် "တိဿသက္ကရာဇမင်း"သည် ဘုရားမပွင့်မီ အနှစ် (၅၀)ခန့်က စိုးစံနေသည်။ ထိုစဉ်က "ယောနကတိုင်း" 'ယွန်း'ပြည်မှ လာရောက် တိုက်ခိုက်သဖြင့် ကျူးကျော်လာသူတို့အား လိုက်လံတွန်းလှန်ရာ 'ဒိုးဟန့'တောင်တန်း (ယခု ဒေါနတောင်တန်း)တောင်ကြားလမ်းနှင့် မလှမ်းမကမ်း တနေရာ တောင်ကုန်းမြေပြန့်၌ တပ်စခန်း ချမိလေသည်။ (၇)ရက်ခန့်ကြာမျှ အခြေအနေကို စောင့်ကြည့်ပြီး ငြိမ်သက်အေးချမ်းသောအခါ ထိုနေရာ၌ နောက်ထပ် ကျူးကျော်ဝင်ရောက်လာမည့် သူတို့အား နှိမ်နင်းနိုင်ရန် ရည်သန်လျှက် ခံတပ်မြို့ငယ်တည်ထောင်ကာ "ဗျညားအိန္ဒ"အမည်ရှိ ကရင်သူရဲကောင်းတဦးအား လက်နက်လူသူပေးအပ်လျှက် 'မြို့စား'အဖြစ် "တိဿသက္ကရာဇမင်းကြီး"က ခန့်အပ်ပြီး အစောင့်နေရာ ထားခဲ့လေသည်။

ယွန်းသူပုန်တို့ကို အောင်မြင်စွာ မောင်းနှင်ထုတ်နိုင်သည်ကိုအကြောင်းပြု၍ မြို့အမည်ကို ဇယျ (ဇေယျမြို့)ဟု သမုတ်ပြီးလျှင် ထိုနယ်တပိုက်တွင် သြဇာညောင်းသော မြို့စောင့် ကရင်သူရဲကောင်းအားလည်း (စောဗျညားအိန္ဒသေနရာဇာ) ဘွဲ့ဖြင့် ချီးမြှင့်ပြီးကာ နေပြည်တော်သို့ ပြန်လည်ကြွသွားလေသည်။

ဇယျမြို့သည် ယခုအခါ တောအတိလွှမ်းလျက်ရှိလေရာ ကော့ကရိတ်မြို့မှ အရှေ့ဘက်သို့ (၄)မိုင်ခန့် ကွာဝေးသောနေရာ၌ တည်ရှိနေသည်။ ၎င်းမြို့ဟောင်းရှိရာ တောင်ကုန်းတောအုပ်နှင့် များစွာမကွာလှမ်းသော မြေပြန့်တွင် ကရင်ရွာကြီး တရွာရှိရာ ရွာအမည်ကို မြို့ဟောင်းရွာဟုပင် ခေါ်ဆိုကြသည်။ ယခု အိမ်ခြေ (၈၀)ခန့်ရှိပြီး ဗုဒ္ဓဘာသာဝင် ကရင်သူကြီး ဦးရွှေအောင်က အုပ်ချုပ်စေကာကျေး(၂)တန်ပတ်ရံထားသော အဆိုပါဇယျမြို့ဟောင်းရာကို ကွတ်ကဲကာတက်ရောက်ကြည့်ရှုစဉ် လူသုံး ပစ္စည်းတို့ရှိခဲ့သဖြင့် တကြိမ်ကထိုနေရာတွင် လူနေအိမ်များရှိခဲကြောင့်မငြင်းနိုင်သော သက်သေခံတရပ်ဖြစ်သောကြောင့် တောတွင်းသို့ စွန့်စား ရောက်ရှိရကျိုးနပ်ပါပေ၏ဟုဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရပေသည်။

ဇယျမြို့စား စောဗျညားအိန္ဒသေနရာဇာသည် တိဿတက္ကရာဇမင်းကြီးအား သစ္စာစောင့်သိရှိသောအမှုတော်ကိုထမ်းဆောင်စေခဲ့သည်။ သို့သော်မင်းကြီးကနတ်ရွာစံရာ ကိတ္တိမမြေးက တိဿဓမ္မသီဟရာဇာ ဘွဲ့ဖြင့်ထီးနန်းကိုဆက်ခံသောအခါ

ဖယျမြို့စားမင်းသည် ကျေနပ်မှုမရှိသဖြင့် သုဓမ္မဝတီသထုံခေါ် အာဏာစက် အောက်မှနုပ်ထွက်ကာ တသီးတခြား သထုံနှင့်အပြိုင် မင်းအဖြစ်ကိုခံယူ၍နန်းဆိုင်လေတော့သည် မိမိစကားကို ဖယျာဘူမိနရတိုင်း ဒွါရပူရမြို့တော်ဟုအမည်သစ်သမုတ်ခေါ်တွင်စေပြီး အရေးကြီးသောဒေသတို့၌လည်း မြို့ခြောက်မြို့တည်ထောင်ကာ မြို့စောင့်မြို့စား အသီးသီးရာထူးပေးအုပ်ချုပ်စေရာ ကရင်တိုင်းပြည်၌ ကရင်ရှင်ဘုရင်အဖြစ် ပထမဆုံးအကြိမ်ပေါ်ပေါက်လာရတော့သတည်း။

ဖေယျာဇ္ဇာဘူမိနိဒ္ဒေသနရာဇာဘွဲ့ခံ ကရင်ရှင်ဘုရင်တည်ထောင်သောမြို့(၆)မြို့မှာ

(၁) မြို့စားသုမနအုပ်ချုပ်သော ကွန်ဖန်ပတီမြို့

(၂) မြို့စားဝဏ္ဏအုပ်ချုပ်သောမဲကလောင်မြို့

(၃) မြို့စားကလာပုအုပ်ချုပ်သောကျိုက်မြို့ခေါ် ကလစ်မြို့

(၄) မြို့စားဇ္ဇာဘွဲ့ဖြဟ္မ အုပ်ချုပ်သော တောင်ဖိုမြို့ခေါ် ဇဒုံပုံမြို့

(၅) မြို့စားဒေါ်ရဲအုပ်ချုပ်သော ပေါင်မြို့

(၆) ဇ္ဇာဘွဲ့သေန်လုံးအုပ်ချုပ်သော ဒုံဖွေ မြို့

အားလုံးသောမြို့စားမင်းအပေါင်းတို့မှာ တလိုင်း(မွန်)ကရင်အမျိုးသားများချည်းဖြစ်တယ်ဟု သမိုင်းတွင်အဆိုရှိသည် ထိုသမိုင်းအဆိုအရ ကရင်အမျိုးသားတို့၏ သီးခြားတိုင်းပြည်သည် လွန်ခဲ့သောနှစ်ပေါင်း(၂၅၀၀) ကျော်ကပင် ပေါ်ပေါက်တည်ရှိခဲ့ဘူးပြီဟုဆိုရမည် ဖြစ်သည်။ ကင်းခံမြို့(၆)မြို့ ဖြစ်ပြီး၊ မြို့စားသုမနအုပ်ချုပ်ရသော (ကွန်ဖန်ပတီ)မြို့သည် ယခု မြဝတီမြို့ပင်ဖြစ်လေသတည်း။

မြေရှင်ပဒေသရာဇ်ခေတ်ကရင်အမျိုးသားမြို့တည်ဆောက်ခြင်းအကြောင်းနှင့်ပတ်သက်၍ ဆက်လက်ဖော်ပြပါမည်။

---

# ခရစ်ယာန်သာသနာပြုအာဇနည်ကြီးများနှင့် မြည်မာပြည်နှစ်ခြမ်းခရစ်ယာန်သာသနာပြုသမိုင်း

**ခရစ်ယာန်အစကိုသာဖြူက**

ခရစ်ယာန်အစ "ကိုသာဖြူ"ကဟူ၍ မြန်မာပြည် ခရစ်ယာန်သာသနာ လောကတွင် ဆိုစမှတ် တခုရှိခဲ့သည်။ "ကိုသာဖြူ"ဆိုသူမှာ စကောကရင်အမျိုးသား တဦးဖြစ်ပြီး ဆရာကြီး ယုဒသန် မြန်မာနိုင်ငံတွင် စတင်အခြေချပြီး မကြာမီမှာပင် စကောကရင် အမျိုးသားများအနက် ခရစ်ယာန် ဘာသာကို သက်ဝင် ယုံကြည်ကာ ပဌမဦးဆုံး ခရစ် ယာန် ဘာသာဝင်ဖြစ်လာခဲ့သူ ဖြစ်သည်။ ၎င်းအပြင် ကရင်အမျိုးသားများ နေထိုင်ရာဒေသအတွင်း ပဌမဦးဆုံးသော ခရစ်ယာန် သာသနာပြု ပုဂ္ဂိုလ်တဦးလည်း ဖြစ်သည်။

"ကိုသာဖြူ"တယောက် ခရစ်ယာန်ဘာသာကို သက်ဝင်ယုံကြည်လာပြီး သာသနာပြု တဦးဖြစ်လာခဲ့ရခြင်းမှာ အလွန် အံ့သြစရာ ကောင်းသည်။ သူသည် အလွန်ဆိုးသွမ်းသူ တဦးဖြစ်သည်။ သူ့အသက် (၁၅)နှစ်သား အရွယ်တွင် အိမ်မှထွက်လာခဲ့ပြီး ခိုးဆိုးတိုက်ခိုက်၊ လုယက်၊ သတ်ဖြတ်မှုများကို ကျူးလွန်ခဲ့သည်မှာ သက်ကြီးရွယ် (၅၀)နှစ် ခန့်ထိ ဖြစ်သည်။ လူပေါင်း (၃၀)ထက်မနည်း သတ်ဖြတ်ခဲ့သည်ဟု သူကိုယ်တိုင် ဝန်ခံခဲ့သည်။

"ကိုသာဖြူ"သည် ပုသိမ်မြို့ မြောက်ဘက် ဥဒေါ ကျေးရွာဇာတိ ဖြစ်သည်။ ၁၇၇၈ ခုနှစ်ဖွားဖြစ်သည်။ နှစ်ပေါင်း (၃၀)မျှ မကောင်းမှုများ ကျူးလွန်ခဲ့သော "ကိုသာဖြူ"မှာ နောက်ဆုံးတွင် အဖမ်းခံရတော့သည်။ သူ့ကို ကျွန်အဖြစ် ရောင်းချရန် လူစည်ကားရာ ဈေးသို့ ခေါ်ဆောင်ခြင်းခံခဲ့ရ သည်။ "ကိုသာဖြူ"သည် အသက် (၅၀)ရှိပြီဖြစ်၍ အသက် အရွယ် ကြီးသည်ကတကြောင်း၊ လူဆိုးကြီး တဦးဖြစ်နေ၍လည်း တကြောင်း၊ သူ့ကို ကျွန်အဖြစ် ဝယ်ယူရန် ကြိုက်သူ နည်းလှသည်။ မရှိသလောက်ဟုပင် ဆိုရမည်ဖြစ်သည်။ အကယ်၍ သူ့အား ဝယ်ယူမည့်သူမရှိလျှင် နေမွန်းတည့်ချိန် ရောက်သည်နှင့် သေဒဏ် ပေးတော့မည်ဖြစ်သည်။ ကံကောင်း ထောက်မသော ကိုသာဖြူကို ဆရာယုဒသန်၏ တပည့် တဦးဖြစ်သူ ကိုရွှေဘေးက ငွေ (၁၀)ကျပ်ဖြင့် ဝယ်ယူခြင်းကို စံခဲ့ရလေသည်။ "ကိုရွှေဘေး"သည် "ကိုသာဖြူ"အား ဆရာယုဒသန်ထံသို့ ခေါ်ဆောင်လာခဲ့သည်။

နောက်ပိုင်းတွင် "ကိုသာဖြူ"အား ငွေ(၁၀)ကျပ်ဖြင့်ပင် ဆရာယုဒသန် လက်သို့ ပြန်လည်လွှဲပြောင်း ပေးခဲ့သည်။

"ကိုသာဖြူ"သည် ဆရာကြီး ယုဒသန် ကဲ့သို့သော သာသနာပြု ပုဂ္ဂိုလ်ကြီးနှင့် အတူတကွ နေထိုင်ရသောကြောင့် ဆရာကြီး၏ ဝေယျာဝစ္စများကို ကူညီ လုပ်ကိုင်ပေးရသည်ကလွဲပြီး သူအား 'ကျွန်တဦး'အဖြစ် သဘောထားခဲ့ခြင်းမရှိပေ။ သို့သော် "ကိုသာဖြူ" သည် တခါတရံ စိတ်ရိုင်းဝင်ပြီး ရန်လိုသော အပြုအမူများ ပေါ်ပေါက်လာတတ်သည်။ ဤအခါမျိုးတွင် ဆရာကြီး ယုဒသန်မှာ စိတ်အနှောက်အယှက် ဖြစ်ရလေသည်။

ဆရာကြီး ယုဒသန်သည် "ကိုသာဖြူ"အား လူဆိုး ဘဝမှ လူကောင်းဘဝသို့ ပြုပြင် ပြောင်းလဲရန် ဖြစ်နိုင်ပါဦးမည် လားဟု သံသယ ဖြစ်မိသည်။ သို့သော် "ကိုသာဖြူ"သည် မိမိ ကိုယ်ကို ပြုပြင်ပြီး လူကောင်းတဦး ဖြစ်လာခဲ့သည်။ ဆရာ ယုဒ သန် အနေဖြင့် ဘုရားသခင်၏ ပြုပြင်ပြောင်းလဲမှုကြီးတရပ်အဖြစ် မကြာခဏ ထုတ်ဖော် ဝန်ခံခဲ့လေသည်။

"ကိုသာဖြူ"သည် မော်လမြိုင်၌ရှိစဉ်က သူ့အား ရေ နှစ်မင်္ဂလာပေးရန် ဆရာယုဒသန်ထံ အကြိမ်ကြိမ် တောင်းခံ ခဲ့ဘူးလေသည်။ သို့သော်သူ၏ ပြုပြင်ပြောင်းလဲမှုနှင့် ယုံကြည်မှုအပေါ် ဘာသာဝင် တဦးအဖြစ် စိတ်ချယုံကြည်စွာ သတ်မှတ်နိုင် ခြင်း မရှိသေး၍ အလျင်စလို ရေနှစ်မင်္ဂလာ မရခဲ့ပေ။ ထိုကာလ ၌ သူသည် ကရင်အမျိုးသမီးတဦးဖြစ်သူ မအေးနှင့် အိမ်ထောင် ကျခဲ့သည်။ နောက်ပိုင်း သာသနာပြုဆရာ ဆရာ ဘို့ဒ်မန်သည် မော်လမြိုင်မှ ထားဝယ်သို့ ရွှေ့ပြောင်းပြီး သာသနာပြုရာ ကိုသာ ဖြူတို့ ဇနီးမောင်နှံကို တပါတည်း ခေါ်ခဲ့သည်။ ထားဝယ်မြို့၌ ဆရာဘို့ဒ်မန်သည် "ကိုသာဖြူ"အား ရေနှစ်မင်္ဂလာ ပေးလေ သည်။ "ကိုသာဖြူ" နှစ်ခြင်း မင်္ဂလာခံယူသောနှစ်မှာ ၁၈၂၈ ခု မေလ (၁၈)ရက်နေ့ ဖြစ်သည်။ အသက်(၅၀)ပြည့်သောနှစ် ဖြစ်သည်။ ရေနှစ်မင်္ဂလာခံယူပြီးနောက် သာသနာလုပ်ငန်းကို (၁၂)နှစ်လုံး မရပ်မနား ဆောင်ရွက်ခဲ့ရာ အသက် (၆၂)နှစ်၊ ၁၈၄၀ ခုနှစ် စက်တင်ဘာလ (၉)ရက်နေ့တွင် ကွယ်လွန်ခဲ့လေသည်။

## သာသနာ သူရဲကောင်းကြီး ဆရာယုဒသန်၊

ကရင်လူ့အဖွဲ့အစည်းအတွင်း "ကိုသာဖြူ"သည် ခရစ်ယာန် သာသနာပြုရာတွင် ရှေ့ဆောင် ရှေ့ရွက်တဦးအဖြစ် ကဗ္ဗည်း တင်နိုင်သကဲ့သို့ ကိုသာဖြူကို ကဗ္ဗည်း တင်နိုင်သကဲ့သို့ ကိုသာဖြူကို ဆုံးမ သွန်သင် ပြုပြင်ပြီး သာသနာလမ်းကြောင်း ပေါ်သို့ လမ်းညွှန်ပြသနိုင်ခဲ့သော အမေရိကန်ပြည်သား ဆရာ ကြီး"ယုဒသန်"ကိုလည်း ခရစ်ယာန်သာသနာ့ အာဇာနည်ကြီး တဦးအဖြစ် အလားတူ မှတ်တမ်း တင်နိုင်ခဲ့ပေသည်။ လူဆိုးကြီး ကိုသာဖြူ၏ ဘဝအလှည့် အပြောင်းနှင့် သာသနာစွမ်း ဆောင် မှုသည် အံ့သြစရာ ကောင်းသည်ထက် ဆရာကြီး "ယုဒသန်"၏ သာသနာအမြင် ပြောင်းလဲမှုနှင့် စွမ်းဆောင်ချက်များသည် သာ၍ပင် အံ့သြစရာကောင်းလှသည်။

ဆရာကြီး ယုဒသန်သည် မူလက ရေနှစ်ခြင်း ခရစ်ယာန် ဘာသာဝင် သာသနာပြု တဦးမဟုတ်ပါ။ မြန်မာပြည်ကို ရည်စူး၍ သာသနာပြုရန် အမေရိကန်မှ ထွက်ခွာလာခြင်းလည်း မဟုတ်ပါ။ အရှေ့တိုင်း အိန္ဒိယနိုင်ငံတွင် သာသနာပြုရန် ထွက်ခွာ လာခဲ့ခြင်းဖြစ်သည်။ အိန္ဒိယပြည်ကို ရွေ့ရှုရင်း ဗတ္တိဇံ မင်္ဂလာပေးခြင်း၌ ရေနှစ်ခြင်း မင်္ဂလာခံယူခြင်းက မှန်ကန်ကြောင်းကို ပင်လယ်ရီးစဉ်ကာလတွင် သိရှိခဲ့ပြီး၊ ဘာသာရေး အမြင်ပြောင်းလဲလာသူဖြစ်သည်။ ဆရာကြီးသည် ဤအပြောင်း အလဲမှာ သူ့အတွက် အထီးကျန် ဖြစ်လာနိုင်သည်ကို သာမက သူ၏ သာသနာပြုလုပ်ငန်းအပေါ် ထောက်ပံ့မှုကြီးလည်း ရပ်ဆိုင်း သွားနိုင် သည်ကို ကြိုတင်သိမြင်ထားပြီး ဖြစ်သည်။ သို့သော် သူရဲကောင်းတို့ မည်သည် ကိုယ်ကျိုးမငဲ့ဘဲ မှန်သည်ဟု မြင်လျှင် နောက်မဆုတ် စတမ်းဆောင်ရွက်တတ်သာ ဖြစ်လေသည်။

"ယုဒသန်"ကို ၁၇၈၈ ခုနှစ် ဩဂုတ်လ (၉)ရက်၊ မော်လ်ဒင်မြို့တွင် မွေးဖွားခဲ့သည်။ ဖခင်မှာ ကော်နက်နီးကပ်ပြည်နယ်၊ ရဒ်ဘာရီမြို့ ဇာတိဖြစ်ပြီး၊ မိခင်မှာ ဂိုဒ်အိုင်လင်ရှိ ဘိုင်တာဇဉ် မြို့သူ ဖြစ်သည်။ ၁၇၉၀ ခုနှစ်တွင် ဘော်စတွန်၏ အရှေ့မြောက်ဖက် မိုင် (၂၀)အကွာ ဝင်ဟန်မြို့သို့ မိသားစုများ ပြောင်းရွှေ့ နေထိုင်ခဲ့သည်။ ညီအစ်ကို မောင်နှမ (၄)ဦးအနက်၊ အငယ်ဆုံး ညီမငယ်မှာ ငယ်စဉ်ကပင် သေဆုံးသွားသည်။ ငယ်စဉ်ထဲက ယုဒသန်မှာ ဉာဏ်ပညာ ထက်မြက်ထူးချွန်သော ခလေး တဦးဖြစ်သည်။

ဆယ်နှစ်သား အရွယ်တွင် ရေကြောင်းပညာကို သင်ယူရာ အတော်အတန် နားလည်သည်။ ပဟေဠိ၊ စကားထာ၊ စ ကားဝှက်များကို ရေးသားခြင်း၊ ဖော်ထုတ်ခြင်းများကို အထူး ဝါသနာပါသည်။ ငယ်စဉ်ထဲက စိတ်ဓာတ်တက် ကြွခြင်း၊ မိမိကိုယ်ကို စိတ်ချ ယုံကြည်မှု၊ စိတ်ရောကိုယ်ပါ ဆောင်ရွက်လိုမှု၊ ကြိုးစားအားထုတ်တတ်သော အလေ့အကျင့် ရှိသည်။ ငယ်စဉ်တဲက ဘာသာရေးစာပေ၊ ဝတ္ထု၊ ပြဇာတ်များကို လေ့လာရန် ဝါသနာအထုံ ရှိခဲ့သည်။ ၁၈၀၂ ခု (၁၄) နှစ်သား အရွယ်တွင် သူ့မိသား စုသည် ပလိုင်းမောက်မြို့သို့ ပြောင်းရွှေ့ နေထိုင်ကြသည်။ ၁၈၀၄ ခုနှစ် တနှစ်စော၍ တက္ကသိုလ်သို့ ရောက်ခဲ့သည်။ ၁၈၀၇ ခုနှစ် အသက် (၁၉)နှစ် အရွယ်တွင် တက္ကသိုလ်ဘွဲ့ကို ဆွတ်ခူးလေသည်။ ပလိုင်းမောက်တွင်နေစဉ် ကိုယ်ပိုင် အလွတ်ပညာသင် ကျောင်း တကျောင်း ဖွင့်လှစ်ပြီး ကိုယ်တိုင် တနှစ်ခန့် စာသင်ပေးခဲ့သည်။ အင်္ဂလိပ် သဒ္ဒါ၏ မူလအခြေခံများနှင့် ငယ်ရွယ်သူ အမျိုးသမီးများအတွက် သင်္ချာစာအုပ် (၂)အုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ ငယ်စဉ် ရည်မှန်းချက်မှာ အဟောအပြော ကောင်း

သော ပုဂ္ဂိုလ်ဖြစ်လိုခြင်း၊ ကဗျာလင်္ကာဆရာကြီး ဖြစ်လိုခြင်း၊ နိုင်ငံရေးသမားဖြစ်လိုခြင်း စသည့် စိတ်ကူးယဉ်ချက်များ ဖြစ်ပေါ်ခဲ့ဘူးသည်။သို့သော်ထိုစိတ်ကူးယဉ်ချက်နှင့်အတူဘာသာရေးယုံကြည်ချက်ကလည်းရှိပြန်သည်။ တနေ့တွင်ဘုရားမဲ့ဝါဒီဖြစ်သော မိတ်ဆွေ ဂျေးကော့ဟိန်းဆိုသည့်တဦးနှင့်ပတ်သက်၍ လောက၏ မျှော်လင့်ချက် ကင်းမဲ့မှုကို ခံစားသိရှိပြီး သမ္မာကျမ်းစာ၏ သစ္စာတရားကို ပြန်လည်ခံစားမိလေသည်။

၁၈၁၈ ခုနှစ် အောက်တိုဘာလတွင် အင်ဒိုဗာခမ္မတက္ကသိုလ်၌ ဝင်ရောက်ပညာသင်ကြားခဲ့သည်။ ဒီဇင်ဘာလ (၂) ရက်နေ့တွင် သူ၏ဘဝကို ဘုရားရှင်ထံသို့ ဆက်ကပ်ခဲ့ပြီး၊ ၁၈၀၉ ခုနှစ် မေလ (၂၆)ရက်နေ့တွင် ပလိုင်းမောက်ရှိ တတိယ ကွန်ဂရီကေးရှင်းအသင်းတော်နှင့် ဆက်သွယ်ခဲ့သည်။ စက်တဘာလတွင် နိုင်ငံခြား သာသနာပြုခြင်းကိစ္စကို စဉ်း စားပြန်သည်။ ထိုနှစ်သည် ယုဒသန်အသက် (၂၁)နှစ် ပြည့်သော နှစ်ဖြစ်သည်။ သူသည် အင်ဒို ဗာခမ္မတက္ကသိုလ်တွင် ပဌမနှစ် တက်ရောက်ပြီးနောက် ဒုတိယနှစ်တက်ရောက်သင်ကြားရန် ရှိနေသော အခါသမယတွင် အရှေ့အိန္ဒိယကုမ္ပဏီ၌ နှစ်ပေါင်းများစွာ အမှုတော်ဆောင်ခဲ့သော "ဒေါက်တာကလောဒီယပ်ဘူခါနင်"၏ တရားဟောချက် စာစောင်ကို ရရှိခဲ့သည်။ ယင်းစာစောင်တွင် အရှေ့တိုင်း၌ သာသနာပြုခြင်း၊ ဂျာမန် သာသနာပြု ဆရာများ၏ လုပ်အားပေးခြင်း အကြောင်းများကို ရေးထားလေသည်။ ဤသို့ဖြင့် ၁၈၁၀ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းမှာပင် အရှေ့တိုင်းသို့ သာသနာပြုရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့လေသည်။ အင်ဒိုဗာခမ္မ တက္ကသိုလ်တွင် မိမိနှင့်အတူ တက်ရောက်သင်ကြားသော လူရွယ် (၄)ဦးနှင့်အတူ နိုင်ငံခြား သာသနာပြုရေးအတွက် ၎င်းတို့ကိုယ်ကို ဆက်ကပ်လျက် စိတ်အားထက်သန်စွာ ဆုတောင်းလေသည်။ ပင်လယ်ရပ်ခြား သာသနာပြုလုပ်ငန်းမှာ ခက်ခဲပြီး ဒုက္ခအသွယ်သွယ်နှင့် ရင်ဆိုင်ရမည်ကိုလည်း ယုဒသန် သိရှိနားလည်ထားသည်။ သို့သော် ပင်လယ်ရပ်ခြားသို့ သာသနာပြုရန် ဆုံးဖြတ်ချက်ကို ချမှတ်သော အချိန်သည် အမေရိကန်ပြည်တွင် တိုင်းတပါး သာသနာပြုလုပ်ငန်းကို ပံ့ပိုးပေးမည့် နိုင်ငံရပ်ခြား သာသနာပြု အဖွဲ့အစည်းများ မရှိသေးပေ။ ထိုကြောင့် ယုဒသန်နှင့် လူရွယ်တစုတို့သည် အင်္ဂလန်နိုင်ငံ အောက်စဖို့ရှိ ကျမ်းစာကျောင်း ဥက္ကဌ ဒေါက်တာ ဘော့စ်ထံ စာများရေးသားပေးပို့ပြီး နိုင်ငံခြား သာသနာပြုများ ခေါ်ယူခြင်းရှိ မရှိ၊ စီစဉ်ပေးနိုင် မပေးနိုင်၊ ကိစ္စကို မေးမြန်းခဲ့သည်။ ၁၈၁၀ ခုနှစ် ဇွန်လ (၂၅)ရက်နေ့တွင် မာဆက်ကျူးဆက်ရှိ ကွန်ဂရီကေးရှင်း အသင်းမှတဆင့် အဖွဲ့ချုပ်သို့ စာရင်းများ ရေးတင်ပြပြန်ရာ အဖွဲ့ချုပ်ကြီးက ပြဋ္ဌာန်းချက် တချို့ကို ချမှတ်ပေးလိုက်လေသည်။ ထိုပြဋ္ဌာန်းချက်နှင့်အတူ နိုင်ငံရပ်ခြား သာသနာပြုဆိုင်ရာ အမေရိကန်အဖွဲ့ကိုလည်း တည်ထောင်ခဲ့ကြလေသည်။ ၁၈၁၁ ခုနှစ် စက်တဘာလ (၁၈) ရက်နေ့တွင် ယုဒသန်နှင့် မိတ်ဆွေများအား အမေရိကန်နိုင်ငံရပ်ခြား သာသနာပြုအဖွဲ့က သာသနာပြုများအဖြစ် ခန့်အပ်လိုက်လေသည်။ ၁၈၁၂ ခုနှစ် ဖေဖော်ဝါရီလ (၅)ရက်နေ့တွင် အဲန်တိုဘရက်ဖို့မြို့ဇာတိသူ အဲန် ဟေဇယ်တိုင်းနှင့် ဘရက်ဖို့၌ လက်ထပ် လိုက်လေသည်။

၁၈၁၂ ခု ဖေဖော်ဝါရီလ (၆) ရက်နေ့တွင် လက်တင်မင်္ဂလာကို ခံယူခဲ့ပြီး၊ ၁၈၁၂ ခုနှစ် ဖေဖော်ဝါရီလ (၂၉)ရက်နေ့ ကာလကတ္တားသို့ ထွက်ခွာမည့် 'ကယ်လ်ရဗင်'သင်္ဘောတွင် ဇနီးမောင်နှံတို့ တက်ရောက်ပြီး အမေရိကန်မှ ထွက်ခွာခဲ့လေသည်။

## ယုဒသန်နှင့် အိန္ဒြိယ ခရီးစဉ်

ယုဒသန်နှင့် ဇနီးမောင်နှံ နှစ်ဦးတို့သည် ဆေလမ်မြို့ ဆိပ်ကမ်းမှ ထွက်ခွာလာပြီး (၄)လအကြာတွင် အိန္ဒိယပြည် စီရမ်ပူသို့ ရောက်ခဲ့လေသည်။ ရှည်လျား လှသော ပင်လယ်ခရီးကြမ်းအတွင်း (၄)လတိုင်တိုင် ကမ်းမမြင်၊ လမ်းမမြင် ကာလတွင် သာသနာဆိုင်ရာ အခြေခံ မူဝါဒ၊ သဘောတရားများကို စဉ်းစားရင်း ဗတ္တိဇံသည် နှစ်ခြင်းပင်ဖြစ်ကြောင်းကို သိမြင်ခဲ့လေသည်။ သူတို့ဇနီးမောင်နှံမှာ စီရမ်ပူသို့ ဆိုက်ရောက်လာသော်လည်း ကြာကြာနေထိုင်ခွင့် မရခဲ့ပါ။ အိန္ဒိ ယနိုင်ငံသည် အရှေ့အိန္ဒိယ ကုမ္ပဏီ၏ အုပ်ချုပ်မှုအောက်တွင် ရှိပြီး ထိုအချိန်က အင်္ဂလန်နှင့် အမေရိကန်တို့ မသင့်မြတ်မှုကြောင့် အင်္ဂလိပ်ကုမ္ပဏီများက အမေ ရိကန်သာသနာပြုများကို မလိုလားကြပေ။ ဘာသာခြား သာသနာပြုများကြောင့် တိုင်းရင်းသားတို့၏ ထုံးတမ်းစဉ် လာများပျက်စီးမည်ကိုရင်း၊ ဘာသာရေး အယူသည်းမှုများကြောင့် ဘာသာရေးအုံကြွမှုများ ပေါ်ပေါက်လာနိုင်သည့် အကြောင်းများကြောင့် အင်္ဂလိပ်အာဏာပိုင်များက ဆရာကြီးယုဒသန်တို့ ဇနီးမောင်နှံကို စီရမ်ပူမှ ကာလကတ္တားသို့ ချက်ခြင်းထွက်ခွာသွားရန် တချက်လွှတ်အမိန့်ထုတ်ပြန်ခဲ့သည်။ ကာလကတ္တားသို့ ရောက်သောအခါ နှစ်ခြင်းဘုရားကျောင်းတကျောင်းသို့ သွားပြီး သိက္ခာတော်ရ ဒေါက်တာဝဒ်ထံတွင် ဇနီး မောင်နှံနှစ်ဦး ရေနှစ်ခြင်းမင်္ဂလာ ခံယူကြလေသည်။ ၁၈၁၂ ခုနှစ် စက်တဘာလ (၆) ရက်နေ့ ဖြစ်သည်။ ဒေါက်တာ ရိုက်(စ်) ဆိုသူလည်း အတူတကွ နှစ်ခြင်းခံယူလေသည်။

သူတို့ဇနီးမောင်နှံသည် ကာလကတ္တားတွင် ကြာကြာ နေထိုင်ခွင့် မရခဲ့ပေ။ အမေရိကန်သို့ ပြန်ရန် အမိန့်ထုတ်ခံရပြန်သည်။ ပဌမဦးစွာ အိန္ဒိယနိုင်ငံ အတွင်းတနေရာရာတွင် နေထိုင်ရန်ခွင့်တောင်းခံရာ ခွင့်ပြုချက်တော့ရသည်။ သို့သော် ထိုနေရာသို့ သွားရန် အခွင့်မသာခဲ့ပေ။ (၂)လခန့်အကြာ အင်္ဂလန်သို့ သွားမည့် အဖရှအိန္ဒိယ ကုမ္ပဏီ သင်္ဘောတစင်းနှင့် လိုက်သွားရန်

အမိန့်ထုတ်ခံရပြန်သည်။ ထိုကာလတွင် မော်ရေးရှပ်သို့ ထွက်ခွာမည့် သင်္ဘောတစင်းနှင့် လိုက်ပါရန် နိုင်ငံကူး လက်မှတ်တောင်းခံရာ ထုတ်မပေးခဲ့ပြန်ချေ။ သင်္ဘောကပ္ပတိန်နှင့် နားလည်မှုရပြီး တိတ်တဆိပ် သင်္ဘောပေါ် တက်ခွင့်ရသော်လည်း အင်္ဂလိပ် အာဏာပိုင်များ လာရောက်စစ်ဆေးပြီး သင်္ဘောပေါ်မှ ဆွဲချခံခဲ့ရပြန်သည်။ နောက် (၃-၄)ရက်အကြာတွင် နိုင်ငံကူး လက်မှတ်ထုတ်ပေးသဖြင့် မောရေးရှပ်ကျွန်းသို့ ရောက်ခဲ့လေသည်။

"ယုဒသန် "ဇနီးမောင်နှံတို့သည် အမေရိကန်မှ ထွက်ခွာလာခဲ့သည် မှာ (၁၅)လ ရှိခဲ့ပြီး ခရီးဆုံးဟူသည်ကား မမျှော်လင့်နိုင်ခဲ့သေးပေ။ မတ်လ (၁)ရက်နေ့တွင် မစ္စတာဂိုက်စ်သည် မောရေးရှပ်ကျွန်းမှ အမေရိကန်သို့ထွက်ခွာ သွားလေသည်။ ၁၈၁၃ ခု၊ မေလ (၇)ရက်နေ့တွင် ဇနီးမောင်နှံ မဒရပ်စ်သို့ ထွက်ခွာခဲ့ရာ ဇွန်လ (၁)ရက်နေ့တွင် ရောက်လာသည်။ မဒရပ်စ်မြို့သည် အရှေ့အိန္ဒိယကုမ္ပဏီ အုပ်ချုပ်မှုအောက်တွင်ရှိသဖြင့် ကြာရှည်စွာ မနေနိုင်သည်ကို နားလည်ခဲ့ကြသည်။ သို့ဖြင့် သူတို့ဇနီးမောင်နှံသည် ပေလမင်းသားကျွန်းသို့သာသွားရန် ဆုံးဖြတ်ခဲ့ကြပြန်သည်။ သို့သော် ထိုကျွန်းသို့သွားမည့် သင်္ဘောကား လောလောဆယ်မရှိပြန်ပေ။ မြန်မာပြည် ရန်ကုန်မြို့သို့ သွားမည့် သင်္ဘောတစင်းသာရှိလေသည်။ မြန်မာပြည်တွင် သက်ဦးဆံပိုင် အုပ်ချုပ်သောနိုင်ငံဖြစ်၍ သွားရမည်ကိုလည်း ကြောက်ရွံ့ကြသည်။ သို့သော် နေရပ်သို့ ပြန်မည်လော၊ ရန်ကုန်သွားမည်လောဟူသော ဒွိဟဖြစ်မှုတွင် နောက်ဆုံးရန်ကုန်သို့ သွားရန်မှုတွင် နောက်ဆုံးရန်ကုန်သို့ သွားရန်ဆုံးဖြတ်လိုက်ကြလေသည်။ မြန်မာပြည် ခရီးသို့ ယုဒသန် ဇနီးမောင်နှံတို့ လိုက်ပါလာသော သင်္ဘောမှာ ဂျော့ဂျီယားနားဖြစ်ပြီး၊ ၁၈၁၃ ခုနှစ် ဇွန်လ (၂၂)ရက် နေ့တွင် မဒရပ်မှ ထွက်ခွာလာရာ ဇူလိုင် လ (၁၃) ရက်နေ့တွင် ရန်ကုန်သို့ ရောက်လေသည်။

## ယုဒသန်နှင့် မြန်မာပြည် သာသနာ ခုတ်မြစ်။

မြန်မာပြည်ခရစ်ယာန် သာသနာပြုခြင်းနှင့် ကရင်လူမျိုးများအတွင်း သာသနာပြန့်ပွားလာခဲ့ရသော အကြောင်း အရင်းများသည် မမျှော်လင့်နိုင်သော ပြုပြင်ပြောင်းလဲမှုကြီး တရပ်ဟုပင် ဆိုရမည်သာဖြစ်သည်။ ဆရာကြီး ယုဒသန်နှင့် ဇနီးတို့၏ အိန္ဒိယပြည်တွင် သာသနာပြုရန် မူလဦးတည်ချက်ကြီးပျက်ပြား သွားခဲ့ခြင်း၊ ဇနီးမောင်နှံ နှစ်ဦးစလုံး ရေနှစ်မင်္ဂလာသို့ ယုံကြည်မှု ပြောင်းလဲခဲ့ခြင်း၊ ဗမာပြည်သို့ အမှတ်မထင် ရောက်လာခဲ့ရခြင်း စသည်တို့သည် အရင်းခံကျသော အချက်များ ဖြစ်သည်။

အထူးသဖြင့်ဒေါက်တာ ရိုက်(စ်)၏ ပြောင်းလဲမှုသည်၊ အမေရိကန်ပြည်၏ သာသနာပြုရေး ဆိုင်ရာ သဘောထားများကို အထူးပြုပြင်ပြောင်းလဲခဲ့လေသည်။

ပထမတွင် ရေနှစ်ခြင်း ခရစ်ယာန် ဖြစ်လာခြင်းကြောင့် သူတို့၏ ဘဝ အထီးကျန်မည့် ကိစ္စဖြစ်ကြောင်း ဆရာ ယုဒသန်တို့ ဇနီးမောင်နှံ သိရှိထားသည် သာမက အမေရိကန် သာသနာအဖွဲ့ချုပ်၏ ထောက်ပံ့မှုလည်း ရပ်ဆိုင်းခံရမည်ကိုရင်း၊ မိမိတို့ မိတ်ဆွေ အပေါင်းအသင်းများ၏ ဝိုင်းပယ်ခြင်းကိုလည်း ခံရမည်ကိုရင်းသိရှိထားကြသည်။ သို့သော် ဤအကြပ်အတည်းကို မှန်ကန်သော အယူဝါဒအပေါ် ယုံကြည်ခြင်းဖြင့် ရင်ဆိုင်ကြရမည်ကို သဘောပေါက်ကြသည်။ သူတို့ ၏ စိုးရိမ်မှုသည် ဒေါက်တာ ရိုက်(စ်)၏ အမေရိကန်ခရီးစဉ်နောက်ပိုင်း ပျက်ပြယ်သွားခဲ့ပါသည်။

ဒေါက်တာရိုက်သည် အမေရိကန်သို့ ပြန်ရောက်သောအခါ တပြည်လုံးရှိ နှစ်ခြင်းခရစ်ယာန်များမှာ အံ့သြဝမ်းသာပြီး အိန္ဒိယနှင့် အခြားနိုင်ငံရပ်ခြား ဒေသများတွင် ဧဝံဂေလိတရားတော် ပြန့်ပွားရေးအတွက် သာသနာပြုအဖွဲ့များဖွဲ့စည်းလေသည်။ ဒေါက်တာ ရိုက်စ်ကလည်း သူ၏သာသနာအတွေ့အကြုံများကို မရပ်မနား လှည့်လည် ဟောကြားခဲလေသည်။ ၁၈၁၄ ခုနှစ် မေလ (၁၈) ရပ်နေ့တွင် အမေရိကန် တပြည်လုံးရှိ နှစ်ခြင်း အသင်းတော်များမှ ကိုယ်စားလှယ်များသည် ဖီလာဒဲ ဖီးယားမြို့ ပဌမနှစ်ခြင်း အသင်းတော်တွင် စုဝေးကြပြီး၊ နိုင်ငံရပ်ခြား သာသနာပြုရေးအတွက် " အထွေထွေ နှစ်ခြင်း သာသနာပြု အဖွဲ့ချုပ်" ကို ဖွဲ့စည်းခဲ့လေသည်။

၁၈၄၅ ခုနှစ်တွင် အမေရိကန်တောင်ပိုင်းမှ ပြည်နယ်လည်း "တောင်ပိုင်းအသင်းချုပ်" ကို ဖွဲ့စည်းကြ ပြန်သည်။ ဤသို့ဖြင့် အမေရိကန်တွင် ပင်မသာသနာပြု အဖွဲ့ချုပ်ကြီးနှစ်ခုအား ကောင်းစွာဖြင့်ပေါ်ပေါက် လာခဲ့လေသည်။

ဤသို့ဖြင့် မြန်မာနိုင်ငံအတွင်း ခရစ်ယာန် သာသနာပြန့်ပွား နိုင်ရေးတွင်ဆရာယုဒသန်တို့ အတွက်လိုအပ်သည့် ထောက်ပံ့မှုသည်လည်း ပဌမတွင် ခက်ခဲမည်ဟု ယူဆသော်လည်း နောက်ပိုင်းတွင် အခက်အခဲအားလုံး ပြေပျောက်သွားတော့သည်။

၁၈၁၃ ခုနှစ်၊ ဇူလိုင်လ (၁၃) ရက်နေ့တွင် ဆရာယုဒသန်တို့ ဇနီးမောင်နှံသည် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ စတင် အခြေချခဲ့သည်။ သူတို့ အခြေချ သောကာလသည် မြန်မာနိုင်ငံ၌ သက်ဦးဆံပိုင်ဘုရင်စံနစ် အုပ်ချုပ်သောခေတ်၊ ဘိုးတော်ဘုရား

အုပ်ချုပ်သောကာလဖြစ်သည်။ နှစ်များမကြာမီ ၁၈၁၉ ခုနှစ်တွင် ဘိုးတော်ဘုရား နတ်ရွာစံသဖြင့် စစ်ကိုင်းမင်း၊ ဘကြီးတော်ဘုရား နန်းတက်သည်။ ဘကြီးတော်မင်းသည်ဘိုးတော်ဘုရား၏ မြေးတော်သူဖြစ်သည်။ ဆရာယုဒသန်တို့ ပဋ္ဌမဦးစွာ ရင်ဆိုင်ရသော အခက်အခဲမှာ ခရစ်ယာန်ဒေသနာဟောကြားခြင်းကို လုံးဝပိတ်ပင်ထားခြင်းပင်ဖြစ်သည်။ ယုံကြည်သူများကိုလည်း ညှဉ်းပမ်း နှိပ်စက်သောကာလ ဖြစ်သည်။ ဤသို့သော ကြောက်မက်ဘွယ်ရာ အခြေအနေမျိုးတွင် ဆရာကြီးယုဒသန်နှင့် ဇနီးတို့သည် ခရစ်ယန် သာသနာမျိုးစေ့ကို ကြဲဖြန့်ရန် ကြံစည် ကြခြင်းသည် အလွန်မှ အန္တရာယ် ကြီးမားလေသည်။

မြန်မာပြည် ရန်ကုန်မြို့သို့ ခြေချခဲ့သော ၂၂. ၆ . ၁၈၁၃ ခုနှစ်မှ အင်္ဂလိပ် မြန်မာ စစ်ပွဲအပြီး၊ ၂၃.၆ . ၁၈၂၆ ခုနှစ်၊ ကျိုက္ခမီသို့ ပြန်လည် ရောက်လာသည်အထိ ထောင်ကျခြင်း၊ ဇနီးသည် သေဆုံးခြင်း၊ အစော်ကားခံရခြင်း၊ မိမိ၏ အသင်းဝင်များ တကွဲတပြားဖြစ်ပြီး အချို့ပျောက်ဆုံးခြင်း စသောဒုက္ခများစွာကို တွေ့ကြုံရင်ဆိုင်ခဲ့ရသည်။ ဒုက္ခများကြားမှ မြန်မာ စကားပြောနိုင်ခြင်း၊ မြန်မာလိုစာရေးသားနိုင်ခြင်း၊ အန္တရာယ်နှင့် ဘေးဒုက္ခများကြားမှ ခရစ်ယာန်ဘာသာကို ယုံကြည်သူများ ပေါ်ပေါက် လာအောင် စွမ်းဆောင်နိုင်ခဲ့ခြင်း၊ ကျမ်းစာများကိုမြန်မာလို ပြန်ဆိုရေးသားခဲ့ခြင်းများကို အောင်မြင်စွာရေးသားနိုင်ခဲ့ သည်။

ဘိတ်-ထားဝယ်

စကော ကရင်များအတွင်း

ခရစ်ယာန်သာသနာ

ပြန့်ပွားခြင်း၊

၁၈၂၆ ခုနှစ် မတိုင်မီက မြန်မာပြည် မည်သည့်အရပ်တွင်မျှ ခရစ်ယာန်သာသနာပြုများနှင့် ခရစ်ယာန်ဘာသာကို လွတ်လပ်စွာ ဟောပြောခြင်း၊ ယုံကြည် ကိုးကွယ်ခြင်းများကို ခွင့်ပြုခဲ့ခြင်း မရှိခဲ့ပေ။ ရှေးနှစ်ပေါင်း များစွာကထဲက ဗုဒ္ဓဘာသာသည် မြန်မာပြည်၏ တခုတည်းသောဘာသာဖြစ်ခဲ့သည်။ မြန်မာပဒေသရာဇ်များ၏ အုပ်ချုပ်ရေး၊ တရားဥပဒေရေး စသည့် မင်း၏ အာဏာအားလုံး၏ပင်မ "အုတ်မြစ်"တခု ဖြစ်ခဲ့သည်။ ထို့ကြောင့် အာဏာနှင့် သာသနာတည်တန့်ရေးကို ကာကွယ် စောင့်ရှောက် ရမည့်တာဝန်မှာ ထိုခေတ် ပဒေသရာဇ် မင်းများ၏ တာဝန်တရပ်ဖြစ်လေသည်။

ဆရာကြီးယုဒသန်ထက် အရင်စောပြီး ရောက်လာကြသော သာသနာပြုဆရာများသည် သက်စိုးဆံပိုင် ဘုရင်များ၏ အာဏာစက်ကိုလက်မြောက် အရှုံးပေးရသည်ချည်း ဖြစ်သည်။ သူတို့သည် မူလထွက်ခွာခဲ့သော နိုင်ငံသို့ ပြန်လျှင်ပြန် မပြန်လျှင် မင်းအမှုကို တမျိုးမဟုတ် တမျိုး မလွဲမရှောင်သာ ထမ်းဆောင်ခဲ့ကြရသည်။ ဆရာယုဒသန်သည် ဤသို့သော မင်း၏ အာဏာ စက်ကို အလျှော့မပေးဘဲ ခုခံတွန်းလှန်ပြီး သာသနာပြုခွင့်ကို နည်းမျိုးစုံဖြင့် ကြိုးပမ်းခဲ့ရာ နောက်ဆုံး အင်းဝ လက်မရှေ့ ထောင် တွင်၎င်း၊ ထို့နောက် အောင်ပင်လယ်ထောင်တွင်၎င်း အကျဉ်းသားဖြစ် ရောက်ရလေတော့သည်။ ဆရာကြီးယုဒသန် အချုပ်ကျစဉ် အင်္ဂလိပ် မြန်မာ ပဋ္ဌမ စစ်ပွဲသည် ၁၈၂၄ ခု၊ မတ်လ (၅) ရက်နေ့တွင် စတင်ခဲ့သည်။

အင်္ဂလိပ် မြန်မာ ပဋ္ဌမစစ်ပွဲ တွင် အင်္ဂလိပ်တို့က စစ်အောင်နိုင်သဖြင့် မြန်မာမင်း ဘကြီးတော်ဘုရားက အာသံနယ်၊ ရခိုင်နယ်၊ တနင်္သာရီနယ်တို့ ကို အင်္ဂလိပ်တို့အား လွှဲပြောင်းပေးခဲ့ရလေသည်။ စစ်စရိတ်အဖြစ် လျော်ကြေးငွေ တကုဋေကိုင်း၊ မဏိပူရနှင့် အာသံနယ်ကို မနှောက်ယှက်ရဟူသော ကတိကိုင်း၊ ယိုးဒယားနှင့် အင်္ဂလိပ်တို့၏ မဟာမိတ်ပြုမှုကို အသိအမှတ် ပြုရခြင်း၎င်း အသီးသီး ကတိကဝတ်ပြုကာ စာချုပ် ချုပ်ဆိုပြီး စစ်ပြေငြိမ်းလေသည်။ ထို စစ်ပွဲတွင် ဆရာယုဒသန်နှင့် ဒေါက်တာ ဖရိုက်စ် **(Price)** တို့နှစ်ဦး ပူးတွဲပြီး စကား ပြန်လုပ်ကြရသည်။ အင်္ဂလိပ်တို့သည် အိန္ဒိယပြည်တွင် အမေရိကန်သာသနာပြုများအား သာသနာပြုခွင့် မပေးခဲ့သော်လည်း မြန်မာနိုင်ငံတွင် ဆရာယုဒသန်ကဲ့သို့သော သာသနာပြုများက စစ်အတွင်း ကူညီခဲ့မှုကို ကျေးဇူးတင်ခြင်းဖြင့်၎င်း၊ မြန်မာမင်းများနှင့် ဆက်လက် ဆက်ဆံရမည့်ကိစ္စများတွင် တစုံတရာ အကျိုးရှိနေသည့် အပေါ် အမေရိကန်သာသနာပြုများ၏ သာသနာပြုလုပ်ငန်းကို တစုံတရာ အားပေးကူညီခဲ့လေသည်။ ၁၈၂၆ ခုနှစ်မှစ၍ ထားဝယ်တွင်၎င်း၊ ဘိတ်တွင်၎င်း၊ ရခိုင်ပြည်သံတွဲဘက်တွင်၎င်း လွတ်လပ်စွာ သာသနာပြုခွင့် ရရှိခဲ့ကြလေသည်။ ရန်ကုန်မြို့သည်ကား အင်းဝ အုပ်ချုပ်ရေး အောက်၌ပင် ရှိနေဆဲဖြစ်၍ လွတ်လပ်စွာ သာသနာပြုခွင့် မရသေးပေ။

၁၈၂၆ ခုနှစ် ဆရာကြီးယုဒသန်နှင့် ဇနီးတို့သည် ကျိုက္ခမီသို့ ပြန်ရောက်ပြီး မကြာမမြင့်မှီပင် မော်လမြိုင်သို့ ပြောင်းရွှေ့သွားကြရသည်။ မော်လမြိုင်တွင် ဆရာကြီးယုဒသန်တို့ အိမ်ထောင်စုသာမက ဒေါက်တာ ဂျွန်နသန်ဝိတ်နှင့် ဆရာ ဘိုဒ်မန်တို့ အိမ်ထောင်စုများလည်းရှိလေသည်။ ဒေါက်တာ ဝိတ်မှာ ၁၈၂၆ ခုနှစ် နိုဝင်ဘာလ (၂၃)ရက် နေ့တွင် မြန်မာပြည်သို့

ရောက်လာခဲ့သည်။ ဆရာ ဘိုဒ်မန်မှာ ၁၈၂၇ ခုနှစ် ဧပြီလတွင် ရောက်လာခဲ့သည်။ ဒေါက်တာဝိဒ်နှင့် ဆရာဘိုဒ်မန်တို့မှာ ဆရာကြီး ယုဒသန်အား ကူညီရန် လာရောက်ကြခြင်းဖြစ်သည်။ မော်လမြိုင်တွင် ဆရာယုဒသန်၏ တပည့်များဖြစ်သော ဦးအင်း၊ ဦးရွှေဘေးတို့လည်း ရှိကြလေသည်။

ဦးအင်းသည် ဆရာကြီးယုဒသန် အဖမ်းခံရပြီး အင်းဝအကျဉ်းထောင်ထဲရောက်နေစဉ်မှာ ယုဒသန်ကို ကူညီစောင့်ရှောက်ခဲ့ရသူ တဦးဖြစ်သည်။ မြန်မာလူမျိုးများထဲမှ ခရစ်ယာန်ဘာသာသို့ ဦးစွာလက်ခံယုံကြည်သူများ အနက် တဦး အပါအဝင်ဖြစ်သည်။ ၁၈၂၁ ခုနှစ် မတ်လ (၁)ရက်နေ့တွင် ရေနှစ်ခြင်း မင်္ဂလာခံယူသည်။ ဦးနော်ထက် (၂)နှစ် နောက်ကျသည်။ ဦးအင်း၏ မိခင်မှာ မြန်မာလူမျိုးဖြစ်ပြီး ဘခင်မှာ ပေါ်တူကီလူမျိုးဖြစ်သည်။ ငါးဖမ်းလုပ်သား တဦးဖြစ်သည်။ အားလပ်ချိန်များတွင် ဆရာကြီး ယုဒသန်ထံသို့ ရောက်ရှိပြီး ခရစ်တော်နှင့် ပတ်သက်သမျှ လာရောက် မေးမြန်းဆွေးနွေးလေ့ရှိသည်။ ဦးနော်နှင့် ဆွေးနွေးသည့် အကြိမ်ကပိုများသည်။ ငါးဖမ်းထွက်သော အချိန် ကာလအတွင်းမှာပင် ခရစ်ယာန်ဘာသာသို့ ဝင်ရန်ဆုံးဖြတ်ခဲ့သည်။ ဆရာကြီး ယုဒသန် အင်းဝ လက်မရှုံ့ထောင်၌ရှိစဉ် တနေ့တွင် ဦးအင်းသည် အကျဉ်းထောင်၌ သွားရောက် တွေ့ဆုံရာ ဆရာ့အား အောင်ပင်လယ်သို့ ပို့လိုက်ပြီးဖြစ်၍ မမှီလိုက်တော့ပေ။ သို့သော် အချုပ်ခန်းတွင် ဆရာကတော် ပေးခဲ့သော အထုတ်တခုကို တွေ့ခဲ့ပြီး ပြန်လည်ယူဆောင်ခဲ့လေသည်။ ထိုအထုတ်မှာ မြန်မာဘာသာပြန် ဓမ္မသစ်ကျမ်းဖြစ်လေသည်။ ဦးအင်း၏ ကျေးဇူးကြောင့် အဆိုပါ မြန်မာဘာသာပြန် ဓမ္မသစ်ကျမ်းကို ယနေ့ထက်တိုင် ဖတ်ကြရလေသည်။ ဦးအင်းသည် ကရင်ကျေးရွာများတွင် သာသနာပြုလုပ်ငန်း စတင်ရန် ဦးစွာအကြံပြုသူ တဦးဖြစ်သည်။

ကိုရွှေဘေး ဆိုသူမှာလည်း ကိုသာဖြူကိုငွေ(၁၀)ဖြင့် ကယ်ခဲ့သူ ဖြစ်သည်။ ထို့ကြောင့် ကရင်လူမျိုးများ သာသနာပြု လုပ်ငန်းတွင် တနည်း တလမ်းဖြင့် ကူညီခဲ့သူဟုပင် ဆိုနိုင်ပါသည်။ ကို ရွှေဘေးမှာမူ စာပေတတ်မြောက်ခြင်း မရှိပါ။ ခရစ်တော်ကို ယုံကြည် သက်ဝင်သော်လည်း ဟောပြောဆွေးနွေးခြင်း မလုပ်တတ်ပါ။ သာသနာပြုပုဂ္ဂိုလ်များအား အကူအညီ ပေးနိုင်ရန် အတွက် ဆရာကြီးယုဒသန်ကိုယ်တိုင် ၁၈၂၀ ခုနှစ် ဂျွန်လ (၉)ရက်နေ့တွင် ရေနှစ်ခြင်း မင်္ဂလာပေးခဲ့သည်။ သူသည် ရွှေတောင် မော်သား ဖြစ်သည်။ သာသနာပြန့်ပွား မော်သားဖြစ်သည်။ သာသနာပြန့်ပွားရေးလုပ်ငန်းတွင် စိတ်ရောကိုယ်ပါ အပ်နှံ ဆောင်ရွက်သူဖြစ်သည်။ နောက် ပိုင်း၌ မော်လမြိုင်နှင့် ကျိုက္ကမီတွင် သာသနာပြု ဆရာအဖြစ်အမှု ထမ်းဆောင်လေသည်။ မော်လမြိုင်ရှိ အမျိုးသားကျောင်းတွင်လည်းဝင်ရောက် ကူညီလုပ်ကိုင်သူဖြစ်သည်။

တနေ့တွင် ဆရာကြီးယုဒသန်၊ ဆရာဝိတ်၊ ဆရာဘိုဒ်မန်တို့ အိမ်ထောင်စုများနှင့် တပည့်များဆွေးနွေးတိုင်ပင်ကြစဉ် ထားဝယ်တွင် သာသနာပြုရန် ဦးအင်းက အကြံပြုခဲ့လေသည်။ ထိုဒေသကို ဆရာဘိုဒ်မန်အား စေလွှတ်ရန်ဖြစ်လေသည်။ သို့သော် သူ့အားကူညီမည့်သူကို ရွေးချယ်ရာ ဦးအင်းသည် အသင့်တော်ဆုံးဖြစ်သည်။ သို့သော် ဦးအင်းသည် ကျိုက္ကမီအသင်းတော်ကို တာဝန်ယူနေရသည်ဖြစ်ရာ သူ့အား ရွေးချယ်ရန် မသင့်တော့ပေ။ နောက်ပိုင်း ဆရာဘိုဒ်မန်က ယိုးဒယားနိုင်ငံသား မောင်ရွှေပွင့်နှင့် ဆရာကိုသာဖြူကို ရွေးချယ်ခဲ့လေသည်။ မောင်ရွှေပွင့်မှာ ရေနှစ်ခြင်း မင်္ဂလာကို မကြာမီကမှ ခံယူထားသူ ဖြစ်သည်။ "ကိုသာဖြူ"ကို စေလွှတ်ရန်ကိုမူ ဆရာဝိတ်ကိုယ်တိုင်က စိတ်လေးနေသည်။ ကိုသာဖြူအနေဖြင့် စိတ်ထား ပြုပြင် ပြောင်းလဲရန် အချိန်အနည်းငယ် ပေးသင့်သေးသည်ဟုလည်းယူဆသည်။ သို့သော် ဆရာဘိုဒ်မန်က "ကို သာဖြူ" ကို မဖြစ်မနေ ရွေးချယ်ခဲ့လေသည်။ ဦးအင်းကလည်း ထားဝယ်တွင် ကရင်ကျေးရွာ အများအပြားရှိသဖြင့် ကိုသာဖြူကို ခေါ်သွားလျှင် သင့်တော် ကြောင်းအကြံပြုသည်။ ထို့ကြောင့် ထားဝယ် သာသနာပြုအတွက် ဆရာဘိုဒ်မန်တို့ ဇနီးမောင်နှံအပြင် ကျောင်းသူ လေးဦး၊ မောင်ရွှေပွင့်၊ ကိုသာဖြူတို့ ဇနီးမောင်နှံ စသည် တို့ လိုက်ပါသွားကြလေသည်။ ၁၈၂၈ ခုနှစ် မတ်လ (၂၉)တွင် မော်လမြိုင်မှ စထွက်ခဲ့ရာ၊ ၁၈၂၈ ခုနှစ် ဧပြီလ (၇)ရက် နေ့တွင် ထားဝယ်သို့ ဆိုက်ရောက်လေသည်။

## ဆရာဘိုဒ်မန် ဇနီးမောင်နှံနှင့် ထားဝယ် သာသနာပြုလုပ်ငန်း။

ထားဝယ်သို့ ခရစ်ယာန်သာသနာ ရောက်လာပြီး မကြာမီပင် ဘိတ်၌ ရှိသော ကရင်အမျိုးသားများမှာ ခရစ်ယာန်၏ တရားတော်များကို ကြားနာလိုကြောင်း လူလွှတ်၍ သတင်းပို့လာသည်။ ၁၈၂၉ ခု၊မတ်လတွင် ကိုသာဖြူနှင့် တပည့်တဦးဖြစ်သူ စောစက်ကီးတို့သည် မြောက်ဘက်သို့ တရားဒေသနာများကို ဟောကြားရင်း ဘိတ်သို့ ဆက်လက်သွားရန် စီစဉ်လေသည်။ သို့သော် ကိုသာဖြူ အဖျားတက်သဖြင့် ပုလောရွာသို့သာ ရောက်ပြီး ခရီးမဆက်နိုင်တော့ပေ။ အနီးအနား ကျေးရွာများနှင့် တောင်ပေါ် ကျေးရွာများသို့ တက်ရောက်ပြီး တရား ဒေသနာကိုသာ ဟောကြားနိုင်ခဲ့လေသည်။ ၁၈၃၀ ခုနှစ်က ကိုသာဖြူသည် သူ၏တပည့် စောစက်ကီးနှင့် ယိုးဒယားနိုင်ငံသို့ ဝင်ရောက်ပြီး၊ တရား ဒေသနာ ဟောကြားရန်ပင် ကြိုးပမ်းခဲ့သေးသည်။ သို့သော် အခက်အခဲများ ပေါ်ပေါက်သဖြင့် မသွားနိုင်ခဲ့ချေ။

၁၈၃၀ ခုနှစ်တွင်၊ ဆရာဘိုဒ်မန်နှင့် ကိုသာဖြူတို့ မော်လမြိုင်သို့ ခေတ္တပြန်လာပြီး၊ ဆရာမေဆင် နေရာတွင် လာရောက်

တာဝန်ယူရသည်။ မော်လမြိုင်တွင် မွန်လူမျိုးများထဲမှ ပထမဦးဆုံး ခရစ်ယာန် သာသနာဝင်ဖြစ်လာသူ ကိုမြတ်ကျော်နှင့် ကိုသာဖြူတို့ (၂)ဦး ပူးတွဲပြီး တောတောင်ထဲတွင်ရှိသော ကရင်ကျေးရွာများသို့ လှည့်လည်ပြီး မရပ်မနား တရားဓမ္မ ဟောကြားလေသည်။ ဓမ္မသစ်ကျမ်းချက်များကိုလည်း ဝေငှကြသည်။ မကြာမီ ထားဝယ်သို့ ပြန်ကြရပြန်သည်။

၁၈၃၀ ခုနှစ် ဒီဇင်ဘာ (၁၆)ရက် နေ့တွင် ကိုသာဖြူသည် ကရင်လူမျိုး အယောက် (၄၀)ကို ရေနှစ် မင်္ဂလာ ပေးရန် ခေါ်ဆောင်ခဲ့လေသည်။ ဆရာဘို့ဒ်မန် မကျန်းမမာဖြစ်သော အချိန်ဖြစ်သည်။ သို့သော် တိုက်တိုက်ဆိုင်ဆိုင်ပင် ဘိတ်သို့ ခရီးသွားမည့် ဦးအင်းသည် ထားဝယ်သို့ ရောက်လာစဉ် ရေနှစ်မင်္ဂလာ ပေးခဲ့ရလေသည်။ ထိုကရင်များထဲတွင် ဆရာကွာလားလည်း ပါဝင်လေသည်။

၁၈၃၀ ခုနှစ် ဇန္နဝါရီလ (၂၃) ရက်နေ့တွင် ဆရာမေဆင် ထားဝယ်သို့ ရောက်လာသည်။ ဆရာဘို့ဒ်မန်အား ကူညီရန်ဖြစ်သည်။ ထိုအချိန်တွင် ဆရာဘို့ဒ်မန်မှာ အလွန်အားနဲသောအချိန်ဖြစ်သည်။ ၁၈၃၁ ခုနှစ် ဇန္နဝါရီ (၃၁)ရက်နေ့ ဆရာမေဆင်၊ ဆရာဘို့ဒ်မန်တို့ ဇနီးမောင်နှံနှင့်အတူ ခရစ်ယာန်ဘာသာဝင် အချို့တောင်ပေါ်သို့ တက်ရောက်ပြီး လူ(၃၄) ယောက်ကို ရေနှစ်မင်္ဂလာ ပေးလေသည်။ ဆရာဘို့ဒ်မန်မှာ အင်အားနဲပြီး လမ်းမလျှောက် နိုင်သော်လည်း သွားရောက်ရန် စိတ်အားထက်သန်သဖြင့် သူ့ကို ထမ်းစင်ဖြင့် (၃)ရက်ခရီးကိုသယ်ဆောင်ခဲ့ရလေသည်။ ထိုကရင်လူမျိုး(၃၄) ယောက်ကို ဆရာမေဆင်ကပင် ရေနှစ်မင်္ဂလာ ပေးခဲ့လေသည်။ ထားဝယ်သို့ ပြန်ရောက်သောအခါ ဆရာဘို့ဒ်မန် သေဆုံးလေသည်။

ဆရာဘို့ဒ်မန်၏ (၃)နှစ်တာ သာသနာပြုကာလတွင် ကရင်လူမျိုး (၇၀)ယောက်ကို ရေနှစ် မင်္ဂလာပေးခဲ့သည်။ သူတို့ဇနီးမောင်နှံသည် ထားဝယ်၌ သာသနာပြုစဉ် စိတ်ထိခိုက်စရာများကို တခုပြီး တခု တွေ့ကြုံရလေသည်။ အမေရိကားမှ ပါလာသော သမီးတဦး သေဆုံးခဲ့သည်။ နောက်လ အနည်းငယ် အတွင်း တနှစ်အရွယ် အငယ်ဆုံး ခလေး လည်း ဆုံးပါးရပြန်သည်။ ထားဝယ်၌လည်း ပုန်ကန်မှု ဖြစ်ပွားရာ ဇနီးမောင်နှံတို့နှစ်ဦး ထွက်ပြေးခဲ့ကြရပြီး ကာနယ် ဘန့်နေနှင့် သွားရောက် နေထိုင်ခဲ့ရသေးသည်။ ဤသို့သော ရင်နင့်စရာ ဒုက္ခများကို ၎င်းတို့ ဇနီးမောင်နှံ နှစ်ဦး ရင်ဆိုင် ကြုံတွေ့ခဲ့ရလေသည်။

မမဘို့ဒ်မန်သည် ထားဝယ်တွင် ပထမဦးဆုံးသော စာသင်ကျောင်း တကျောင်းကို တည်ထောင်သူ ဖြစ်သည်။ **(Normal School)** နော်မန်ကျောင်းဟု ခေါ်ကြသည်။ မမဘို့ဒ်မန်ဖွင့်လှစ်သော ကျောင်းကို အင်္ဂလိပ်အစိုးရက ကူညီ ထောက်ပံ့လေသည်။

သူမ၏ စာသင်ကျောင်းတွင် ခရစ်ယာန် ဒေသနာကို သင်ကြားမှုပြုလေသည်။ ဤသင်ကြားမှု ကိစ္စကို ဗြိတိသျှ အုပ်ချုပ်ရေးမှူးဖြစ်သူ**(Mr. Maingay)** က ပဋိမကန့်ကွက်ခဲ့သည်။ သို့သော် မမဘို့ဒ်မန်က အစိုးရထောက်ပံ့ကြေးကို ရပ်လိုက ရပ်ဆိုင်းထားနိုင်သည်။ ခရစ်ယန်ဒေသနာ သင်ကြားမှုကို ရပ်မည် မဟုတ်ကြောင်း ပြန်လည် တင်ပြလေသည်။ မစ္စတာ မိန်းဂေးလည်း နောက်ပိုင်း လက်လျှော့ပြီး ခွင့်ပြုချက် ပေးခဲ့ရလေသည်။

ဆရာဘို့ဒ်မန် သေဆုံးပြီးနောက် မမဘို့ဒ်မန်သည် ထားဝယ်မြို့၌ရှိသော စာသင်ကျောင်းကိုသာမက၊ တောတောင်ထဲ၌ရှိသော ကျောင်းများသို့ သွားရောက်လည်ပတ်ကြည့်ရှုရလေသည်။ တောနယ်မှမြို့သို့ ကျောင်းလာတက်သော ကျောင်းသူ/သားများသို့ ခရစ်တော်၏ သာသနာကို ဟောပြောပြလေသည်။ တောတောင်ထဲသို့ သွားရောက်ပြီး ခရစ်ယာန်သာသနာကို အခါအားလျော်စွာ လိုက်လံ ဟောပြောလေသည်။

ခင်ပွန်းသည်၏ တာဝန်ကို (၃) နှစ်မျှ ထမ်းဆောင်ပြီးနောက် ၁၈၃၄ ခု နှစ်တွင် ဆရာယုဒသန်နှင့် ပြန်လည် အိမ်ထောင် ပြုခဲ့လေသည်။ ထို့နောက် မော်လမြိုင်သို့ ပြန်လည် ပြောင်းရွှေ့သွားလေသည်။ သူ၏ နေရာတွင် မမမေဆင်က လွှဲပြောင်း တာဝန်ယူခဲ့လေသည်။

## ဆရာမေဆင်နှင့် ကိုသာဖြူ။

ဆရာမေဆင်သည် ကရင်အမျိုးသားများအတွင်း ပထမဦးဆုံး သာသနာပြုရာတွင် ဆရာဘို့ဒ်မန် ပြီးနောက် ဆက်လက် တာဝန်ယူခဲ့သူဖြစ်လေသည်။ ပထမနှစ်တွင် မြန်မာစကားကို မတတ်သေးသည့်အတွက် ဗမာစာကို ကြိုးစားသင်ရင်း ဓမ္မလက်ကမ်းစာများကို လိုက်လံ ဝေငှသော အလုပ်ကို ဆောင်ရွက်လေသည်။

၁၈၃၁ ခုနှစ်၊ ဆရာမေဆင်နှင့် ကိုသာဖြူတို့သည် တောအရပ်တခုသို့ သွားရာ ရှင်မိုးထီးရွာသို့ ရောက်ခဲ့သည်။ ရွာအလွန်တွင် ကိုသာဖြူ ဖျားပါတော့သည်။ ဆရာမေဆင်လည်း ကိုသာဖြူအား ရှင်မုတ်ထီးတွင်ပြန်လည် စောင့်ကြို့ရန် ပြန်လွှတ်လိုက်လေသည်။ အပြန်တွင် ကိုသာဖြူ တယောက် အနားမယူဘဲ ဘုန်းတော်ကြီးများနှင့် အခြေအတင် ဆွေးနွေးနေသည်ကို တွေ့ရလေသည်။

မမမေဆင်သည် မမဘိုဒ်မန် အစပြုခဲ့သော ထားဝယ်မြို့ကျောင်းကို ဆက်လက် အုပ်ချုပ်ခဲ့လေသည်။ သူ့ လက်ထက်တွင် သူ့ကို ကျောင်းသူ ကျောင်းသားများက ချစ်ခင်လေးစားကြလေသည်။ ကျောင်းသူ/သားများ နေထိုင်သော ကျေးရွာများအထိ လိုက်လံပြီး ရပ်ရွာသန့်ရှင်းရေးစသော ပညာပေးလုပ်ငန်းများကို ရှေ့ဆောင် လမ်းပြခဲ့လေသည်။ ထားဝယ်မြို့ အနီးအနားၤ၌ ရှိသော ကျေးရွာများမှ မြန်မာကျောင်းများကိုလည်း ကြိုးစားပြီး အကူအညီပေးလေသည်။ သူမ၏ ကြိုးစာမှုကြောင့် ထိုကျေးရွာ များတွင် ဆရာ/မများ လုံလုံ လောက်လောက် ရရှိခဲ့လေသည်။ သူမသည် တခါတရံ ဆရာမေဆင်နောက် လိုက်ပြီး ကျေးလက်တောရွာများသို့ လှည့်လည်ပြီး ခင်ပွန်းသည် သာသနာပြုလုပ်ငန်းကို ကူညီခဲ့လေသည်။

ဆရာမေဆင်သည် ၁၈၃၄ ခုနှစ်တွင် ထားဝယ် ရေနှစ်ခြင်း အသင်းတော်ကို စတင်ဖွဲ့စည်းခဲ့သူ ဖြစ်လေသည်။ အသင်းဝင်များမှာ ကရင်အမျိုးသား၊ မြန်မာအမျိုးသားများနှင့် နိုင်ငံခြားသား ခရစ်ယာန်များလည်း ပါဝင်လေသည်။ နိုင်ငံခြားသားများမှာ အစိုးရလုပ်ငန်းတခုခုဖြင့် လာရောက်နေထိုင်သူများဖြစ်သည်။

ကရင်အမျိုးသားများထဲမှ ပဌမဦးဆုံး ခရစ်ယာန်ဘာသာကို သက်ဝင်ယုံကြည်ပြီး သာသနာပြုသူများအနက် ကိုသာဖြူပြီးနောက်တဦးမှာ စောကွာလားဟု ပြောနိုင်လေသည်။ စောကွာလားကို ၁၈၃၀ ခုနှစ်တွင် ဦးအင်းက ရေနှစ်ခြင်း မင်္ဂလာပေး သည်။ "ခပ်ချောင်း"ရွာသားဖြစ်သည်။

အမှန်စင်စစ် ထားဝယ်၌ ပဌမဦးဆုံး ရေနှစ်ခြင်းခံသူမှာ မောင်ခွေးဆိုသူဖြစ်သော်လည်း ထားဝယ်နှင့် တောင်ငူတွင် ပဌမဦးဆုံး သာသနာပြုသူမှာ "စောကွာလား"ဟူ၍သာမှတ်တမ်းတင်ထားနိုင်ခဲ့သည်။

## စောကွာလားနှင့် "စောကောလောဖော"

"စောကွာလား"သည် မြန်မာပြည် နှစ်ခြင်းခရစ်ယာန်သာသနာသမိုင်းတွင် အရေးပါ အရာရောက်ခဲ့သူ တဦးဖြစ်သည်။ သူ၏ ကူညီမှုကြောင့် ၁၈၄၂ ခုနှစ် နိုဝင်ဘာလအတွင်း ကရင်ဘာသာပြန် ဓမ္မသစ်ကျမ်းစာ တအုပ်ကိုပုံနှိပ် စက်တင် နိုင်ခဲ့ပြီး၊ ယနေ့ထက်တိုင် ဖတ်ရှုနေကြသည်။

"စောကွာလား" မမွေးခင်က သူ၏ ဘခင်သည် လူဆိုးလူသွမ်းများ၏ နှိပ်စက် ညှဉ်းပမ်းမှုများကို အမြဲတန်း ကြုံတွေ့ခံစားခဲ့ရသဖြင့် သူ့အား ကူညီမည့်သူ တဦးတလေ ပေါ်ပေါက်လာမည်လားဆိုသည်ကို အမြဲမျှော်လင့်နေမိသည်ဟု ဆိုသည်။ ထိုကာလတွင်း သူ့ ဇနီးသည် သားယောက်ျားတဦးကို မွေးဖွားလေသည်။ ထို့သားကို "စောကွာလား" (မျှော်လင့်သူ)ဟု အမည်ပေးခဲ့လေသည်။

"စောကွာလား"သည် ကိုသာဖြူ၏ တရားဒေသနာကို ကြားနာရသည်နှင့် ခရစ်ယာန်တယောက် အဖြစ်ခံယူရန် စိတ်အလွန်ပြင်းပြလေသည်။ သူ၏ ဘခင်က သူ့ကိုအကြိမ်ကြိမ် တားမြစ်လေသည်။ တနေ့တွင် မြန်မာစာကို အနည်းအကျဉ်း တတ်မြောက်ထားသော အကိုတော် တဦးထံသို့ ပြောင်းရွှေ့နေထိုင်ပြီး သူယူဆောင်လာသော ဓမ္မဝေစာများကို လေ့လာခဲ့သည်။ နေ့ဘက်၌ အစ်ကိုအား တောင်ယာတွင် ကူညီလုပ်ကိုင်ပေးပြီး ညဘက်တွင် မြန်မာစာကို လေ့လာသင်ကြားသည်။ သူ၏ ကြိုးစားလေ့လာမှုကြောင့် ခရစ်တော်၏ ဒေသနာတော်များကို တနေ့တခြား ပိုမိုသဘောပေါက်လာသည်။ ၁၈၃၀ ခုနှစ် ဒီဇင်ဘာလတွင် "စောကွာလား" ရေနှစ်မင်္ဂလာခံယူသည်။ သူခရစ်ယာန်တဦး ဖြစ်လာသကဲ့သို့ သူ့မိခင်နှင့် အမကြီးတို့သည်လည်း ရေနှစ်မင်္ဂလာ ခံယူကြလေသည်။ စာပေကျွမ်းကျွမ်းကျင်ကျင် မတတ်မြောက်သော်လည်း ကရင်လို၊ မြန်မာလို စကားပြောကျွမ်းကျင်လိမ္မာမှုရှိသောကြောင့် သူနှင့်တွေ့ကြုံဘူး သူတိုင်း ခရစ်တော်ကို ယုံကြည်လက်ခံရန် စိတ်အား ထက်သန်လာခဲ့ကြသည်။ နောက်ပိုင်းတွင် စာတတ် ပေတတ်တဦး ဖြစ်လာသည်။

ဆရာဝိဒ်သည် ကရင်လို ကျမ်းစာအုပ် ထုတ်ဝေရန် ကြိုးပမ်းစဉ် ကျမ်းမာရေး ချို့ယွင်းပြီး အမေရိကန်သို့ ပြန်လည် အနားယူရမည့်အချိန်ဖြစ်လေသည်။ သူ၏ လုပ်ငန်းကို ဆရာမေဆင်က ခေတ္တ တာဝန်ယူရမည် ဖြစ်သည်။ ဆရာ မေဆင်လည်း ကရင်လို ကျွမ်းကျွမ်းကျင်ကျင် မတတ်သည့်အတွက် ဉာဏ်ပညာထူးချွန်သော "စောကွာလား"နှင့် "စောကောလောဖော"တို့ကို မော်လမြိုင်သို့ စေလွှတ်ပြီး ကရင်လို ပိုမို ကျွမ်းကျွမ်းကျင်ကျင်ဖြစ်ရန် လေ့လာသင်ကြား စေလေသည်။ ထိုအချိန်က မော်လမြိုင်တွင် ကရင်လိုစာများရေးသား ထုတ်ဝေမှုကို ဆောင်ရွက်နေသူမှာ "စောဝေါလယ်" ဆိုသူဖြစ်လေသည်။ ကရင်စာကို ၎င်းထံတွင် သင်ကြားရမည် ဖြစ်သည်။

"စောကွာလား"နှင့် "စော ကောလောဖော" တို့နှစ်ဦးသည် ကရင်စာကို သင်ကြားပြီးနောက် ထားဝယ်သို့ ပြန်လည် ရောက်လာရာ "စောကောလောဖော"မှာ မေတ္တာရွာသို့ သွားရောက်ပြီး ခလေးများကို ပညာသင်ကြားပေးရလေသည်။ နောက်ပိုင်းတွင် "စောကောလောဖော"သည် လက်တင် ဆရာဖြစ်လာပြီး မေတ္တာရွာ၏ ပဌမဦးဆုံးသော သင်းအုပ်ဆရာဖြစ်လာခဲ့သည်။

"စောကွာလား"မှာမူ ကရင်လို ဓမ္မသစ်ကျမ်းစာ တအုပ် ထုတ်နိုင်သည်အထိ ဆရာမေဆင်အား ကူညီလုပ်ကိုင်ခဲ့ရလေသည်။ ဆရာမေဆင်သည် ကရင်လူမျိုးများ၏ ရှေးစကား အသုံးအနှုန်းများနှင့် ထားသီချင်းများကို စောကွာလားထံမှ သင်ယူရသည်။ ဤနည်းဖြင့် စကား အလေးအနက်များကို ရွေးချယ်သုံးနှုန်းနိုင်ခဲ့လေသည်။ ဆရာမေဆင်သည် အခက်အခဲတွေ့တိုင်း စောကွာလားနှင့် အမြဲတန်း တိုင်ပင် နှီးနှောရသည်ဟု ဝန်ခံခဲ့လေသည်။

၁၉၄၂ ခုနှစ် ကရင်လို ဓမ္မသစ်ကျမ်းစာကို ပုံနှိပ်ထုတ်ဝေပြီးသည့်နောက် "ဆရာစောကွာလား"သည် "ပေချား" ကျေးရွာရှိ အသင်းတော်ကို ပြန်လည်အုပ်ချုပ်ရသည်။ "ပေချားရွာ"သည် ရွာ၏ တည်နေရာမှာ အလယ်ဗဟိုကျသဖြင့် "ဆရာစောကွာလား"သည် ထိုပတ်ဝန်းကျင် ကျေးရွာများကို လှည့်ပတ်၍ များစွာ ကူညီနိုင်ခဲ့လေသည်။

၁၈၄၄ ခုနှစ် ဧပြီလ (၂၈)ရက်နေ့တွင် လက်တင်ဆရာအဖြစ် တင်မြှောက်ခြင်းခံရလေသည်။ ၁၈၅၂ ခုနှစ်တွင် "စောကော လောဖော"၏ နေရာတွင် တာဝန်ယူရန်"မေတ္တာရွာ"သို့ ပြောင်းရွှေ့ခြင်း ခံရသည်။ "စောကောလောဖော"မှာမူ နယ်မြေဒေသအနှံ့ လှည့်လည်ပြီး အသင်းတော်များကို လိုက်လံကြည့်ရှုရလေသည်။

"ဆရာကွာလား"သည် နော်မူဖောနှင့် အိမ်ထောင်ပြုလေသည်။ နော်မူဖောသည် ဘုရားသခင်ကို ချစ်ခင်မြတ်နိုး သော ခရစ်ယာန်ဘာသာဝင် တဦးဖြစ်ပြီး၊ စိတ်ရပ် နှစ်ဌာန စလုံး ချောမွေ့လှပသူဖြစ်သည်။ "ဆရာကွာလား"သည် စာတတ် ပေတတ် ဖြစ်လာသည်သာမက အပြောအပြော ကောင်းသူအဖြစ် ထိုဒေသ၌ ထင်ရှားလာသည်။ ဤသို့ဖြင့် သူ့ကို ကျေးရွာ အုပ်ချုပ်ရေးတွင် တရားသူကြီး တဦးဖြစ်ရန် ကမ်းလှမ်းခြင်း ခံခဲ့ရသည်။ သို့သော် သူ၏ ဇနီးသည်က အပြင်း အထန် ကန့်ကွက်သဖြင့် ထိုရာထူးကိုလက်ခံခြင်း မပြုခဲ့ပေ။ ၁၈၅၃ ခုနှစ်တွင် တောင်ငူမြို့သို့ ရွှေ့ပြောင်းပြီး ဆရာမေဆင်၏ သာသနာပြု လုပ်ငန်း၌ အကူအညီ ပေးခဲ့လေသည်။ တောင်ငူတွင် (၆)နှစ်လုပ်ကိုင်ပြီးနောက် ဇနီးသည်သေဆုံးသဖြင့် သား သမီးများထံသို့ ပြန်လာလေသည်။ သားသမီးများအား ထားဝယ်၌နေထိုင်သောအဖွားထံတွင်အပ်နှံလေသည်။ ထိုကာလတွင် ထားဝယ်၌ သာ သနာပြု ပုဂ္ဂိုလ်တဦးမှ မရှိသေးသဖြင့်(၃)နှစ်မျှကူညီလုပ်ကိုင်ခဲ့ပြီးနောက် ၁၈၆၃ ခုနှစ်တွင် တောင်ငူ၌ပြန်လည် အမှုထမ်းလေသည်။

သူနှင့်ပတ်သက်ပြီး ဆရာမေဆင်က အောက်ပါအတိုင်း မှတ်ချက်ရေးသားခဲ့လေသည်။ "ဘိတ်–ထားဝယ် ခရစ်ယာန် သာသနာပြုသမိုင်းသည် "စောကွာလား"၏ သမိုင်းဖြစ်သည်။ ရေနှစ်ခြင်း မင်္ဂလာခံယူသော ၁၈၃၀ ခုနှစ် မှစပြီး တောင်ငူသို့ ထွက်ခွာသွားသောကာလ ၁၈၆၃ ခုနှစ်ထိ ဘိတ်ထားဝယ်တွင် ခရစ်ယာန်သာသနာပြန့်ပွားတိုးတက်နိုင်ရေးအတွက် သူသည် တက်တက်ကြွကြွ အင်တိုက်အားတိုက် လုပ်ကိုင်ခဲ့သူတဦးဖြစ်သည်။ သူကဲ့သို့သော ပုဂ္ဂိုလ်သည် အနောက်တိုင်း သာသနာပြုများတွင်၎င်း၊ တိုင်းရင်းသာသနာပြုများတွင်၎င်း၊ ခရစ်တော်၏ ကောင်းသောနိုင်ငံတိုးတက်ပြန့်ပွားရေးကို စွမ်းဆောင် နိုင်ခဲ့သူ ဟူ၍တဦးတယောက်မျှမရှိခဲ့သေးပေ။"ဟူ၍မှတ်ချက်ချခဲ့ဘူးလေသည်။

ဆက်လက်ဖော်ပြပါမည်။

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

◆ ◆ ◆ ◆ ◆

# NEO HISTORICAL JOURNAL




လူမျိုးများသမိုင်းလေ့လာရေးစာစောင်

အမှတ်စဉ်
၁